ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ
လျှောက်ထားသည့်
အသေးစားရွှေလုပ်ကွက် SGU-271
ကျည်တောက်ပေါက်ဒေသ၊ရှောက်ပင်ရိုးကျေးရွာအုပ်စု
စဉ့်ကူးမြို့နယ်၊ ပြင်ဦးလွင်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး၊



၂၀၂၂ ခုနှစ် ၊ ဇွန်လ ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အကျဉ်းချုပ်အစီရင်ခံစာ	
၁.၀	နိဒါန်း	၁-၄
	၁.၁ ရည်ရွယ်ချက်	၄
၂.၀	စီမံကိန်းအကြောင်းအရာဖော်ပြချက်	၄-၁၃
	၂.၁ တည်နေရာ	၅
	၂.၂ စီမံကိန်းအရွယ်အစား	၅
	၂.၃ လမ်းပန်းဆက်သွယ်ရေး	၅
	၂.၄ အသုံးပြုမည့် စက်ပစ္စည်းစာရင်း	၅-၆
	၂.၅ အသုံးပြုမည့်နည်းပညာ	၆
	၂.၆ အဆောက်အဦး	၆
	၂.၇ မြေအောက်ရေအကွာအဝေး	၆
	၂.၈ သစ်တောဇရိယာအတွင်းကျရောက်မှုအခြေအနေ	၆
	၂.၉ တစ်နှစ်အတွက်ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့်အရင်းအမြစ်	၇
	၂.၁၀ တစ်နှစ်အတွက်လောင်စာဆီလိုအပ်ချက်	၇
	၂.၁၁ သတ္တုတူးဖော်မှုလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်မှု	၇-၉
	၂.၁၂ ရွှေသတ္တုရိုင်းတူးဖော်ထုတ်လုပ်မှုနည်းစနစ်နှင့်သုံးစွဲမည့်ကုန်ကြမ်း ပစ္စည်းများ	၉
	၂.၁၃ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ၏ သုံးစွဲမှုပမာဏ	၁၀
	၂.၁၄ ယမ်းနှင့်ဆက်စပ်ပစ္စည်းများသိုလှောင်မှုအခြေအနေ	၁၀
	၂.၁၅ ရွှေသတ္တုရိုင်းသန့်စင်ထုတ်လုပ်ခြင်းနှင့် နည်းစနစ်ဆိုင်ရာရွေးချယ်မှုများ	၁၀

စဉ်		အကြောင်းအရာ	စာမျက်နှာ
	၂.၁၆	စီမံကိန်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ချက်	၁၁-၁၃
	၂.၁၇	စီမံကိန်းလုပ်ငန်းဆောင်ရွက်စဉ်တွင် ထွက်ရှိမည့် စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အခိုးအငွေ့၊ အရည်) အမျိုးအစားပမာဏ	၁၃
၃.၀	မြေပုံနှင့်ကားချပ်များ		၁၄
၄.၀	ကတိကဝတ်		၁၅-၁၉
	၄.၁	အစီရင်ခံစာရေးသားသူ၏ ကတိဝန်ခံချက်	၂၀
	၄.၂	စီမံကိန်းများနှင့်သက်ဆိုင်သည့် လုပ်ငန်းရှင်၏ ကတိကဝတ်	၂၀
၅.၀	မူဝါဒ၊ ဥပဒေနှင့်မူဘောင်များ		၂၁-၂၈
	၅.၁	ကုမ္ပဏီ	၂၁
	၅.၂	စီမံကိန်း	၂၁-၂၂
	၅.၃	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများ	၂၂
	၅.၄	ရေအရည်အသွေးအဆင့်သတ်မှတ်ချက်များ	၂၂-၂၇
	၅.၅	ပတ်ဝန်းကျင်လေထုအရည်အသွေး	၂၇-၂၈
	၅.၆	ဆူညံသံ	၂၈
၆.၀	စီမံကိန်း၏ လက်ရှိပတ်ဝန်းကျင်အခြေအနေနှင့်လူမှုစီးပွားရေးအနေအထားများ		၂၉-၃၈
	၆.၁	ဆူညံသံနှင့်တုန်ခါမှု	၂၉
	၆.၂	ရုပဆိုင်ရာ	၂၉-၃၁
	၆.၃	ဇီဝဆိုင်ရာ	၃၁-၃၂
	၆.၄	လူမှုဆိုင်ရာစီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ	၃၂-၃၇
	၆.၅	ဂေဟစနစ်	၃၇-၃၈

စဉ်		အကြောင်းအရာ	စာမျက်နှာ
၇.၀	ထိခိုက်နိုင်မှုများနှင့်လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်		၃၉-၄၇
	၇.၁	လူမှုပတ်ဝန်းကျင်	၃၉
	၇.၂	ထွက်ရှိမည့်အရင်းအမြစ်နှင့် ထိခိုက်နိုင်မှုအခြေအနေ	၃၉-၄၀
	၇.၃	လျော့ချမည့်နည်းလမ်း	၄၀
	၇.၄	ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်အား ဆန်းစစ်ခြင်း	၄၀
	၇.၅	မြေမျက်နှာပြင်/ မြေဆီလွှာ	၄၀-၄၁
	၇.၆	ဆူညံသံနှင့်တုန်ခါမှု	၄၁-၄၃
	၇.၇	မြေပေါ်ရေ မြေအောက်ရေအရည်အသွေး	၄၃-၄၄
	၇.၈	လေထုအရည်အသွေး	၄၄-၄၅
	၇.၉	တောတောင် /သစ်ပင်	၄၆
	၇.၁၀	ဂေဟစနစ်	၄၆-၄၇
	၇.၁၁	ထိခိုက်နိုင်မှုများ လျော့ပါးစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ခန့်မှန်းရန်ပုံငွေ	၄၇
၈.၀	ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်		၄၈-၅၆
	၈.၁	မြေအောက်တူးဖော်ရေးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်	၄၈
	၈.၂	လျော့ချမည့်နည်းလမ်း	၄၈
	၈.၃	စွန့်ထုတ်ရေအရည်အသွေးဆိုင်ရာစံချိန်စံညွှန်းများ နှိုင်းယှဉ်ပြမှုဇယား	၄၉
	၈.၄	အနီးပတ်ဝန်းကျင် ရေအရည်သွေးဆိုင်ရာ စံချိန်စံညွှန်းများ နှိုင်းယှဉ်ချက်ပြဇယား	၄၉
	၈.၅	မြေပေါ်ရေအရည်အသွေးစမ်းသပ်ချက်အဖြေလွှာ	၅၀
	၈.၆	မြေအောက်ရေအရည်အသွေးစမ်းသပ်ချက်အဖြေလွှာ	၅၁
	၈.၇	လေထုအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၏ နှိုင်းယှဉ်မှုပြဇယား	၅၂
	၈.၈	လေထုအရည်အသွေး စမ်းသပ်ချက်ဇယား	၅၃

စဉ်		အကြောင်းအရာ	စာမျက်နှာ
	၈.၉	ဆူညံသံနှင့်တုန်ခါမှုဖြစ်ပေါ်ခြင်းဇယား	၅၄
	၈.၁၀	မြေအရည်အသွေးစမ်းသပ်ချက်ဇယား	၅၅
	၈.၁၁	လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့များဖွဲ့စည်းခြင်း	၅၆
	၈.၁၂	လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အဖွဲ့ (Organization Chart)	၅၇
	၈.၁၃	အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့	၅၈
	၈.၁၄	အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ (Organization Chart)	၅၈
	၈.၁၅	ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းတာဝန်များ	၅၉-၆၀
	၈.၁၆	အရေးပေါ်အခြေအနေတွင် တုန့်ပြန်ဆောင်ရွက်မည့်အစီအစဉ်	၆၀
	၈.၁၇	မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း	၆၁-၆၂
	၈.၁၈	မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ခြင်းနှင့်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း	၆၂
	၈.၁၉	မြေအောက်လေပြတ်တောက်ခြင်း	၆၂-၆၃
	၈.၂၀	ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း	၆၃
	၈.၂၁	အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများအတွက် ခန့်မှန်းလျာထားရန်ပုံငွေ	၆၃
၉.၀		ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်	၆၄-၇၂
	၉.၁	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကော်မတီ (Organization Structure)	၆၅
	၉.၂	အဖွဲ့အစည်းနှင့်ရန်ပုံငွေလျာထားချက်	၆၆
	၉.၃	မူဝါဒ၊ ဥပဒေ၊ မူဘောင်နှင့်စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်ရမည့် ကတိတဝတ်များ	၆၇

စဉ်		အကြောင်းအရာ	စာမျက်နှာ
	၉.၄	ကတိကဝတ်ဇယား	၆၇-၇၁
	၉.၅	အစီရင်ခံစာရေးသားသူ၏ ကတိဝန်ခံချက်	၇၂
	၉.၆	စီမံကိန်းများနှင့်သက်ဆိုင်သည့်လုပ်ငန်းရှင်၏ ကတိကဝတ်	၇၂
၁၀.၀	ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများနှင့် လျော့နည်းစေရန်ဆောင်ရွက်မည့်လုပ်ငန်းများ အကျဉ်းချုပ်		၇၃-၇၄
	၁၀.၁	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အားအကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်	၇၄
၁၁.၀	အများပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း		၇၅-၇၆
၁၂.၀	စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ရန်ပုံငွေလျာထားချက်		၇၇-၈၉
	၁၂.၁	စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်	၇၇-၇၈
	၁၂.၂	ဆူညံမှုနှင့်တုန်ခါမှုတိုင်းတာစစ်ဆေးခြင်းလိုက်နာမှတ်	၇၈-၇၉
	၁၂.၃	လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းလိုက်နာမှတ်	၇၉-၈၀
	၁၂.၄	ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်းလိုက်နာမှတ်	၈၀-၈၁
	၁၂.၅	စွန့်ပစ်ဂဲစာ၊ စွန့်ပစ်မြေစာနှင့်မြေဆီလွှာများအားစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း လိုက်နာမှတ်	၈၁-၈၂
	၁၂.၆	စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှုစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း	၈၃-၈၃
	၁၂.၇	ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးစစ်ဆေးခြင်း	၈၃
	၁၂.၈	မြေအောက်တူးဖော်ရေးဘေးအန္တရာယ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း	၈၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂.၉	စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အဖွဲ့	၈၄
၁၂.၁၀	စီမံကိန်းလုပ်ငန်းအဆင့်တိုင်းတွင်သက်ရောက်မှုလျော့နည်းစေရန်နှင့်စောင့်ကြပ်ကြည့်ရှုခြင်း	၈၅-၈၈
၁၂.၁၁	ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု ရန်ပုံငွေလျာထားချက်	၈၉
၁၂.၁၂	မိုင်းပိတ်သိမ်းခြင်း၏ ရည်ရွယ်ချက်	၈၉
၁၃.၀	မိုင်းပိတ်သိမ်းခြင်းအစီအရင်ခံစာ	၉၀
၁၃.၁	မိုင်းပိတ်သိမ်းရေးအဖွဲ့	၉၁
၁၃.၂	မိုင်းပိတ်သိမ်းရေးအဖွဲ့ Organization Structure	၉၂
၁၃.၃	မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းရန်ပုံငွေလျာထားချက်နှင့်ခန့်မှန်းအသုံးစရိတ်	၉၂-၉၄
၁၃.၄	မိုင်းပိတ်သိမ်းခြင်းအစီအစဉ်များ	၉၄-၉၆
၁၃.၅	မိုင်းပိတ်သိမ်းမည့်စီမံချက်	၉၆-၉၇
၁၄.၀	သုံးသပ်တင်ပြချက်နှင့်နိဂုံး	၉၈-၉၉
၁၅.၀	အထွေထွေ	၁၀၀

နောက်ဆက်တွဲများမြေပုံများ

- ❖ မြေပုံများ
- ❖ လုပ်ငန်းခွင်ဓာတ်ပုံများ
- ❖ ကုမ္ပဏီမှတ်ပုံတင်
- ❖ ရေနံ့သာနဂါးလုပ်ကွက်လျှောက်ထားရာတွင် ဆောင်ရွက်ခဲ့ပြီးသော အချက်အလက်များ
- ❖ ဘွဲ့လက်မှတ်များ

အကျဉ်းချုပ်အစီရင်ခံစာ

SGU (271) လုပ်ကွက် မြေဧရိယာအကျယ်အဝန်း (၂၀) ဧကသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုတွင် ခန့်မှန်းမြေပုံညွှန်း 93 –B2 (770175, 774175,774173, 770174) ၌ တည်ရှိ၍ ရွှေသတ္တုတူးဖော်ရန် (၃၁.၈.၂၀၁၅) ခုနှစ်တွင် ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားခဲ့ပါသည်။ တင်ပြလျှောက်ထားမှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ၏ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ကွင်းဆင်းစစ်ဆေးပြီး လုံခြုံရေးအရ ခွင့်ပြုနိုင်မှုရှိခြင်း၊ စိုက်ပျိုးမြေ၊ သုသာန်မြေ၊ သာသနာ့နယ်မြေများနှင့် ကင်းလွတ်မှုရှိခြင်း၊ ကြိုးဝိုင်းအတွင်း ကျရောက်သော်လည်း၊ မြေအောက်သတ္တုတူးဖော်ရေးဇုံအတွင်း ကျရောက်မှုများကြောင့် ကန့်ကွက်ရန်မရှိကြောင်းနှင့် မြေပုံစံ (၁၀၅) ကူးယူရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

ကွင်းဆင်းစစ်ဆေးပြီး သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် နယ်နိမိတ်များ တိုင်းတာသတ်မှတ်၍ ဧရိယာထောင့်တိုင်များ သတ်မှတ်စိုက်ထူခဲ့ပြီးဖြစ်ပါသည်။ ဝန်ကြီးဌာနမှ သတ်မှတ်ရွေစင်နှင့် အဆိုပြုငွေများပေးသွင်း၍ စာချုပ်ချုပ်ဆိုနိုင်ရန် အကြောင်းကြားလာပါသော်လည်း လုပ်ကွက်၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) အတည်ပြုချက်ရရှိရန် လိုအပ်၍ စောင့်ဆိုင်းခဲ့ရပါသည်။

သို့ပါ၍ လုပ်ကွက်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း (IEE/EMP) ရေးဆွဲတင်ပြခဲ့ရာတွင် လိုအပ်ချက်များရှိ၍ ပြန်လည်ရေးဆွဲတင်ပြရန် အကြောင်းလာခဲ့ပါသော်လည်း ရောဂါဖြစ်ပွားမှုအခြေအနေ၊ လုပ်ကွက်သို့ဝင်ရောက်ရန် လုံခြုံရေးအခြေအနေ၊ ပညာရှင်များ၏ ကျန်းမာရေးအခြေအနေများကြောင့် ပြန်လည်ရေးဆွဲတင်ပြရန် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၏ အုပ်စုဝင်ကုမ္ပဏီဖြစ်ပြီး ဦးနေဝင်းထွန်းမှ စီမံကိန်းဒါရိုက်တာအဖြစ်ဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပါ

သည်။ စီမံကိန်းလုပ်ကွက်၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ ရေးဆွဲတင်ပြနိုင်ရန် စီမံကိန်းဒါရိုက်တာ ဦးနေဝင်းထွန်း၏ လမ်းညွှန်မှုဖြင့် ဦးထွန်းကျော် (ဒါရိုက်တာ) ပတ္တမြားနဂါး သတ္တုတူးဖော်ရေးကုမ္ပဏီမှ ဦးဆောင်သော အဖွဲ့ဝင်များအဖြစ် ဦးဗိုလ်လေး (ဒါရိုက်တာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးအောင်ကျော်မင်း (မန်နေဂျာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးညီညီထွေး (မန်နေဂျာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးထွန်းထွန်းဝင်း (ဘူမိဗေဒပညာရှင်) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးရဲသွေးနောင် (ဒါရိုက်တာ) ရေနုံ့သာနဂါး မိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးခွန်သက်အောင် (တိုင်းတာရေး) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီတို့ ပါဝင်သောအဖွဲ့ (၇) ဦးဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ ရေးဆွဲတင်ပြနိုင်ရန် ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ခဲ့ပြီး လုပ်ကွက်၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) ရေးဆွဲတင်ပြရခြင်းဖြစ်ပါသည်။

၁.၀ နိဒါန်း

ရေနုံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုတွင် ခန့်မှန်းမြေပုံညွှန်း 93 –B2 (770175,774175,774173, 770174) ရှိ မြေဧရိယာအကျယ်အဝန်း (၂၀) ဧကအား ရွှေသတ္တုတူးဖော်ရန် (၃၁.၈.၂၀၁၅) ခုနှစ်တွင် ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားခဲ့ပါသည်။ တင်ပြလျှောက်ထားမှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်တောင်းခံတင်ပြခဲ့ရာ ကွင်းဆင်းစစ်ဆေးပြီး လုံခြုံရေးအရ ခွင့်ပြုနိုင်မှုရှိခြင်း၊ စိုက်ပျိုးမြေ၊ သုသာန်မြေ၊ သာသနာ့နယ်မြေများနှင့် ကင်းလွတ်မှုရှိခြင်း၊ ကြိုးဝိုင်းအတွင်း ကျရောက်သော်လည်း၊ မြေအောက်သတ္တုတူးဖော်ရေးဧုံအတွင်း ကျရောက်မှုများကြောင့် ကန့်ကွက်ရန်မရှိကြောင်းနှင့် မြေပုံစံ (၁၀၅) ကူးယူခွင့်ပြုကြောင်း သဘောထားရရှိ၍ မြေပုံစံ (၁၀၅) ကူးယူရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီး သဘောထားရယူ၍ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့်နယ်နိမိတ်သတ်မှတ်၍ ဧရိယာထောင့်တိုင်များ သတ်မှတ်စိုက်ထူခဲ့ပြီး

ဖြစ်ပါသည်။ ဝန်ကြီးဌာနမှ သတ်မှတ်ရွေစင်နှင့် အဆိုပြုငွေများပေးသွင်း၍ စာချုပ်ချုပ်ဆိုနိုင်ရန် အကြောင်းကြားလာပါသော်လည်း လုပ်ကွက်၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) အတည်ပြုချက်ရရှိရန် လိုအပ်၍ စောင့်ဆိုင်းခဲ့ရပါသည်။

လုပ်ကွက်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း (IEE/EMP) ရေးဆွဲတင်ပြခဲ့မှုအပေါ် ပြန်လည်ဖြည့်စွက်ရေးသားတင်ပြရန် အမှတ် (၂) သတ္တုတွင်း လုပ်ငန်း နေပြည်တော်မှ (၃.၁.၂၀၁၉) ရက်စွဲပါစာအမှတ် ၊၀၁၄ / ရွှေဖက်စပ် IEE) ၂၀၁၉ ဖြင့် အကြောင်းကြားလာခဲ့ပါသည်။ ကုမ္ပဏီမှ အစီရင်ခံစာရေးဆွဲတင်ပြနေသော ပညာရှင်များ ၊ ကျန်းမာရေး ကိစ္စရပ်များရှိနေခြင်း၊ နောက်ပိုင်းတွင် ကိုဗစ်ကာလဖြစ်ပေါ်နေခြင်းနှင့် လုပ်ကွက်အတွင်း (Base Line Data) များကောက်ယူစမ်းသပ်ရန် သွားလာမှုခက်ခဲနေခြင်းများကြောင့် အစီရင်ခံစာအား အချိန်မှီ ပြန်လည်ရေးဆွဲတင်ပြနိုင်ခြင်းမရှိခဲ့သည်ကို ကုမ္ပဏီအနေဖြင့်များစွာအလေးထား တောင်းပန်အပ် ပါကြောင်း တင်ပြပါသည်။

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၏ အုပ်စုဝင်ကုမ္ပဏီဖြစ်ပြီး ဦးနေဝင်းထွန်းမှ စီမံကိန်းဒါရိုက်တာအဖြစ်ဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပါ သည်။ စီမံကိန်းလုပ်ကွက်၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ ရေးဆွဲတင်ပြနိုင်ရန် ဦးထွန်း ကျော် (ဒါရိုက်တာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီမှ ဦးဆောင်သော အဖွဲ့ဝင်များအဖြစ် ဦးဗိုလ်လေး (ဒါရိုက်တာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးအောင်ကျော်မင်း (မန်နေဂျာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးညီညီထွေး (မန်နေဂျာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေး ကုမ္ပဏီ၊ ဦးထွန်းထွန်းဝင်း (ဘူမိဗေဒပညာရှင်) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးရဲသွေးနောင် (ဒါရိုက်တာ) ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးခွန်သက်အောင် (တိုင်းတာရေး) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီတို့ ပါဝင်သောအဖွဲ့ (၇) ဦးဖြင့် စီမံကိန်းဆောင်ရွက်မှုကြောင့်

ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများကို (၂၅.၈.၂၀၁၆) မှ (၃၁.၈.၂၀၁၆) ထိ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါသည်။

ဦးနေဝင်းထွန်း အုပ်ချုပ်မှုဒါရိုက်တာ ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီသည် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ဦးဆောင်၍ ဆောင်ရွက်နေသော အတွေ့အကြုံရှိသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း (IEE) ရေးဆွဲတင်ပြရန် အကြံပေး အတိုင်ပင်ခံအဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။ (IEE)ရေးဆွဲတင်ပြသော စီမံကိန်းတွင် ဒါရိုက်တာအဖြစ်တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဦးထွန်းကျော် (ဒါရိုက်တာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီသည် အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး (IEE) အစီရင်ခံစာ ရေးဆွဲတင်ပြရန် အချက်အလက်စုဆောင်းမှုများအား ဆန်းစစ်၍ အစီရင်ခံစာရေးဆွဲတင်ပြနိုင်ရန် တာဝန်ယူဆောင်ရွက်ပါမည်။ ဦးရဲသွေးနောင် (ဒါရိုက်တာ) ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီသည် လုပ်ငန်းရပ်များ၏ ရန်ပုံငွေထားရှိမှု၊ သုံးစွဲမှုများကို တာဝန်ယူဆောင်ရွက်ပြီး လုပ်ကွက်တာဝန်ခံအဖြစ် တာဝန်ယူဆောင်ရွက်သွားပါမည်။ ဆက်သွယ်ရန်ဖုန်းမှာ ၀၉-၈၈၇၇၆၆၈၈၃ ဖြစ်ပါသည်။

ဦးဗိုလ်လေး (ဒါရိုက်တာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီသည် ၂၀၀၀ ခုနှစ်မှစတင်၍ ဝန်းသိုရွှေတောဒေသတွင် ရွှေသတ္တုထုတ်လုပ်ရေးစက်ရုံတွင် စက်ရုံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သတ္တုတွင်းတူးဖော်မှုလုပ်ငန်းတွင်လည်း တွဲဘက်၍ တာဝန်ထမ်းဆောင်ခဲ့သော အတွေ့အကြုံရှိသောပုဂ္ဂိုလ်ဖြစ်ပါသည်။ ဆက်သွယ်ရန်လိပ်စာမှာ ဖုန်း-၀၉-၈၉၅၂၂၉၃၄၆ နှင့် ဆက်သွယ်ရန် email လိပ်စာမှာ npt.office@rubydragongroup.com ဖြစ်ပါသည်။

ဦးထွန်းထွန်းဝင်း (ဘူမိဗေဒပညာရှင်) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီသည် စီမံကိန်းလုပ်ကွက်အတွင်း သတ္တုကြောများအခြေအနေ၊ တူးဖော်မည့်အခြေအနေနှင့် သတ္တုတူးဖော်မှုကြောင့် ထိခိုက်နိုင်မှုများကို လေ့လာဆန်းစစ်၍ ထိခိုက်နိုင်မှုလျော့ချနိုင်ရေးနှင့် မြေဆီလွှာ စမ်းသပ်စစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းတို့တွင် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ ဦးခွန်သက်အောင် (တိုင်းတာ

ရေး) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီသည် လုပ်ကွက်၏ တိုင်းတာရေးလုပ်ငန်းများ၊ ဒေသခံများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများတွင် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ ဦးရဲသွေးနောင် (ဒါရိုက်တာ) ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီသည် ကုမ္ပဏီနှင့်ကုမ္ပဏီ၏ စီမံကိန်းလုပ်ငန်းများကို တာဝန်ခံ၍ စီမံကိန်းအုပ်ချုပ်မှု ဒါရိုက်တာဦးနေဝင်းထွန်းနှင့် တွဲဘက်တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပါသည်။ ဦးအောင်ကျော်မင်း (မန်နေဂျာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီသည် စီမံကိန်းလုပ်ကွက်အတွင်း (Base Line Data) များ ကောက်ယူစမ်းသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွင် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီသည် ရွှေသတ္တုတူးဖော်မှုလုပ်ငန်းဆောင်ရွက်ခွင့်ရရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အမိန့်နှင့်ညွှန်ကြားချက်များ၊ ဥပဒေ၊ နည်းဥပဒေများ အစဉ်လေးစားလိုက်နာ၍ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု အနည်းပါးဆုံးဖြစ်စေရေးကို ဦးတည်၍ စည်းကမ်းရှိရှိဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၁.၁ ရည်ရွယ်ချက်

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီမှ ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်စေနိုင်သော လုပ်ငန်းအခြေအနေများ ရှောင်ကျဉ်ရန် (သို့) ထိခိုက်နိုင်မှု အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရန် မြေပေါ်မြေအောက် သယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် အလေးထားဆောင်ရွက်နိုင်ရန်၊ ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်နိုင်မှုများအား စိစစ် ဖော်ထုတ်ရန်၊ လျော့နည်းသက်သာစေမည့် နည်းလမ်းများကို စောင့်ကြပ်၊ ကြည့်ရှုစစ်ဆေးခြင်း အဖွဲ့များဖြင့် ဖော်ထုတ်ဆောင်ရွက်ရန်၊ ဒေသဖွံ့ဖြိုး ရေးအတွက် စီမံဆောင်ရွက်ရန် မြေဆီလွှာ ပျက်စီးသွားသော မြေနေရာများအား ပြန်လည်ပြုပြင်ရာတွင် သင့်လျော်သော မြေယာ

အသုံးချမှု တစ်ရပ်ဖော်ဆောင်နိုင်သည်အထိ စီမံဆောင်ရွက်ရန်၊ စီမံကိန်းဧရိယာအတွင်း စိမ်းလန်းစိုပြေရေးနှင့် သဘာဝသစ်တောများ ကာကွယ်စောင့်ရှောက်ရေးအတွက် စီမံဆောင်ရွက်ရန်နှင့် ဒေသ၏လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရည်ရွယ်၍ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး၊ ကုမ္ပဏီအကျိုးဦးတည်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂.၀ စီမံကိန်းအကြောင်းရာဖော်ပြချက်

အဆိုပြုလျှောက်ထားသောလုပ်ကွက်သည် ဧရိယာအကျယ်အဝန်း (၂၀)ဧကရှိပြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ (၃၀.၈.၂၀၁၅) ရက်နေ့မှစတင်၍ ဝန်ကြီးဌာနသို့ ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့်ပြုနိုင်ပါရန် လျှောက်ထားခဲ့ပြီး တိုင်းဒေသကြီးသဘောထားရရှိ၍ မြေပုံစံ (၁၀၅) ထုတ်ယူပြီးလုပ်ကွက်ဖြစ်ပါသည်။ သတ်မှတ်ရွေစင်နှင့် အဆိုပြုငွေများပေးသွင်း၍ ဝန်ကြီးဌာနနှင့် သဘောတူစာချုပ်ချုပ်ဆိုရန် ရှိပါသော်လည်း လုပ်ကွက်၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) အတည်ပြုရရှိရန် စောင့်ဆိုင်းနေဆဲလုပ်ကွက်ဖြစ်ပါသည်။

၂.၁ စီမံကိန်းတည်နေရာ

စီမံကိန်းလုပ်ကွက်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စု၊ တစ်လက်မ တစ်မိုင်စကေး မြေပုံအမှတ် 93 B –3 တွင် ခန့်မှန်းမြေပုံညွှန်းအမှတ် (770175, 774175,774173, 770174)တွင် တည်ရှိပါသည်။

၂.၂ စီမံကိန်းအရွယ်အစား

စီမံကိန်းလုပ်ကွက် SGU –271 သည် (၂၀) ဧက ကျယ်ဝန်းပါသည်။

၂.၃ လမ်းပန်းဆက်သွယ်ရေး

မန္တလေးမှ မိုးကုတ်သွားရာ မတ္တရာကားလမ်းဖြင့် သွားရောက်နိုင်ပါသည်။ ကတ္တရာလမ်းဖြစ်၍ ရာသီမရွေးသွားရောက်နိုင်ပါသည်။ ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိ၍ ကျည်တောက်ပေါက်ကျေးရွာမှ မြေသားလမ်းဖြင့် (၁) မိုင်ခန့် သွားရောက်၍ စီမံကိန်းလုပ်ကွက်သို့ ရောက်ရှိနိုင်ပါသည်။

၂.၄ အသုံးပြုမည့် စက်ပစ္စည်းစာရင်း

စီမံကိန်းလုပ်ကွက်အတွင်း ရွှေသတ္တုတူးဖော်မှုတွင် အောက်ဖော်ပြပါစက်ပစ္စည်းများဖြင့် လုပ်ငန်းဆောင်ရွက်ပါမည်-

(က) Air Compressor လေစက် ၂ လုံး။
(ခ) 25 HP အင်ဂျင် ၂ လုံး။
(ဂ) 125 KVA မီးစက်ကြီး ၂ လုံး။
(ဃ) Air Gun ဂန်းဖောက်စက် ၄ လက်။
(င) G–10 Gun ခွာဂန်း ၂ လက်။
(စ) Air Man ကျောက်ဖောက်စက် ၁ စုံ။
(ဆ) Winch (2 Ton) ဝန့်(ချ) ၁ လုံး။
(ဇ) Truck သယ်ပို့ယာဉ် (၁၀) ဘီး ၂ စီး။
(ဈ) 5HP ရေစုပ် (ရေမြှုပ်)မော်တာ ၂ လုံး။

၂.၅ အသုံးပြုမည့် နည်းပညာ

မြေအောက်တူးဖော်ရေးစနစ် (Under Ground Mining Method) ကိုသာ ဆောင်ရွက်မည်ဖြစ်ပြီး ၄' x ၄' အကျယ်စိုက်ကျင်း တူးဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ရွှေသတ္တုရိုင်းများကို (vat leaching) နည်းစဉ်အသုံးပြု၍ ရွှေသတ္တုထုတ်လုပ်ဆောင်ရွက်မည်ဖြစ်ပါသည်။

၂.၆ အဆောက်အဦး

(က) ကင်းတဲ ၈ ' x ၁၀' x ၈ ' ကပ်မိုး /ကပ်ကာ (၁) ဆောင်
(ခ) လုံခြုံရေးတဲ ၈ ' x ၁၀' x ၈ ' ကပ်မိုး /ကပ်ကာ (၁) လုံး
(ဂ) ဝန်ထမ်းဆောင် ၂၀ ' x ၄၀' x ၈ ' ကပ်မိုး /ကပ်ကာ (၁) လုံး
(ဃ) ဘူမိဆောင် ၈ ' x ၁၀' ကပ်မိုး /ကပ်ကာ (၁) လုံး
(င) အုပ်ချုပ်စီမံရုံး ၁၀ ' x ၁၅' ကပ်မိုး /ကပ်ကာ (၁) လုံး
(စ) သန့်စင်ခန်း ၆ ' x ၆' ကပ်မိုး /ကပ်ကာ (၁) လုံး
(ဆ) သိုလှောင်ရုံ ၂၀ ' x ၁၀' ကပ်မိုး /ကပ်ကာ (၁) လုံး တို့အား လုပ်ကွက်ဧရိယာအတွင်း ပတ်ဝန်းကျင်ထိခိုက်နိုင်မှုအနည်းဆုံးနေရာတွင် ရွေးချယ်ဆောက်လုပ်ပါမည်။

၂.၇ မြေအောက်ရေအကွာအဝေး

စီမံကိန်းလုပ်ကွက်၏ မြေအောက်ရေအကွာအဝေးမှာ ပေ (၉၀) ခန့်ရှိပါသည်။

၂.၈ သစ်တောဧရိယာအတွင်းကျရောက်မှုအခြေအနေ

စီမံကိန်းလုပ်ကွက် (SGU-271) ဧရိယာအကျယ်အဝန်း (၂၀) ဧကသည် စဉ့်ကူးကြိုးဝိုင်း အမှတ် (၂၉) အတွင်း ကျရောက်ပါသည်။ ဇုံနယ်မြေခွဲခြားသတ်မှတ်မှုအရ မြေအောက်သယံဇာတတူးဖော်ရေးဇုံ အတွင်း ပါဝင်ကျရောက်လျက်ရှိပါသည်။

၂.၉ တစ်နှစ်အတွက် ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် အရင်းအမြစ်

ဝန်ထမ်းများ၏ သောက်သုံးရေအတွက် ကျည်တောက်ပေါက်ကျေးရွာမှ ရေသန့်များဝယ်ယူသုံးစွဲသွားမည်ဖြစ်ပါသည်။ ဝန်ထမ်းအသုံးပြုရေ ၊ ချိုးရေအဖြစ် လုပ်ကွက်ဧရိယာအနီး ယခင်ဒေသခံများ တူးဖော်ထားသော စိုက်ကျင်းမှမြေအောက်ရေကို ရယူသုံးစွဲပါမည်။ ဝန်ထမ်းသုံးစွဲရေအဖြစ် တစ်ရက်လျှင် ဂါလံ (၁၀၀၀) နှင့် တစ်လလျှင် ဂါလံ (၃၀၀၀၀) တစ်နှစ်လျှင် (၃၆၀၀၀၀) ဂါလံ သုံးစွဲသွား မည်ဖြစ်ပါသည်။

၂.၁၀ တစ်နှစ်အတွက် လောင်စာဆီလိုအပ်ချက်

စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် တစ်ရက်လျှင် လောင်စာဆီအသုံးပြုမှု (၂၅)ဂါလံဖြင့် တစ်လလျှင်(၇၅၀)ဂါလံ၊ တစ်နှစ်လျှင် လောင်စာဆီ ဂါလံပေါင်း (၉၀၀၀)ဂါလံ အသုံးပြုရန် လိုအပ်ပါမည်။

၂.၁၁ သတ္တုတူးဖော်မှုလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှု

ရွှေသတ္တုတူးဖော်ထုတ်လုပ်မည့်နေရာအား ဘူမိဗေဒပညာရှင်များ၊ သတ္တုတွင်းအင်ဂျင်နီယာများနှင့် လုပ်ကွက်ဘူမိဗေဒအခြေအနေအရ ရွှေသတ္တုစွဲဝင်နိုင်သည့် ဇုန်သတ်မှတ်၍ အပေါ်ယံမြေမျက်နှာပြင် ရှင်းလင်းပြင်ဆင်ခြင်း၊ (၄'x၄')အကျယ် စိုက်ကျင်း(Shaft)တူးဖော်ခြင်း၊ ရွှေသတ္တုစွဲဝင်ဇုန်နှင့် ရွှေပါဝင်သည့်သတ္တုကြောတွေ့ရှိသည့် အနက်ပေသို့ ရောက်ရှိချိန်တွင် ရွှေပါဝင်သော သတ္တုကြောအနေအထားကိုလိုက်၍ ခေါင်းစားလိုဏ်(Adit)နှင့် လိုဏ်ပြတ်(Cross-cut)များ

ဖောက်လုပ်ခြင်း၊ ရွှေပါဝင်မှုမရှိသည့် အကာဂဲများအား ပီနန်အိတ်များဖြင့် ထည့်သွင်း၍ ရွှေသတ္တု ကြောမတွေ့ရှိသည့် လိုဏ်ပင်မ၊ လိုဏ်ပြတ်များတွင် ဒေါက်အဖြစ်ဖို့ခြင်း၊ အချို့ကို မြေပေါ်သို့ ဝန်ချီစက်ဖြင့် ဆွဲတင်ခြင်း၊ ရွှေပါသတ္တုရိုင်းအကြောများကို မြေအောက်တွင် ယမ်းခွဲထုတ်ယူပြီး ဝန်ချီစက်ဖြင့် မြေပေါ်သို့ပို့ဆောင်ခြင်း၊ ရွှေပါသတ္တုရိုင်းများကို ရွှေသတ္တုထုတ်လုပ်ရာဌာနသို့ ပို့ဆောင်ခြင်း၊ သတ္တုရိုင်းမပါဝင်သော အကာဂဲစွန့်ပစ်များ၊ စွန့်ပစ်ကွင်းသို့ ပို့ဆောင်သိမ်းဆည်းခြင်း၊ တူးဖော်မှုလုပ်ငန်းအား သတ္တုတွင်းအင်ဂျင်နီယာ၊ ဘူမိပညာရှင်များ၊ ကျင်းဆရာ၊ ကျင်းအကြပ်များ၊ လုပ်သားများဖြင့် ကြီးကြပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ပါမည်။

၂.၁၂ ရွှေသတ္တုရိုင်းတူးဖော်ထုတ်လုပ်မှုနည်းစနစ်နှင့် သုံးစွဲမည့်ကုန်ကြမ်းပစ္စည်းများ

ရွှေသတ္တုတူးဖော်မှုတွင် ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးစေသည့် မြေအောက်ခေါင်းစားစနစ် (UNDER GROUND MINING METHOD) ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ မြေအောက်ခေါင်းစား (Adit)တူးဖော်ရာတွင် ယမ်းဖောက်ခွဲမှုစနစ် အသုံးပြုရပါမည်။ ယမ်းဖောက်ခွဲမှုအား နံနက် (၈) နာရီတွင် တစ်ကြိမ်၊ ညနေ (၂)နာရီတွင် တစ်ကြိမ်သတ်မှတ်၍ နေ့အချိန်များတွင်သာ ယမ်းဖောက်ခွဲခြင်းလုပ်ငန်း ဆောင်ရွက်ပါမည်။

၂.၁၃ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ၏သုံးစွဲမှုပမာဏ

တစ်လလျှင်(၂၅)ရက် လုပ်ငန်း ဆောင်ရွက်ချိန်ဖြင့် ဖော်ပြထားပါသည်-

စဉ်	အမျိုးအမည်	အသုံးပြုမည့် အကြိမ်အရေအတွက်	တစ်ရက် သုံးစွဲမည့်ပမာဏ	တစ်လသုံးစွဲမည့်ပမာဏ	တစ်နှစ်သုံးစွဲမည့်ပမာဏ	မှတ်ချက်
၁။	ယမ်း	၂ ကြိမ်	၁.၃၈ kg	၃၄.၅ kg	၄၁၄ kg	NH_4NO_3
၂။	ကက်	၂ ကြိမ်	၈ လုံး	၂၀၀ လုံး	၂၄၀၀ လုံး	DETONATOR
၃။	အနှေးကြိုး	၂ ကြိမ်	၄၀ ပေ	၁၀၀၀ပေ	၁၂၀၀၀ပေ	SAFTY-FUSE

၂.၁၄ ယမ်းနှင့်ဆက်စပ်ပစ္စည်းများသိုလှောင်မှုအခြေအနေ

ကုမ္ပဏီ၏လုပ်ကွက်ဧရိယာတွင် အင်္ဂတေသားအထူဖြင့် ယာယီယမ်းတိုက်တည်ဆောက်ထားပြီး သိုလှောင်ထားရှိပါမည်။ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် မီးဘေးကာကွယ်ရေးစီမံချက်ဖြင့် မီးတားလမ်းများထားရှိခြင်း၊ အမှိုက်များရှင်းလင်းထားရှိခြင်း၊ မီးသတ်ဘူးများထားရှိခြင်း၊ လုံခြုံမှုအနေဖြင့် သံဆူးကြိုးများအခိုင်အမာကာရံထားရှိခြင်း၊ လုံခြုံရေးအစောင့်များထားရှိခြင်း၊ မီးချိတ်၊ မီးကပ်၊ သဲ၊ ရေကန်များထားရှိခြင်းတို့ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယာယီယမ်းတိုက်အတွင်း သိုလှောင်ထားရှိမှုတွင် အရေးကြီးအဆင့်လိုက်ခွဲခြား၍ ပစ္စည်းအမျိုးအမည် အလိုက် သီးသန့်နေရာများ သတိပေးစာတမ်းများထားရှိ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂.၁၅ ရွှေသတ္တုရှိုင်းသန့်စင်ထုတ်လုပ်ခြင်း နည်းစနစ်ဆိုင်ရာရွေးချယ်မှုများ

စီမံကိန်းလုပ်ကွက်အတွင်းတွင် ရွှေသတ္တုတူးဖော်မှုလုပ်ငန်းကိုသာ ဦးစွာပထမဆောင်ရွက်သွားမည်ဖြစ်ပြီး ရွှေပါသတ္တုရိုင်းများကို ယာယီစုပုံကွင်းတွင် စုပုံသိမ်းဆည်းထားမည်ဖြစ်ပါသည်။ ရွှေသတ္တုစွဲဝင်ပါရှိမှု အခြေအနေပေါ်ဆန်းစစ်၍ ထုတ်လုပ်မှုနည်းစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွှေသတ္တုရိုင်းများ ယာယီစုပုံကွင်းသို့ သယ်ယူသည့်အခါတွင် သတ္တုရိုင်းယိုဖိတ်မှုမရှိစေရန် မိုးကာအုပ်၍လည်းကောင်း၊ လမ်းတစ်လျောက်ဖုန်မှုန့်များ ထွက်ရှိမှုကို အချိန်နှင့်တစ်ပြေးညီ ရေဖျန်းဆောင်ရွက်၍လည်းကောင်း ထိခိုက်နိုင်မှုများမရှိစေရန် ဆောင်ရွက်သွားပါမည်။

၂.၁၆ စီမံကိန်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ချက်

စီမံကိန်းလုပ်ကွက်တွင် သတ္တုသိုက်ဖြစ်ထွန်းမှုအနေဖြင့် သလင်းကြောများ (Gold Bearing Quartz Vein) များအတွင်း ရွှေသတ္တုပါဝင်စွဲဝင်နေသော အခြေအနေဖြစ်ပါသည်။ စီမံကိန်းလုပ်ကွက်အား ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့်ရရှိပါက မြေအောက်စိုက်ကျင်းများဖြင့် ရွှေတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂.၁၆.၁ အကြိုတည်ဆောက်ခြင်း

လုပ်ကွက်နယ်နိမိတ်အား မြေတိုင်းတာသတ်မှတ်ခြင်း၊ နယ်နိမိတ်ထောင့်တိုင်များစိုက်ထူခြင်း၊ မြေပုံရေးဆွဲခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ အကြိုတည်ဆောက်ခြင်းကာလတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကြီးကြီးမားမားမရှိခဲ့ပါ၊ အကြိုတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလ (၆) လခန့် ကြာမြင့်နိုင်ပါသည်။

၂.၁၆.၂ တည်ဆောက်ခြင်း

လုပ်ကွက်အတွင်း ဝင်ရောက်နိုင်မည့်လမ်းများ ဖောက်လုပ်ခြင်း၊ မြေရှင်းလင်းခြင်း၊ အဆောက်အဦဆောက်ခြင်း၊ ဝန်ထမ်း/လုပ်သားများ စုဆောင်းခြင်း၊ စက်ယန္တရားများ စုဆောင်းခြင်း လုပ်ငန်းများဆောင်ရွက်ပါမည်။ တည်ဆောက်ခြင်းကာလတွင် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများ စတင်ဖြစ်ပေါ်နိုင်ပါသည်။ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလ(၁)နှစ်ကျော် ကြာမြင့်နိုင်ပါသည်။

၁.၁၆.၃ လုပ်ငန်းလည်ပတ်ခြင်း

စီမံကိန်း၏ SGU (271) အလတ်စားလုပ်ကွက်တွင် မြေအောက်တူးဖော်ရေးစနစ် (Under Ground Mining Method) ဖြင့်သာ စိုက်ကျင်း (Shaft) ဖြင့် တူးဖော်ထုတ် လုပ်ပါမည်။ စိုက်ကျင်း (Shaft–1) ဖြင့် ဆောင်ရွက်ပါမည်။

စိုက်ကျင်း (Shaft–1) အား အပေါ်ဖုံးမြေသားများ အနည်းငယ်ဖယ်ရှားရှင်းလင်း၍ စိုက်ကျင်း(Shaft–1)မျက်နှာပြင်ဖော်ပြီး တူးဖော်ဆောင်ရွက်ပါမည်။ ဂဲပင်ဂဲသားများ ကြုံခိုင်မှု ရှိပြီး သတ္တုကြောများလားရာအတိုင်း အငိုက်အစောင်း(၄၅°)ဖြင့် အစောင်းခေါင်းစားများ တူးဖော်ပါမည်။ စိုက်ကျင်းကြုံခိုင်မှုရှိစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန် အမိုး အကာများ၊ အသား၊ ဝါးများထည့်၍ ဆောင်ရွက်ခြင်း၊ လိုအပ်ပါက သံပန်း၊ သံဘောင်များဖြင့် ဆောင်ရွက်ခြင်းများ လုပ်ကိုင်သွားပါမည်။ မြေအောက်တူးဖော်ရေးလုပ်ငန်းတွင် ဘေးအန္တရာယ် ကင်းရှင်းမှုရှိစေရန်နှင့် ကြုံခိုင်မှုရှိစေရန်၊ သံပန်း၊ သံဘောင်များဖြင့် ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အမိုးအကာတို့အတွက် အနည်းငယ်သာ သစ်သား၊ ဝါးများဖြင့် အသုံးပြုပါမည်။ တစ်နှစ်ခန့်မှန်းလိုအပ်ချက်မှာ (၆" x ၆") သစ်သား (၅)တန် ၊ (၆" x ၁") သစ်သား (၆)တန်နှင့် ဝါးအလုံးရေ (၁၀၀) ခန့်သုံးစွဲသွားမည်ဖြစ်ပါသည်။ လိုအပ်သော သစ်နှင့်ဝါးများကို နီးစပ်ရာ အစိုးရသစ်စက်မှ ဝယ်ယူသုံးစွဲသွားပါမည်။

စိုက်ကျင်းကြုံခိုင်မှုရှိစေရန် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန် သံပန်း၊ သံဘောင်များဖြင့် ဆောင်ရွက်ခြင်းများ လုပ်ကိုင်သွားပါမည်။

စီမံကိန်းလုပ်ငန်းများ၏ ကဏ္ဍများအလိုက် ပတ်ဝန်းကျင်ထိခိုက်နိုင်မှု အနည်းပါးဆုံး အခြေအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တူးဖော်ရေး (Mining)မှ ထွက်ရှိသော စွန့်ပစ်မြေစာ၊ ဂဲစာများ စွန့်ပစ် စုဆောင်းကွင်း တွင် စနစ်တကျ စုပုံသိမ်းဆည်းထားပြီး သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျင်းချို့ဝှမ်း

များ မြေဖို့ပြုပြင်၍ စိမ်းလန်းစိုပြေရေး အစီအစဉ်တစ်ရပ်အနေဖြင့် ဒေသနှင့် သင့်တော်သော စိုက်ပျိုးပင်များဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

ရွှေသတ္တုရိုင်းပါ ဗြုံးများကို ရွှေသတ္တုသန့်စင်ထုတ်လုပ်ရာနေရာသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်၍ ရွှေသတ္တုသန့်စင် ထုတ်လုပ်ပါမည်။

၂.၁၆.၄ စောင့်ကြပ်ကြည့်ရှုခြင်း

မိုင်းပိတ်သိမ်းပြီးနောက် ကုမ္ပဏီ၏ ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသအာဏာပိုင်အဖွဲ့များ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် လုပ်ကွက်ဧရိယာမှ မြေပြို တိုက်စားမှုအန္တရာယ်များ၊ လေထု/ရေထု ညစ်ညမ်းနိုင်သောကိစ္စများ ဆိုးကျိုးသက်ရောက်နိုင်မှုများကို စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်သွားပါမည်။ စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာအား ပုံမှန်အခြေအနေတွင် (၆)လတစ်ကြိမ် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြသွားမည်ဖြစ်ပြီး အရေးပေါ်အခြေအနေတွင် (၂၄) နာရီအတွင်းတင်ပြသွားမည်ဖြစ်ပါသည်။

စီမံကိန်းသက်တမ်းတွင် ဆောင်ရွက်ခဲ့သော အခြေအနေပေါ်မူတည်၍ ပိတ်သိမ်းရေး စီမံချက်အား စီမံကိန်းအဆင့်အလိုက် တွေ့ကြုံရသည့် အခြေအနေများပေါ်တွင် အခြေခံကာ ဆိုးကျိုးနှင့်ထိခိုက်မှုများ ပြန်လည်ကုစားခြင်းနှင့် စိုက်ခင်းထူထောင်ခြင်းလုပ်ငန်းများကို ငွေကျပ်သိန်း(၈၀)အား ရန်ပုံငွေထားရှိ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက ထပ်မံဖြည့်တင်း၍ ဆောင်ရွက်သွားပါမည်။ စီမံကိန်းများပိတ်သိမ်းပြီး နောက်တစ်ဆက် တည်းကာလ (၅) နှစ် စောင့်ကြပ်ကြည့်ရှုဆောင်ရွက်သွားပါမည်။

၂.၁၇ စီမံကိန်းလုပ်ငန်းဆောင်ရွက်စဉ် ထွက်ရှိမည့်စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အခိုးအငွေ့၊ အရည်) အမျိုးအစားပမာဏ

၂.၁၇.၁ အစိုင်အခဲ

ရွှေသတ္တုတူးဖော်မှုလုပ်ငန်းမှ တစ်ရက်လျှင် စွန့်ပစ်ဂံစာ ၂ တန်ခန့်ထွက်ရှိနိုင်ပြီး သီးသန့်စွန့်ပစ်စုပုံကွင်းနေရာ လတ္တီတွဒ် (22 ° 42' 45.62" N , 96 ° 01' 32.23" E) ရှိ စွန့်ပစ်စုပုံကွင်းတွင် စွန့်ပစ်ဂံစာများအား အလျား (၂၀၀)ပေ ၊ အနံ (၁၀၀)ပေ၊ အမြင့် (၁၅) ပေအား လျှောစောက် အစောင်း (၆၀ °) ဖြင့် ဂံစာများ ပြိုကျမှုရှိစေရန် စနစ်တကျ စုပုံသိမ်းဆည်းပါမည်။ မိုးရာသီ သဲစာ မြေစာများ စီးဆင်းမှုကို စွန့်ပစ်ကွင်းပတ်လည် ၂ ' x ၂' ပေအနက် ရေစုမြောင်းများဖြင့် ရေစုကန် ၊ နှုံးစစ်ကန်တို့ဖြင့် ထိန်းသိမ်း ဆောင်ရွက်ပါမည်။

၂.၁၇.၂ အရည်

သတ္တုတူးဖော်မှုလုပ်ငန်း၏ မြေအောက်စိုက်ကျင်းမှ တစ်ရက်လျှင် စိမ့်ထွက်ရေ ဂါလံ (၁၀၀၀)ခန့်ထွက်ရှိနိုင်ပြီး ရေစုကန်များဖြင့် ရေစုပ်တင်ထိန်းသိမ်းပြီး ရေစုကန်အား လတ္တီတွဒ် (22 ° 42' 47.96" N , လောင်ဂျီတွဒ် 96 ° 01' 32.19" E) တို့တွင် တည်ဆောက်ထားမည်ဖြစ်ပါသည်။

၂.၁၇.၃ အခိုးအငွေ့

တူးဖော်ရေးလုပ်ငန်းသုံးစက်ယန္တရားကြီးများနှင့် မီးစက်၊ ရေစက်များမှ လွှင့်ထုတ်အခိုးအငွေ့များအနည်းငယ်ရှိနိုင်ရာ လုပ်ငန်းသုံးစက်ပစ္စည်းများ ကြံခိုင်ရေးနှင့် အမျိုးအစားကန့်သတ်အသုံးပြုခြင်း၊ အိတ်ဇောအထိန်းများ တပ်ဆင်အသုံးပြု၍ ထိန်းသိမ်းဆောင်ရွက်ပါမည်။

၃.၀။ ကတိကဝတ်

စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များ

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင် ထိခိုက်မှု လျော့နည်းသက်သာစေရေးအတွက် စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ကတိကဝတ်ဇယား

ကတိကဝတ်ပြုရန် အရင်းအမြစ်များ	ပတ်ဝန်းကျင် ထိခိုက်မှု	လုပ်ငန်းရှင်ကတိကဝတ်ပြုချက်များ
၁။ မြေနေရာရှင်းလင်းခြင်း သတ္တုတူးဖော်မည့်နေရာ မြေနေရာအားရှင်းလင်းခြင်း၊ သတ္တုရိုင်းနှင့်စွန့်ပစ်မြေစာများသယ်ပို့ရန် လမ်းများဖောက်ခြင်း၊ သတ္တုရိုင်းနှင့် စွန့်ပစ်မြေစာပုံနေရာများပြုလုပ်ခြင်း၊	- သစ်တောသစ်ပင်ပြုန်းတီးခြင်း၊မြေဆီလွှာဆုံးရှုံးခြင်း ဂေဟစနစ်ဖြစ် ထွန်းမှုထိခိုက်ခြင်း၊	- မြေယာအသုံးချမှု အနည်းဆုံးဖြစ်သည့် မြေအောက်တူးဖော်မှုနည်းစနစ်ကိုအသုံးပြုဆောင်ရွက်ပါမည်။ - အသုံးချ မြေယာများအစား ကျွန်းပင်များအစားထိုးစိုက်ပျိုးသွားပါမည်။ - မိုင်းပိတ်သိမ်းချိန်တွင် မြေဆီလွှာ ဆုံးရှုံး ထားသည့် အသုံးချထားသော မြေနေရာ များအား သင့်လျော်သော မြေယာအသုံး ချမှုလုပ်ငန်း တစ်ရပ်ထူထောင်နိုင်သည် အထိ ပြန်လည် ပြုပြင်ပေးပါမည်။
၂။သတ္တုတူးဖော်ခြင်း သတ္တုတူးဖော်ခြင်း	- ဆူညံသံနှင့်တုန်ခါမှုများဖြစ်ပေါ်ခြင်း၊	- ဆူညံသံနှင့် တုန်ခါမှုတို့အား အမျိုးသား ပတ်ဝန်းကျင်အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်း ရှိစေရေး အတွက် ဆောင်ရွက်ပါမည်။ - ဆူညံသံနှင့်တုန်ခါမှုဖြစ်ပေါ်မှုနည်းစေရေး အတွက်မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုဆောင်ရွက်ပါမည်။ - ယမ်းသုံးစွဲမှုအား ကန့်သတ်၍ တစ်ပြိုင် နက် ပေါက်ကွဲမှု မရှိစေရေးအတွက် Detonating Relay များ အသုံးပြုဆောင်ရွက်ပါမည်။ - အင်းတစ်အင်းလျှင် တစ်ရက်လျှင်ယမ်းခွဲခြင်းအား နှစ်ကြိမ်သာဆောင်ရွက်ပါ မည်။ - ပေါက်ကွဲအင်ဂျင်များနှင့် စက်ပစ္စည်းများ တွင် - အသံထိန်း ကိရိယာများ တပ်ဆင်ထားပါမည်။ - စက်ပစ္စည်းများအား အနည်းဆုံးအရေ အတွက်ဖြင့် ဆောင်ရွက်ပါမည်။

စွန့်ပစ်ကျောက်များ စွန့်ပစ်ခြင်း	- မိုးကာလမိုးရေတိုက်စား၍အ နည်းအနှစ်များကျရောက်ပြီး စီးမျောခြင်း၊ ရေစီးရေလာ ပိတ်ဆို့ခြင်းဖြင့် မိုင်းအတွင်း နှင့် ဆက်စပ်ဒေသ ပတ်ဝန်း ကျင်အပေါ်ထိခိုက်မှုဖြစ် စေခြင်း၊	- ရွှေကြောသို့မရောက်မီ ထွက်ရှိသော စွန့်ပစ်ကျောက်များအား မိုင်းပိတ်သိမ်း ချိန်တွင် ပင်မဆင်းတွင်းနှင့် ပင်မလိုဏ်ဂူ များပြန်လည် ဖို့ရန်အတွက် စနစ်တကျ စုပုံထားပါမည်။ - ရွှေကြောသို့ ရောက်ရှိပြီး ထွက်ရှိမည့် စွန့် ပစ် ကျောက်များအား အင်းပြင်ပသို့ ထုတ် ယူခြင်း မပြုဘဲ တူးဖော်ပြီး လိုဏ်ခေါင်း များအတွင်း ရှေ့စား နောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့ပါမည်။
သတ္တုတွင်းစိမ့်ထွက် ရေများ	- ဓာတ်ခွဲစမ်းသပ်မှု အရ မြေပေါ်ရေ၊ မြေအောက် ရေများအားညစ်ညမ်း စေခြင်း မရှိစေနိုင် သော သဘာဝ မြေအောက်ရေ များဖြစ်ပါသည်။	- ပိုလျှံသောသတ္တုတွင်းစိမ့်ထွက်ရေများအား ဝန်ထမ်းချိုးရေ၊ပျိုးခြံ ၊ အစားထိုးစိုက်ခင်းများ ရေလောင်းရန်နှင့် သတ္တုရိုင်းသယ်ပို့သည့် လမ်း ရေဖျန်း ခြင်း လုပ်ငန်းတွင် အသုံးပြုပါမည်။ - သတ္တုတူးဖော်ခြင်းကာလတွင် မြေအောက်လိုဏ် ခေါင်းများအား မြေဖို့ခြင်း၊ မိုင်းပိတ်သိမ်း ချိန်တွင် ပင်မဆင်းတွင်းနှင့် ပင်မလိုဏ် ခေါင်းများအား စွန့်ပစ်ကျောက်များ ဖြည့်ခြင်းတို့မှ စိမ့်ထွက် ရေ များ ပိတ်ဆို့ စေမည်ဖြစ်ပါသည်။
သတ္တုရိုင်းများ သယ်ပို့ခြင်း	- ဖုန်မှုန့်ပျံ့လွင့်၍ လေထုညစ်ညမ်းစေခြင်း၊	- ရေဖျန်းခြင်းအား နံနက်တစ်ကြိမ်၊ နေ့ခင်း တစ်ကြိမ် ဆောင်ရွက်ပါမည်။
ယမ်းခွဲခြင်းအင်းတစ်အင်းလျှင် တစ်ရက်လျှင် တစ်ကြိမ်၊ နံနက်(၄) နာရီတွင် ယမ်းခွဲခြင်းလုပ် ငန်းများအား ဆောင်ရွက် ပါသည်။	- ထိခိုက်မှုအန္တရာယ် ဖြစ်ပေါ်စေနိုင် ခြင်း၊ထားသိုသယ် ယူရာမှမီးလောင်မှု ဖြစ်ပွားစေနိုင်ခြင်း	- ယမ်းသိုလှောင်ရာတွင် စနစ်တကျယာယီ ယမ်း တိုက်ဖြင့် သိုလှောင်သိမ်းဆည်းထား ပါမည်။ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ သယ်ယူ၊ သိုလှောင်၊ သုံးစွဲမှုများအား အတွေ့အကြုံရှိဝန်ထမ်းများ ခန့်ထား ဆောင်ရွက်ပါမည်။ - ယမ်းနှင့်ဆက်စပ်ပစ္စည်းများ သုံးစွဲမှုများကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်များ ဖြစ်ပေါ်မှု မရှိစေ ရေးအတွက် ဆောင်ရွက် ပါမည်။
<u>မြေအောက်လေ ပြတ်တောက်ခြင်း</u>	- သတ္တုတူးဖော်ခြင်းလုပ်ငန်း အား မြေအောက်လိုဏ် ခေါင်း များအတွင်း တူးဖော် မည် ဖြစ်၍ မြေအောက်လေ ပြတ်တောက်ပါက တူးဖော် မှုလုပ်ငန်းများဆောင်ရွက် နေသောကျင်းသား မူးမေ့ ခြင်းနှင့် အသက်ဆုံးရှုံးခြင်း စသည့်ဖြင့် ဘေး အန္တရာယ် များကြုံ တွေ့နိုင်ပါသည်။	- မြေအောက်လေပြတ်တောက်၍လုပ်ငန်းခွင် ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အတွက် မြေ အောက်လေပေးစနစ်အား အရန်လေပေး စနစ် များတပ်ဆင်ခြင်း၊ အရေးပေါ် အသက်ရှူ ကိရိယာ များထားရှိ ပေးခြင်း၊ ဆက်သွယ်ရေး လမ်းကြောင်း များ စီမံဆောင်ရွက် ထားခြင်း၊ အရေးပေါ် ကယ်ဆယ် ရေးအဖွဲ့ထားရှိ၍ ကြိုတင် ဇာတ်တိုက် လေ့ကျင့် ပေးထားခြင်းစသည် ဖြင့် မြေအောက် လေပြတ် တောက်ခြင်း ကြောင့် လုပ်ငန်းခွင် ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အတွက် စီမံဆောင်ရွက်ပါမည်။

၃။ လုပ်ငန်းသုံးစွန့်ပစ်ရေ လုပ်ငန်းသုံးရေ(၁၀၀၀)ဂါလံ ခန့်အ သုံးပြုမည်ဖြစ်ပါသည်။ စွန့်ပစ်ရေများအား အနည် ထိုင်ကန်တွင် အနည်ထိုင်စေ ပြီး အမှုန့်ကြိတ်လုပ်ငန်းတွင် ပြန်လည်အသုံးပြုပါမည်။	- လုပ်ငန်းသုံးရေများကြောင့် လုပ်ကွက်နှင့်ဆက်စပ်ဝန်း ကျင်မြေပေါ်ရေ၊ မြေအောက် ရေများညစ်ညမ်းစေနိုင်ခြင်း၊ - လုပ်ငန်းသုံးရေများစွန့်ပစ် ခြင်းမှ နှံ့အနည်အနှစ်များ ပါဝင်၍ ဆက်စပ်ဝန်းကျင် ရေစီးရေလာပိတ်ဆို့နိုင်ပါ သည်။	- စွန့်ပစ်မြေစာနှင့် လုပ်ငန်းသုံးရေ အနည် ထိုင်ကန်အား မြေအောက်ရေစိမ့်ဝင်ခြင်း မရှိစေရန် ဆောင်ရွက်သွားပါမည်။ - လုပ်ငန်းသုံးရေများအား ပြင်ပသို့စေလွှတ်ခြင်း မပြုပါ။ - လုပ်ငန်းသုံးရေပမာဏမှာ (၁၀၀၀)ဂါလံ ခန့်ဖြစ် ပါသည်။ မိုင်းပိတ် သိမ်းချိန် တွင် လုပ်ငန်း သုံးရေများအား နှံ့အနည်အနှစ်များ မပါဝင် စေရေးအတွက် အနည်ထိုင်ကန်တွင် အနည်ထိုင် စေပြီး ရေကြည်များအား လုပ်ကွက်အတွင်းရှိ စိုက်ခင်းများသို့ သွယ်တန်းထားသော ရေမြောင်း များ အတွင်းစေလွှတ်၍ ရေလောင်းရာတွင် အသုံးပြုခြင်းဖြင့် စွန့်ပစ်မည်ဖြစ်ပါသည်။
၄။ စွန့်ပစ်မြေစာ	- စွန့်ပစ်မြေစာများ စွန့်ပစ်မှု မြေစာပုံ များအားမိုးရေ တိုက်စား၍ နှံ့းအနည်အနှစ် များပျံ့လွင်စီးမျောပြီး ရေစီးရေလာ ပိတ်ဆို့ခြင်း၊ သဲဆန် သေ မြေ များဖြစ်၍ မြေဆီ လွှာပြုန်းတီးစေ ခြင်း များဖြစ်ပေါ် နိုင်ပါသည်။	- စွန့်ပစ်မြေစာများအား လုပ်ကွက်အတွင်းရှိ ချိုင့်ဝှမ်းများတွင် မြေဖို့ မြေညှိဆောင်ရွက်၍ ပိုလျှံ သော ဂဲစာများ စွန့်ပစ်စုဆောင်းကွင်းတွင် စုဆောင်း၍ မိုးရေတိုက်စား၍ စီးမျောမှုမရှိစေရန် မြေစာပုံပတ်လည်တွင် ရေဆင်းစုမြောင်းတူးဖော် ၍ နှုန်းစစ်ကန်ထားရှိဆောင်ရွက်ပါမည်။ စီမံ ကိန်း ပိတ်သိမ်းချိန်တွင် စွန့်ပစ်ဂဲစာများ ကျင်းဟောင်း များတွင် ပြန်လည်မြေဖို့ဆောင်ရွက်သွား ပါမည်။ စွန့်ပစ်စုဆောင်းနေရာများအား မြေဆီလွှာပြုပြင် ၍ ဒေသနှင့်ကိုက်ညီသော သစ်ပင်များ ပြန်လည် စိုက်ပျိုးသွားပါမည်။
၅။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကာကွယ်ရေး၊ သဘာဝဘေး အန္တရာယ် ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး	- မြေအောက်လေပြတ်တောက်ခြင်း၊ - ယမ်းနှင့်ဆက်စပ်ပစ္စည်းများမှ အသက်အန္တရာယ် ဖြစ်ပေါ်စေခြင်း၊ - မြေသားပြိုကျမှုများခြင်း စသည်ဖြင့်လုပ်ငန်းခွင်ဘေး အန္တရာယ်များနှင့်သဘာဝ ဘေးအန္တရာယ်များဖြစ်သော မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေ ပြိုခြင်း၊ မီးလောင် ခြင်း၊ ဘေးအန္တရာယ်များဖြစ်ပေါ် စေနိုင်ပါသည်။	- လုပ်ငန်းများဆောင်ရွက်မှုမှ လုပ်ငန်းခွင် ဘေးအန္တရယ်မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်း ခွင်ဘေးအန္တရယ်ကာကွယ်ရေး စီမံ ချက်ရေး ဆွဲပြီး လုပ်ငန်းခွင်ဘေးအန္တ ရာယ် ကာကွယ်ရေး အဖွဲ့များ၊ အရေးပေါ် ကယ်ဆယ် ရေးအဖွဲ့များ၊ ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့များ ဖွဲ့စည်း ဆောင် ရွက်ပါမည်။ - သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ မီးဘေး အန္တရယ်ကာကွယ်ရေးများအတွက်လည်း စီမံ ချက်များရေးဆွဲ၍ အကောင် အထည် ဖော် ဆောင်ရွက်မည်ဖြစ်ပါ သည်။

၆။ စောင့်ကြပ်ကြည့်ရှု့ စစ်ဆေးခြင်း	- လုပ်ငန်းများဆောင်ရွက်မှု ကြောင့်မြေယာဆုံးရှုံးခြင်းသ ဘာဝရေအရင်းအမြစ်ရှုံးခြင်း၊ ဆူညံသံနှင့် တုန်ခါမှုများ ဖြစ် ပေါ်ခြင်း၊ စွန့်ပစ်ရေနှင့် စွန့် ပစ်မြေစာများကြောင့် လုပ် ကွက်နှင့် ဆက်စပ်ဒေသပတ် ဝန်းကျင် ညစ်ညမ်းစေခြင်း၊ - ဂေဟစနစ်ဖြစ်ထွန်းမှု လျော့ကျစေခြင်း၊ - သဘာဝအပင်များ ဆုံးရှုံးစေ ခြင်း။	- သတ္တုတူးဖော်ထုတ်လုပ်သန်စင်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့်ပတ်ဝန်းကျင် နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်စေနိုင်သည့် အချက် များ ဓာတ်ဆေးများမှ ဘေးအန္တရာယ် ဖြစ်ပေါ်စေ နိုင်သည့်အချက်များ၊ - လုပ်ငန်းခွင်ဘေးအန္တရယ်ဖြစ်ပေါ်စေနိုင်သည့် အချက်များ၊ ကြိုတင်ကာကွယ်ရေး ဆိုင်ရာ လုပ်ဆောင်ချက်များ၊ အရေးပေါ်အခြေအနေ တွင် ဆောင်ရွက်မည့်အစီအမံများ၊ ဘေးအန္တ ရာယ် ကာကွယ်ရေးအတွက် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ပညာပေးသည့် အစီအစဉ်များ ဆောင် ရွက်သည့် အခြေအနေများအား စောင့်ကြပ် ကြည့်ရှုစစ်ဆေးပါမည်။
၇။ သဘာဝဘေးအန္တရာယ် နှင့် မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ခြင်း	- ထိခိုက်မှုဘေးအန္တရာယ် ဖြစ် ပေါ်စေနိုင်ခြင်း၊ အသက် အန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်း	- သဘာဝဘေးအန္တာရယ်နှင့် မီးဘေးအန္တရယ် ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ် ဆောင်ရွက်မည့်အဖွဲ့များ ဖွဲ့စည်းထားခြင်း၊ သဘာဝဘေးအန္တရယ်နှင့် မီးဘေးအန္တာရယ် ကြိုတင် ကာကွယ်ရေး စီမံချက်များဖြင့် ဆောင်ရွက်ပါမည်။
၈။ လူမှုရေးဆိုင်ရာကိစ္စရပ် များနှင့် ဒေသဖွံ့ဖြိုးရေး ကိစ္စများ	- လူမှုဝန်းကျင်နှင့် ပတ်ဝန်း ကျင်ထိခိုက်မှု	- ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုလားချက် များဖော်ထုတ်ကာ စီမံဆောင်ရွက်မည် ဖြစ်ပါ သည်။ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ အား စီမံကိန်း ကာလတစ်လျှောက်လုံး စီစဉ် ဆောင်ရွက် ပါမည်။
၉။ မိုင်းပိတ်သိမ်းခြင်း မြေယာအသုံးချထားမှု ကိစ္စရပ် များရှင်းလင်းခြင်း၊အုပ်ချုပ်မှု ဆိုင်ရာအဆောက်အဦးများ၊ စက်မှုဆိုင်ရာ အဆောက်အဦ များ၊ဝန်ထမ်းအိမ်ယာများအတွက် မြေယာ အသုံးချထားမှုများ။	- မြေမျက်နှာပြင်အနေ အထား နှင့်ရှုခင်းများ ပြောင်းခြင်း၊ မြေဆီလွှာ ဆုံးရှုံးခြင်း၊ သစ်တောသစ်ပင်ဆုံးရှုံးခြင်း မြေဆီလွှာ ညစ်ညမ်းခြင်း၊	- သင့်လျော်သောမြေယာအသုံးချမှုလုပ်ငန်း တစ်ရပ်ထူထောင်နိုင်သည်အထိ စီစဉ်ဆောင်ရွက် ပါမည်။
စွန့်ပစ်မြေစာနှင့်လုပ်ငန်း သုံးရေ အနည်ထိုင်ကန် စွန့် ပစ်ရေကန်၊	- မြေနေရာဆုံးခြင်း၊	- မျက်နှာညှိ၍ အပေါ်ယံမြေသားဖုံးအုပ်ခြင်း၊ မြေဆွေးလွှာအုပ်ခြင်းတို့ ပြုလုပ်၍ ဒေသ ပေါက်ပင်များ ပြန်လည်စိုက်ပျိုးပါမည်။
စွန့်ပစ်ကျောက်ပုံ၊ စွန့်ပစ်မြေစာပုံ	- မြင်ကွင်းကောင်းမွန်မှု မရှိခြင်း၊ ပြိုကျ၍ ဘေးအန္တရာယ်ရှိနိုင်ခြင်း၊ - မိုးရာသီတိုက်စား၍ ချောင်း မြောင်းများအတွင်းအနည် အနှစ်များ ကျနိုင်ခြင်း၊	- မိုင်းပိတ်သိမ်းချိန်တွင် ပင်မဆင်းတွင်းများ နှင့် ပင်မလိုဏ်ခေါင်းများအတွင်း ပြန်လည်မြေဖို့ ဖြည့်မည်ဖြစ်ပါသည်။ ကျောက်ပုံ၊ မြေစာပုံ နေရာ များအား ရှင်းလင်း၍ ဒေသပေါက် ပင်များ ပြန်လည် စိုက်ပျိုးပါမည်။

ပိတ်သိမ်းပြီးကာလတွင် မြေဆီလွှာ၊ မြေပေါ်ရေ၊မြေအောက်ရေညစ်ညမ်းခြင်း၊	- မြေဆီလွှာညစ်ညမ်းခြင်း၊ မြေပေါ်မြေအောက်ရေညစ်ညမ်းခြင်း၊	- မိုင်းပိတ်သိမ်းပြီး(၅) နှစ် ကာလအထိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးပါမည်၊
မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာတင်ပြခြင်း		- မိုင်းပိတ်ခြင်းအားစီးပွားရေးတွက်ချေ မကိုက်ခြင်း၊ သတ္တုကြောများ ပျောက်သွားခြင်း စသည်ဖြင့် သတ္တုတူးဖော်ခြင်းလုပ်ငန်း မဆောင်ရွက်နိုင်သည့်ကာလတွင် ပိတ်သိမ်းပါမည်။ စီမံကိန်းပိတ်သိမ်းရန် (၁)နှစ်အလို တွင်မိုင်းပိတ်သိမ်းမည့် အသေးစိတ်အစီအစဉ်များအား တင်ပြပါမည်။

၃.၁။ အစီအရင်ခံစာရေးသားသူ၏ ကတိဝန်ခံချက်

ရေနံသာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုရှိ (SGU 271) လုပ်ကွက်အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအား ဝန်းကျင်ဗေဒဆိုင်ရာ ပညာရှင်မှ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံချက်ပါ အချက်အလက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့်အညီ တိကျစွာလိုက်နာ၍ ပြည့်စုံစေရန် ရေးဆွဲတင်ပြထားသည်မှာ မှန်ကန်ပါကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

ဦးရဲသွေးနောင်	**ဦးခွန်သက်အောင်**
(စီမံကိန်းလုပ်ကွက်တာဝန်ခံဒါရိုက်တာ)	**(ဝန်းကျင်ဗေဒပညာရှင်)**

၃.၂။ စီမံကိန်းများနှင့်သက်ဆိုင်သည့် လုပ်ငန်းရှင်၏ကတိကဝတ်

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE)တွင်ပါရှိသော အချက်အလက်များ တိကျခိုင်မာကြောင်းနှင့် ပြည့်စုံပါကြောင်း အစီအရင်ခံစာပါအချက်အလက်များကို လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများကို တိကျစွာလိုက်နာ၍ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာကို ဆောင်ရွက်ထားပါသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်၊ လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများလျော့နည်းစေရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာသွားမည်ဖြစ်ပါကြောင်း လက်မှတ်ရေးထိုး ဝန်ခံကတိပြုပါသည်။

၄.၀။ မူဝါဒ၊ ဥပဒေနှင့်မူဘောင်များ

၄.၁။ ကုမ္ပဏီ ။ ကုမ္ပဏီ၏ စီမံကိန်းဆိုင်ရာမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

- အသေးစား၊ အလတ်စားရင်းနှီးမြှုပ်နှံမှုများတွင် ရင်းနှီးမြှုပ်နှံ၍ ဓာတ်သတ္တုများ ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေ တိုးပွားအောင်ဆောင်ရွက်ပေးရန်နှင့် အကြီးစားလုပ်ငန်းများဖြင့် နိုင်ငံတကာအဆင့်မီ ဓာတ်သတ္တုဖွံ့ဖြိုးထုတ်လုပ်နိုင်ရန်။
- ပြည်ထောင်စုတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရန်၊
- တရားမဝင် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများလျော့နည်းစေပြီး တာဝန်ယူမှုနှင့် တာဝန်ခံနိုင်သောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် နိုင်ငံတော်စီးပွားရေးကို အထောက်ကူဖြစ်စေရန်။
- ဒေသခံပြည်သူများ ဓာတ်သတ္တုတူးဖော်မှုပိုင်းဆိုင်ရာနည်းပညာများရရှိစေရန်။

၄.၂။ စီမံကိန်း။ ရေနုံသာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အနေဖြင့် စီမံကိန်းလုပ်ငန်းအတွင်း ရွှေသတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် နိုင်ငံတကာ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်သွားပါမည် –

(၁) မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)။
(၂) မြန်မာ့သတ္တုတွင်းနည်းဥပဒေများ (၂၀၁၈)။
(၃) အမျိုးသားပတ်ဝန်းကျင်ရေးမူဝါဒ (၁၉၉၄)။
(၄) သတ္တုတွင်းနည်းဥပဒေ (၁၉၉၆)။
(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)။
(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄)။
(၇) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅)။
(၈) ၁၉၅၁ အလုပ်ရုံများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၆)၊
(၉) အခကြေးငွေပေးချေရေးဥပဒေ၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၇)၊(၂၀၁၆)။

(၁၀)ဆိုင်များနှင့်အလုပ်ဌာနများဥပဒေ၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၈)၊ (၂၀၁၆)။

(၁၁) ပြည်သူ့ကျန်းမာရေးဥပဒေ၊ (၁၉၇၂) (၂၀၁၆)။

(၁၂) သစ်တောဥပဒေ (၂၀၁၈)။

(၁၃) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆)။

(၁၄) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃)။

(၁၅) ဆတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)(၂၀၁၈)။

(၁၆) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)။

(၁၇) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာဥပဒေ (၁၉၉၄) (၂၀၁၈)။

(၁၈) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာဥပဒေ (၂၀၁၈)။

(၁၉) အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)။

(၂၀) အနည်းဆုံးအခကြေးငွေဥပေဒ (၂၀၁၃) (၂၀၁၈)။

(၂၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)။

(၂၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (၂၀၁၇)။

(၂၃) လူမှုဖူလုံရေးနည်းဥပဒေ (၂၀၁၂)။

(၂၄) အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ (၁၉၅၁)။

(၂၅) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ(၂၀၁၅)။

(၂၆) အမျိုးသားမြေအသုံးချမှုဆိုင်ရာမူဝါဒ (၂၀၁၆)

၄.၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများ

ရေနုံသာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

၄.၄။ ရေအရည်အသွေးအဆင့်သက်မှတ်ချက်များ (Effluents Levels)

လုပ်ကွက်နှင့်ဆက်စပ်ဒေသ၊ ရေများ၏အရည်အသွေးအား ထိန်းသိမ်းမည့် စံချိန်စံညွှန်းများမှာ အောက်ပါဇယားအတိုင်းဖြစ်ပါသည်-

၄.၄.၁။ စွန့်ထုတ်ရည်အရေအသွေး၊အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန် ချက်များ

Parameter	Unit	Guideline Value	Referance
Arsenic	mg/l	0.1	Myanmar National Environmental Quality(Emission) Guidelines, December 2015
Cadmium	mg/l	0.05	As above
Chemical Oxygen Demand	mg/l	150	As above
Chromium (hexavalent)	mg/l	0.1	As above
Copper	mg/l	0.3	As above
Cyanide	mg/l	1	As above
Cyanide (free)	mg/l	0.1	As above
Cyanide (weak acid dissociable)	mg/l	0.5	As above
Iron (total)	mg/l	2	As above
Lead	mg/l	0.2	As above
Mercury	mg/l	0.002	As above
Nickel	mg/l	0.5	As above
pH	S.U.[a]	6–9	As above
Temperature	°C	<3 degree differential	As above
Total Suspended Solids	mg/l	50	As above
Zinc	mg/l	0.5	As above

Source ECD Department.

[a] Standard unit

[b] At the edge of a scientifically established mixing zone which takes into account ambient water quality, receiving water use, potential receptors and assimilative capacity; when the zone is not defined, use 100 meters from the point of discharge.

၄.၄.၂။ အထွေထွေသုံးရေစံချိန်စံညွှန်း (ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)

No	Parameter	Unit	Maximum Permissible Level
1.	Apperance		Turbid
2.	Colour	mg/l	50
3.	Turbidity	NTU	25
4.	pH Value	mg/l	6.5 to 9.2
5.	Total Solid	mg/l	1500
6.	Total Hardness ($CaCO_3$)	mg/l	500
7.	Total Alkalinity ($CaCO_3$)	mg/l	950
8.	Calcium (Ca)	mg/l	200
9.	Magnesium (Mg)	mg/l	150
10.	Chloride (Cl)	mg/l	600
11.	Sulphate (SO_4)	mg/l	400
12.	Total Iron (Fe)	mg/l	1

၄.၄.၃။ ရေနေသက်ရှိများအား ကာကွယ်ရေးအတွက် အနီးပတ်ဝန်းကျင်ရေ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ

Parameter	Unit	Guideline Value	Referance
Aluminium	mg/l	0.005(if pH<6.5) 0.1(if pH<6.5)	Australian and New Zealand guidelines for fresh and marine water quality 2000. Australian and New Zealand Environment Conservation Council. Water Quality Guidelines for the Protection of Aquatic life. 2016, Canadian Council of Ministers of the Environment. Metal mining technical guidance for environmental effects monitoring 2012. Environment Canada.
Ammonia	mg/l	0.02	As above
Arsenic	mg/l	0.05	As above
Boron	mg/l	0.5	As above
Cadmium	mg/l	0.0002	As above
Chloride	mg/l	0.86	As above

Chromium (hexavalent)	mg/l	0.01	As above
Chromium (trivalent)	mg/l	0.0089	As above
Coliforms (total)	MPN/100ml	5000	As above
Coliforms (faecal)	MPN/100ml	1000	As above
Color	mg/l	Not significantly higher that seasonally Adjusted background value	As above
Copper	mg/l	0.002	As above
Cyanide (free)	mg/l	0.005	As above
Dissolved oxygen	mg/l	6	As above
Ethanol	mg/l	1.4	As above
Fluoride	mg/l	0.2	As above
Iron	mg/l	0.3	As above
Lead	mg/l	0.001	As above
Manganese	mg/l	0.05	As above
Mercury	mg/l	0.0001	As above
Molybdenum	mg/l	0.073	As above
Naphthalene	mg/l	0.016	As above
Nickel	mg/l	0.015	As above
Nitrate	mg/l	5	As above
Nitrite	mg/l	0.06	As above
Oil & grease	–	Substantially absent, no iridescent sheen	As above
pH	–	6.5–9	As above
Phenols	mg/l	0.004	As above
Phosphorus	mg/l	0.15	As above
Selenium (total)	mg/l	0.005	As above
Silver	mg/l	0.0001	As above
Sulphide	mg/l	0.002	As above
Temperature	°C	<2 increase	As above
Thallium	mg/l	0.004	As above

Total Suspended Solids	mg/l	10	As above
Tributyltin	mg/l	0.000008	As above
Turbidity	–	<10% change	As above
Uranium	mg/l	0.015	As above
Zinc	mg/l	0.005	As above

၄.၄.၄။ သောက်ရေအရည်အသွေးစံချိန်စံညွှန်းများ

Parameter	Unit	Guideline Value	Referance
Aluminium	mg/l	0.2	National drinking water quality standards, 2014. Ministry of Health, Myanmar.
Ammonia–Nitrogen	mg/l	1.5	As above
Antimony	mg/l	0.02	As above
Arsenic	mg/l	0.05	As above
Barium	mg/l	0.7	As above
Boron	mg/l	2.4	As above
Cadmium	mg/l	0.003	As above
Calcium	mg/l	200	As above
Chloride	mg/l	250	As above
Chromium	mg/l	0.05	As above
Coliforms (total)	MPN/100ml	3	As above
Coliforms (faecal)	MPN/100ml	0	As above
Color	TCU	15	As above
Copper	mg/l	2	As above
Cyanide	mg/l	0.07	As above
Fluoride	mg/l	1.5	As above
Hardness	mg/l as $CaCO_3$	500	As above
Iron	mg/l	1	As above
Lead	mg/l	0.01	As above
Magnesium	mg/l	150	As above
Manganese	mg/l	0.4	As above

Mercury (total)	mg/l	0.001	As above
Nickel	mg/l	0.07	As above
Nitrate (as NO_3)	mg/l	50	As above
Nitrate (as NO_2)	mg/l	3	As above
Odor	–	Acceptable/No objectionable odor	As above
pH	–	6.5–8.5	As above
Selenium	mg/l	0.04	As above
Sodium	mg/l	200	As above
Sulphate	mg/l	250	As above
Sulphide	mg/l	0.05	As above
Taste	–	Acceptable/No objectionable taste	As above
Total dissolved Solids	mg/l	1000	As above
Turbidity	NTU	5	As above
Uranium	mg/l	0.03	As above
Zinc	mg/l	3	As above

၄.၅။ ပတ်ဝန်းကျင်လေထုအရည်အသွေး (Ambient Air Quality Standards)

သတ္တုရိုင်းများတူးဖော်ခြင်း၊ ယမ်းခွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စုပုံခြင်း၊ လုပ်ငန်းများဆောင်ရွက်မှုမှ ကျောက်မှုန့်များ၊ ဖုန်မှုန့်များ တို့ကြောင့် လေထုအတွင်း ကျောက်မှုန့်၊ ဖုန်မှုန်များပျံ့လွင့်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုမရှိစေရေးအတွက် အောက်ပါပတ်ဝန်းကျင် လေထုအရည်အသွေးများနှင့်အညီ ဆောင်ရွက်မည် ဖြစ်ပါသည်-

၄.၅.၁။ လေထုအရေအသွေး၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

Parameter (avg. 8 hours)	CO (ppb)	NO2 (ppb)	NO (ppb)	PM10 (µg/m3)	PM2.5 (µg/m3)	SO2 (ppb)
Guideline Value	9 (ppm)	100	100	35	150	75

Parameter	Averaging Period	Guideline Value µg/m^3	Reference
Sulphur dioxide	24 hours 10 minutes	20 500	Myanmar National Environmental Quality (Emission) Guidelines, December 2015.
Nitrogen dioxide	1 year 1 hour	40 200	As above
Particulate Matter PM_{10}	1 year 24 hours	20 50	As above
Particulate Matter $PM_{2.5}$	1 year 24 hours	10 25	As above
Ozone	8–hour daily maximum	100	As above

[a] Particulate matter 10 micrometers or less in diameter.

[b] Particulate matter 2.5 micrometers or less in diameter.

Source: ECD Department.

၄.၆။ ဆူညံသံ (Ambient Noise Standards)

ရွှေသတ္တုရိုင်းများတူးဖော်ခြင်းများဆောင်ရွက်ခြင်းကြောင့် လုပ်ကွက်အတွင်းရှိ ရုံးခန်း၊ ဝန်ထမ်းနေအိမ်များနှင့် ဆက်စပ်ဝန်းကျင်ရှိ လူမှုဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေရေးအတွက် အသုံးပြုမည့် စံချိန်စံညွှန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၄.၆.၁ဆူညံသံ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

Receptor	One Hour Laeq (dBA)[a]		Reference
	Daytime 07:00–22:00	Nighttime 07:00–22:00	
Residential, Institutional, Educational	55	45	Myanmar National Environmental Quality(Emission) Guidelines, December 2015
Industrial Commercial	70	70	As above

Source: ECD Department.

[a]Equivalent continuous sound level in decibels.

၅.၀။ စီမံကိန်း၏ လက်ရှိပတ်ဝန်းကျင်အခြေအနေနှင့် လူမှုစီးပွားရေးအနေအထားများ

၅.၁ ဆူညံသံနှင့်တုန်ခါမှု

ရွှေသတ္တုတူးဖော်မှုလုပ်ငန်းကို မြေအောက်တွင်သာဆောင်ရွက်မည်ဖြစ်ပါ၍ ဆူညံသံဖြစ်ပေါ်မှု နည်းပါးပါသည်။ ကျောက်ဖောက်စက် အသုံးပြုခြင်း၊ ယမ်းဖောက်ခွဲခြင်း၊ လုပ်ငန်းသုံးစက်ပစ္စည်းများကြောင့် ဆူညံသံများ၊ ယာဉ်များသွားလာမှုကြောင့် ဆူညံသံနှင့် တုန်ခါမှုများ ဖြစ်ပေါ်စေနိုင်စေရာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခွင့် ရရှိပါက မြေအောက်သတ္တုတွင်းတူးဖော်မည့်နေရာအနီး လတ်တီတွဒ် (22 ° 42' 43.27" N) နှင့် လောင်ဂျီတွဒ် (96 ° 01' 30.18" E)လိုက်နာမှတ်နေရာသတ်မှတ်၍ တိုင်းတာစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ချိန်တွင် ဖော်ပြပါလိုက်နာမှတ်များတွင် ဆူညံသံများ မူလအခြေအနေနှင့် ကွာခြားမှု၊ ထိခိုက်မှုများကို ဆန်းစစ်ဖော်ထုတ်၍ ပြုပြင်လျော့ချ ဆောင်ရွက်သွားပါမည်။

၅.၂ ရူပဆိုင်ရာ

၅.၂.၁ မြေမျက်နှာသွင်ပြင်နှင့်မြေဆီလွှာအနေအထား

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်သည် မြောက်ဘက်တွင် တောင်ကုန်းတောင်တန်းများ၊ မြေပြန့်လွင်ပြင်များ ဆက်စပ်တည်ရှိသော သပိတ်ကျင်းမြို့နယ်၊ အရှေ့ဘက်တွင် ရှမ်းကုန်းမြေမြင့်ဒေသဖြစ်သော နောင်ချိုမြို့နယ်၊ တောင်ဘက်တွင်မြေဩဇာကောင်းမွန်သော မြေပြန့်လွင်ပြင်နှင့် ရေဝေရေလဲစနစ် အခြေခံကောင်းမွန်သော မတ္တရာလွင်ပြင်ဒေသ၊ အနောက်ဘက်တွင် ရေစီးရေလာကောင်းမွန်သော ဧရာဝတီမြစ်တို့အကြားတွင် ကွင်းပြန့်များ၊ တောင်ကုန်းပြန့်များ၊ မြေပြင်မှ သီးခြားပေါ်ထွက်လျက်ရှိသော တောင်ကုန်းများ၊ ရှမ်းကုန်းမြေမြင့်ဒေသ၏ တောင်ကြောဆက် တောင်တန်းများဖြင့် တည်ရှိနေသောဒေသဖြစ်ပါသည်။ ထင်ရှားသောတောင်များမှာ မာလဲတောင်၊ ရေမျက်တောင်နှင့်နတ်တောင်တို့ ဖြစ်ပါသည်။ စကျင်ကျောက်၊ ယျှလကျောက်၊ ထုံးကျောက်တောင်များ အောက်ခံအဖြစ် တည်ရှိလျက် သဲကျောက်စရစ်၊ မြေနီ၊ မြေနက်များ အပေါ်ယံမြေလွှာအဖြစ် ဖုံးအုပ်ထားပါသည်။ အချို့မြေနိမ့်လွင်ပြင်များတွင် မြေဆီမြေဩဇာကောင်းမွန်ပြီး တောင်ကုန်းတောင်တန်းများတွင် ကျတ်တီးမြေများ ရောနှောတည်ရှိနေပါသည်။

၅.၂.၂ မြေအသုံးချမှု

စဉ့်ကူးမြို့နယ်အနေဖြင့် ဧရာဝတီမြစ်နှင့် နီးစပ်ရာဒေသ၊ မတ္တရာလွင်ပြင်နှင့် ဆက်စပ်ရာ လက်ပံလှနှင့် နွယ်ရုံဒေသများတွင် စိုက်ပျိုးမြေအဖြစ် အဓိကထား

အသုံးပြုပြီး ရှောက်ပင်ရိုးဒေသ၊ ကျည်တောက်ပေါက်ဒေသနှင့်ချောင်းကြီးဒေသတို့တွင် စိုက်ပျိုးမြေကောင်းမွန်ခြင်းမရှိသောကြောင့် တောင်တန်း၊ တောင်ကုန်းဒေသများတွင် ရွှေသတ္တုတူးဖော်ခြင်းနှင့် မြေအသုံးချမှု ပိုမိုဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။

၅.၂.၃ မြေဆီလွှာပျက်ပြားမှုနှင့် တိုက်စားမှုများ

အများအားဖြင့် မြေလွှာတည်ငြိမ်မှုရှိပြီး တောင်ကမ်းပါးများ ပြိုကျခြင်း၊ ပြတ်ရွေ့ခြင်း၊ တိုက်စားခြင်းများမရှိပါ။

၅.၂.၄ ရာသီဥတုအခြေအနေ

အပူပိုင်းခြောက်သွေ့သော ရာသီဥတုရှိပြီး ဧရာဝတီမြစ်နှင့် ရှမ်းကုန်းမြေမြင့်အကြားတွင် တည်ရှိခြင်းကြောင့် မိုးရာသီတွင် မိုးများစွာရွာသွန်းသောဒေသဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန် (၃၃.၀၃) လက်မရှိပြီး မိုးရာသီကာလမှာ မေလမှာ အောက်တိုဘာလအတွင်း အမြင့်ဆုံးအပူချိန် ဇူလိုတွင် (၄၅) ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး၊ အနိမ့်ဆုံးအပူချိန် ဒီဇင်ဘာလတွင် (၁၀) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။

၅.၂.၅ လေထုအခြေအနေနှင့်ဆူညံမှု

စီမံကိန်းဧရိယာတစ်ဝိုက်ဖြစ်သော ကန်တောင်ဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် (၉၆၉) ပေမြင့်သော တောင်ကုန်းပေါ်တွင် တည်ရှိသောကြောင့် လူဦးရေသိပ်သည်းမှု အသင့်အတင့်သာရှိခြင်းကြောင့်လေထုသန့်ရှင်းမှုရှိပါသည်။

၅.၂.၆ အင်း၊ အိုင်၊ ချောင်းမြောင်းများ

စဉ့်ကူးမြို့အနီး ဧရာဝတီမြစ် ဖြတ်သန်းစီးဆင်းလျက်ရှိသောကြောင့် ရှမ်းကုန်းမြေမြင့်ဒေသဘက်မှ မြစ်ဖျားခံသော ချောင်းငယ်များသည် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ပေါင်းဆုံကြပါသည်။ စဉ့်ကူးမြို့နယ် ၊ ရွှေပြည်၊ ညောင်ဝန်းရွာများအနီးတွင် ဧရာဝတီမြစ်ဟောင်းသည် မြစ်ကျိုးအင်းအဖြစ်တည်ရှိပါသည်။

၅.၃ ဇီဝဆိုင်ရာ

၅.၃.၁ သစ်တောနှင့် သစ်သီးဝလံများအခြေအနေ

စီမံကိန်းဧရိယာဝန်းကျင်တွင် တောနိမ့်၊ တောပျက်များရှိပြီး သစ်တောဦးစီးဌာန၏ ကြိုးဝိုင်းဧရိယာများတွင် ပါဝင်လျက်ရှိပါသည်။ မန္တလေး - မြစ်ကြီးနား

ကားလမ်းနှင့် အနောက်ဘက်ရေမျက်တောင်ခြေတစ်ဝိုက်တွင် သစ်တောဦးစီးဌာန၏ ကျွန်းစိုက်ခင်းများရှိပါသည်။ အများစုမှာ ရွက်ပြတ်ရောနှောတောများဖြစ်ပြီး ကျွန်း၊ ပျဉ်းကတိုး၊ကညင်၊ နဘဲ၊ သဖန်း၊ သစ်ပုဂံ၊ ဇီး၊ မိုးမဲဇာ၊ ဒီဒူး၊ မန်ကျည်း၊ တမလန်းနှင့်မျှင်ဝါးများ ပေါက်ရောက်ပါသည်။ စိုက်ပျိုးသစ်သီးဝလံများအနေဖြင့် မြေပြန့်ဒေသများတွင် စပါး၊ ပဲမျိုးစုံ၊ ဖရဲ၊ ငှက်ပျော၊သရက်၊ ပိန္နဲ စသည့် သီးနှံများစိုက်ပျိုးကြပါသည်။ တောင်ကုန်းတောင်တန်းများပေါ်တွင် စိုက်ပျိုးဖြစ်ထွန်းမှု နည်းပါးပါးသည်။

၅.၃.၂ တောရိုင်းတိရစ္ဆာန်များ

ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်နှင့် ဆက်စပ်လျက်တောင်ကုန်းတောင်တန်းများရှိခြင်းကြောင့် ယခင်က တောဆင်ရိုင်း၊ ကျီ၊ ဆတ်၊ တောဝက်၊ ယုန်နှင့် ဖွတ်များတွေ့ရှိနိုင်ကြောင့် ယခုအခါ လူတို့အခြေချနေထိုင်မှု၊ တောတွင်း ဝင်/ထွက်သွားလာမှု၊ ယာဉ်နှင့်စက်ပစ္စည်းများ သုံးစွဲမှုများပြားလာခြင်းကြောင့် အခြားဒေသ တောနက်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ကျက်စားသည်ဟု ယူဆရပါသည်။ ကန့်သတ်ထိန်းသိမ်းထားသော မျိုးတုန်းပျောက်ကွယ်နိုင်သော တောရိုင်းတိရစ္ဆာန်များမရှိပါ။

၅.၃.၃ ငှက်မျိုးစုံအခြေအနေ

မတ္တရာလွင်ပြင်နှင့် စဉ့်ကူးမြို့နယ်၊ လက်ပံလှလွင်ပြင်၊ ရွှေပြည်ညောင်ဝန်း၊ ဧရာဝတီမြစ်ကျိုးအင်းတစ်ဝိုက်သည် စိုက်ပျိုးမြေများ ကောင်းမွန်ခြင်းကြောင့် စားကျက်ဧရိယာကောင်းမွန်သဖြင့် ဗျိုင်း၊ ချိုးငှက်၊ဆက်ရက်၊ စာကလေး၊ သိမ်းငှက်၊ ပျံလွှားနှင့် ဇီးကွက်များတွေ့ရှိရပါသည်။ အင်းအိုင်များအတွင်း ရေဘဲနှင့် ဆည်ရေသောက်ဧရိယာ ကျယ်ပြန့်ခြင်း၊ မာလဲနတ်တောင် ရေလှောင်တမံနှင့် ဆည်ရေသောက်ဧရိယာများရှိခြင်းကြောင့် ဇီဝမျိုးစုံမျိုးကွဲများ၏ ဖြစ်ထွန်းရပ်တည်မှု အခြေအနေကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

၅.၄ လူမှုဆိုင်ရာစီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ

၅.၄.၁ အိမ်ထောင်စု လူဦးရေအခြေအနေ

စီမံကိန်းဧရိယာနှင့် အနီးဆုံးသောကျေးရွာမှာ ကျည်တောက်ပေါက်ကျေးရွာဖြစ်ပါသည်။ ကျေးရွာအတွင်း အိမ်ခြေ (၁၉၁၁) အိမ်၊ အိမ်ထောင်စု (၂၀၀၂) စု၊ ၁၈ နှစ်အောက် ကျား(၁၉၃၇)၊ မ (၁၄၈၉) ယောက် ပေါင်း (၃၄၂၆) ယောက်၊ ၁၈ နှစ်အထက် ကျား (၂၁၀၀) ယောက်၊ မ (၁၇၉၃) ယောက် ပေါင်း (၃၈၉၃) ယောက်

လူဦးရေစုစုပေါင်း ကျား (၄၀၃၇) ယောက်၊ မ (၃၂၈၂) ယောက် ပေါင်း (၇၃၁၉) ယောက် ဖြစ်ပါသည်။

၅.၄.၂ အခြေချနေထိုင်မှု

ကျည်တောက်ပေါက်ကျေးရွာသည် ၂၀၀၀ပြည့်နှစ် အရှေ့ပိုင်းကာလများတွင် အိမ်ထောင်စုလူဦးရေအနည်းငယ်သာရှိပြီး ၂၀၀၀ပြည့်နှစ်ခန့်မှ စတင်ကာ မြေအောက်ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများ အသေးစားနှင့် တစ်နိုင်တစ်ပိုင်တူးဖော် လုပ်ကိုင်မှုများပြားလာခြင်းကြောင့် လူမှုစီးပွားရေးတိုးတက်လာကာ အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းအခြေချနေထိုင်လာခဲ့ကြပါသည်။ ယခုအခါ ကျေးရွာသည် မြို့ပြ အခြေအနေနှင့် ကွာဟမှုနည်းပါးလာကြောင်း တွေ့ရပါသည်။

၅.၄.၃ လူမျိုးစုများ

အများအားဖြင့် ဗမာလူမျိုးများ နေထိုင်ကြပြီး မိုးကုတ်ရှမ်းလူမျိုး အနည်းငယ်ရှိပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်မှုများပြားပါသည်။ ရိုးရာဓလေ့ပွဲတော်များအဖြစ် သင်္ကြန်ပွဲ၊ သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲများပြုလုပ်လေ့ရှိပါသည်။

၅.၄.၄ ပညာရေးအဆင့်အတန်း

ကျည်တောက်ပေါက်ရွာတွင် အခြေခံပညာအထက်တန်းကျောင်း၊ ၎င်းအနီးရှိ ကန်တောင်ရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲများရှိပြီး (၁၀) တန်းကျောင်းသား/သူများ လက်ပံလှအထက်တန်းကျောင်း စာစစ်ဌာနတွင်သွားရောက်ဖြေဆိုကြကြောင်းသိရှိရပါသည်။ တက္ကသိုလ်ပညာသင်ယူရန်အတွက် မန္တလေးမြို့သို့ သွားရောက်သင်ယူကြောင်း တွေ့ရှိရပါသည်။

၅.၄.၅ အလုပ်အကိုင်နှင့်အသက်မွေးမှုအခြေအနေ

စဉ့်ကူးမြို့နယ်အနီးတစ်ဝိုက်ကျေးရွာများဖြစ်ကြသည့် ရွှေပြည်၊ ညောင်ဝန်း၊ လက်ပံလှ၊ တောင်အင်း၊ နတ်တောင်၊ မာလဲ၊ ခတက်ချဉ်၊ ကုက္ကို၊ မင်းရွာ၊ ညောင်ပင်၊ ကြာဥယျာဉ်၊ ငွေတောင်စသည့် ကျေးရွာများမှာ မြေပြန့်ဒေသတွင်ရှိပြီး စိုက်ပျိုးမြေကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးကို အဓိကထားလုပ်ကိုင်ကြပါသည်။ တောတောင်ဒေသပေါများသော ရှောက်ပင်ရိုးကျေးရွာနှင့် ကျည်တောက်ပေါက်ကျေးရွာများသာလျှင် စိုက်ပျိုးမြေအားနည်းခြင်းနှင့် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ဝန်ထမ်း၊ လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြပါသည်။

၅.၄.၆ စိုက်ပျိုးမွေးမြူရေးနှင့်အခြေအနေ

မြေပြန့်ဒေသများတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ပြောင်းဖူး၊ ငှက်ပျော၊ သရက်ပင်များ စိုက်ပျိုးကြပြီး တောင်ပေါ်ဒေသများတွင် တောင်စောင်းများ၌ ပဲစင်းငုံစိုက်ပျိုးမှု အနည်းငယ် တွေ့ရှိရပါသည်။ နေအိမ်ခြံများအတွင်း နွား၊ ဆိတ်၊ ကြက်၊ ဝက်များ မွေးမြူကြပါသည်။

၅.၄.၇ လူထုကျန်းမာရေး

စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပြီး အရေးကြီးလူနာများအား မန္တလေးမြို့တွင် သွားရောက်ကုသကြောင်းသိရှိရပါသည်။ ကျည်တောက်ပေါက်၊ ကန်တောင်ရွာများတွင် သူနာပြုနှင့် သားဖွားဆရာမများရှိပြီး စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ မြေပေါ်မြေအောက်ရေ လုံလောက်မှုရှိခြင်းကြောင့် (၉၀) ရာခိုင်နှုန်းခန့် ရေလောင်း ယင်လုံအိမ်သာသုံးစွဲ နိုင်ကြောင်း သိရှိရပါသည်။

လေထုညစ်ညမ်းမှုနှင့် အမှုန်အမွှားများကြောင့် ဖြစ်ပွားတတ်သော အဆုတ်ရောင်ခြင်း၊ အဆုတ်ပွခြင်း၊ မျက်စိနာခြင်း၊ မျက်ခမ်းစပ်ရောဂါများ ဖြစ်ပွားမှု နည်းပါးကြောင်းသိရှိရပါသည်။

၅.၄.၈ ရွှေ့ပြောင်းနေထိုင်မှုများ

ဒေသတွင်း မူလနေထိုင်သူနည်းပါးပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင် နိုင်မှုကြောင့် အနယ်နယ်အရပ်ရပ်ဖြစ်သော မိုးကုတ်၊ ရွှေဘို၊ မိတ္ထီလာ၊ ရမည်းသင်း၊ မြင်းခြံ၊ တပ်ကုန်း၊ မြောင်မြို့နယ်များမှ ရွှေ့ပြောင်း၍ အခြေချနေထိုင်လာမှုများ တွေ့ရှိရပါသည်။ ကျည်တောက်ပေါက်။ ကံတောင်ရွာများတွင် နေအိမ်နှင့်ဝင်းခြံများ။ တိုက်အိမ်များကောင်းမွန်သပ်ရပ်စွာ ဆောက်လုပ်နေထိုင်ကြပီး မြို့ပေါ်ရပ်ကွက် များကဲ့သို့ စနစ်တကျရှိကြောင်း (၂၄)နာရီ လျှပ်စစ်မီးအသုံးပြုနိုင်သဖြင့် လူနေမှု အဆင့်မြင့်မားလာကြောင်း သိရှိရပါသည်။

၅.၄.၉ သယ်ယူပို့ဆောင်ရေးစနစ်

မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများသို့ မန္တလေး - မိုးကုတ် အေးပြေးကားလမ်းမှလည်းကောင်း၊ ဧရာဝတီမြစ်ကြောင်းမှလည်းကောင်း ဆက်သွယ် နိုင်ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းသို့ ဧရာဝတီမြစ်ကူးတံတား (စဉ့်ကူး)မှ တစ်ဆင့် ရွှေဘိုမြို့နယ်၊ ကျောက်မြောင်းသို့ အလွယ်တကူသွားနိုင်ခြင်းကြောင့်

ဆက်သွယ်မှု ကောင်းမွန်သော အခြေနေရှိပါသည်။ ကျည်တောက်ပေါက်ရွာတွင် မော်တော်ယာဉ်အသင်း (၃) သင်း ပြေးဆွဲလျက်ရှိပါသည်။

၅.၄.၁၀ လူထုဆက်သွယ်ရေးစနစ်

မိုဘိုင်းဖုန်းများဖြစ်သော(GSM, CDMA, Telenor, Oredoo စသော ဖုန်းလိုင်းများသုံးစွဲနိုင်ပြီး အင်တာနက်နှင့် Email ဆက်သွယ်အသုံးပြုနိုင်ပါသည်။ ကျည်တောက်ပေါက်ရွာတွင် သတင်းစာနှင့် ဂျာနယ်မျိုးစုံ ဝယ်ယူဖတ်ရှုနိုင်ပါသည်။

၅.၄.၁၁ စီမံကိန်းအနီးဝန်းကျင်ရှိ ရေ၊ လေ၊ မြေထု အရည်အသွေး

စီမံကိန်းအနီးတွင် အဆက်မပြတ်စီးဆင်းနေသော ချောင်းများမရှိပါ။ အနီးဝန်းကျင် ဒေသခံပြည်သူများ မြေအောက်ရေကိုသာ သုံးစွဲနေကြောင်းတွေ့ရှိရပါသည်။

ရေ၊ လေ၊ မြေထု အရည်အသွေးများကို စီမံကိန်းလုပ်ငန်းဆောင်ရွက်ချိန်တွင် ထိခိုက်မှုကွာခြားလာမှုများ ဆန်းစစ်နိုင်ရန် စနစ်တကျ Base Line Data များ ကောက်ယူစမ်းသပ်၍ စံချိန်စံညွှန်းများနှင့် ယှဉ်တွဲဖော်ပြသွားမည်ဖြစ်ပါသည်။

၅.၄.၁၂ လျှပ်စစ်သုံးစွဲမှု

လက်ပံလှဓာတ်အားခွဲရုံမှတစ်ဆင့် ဖြန့်ဝေပေးသော လျှပ်စစ်ဓာတ်အား လွန်ခဲ့သော (၃)နှစ်ခန့်မှစတင်ရရှိခဲ့ရာ ကုမ္ပဏီများမှ ထည့်ဝင်မတည်ငွေများဖြင့် မီးတိုင်၊ မီးကြိုးများသွယ်တန်းခြင်း၊ ထရန်စဖော်မာများ ဝယ်ယူတပ်ဆင်ခြင်းဖြင့် (၂၄)နာရီ လျှပ်စစ်မီးအသုံးပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

၅.၄.၁၃ သောက်သုံးရေရရှိမှု

တောတောင်နှင့် သဘာဝအခြေခံကြောင့် မြေအောက်ရေထွက်ရှိမှု ကောင်းမွန်သဖြင့် သန့်ရှင်းသော အဝီစိတွင်းရေများ ရယူသုံးစွဲနိုင်ပါသည်။

၅.၄.၁၄ ရေအရည်အသွေး

စီမံကိန်းဧရိယာအနီး လတ်တီတွဒ် (22 ° 42' 33.27" N) နှင့် လောင်ဂျီတွဒ် (96 ° 01' 20.32" E) တွင် လျှို့တစ်ခုတည်ရှိ၍ စိမ့်ထွက်ရေများရှိရာ မြေအောက်ရေအဖြစ် နမူနာကောက်ယူ စမ်းသပ်ခဲ့ပါသည်။ မျက်မြင်အနေအထားအရ ကြည်လင်ကောင်းမွန်ပြီး လူနှင့်တိရစ္ဆာန်များ အသုံးပြု၍ရနိုင်သော အခြေအနေတွင်ရှိပါသည်။

ရွှေသတ္တုတူးဖော်မှုလုပ်ငန်းဆောင်ရွက်မှုကြောင့် စိမ့်ထွက်ရေတွင် (ARD Acid

Rock Drainage) ဖြစ်နိုင်ခြေရှိ မရှိသိရှိနိုင်ရန်နှင့် စက်ဆီချောဆီများယိုဖိတ်မှုကြောင့် မြေပေါ် ၊ မြေအောက်ရေများ သက်ရောက်မှု ပြောင်းလဲခြင်း ရှိ မရှိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရန် ရည်ရွယ်၍ လတ်တီတွဒ် (22° 42' 49.23"N)နှင့် လောင်ဂျီတွဒ် (96° 01' 38.02" E) နေရာတွင် ယခင်ဒေသခံများ တူးဖော်ခဲ့သော ကျင်းဟောင်း၏ မြေအောက်ရေအား ကောက်ယူစမ်းသပ်ခဲ့ပါသည်။ လုပ်ကွက်ဧရိယာသည် (Virgin Area) ဖြစ်၍ လုပ်ငန်းများဆောင်ရွက်နေခြင်း မရှိသေးပါ၍ လုပ်ငန်းသုံးစွန့်ပစ်ရေ ၊ ဝန်ထမ်းသုံးစွန့်ပစ်ရေများ မရှိသေးပါ ။ လုပ်ငန်းများဆောင်ရွက်နေချိန်တွင် စွန့်ပစ်ရေများကောက်ယူစမ်းသပ်သွားမည်ဖြစ်ပါသည်။

၅.၄.၁၅ အနုံအသက်နှင့် အခိုးအငွေ့

စက်ပစ္စည်းများ မောင်းနှင်မှုကြောင့် စက်ဆီနုံနှင့် မီးခိုးအငွေ့များ အနုံများ လုပ်ကွက်ဧရိယာအတွင်း အနည်းငယ်ဖြစ်ပေါ်နိုင်ပါသည်။

၅.၄.၁၆ မြေအရည်အသွေး

လုပ်ကွက်အတွင်း မြေဆီလွှာအရည်အသွေးအား သိရှိနိုင်ရန် သတ္တုတွင်းတူးဖော်မည့် ဧရိယာအနီး လတ်တီတွဒ် (22° 42' 42.19" N) နှင့် လောင်ဂျီတွဒ် (96° 01' 32.15" E)နေရာတွင် (Basic Line Data)အဖြစ် ကောက်ယူ စမ်းသပ်ခဲ့ပါသည်။

၅.၅ ဂေဟစနစ်

၅.၅.၁ တောတောင်အခြေအနေနှင့်မြေမျက်နှာသွင်ပြင်အနေအထား

စီမံကိန်းလုပ်ကွက်တည်ရှိရာ စဉ့်ကူးမြို့နယ်သည် မြောက်ဘက်တွင် တောင်ကုန်းတောင်တန်းများ ၊ သပိတ်ကျင်းမြို့နယ် အရှေ့ဘက်တွင် ရှမ်းကုန်းမြေမြင့်ဒေသဖြစ်သော နောင်ချိုမြို့နယ်၊ တောင်ဘက်တွင် မြေပြန့်လွင်ပြင်နှင့် ရေဝေရေလဲကောင်းမွန်သော မတ္တရာလွင်ပြင်ဒေသ၊ အနောက်ဘက်တွင် ရေစီးရေလာကောင်းမွန်သော ဧရာဝတီမြစ်တို့အကြားတွင် ကွင်းပြန့်များ၊ မြေပြင်မှ သီးခြားပေါ်ထွက်လျက်ရှိသော တောင်ကုန်းများ၊ ရှမ်းကုန်းမြေပြင်ဒေသ၏ တောင်ကြောဘက်တောင်တန်းများဖြင့် တည်ရှိနေသော ဒေသဖြစ်ပါသည်။

ထင်ရှားသော တောင်များမှာ မာလဲတောင်၊ ရေမျက်တောင်နှင့် နတ်တောင်တို့ဖြစ်ပါသည်။ စကျင်ကျောက်၊ ထုံးကျောက်တောင်များ အောက်ခံအဖြစ်တည်ရှိလျက် သဲကျောက်စရစ်၊ မြေနီ၊ မြေနက်များ အပေါ်ယံမြေလွှာအဖြစ် တည်ရှိလျက်

တစ်ချို့ မြေနိမ့်လွင်ပြင်များတွင် မြေဆီမြေဩဇာကောင်းမွန်ပြီး တောင်ကုန်းဒေသ တွင် ကြပ်တည်းမြေ၊ ကျောက်စရစ်မြေများ တည်ရှိပါသည်။

၅.၅.၂ ရာသီဥတုနှင့်မိုးလေဝသ

အပူပိုင်းခြောက်သွေ့သော ရာသီဥတုရှိပြီး ဧရာဝတီမြစ်နှင့် ရှမ်းကုန်းမြေမြင့် ကြားတွင် တည်ရှိခြင်းကြောင့် မိုးရာသီတွင် မိုးများသောဒေသဖြစ်ပါသည်။ တစ်နှစ် ပတ်လုံး မိုးရေချိန် (၃၃.၀၃) လက်မရှိပြီး မေလမှ အောက်တိုဘာလအတွင်း အမြင့်ဆုံးအပူချိန် ဇွန်လတွင် (၄၅) ဒီဂရီစင်တီဂရိတ်ရှိပြီး အနိမ့်ဆုံးအပူချိန် ဒီဇင်ဘာလတွင် (၁၀) ဒီဂရီစင်တီဂရိတ်ခန့်ရှိပါသည်။

၆.၀ ထိခိုက်နိုင်မှုများနှင့်လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်

ထိခိုက်နိုင်မှုများနှင့်လျော့ပါးစေရေးလုပ်ငန်းများကို အောက်ဖော်ပြပါပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်စစ်ဆေးရေးအဖွဲ့ဖြင့် ဆောင်ရွက်သွားပါမည်။

(က) ဦးခွန်ထွန်းကျော် စီမံကိန်းတာဝန်ခံ(ဒါရိုက်တာ)ပတ္တမြားနဂါးကုမ္ပဏီ

(ခ) ဦးဗိုလ်လေး ဒါရိုက်တာ ။

(ဂ) ဦးထွန်းထွန်းဝင်း ဘူမိပညာရှင် ။

(ဃ) ဦးခွန်သက်အောင် တိုင်းတာ/လူမှုဆက်ဆံရေး ။

(င) ဦးရဲသွေးနောင် လုပ်ကွက်တာဝန်ခံဒါရိုက်တာ ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီ

SGU (271) စီမံကိန်းလုပ်ကွက်သည် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် လျှောက်ထားခဲ့သော လုပ်ကွက်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုကြောင့် ထိခိုက်မှုဖြစ်ပွားနိုင်သည့် အခြေအနေများကို ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့ ဦးဆောင်သော စောင့်ကြပ်ကြည့်ရှုအဖွဲ့များနှင့် ထိခိုက်နိုင်မှုများကို လျော့ချ လုပ်ဆောင်ရန်အချက်များ ၊ ကာကွယ်ရန်နှင့် ပြုပြင်ဆောင်ရွက်ရန် ဖော်ပြပါအဖွဲ့များဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆.၁ လူမှုပတ်ဝန်းကျင်

စီမံကိန်းလုပ်ကွက်များကြောင့် လူမှုဝန်းကျင်တွင် နေရာပြောင်းရွှေ့ရခြင်း၊ စီမံကိန်း လုပ်ကွက်၏ စွန့်ပစ်မြေစာများကြောင့် ထိခိုက်မှုများ၊ စီမံကိန်းဇရိယာနှင့် မလွတ်ကင်းနိုင်ပါက ရှောင်ရှားပေးခြင်း၊ နေရာအစားထိုးစီစဉ်ပေးခြင်း၊ စနစ်တကျပြောင်းရွှေ့ပေးခြင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ထိခိုက်နိုင်မှုမရှိစေရန် စောင့်ကြပ်ကြည့်ရှုအဖွဲ့များဖြင့် စစ်ဆေးပြုပြင်ဆောင်ရွက်ပေးခြင်းဖြင့် လျော့ချဆောင်ရွက်သွားပါမည်။

၆.၂ လူမှုပတ်ဝန်းကျင်

စီမံကိန်းလုပ်ကွက်များကြောင့် လူမှုဝန်းကျင်တွင် နေရာပြောင်းရွှေ့ရခြင်း၊ စီမံကိန်း လုပ်ကွက်၏ စွန့်ပစ်မြေစာများကြောင့် ထိခိုက်မှုများ၊ စီမံကိန်းဇရိယာနှင့် မလွတ်ကင်း နိုင်ပါက ရှောင်ရှားပေးခြင်း၊ နေရာအစားထိုးစီစဉ်ပေးခြင်း၊ စနစ်တကျ ပြောင်းရွှေ့ပေးခြင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ထိခိုက်နိုင်မှုမရှိစေရန် စောင့်ကြပ်ကြည့်ရှုအဖွဲ့များဖြင့် စစ်ဆေးပြုပြင်ဆောင်ရွက်ပေးခြင်းဖြင့် လျော့ချဆောင်ရွက်သွားပါမည်။

၆.၃ ထွက်ရှိမည့်အရင်းအမြစ်နှင့် ထိခိုက်နိုင်မှုအခြေအနေ

စီမံကိန်းလုပ်ကွက်အတွင်း မြေအောက်စိုက်ကျင်းများတူးဖော်ခြင်း၊ သတ္တုရိုင်းများနှင့် စွန့်ပစ်ကျောက်များ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများမှ အမှုန်အမွှားများ ၊ ဖုန်မှုန့်များ ထွက်ရှိ၍ စီမံကိန်းလုပ်ကွက်အတွင်းနှင့် ပတ်ဝန်းကျင်ရှိလူမှုဝန်းကျင်အား ထိခိုက်နိုင် စေပါသည်။ လေထုညစ်ညမ်းမှုမှ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပေါ်စေနိုင် ပါသည်။ ယမ်းသုံးစွဲမှုကြောင့် ဖြစ်ပေါ်သည့် တုန်ခါမှုများနှင့် ဆူညံသံများကြောင့် ပတ်ဝန်း ကျင် ထိခိုက်နိုင်မှုရှိပါသည်။ သတ္တုတွင်းစိမ့်ထွက်ရေများ ညစ်ညမ်းစေခြင်းဖြင့် မြေပေါ်မြေ အောက်ရေများအား ညစ်ညမ်းစေ၍ ထိခိုက်မှုဖြစ်စေနိုင်ပါသည်။

၆.၄ လျော့ချမည့်နည်းလမ်း

သတ္တုရိုင်းနှင့်စွန့်ပစ်ဂဲစာများသည် သယ်ယူပို့ဆောင်ရာတွင် ဖုန်မှုန့်ထွက်ရှိမှု အနည်း ဆုံးဖြစ်စေရေးအတွက် သတ္တုရိုင်းစုပုံကွင်းအား လေးပင်အင်းအနီးတွင် ထားရှိပါမည်။ သယ်ယူရာလမ်းတလျှောက် ဖုန်မှုန့်များလွင့်ထွက်မှုမရှိစေရန် အချိန်နှင့်တပြေးညီ ရေဖျန်း ခြင်း နှင့်အမှုန်အမွှားများထွက်ရှိမှုအခြေအနေအား တိုင်းတာစစ်ဆေး ပြုပြင်မည်ဖြစ်ပါသည်။

ယမ်းခွဲရာမှဖြစ်ပေါ်စေသော တုန်ခါမှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်ကြိုးကြပ် ဆောင်ရွက်ပါမည်။

သတ္တုတွင်းစိမ့်ထွက်ရေများအား ဝန်ထမ်းချိုးရေ၊ စိုက်ပျိုးရေနှင့် လမ်းဖြန်းရေများတွင် ပြန်လည်အသုံးပြုမည်ဖြစ်ပါသည်။

၆.၅ ထိခိုက်နိုင်မှုများနှင့်လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်အားဆန်းစစ်ခြင်း

ကုမ္ပဏီသည် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာ၌ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ရန် စီမံကိန်းဒါရိုက်တာဦးဆောင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့များဖွဲ့စည်း၍ အကြိုတည်ဆောက်ခြင်းကာလတွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ထိခိုက်နိုင်မှုများ၊ တည်ဆောက်ခြင်းကာလတွင် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ထိခိုက် နိုင်မှုများ၊ လုပ်ငန်းလည်ပတ်စဉ် ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများနှင့် ထိခိုက်နိုင်မှု များကို လျော့ချ၊ ကုစား၊ ပြုပြင် ဆောင်ရွက်သွားနိုင်ရန် စီစစ်လေ့လာ၍ ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်ဇယားအား စီမံကိန်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက် သွားမည့်အခြေအနေများဖြင့် ဆန်းစစ်ရေးဆွဲထားခြင်းဖြစ်ပါသည်။

၆.၆ မြေမျက်နှာပြင် / မြေဆီလွှာ

တည်ဆောက်ခြင်းကာလတွင် မြေနေရာရှင်းလင်းရခြင်းများကြောင့်လည်းကောင်း၊ လုပ်ငန်းလည်ပတ်ခြင်းကာလတွင် တူးဖော်မှုလုပ်ငန်းများဆောင်ရွက်ရ၍ မြေမျက်နှာပြင်နှင့် မြေဆီလွှာထိခိုက်နိုင်ရာ မြေနေရာရှင်းလင်းရမှုအား အနည်းဆုံးအတိုင်းအတာဖြင့် ဆောင်ရွက် သွားမည်ဖြစ်ပြီး ထွက်ရှိလာသောမြေစာ၊ ဂဲစာများ စွန့်ပစ်စုကွင်းတွင် စုဆောင်း သိမ်းဆည်း၍ စီမံကိန်းပိတ်သိမ်းသည့်အခါတွင် ကျင်းဟောင်းများ၊ ချိုင့်ဝှမ်းများ ပြန်လည် မြေဖို့ပြုပြင်ပြီး မြေဆီလွှာပြုပြင်၍ သစ်ပင်များ ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

(က) ထွက်ရှိမည့်အရင်းအမြစ်။ မြေထုညစ်ညမ်းစေနိုင်သည့် အချက်များမှာ မြေယာအသုံးပြုခြင်းနှင့် မြေထုညစ်ညမ်းစေနိုင်သည့် စွန့်ပစ်ကျောက်၊ မြေအောက် စိမ့်ထွက်ရေထွက်ရှိတို့မှ ဖြစ်ပါသည်။

(ခ) လျော့ချမည့်နည်းလမ်း။ မြေယာအသုံးချမှု အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါမည်။ ကျန်နေရာများတွင် ပေါက်ရောက်နေသော သဘာဝ သစ်တောများထိန်းသိမ်းခြင်းဖြင့် မြေထုညစ်ညမ်းမှု လျော့နည်းအောင် ဆောင်ရွက်ပါမည်။ အစားထိုးသစ်ပင်များလည်း စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

မြေယာအသုံးချမှုနည်းစေရေးနှင့် စွန့်ပစ်မြေစာထွက်ရှိမှု နည်းပါးစေရေးအတွက် ရွှေသတ္တုရိုင်းများတူးဖော်ရာတွင် မြေအောက်တူးဖော်မှု နည်းစနစ်ကို အသုံးပြု ဆောင်ရွက်မည်ဖြစ်ပါသည်။ လုပ်ငန်းဆိုင်ရာအတွက် သုံးစွဲမည့် မြေနေရာအကျယ်အဝန်းအား (၄.၅)ဧကခန့်သာသုံးစွဲပါမည်။

သတ္တုတူးဖော်ခြင်းအဆင့်မှ ထွက်ရှိသော စွန့်ပစ်ကျောက်များအား ပြိုကျတိုက်စားခြင်း မရှိစေရေးအတွက် စွန့်ပစ်စုဆောင်းရန်နေရာ ရွေးချယ် သတ်မှတ်၍ စနစ်တကျစုပုံထားရှိပါမည်။ စွန့်ပစ်ကျောက်ပုံများပေါ်တွင် မိုးကာလရွာသွန်းသော မိုးရေများကြောင့် အနည်များတိုက်စား၍ ဘေးပတ်ဝန်းကျင်သို့ မျောပါသွားပြီး မြေထုညစ်ညမ်းမှုမရှိစေရေးအတွက် စွန့်ပစ်မြေစာပုံ ပတ်လည်တွင် (၂ပေX၂ပေX၂ပေ) ရေနူတ်မြောင်းများ တူးဖော်၍ နုန်းစစ်ကန်သို့ သွယ်တန်းထားပါမည်။

မြေအောက်စိမ့်ထွက်ရေနှင့် အထွေထွေသုံးစွန့်ပစ်ရေများအား ပြင်ပသို့ စေလွှတ်ခြင်းမပြုဘဲ နုန်းစစ်ကန်မှတစ်ဆင့် စိုက်ခင်းများ၊ ပျိုးခင်းများ ရေလောင်းရာတွင် အသုံးပြုပါမည်။ လုပ်ကွက်အတွင်း အမှုန်အမွှားများ ပျံလွှင့်မှုနည်းပါးစေရေးအတွက် လမ်းများရေဖျန်းရာတွင် အသုံးပြုပါမည်။

၆.၇ ဆူညံသံနှင့်တုန်ခါမှု

စီမံကိန်းလုပ်ငန်းမှ စက်ကရိယာများ၊ ယာဉ်များမောင်းနှင်မှုနှင့် ယမ်းဖောက်ခွဲမှုများကြောင့် စီမံကိန်းဧရိယာနှင့် ဝန်းကျင်ဧရိယာများတွင် ထိခိုက်နိုင်မှုများရှိနိုင်၍ ဆူညံသံနှင့် တုန်ခါမှုတိုင်းတာစစ်ဆေးပြီး အသံထိန်းပါဝင်သော စက်များအသုံးပြုခြင်း၊ ယမ်းဖောက်ခွဲမှုအား နေ့အချိန်၌သာ လိုအပ်သောအနည်းဆုံးအရေအတွက်ဖြင့် ဆောင်ရွက်ခြင်း၊ ယမ်းဖောက်ခွဲမှုအားများ လျော့ချခြင်းလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

ရွှေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဆူညံသံနှင့်တုန်ခါမှု ထွက်ရှိမည့် အရင်းအမြစ်နှင့် လျော့ချမည့်နည်းလမ်းများမှာ –

(က) ထွက်ရှိမည့်အရင်းအမြစ် ။ ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီ လီမိတက်၏ SGU (271) လုပ်ကွက်တွင် ရွှေသတ္တုရိုင်းတူးဖော်မှုလုပ်ငန်း အဆင့်တွင် ဆူညံသံဖြစ်ပေါ်နိုင်သည့် အရင်းအမြစ်မှာ ရေစုပ်စက်(Slurry Pumps)၊ လေပေးစက် (Air Compressor)၊ မီးစက်တို့အသုံးပြုခြင်းနှင့် ယမ်းခွဲခြင်း လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဆူညံသံများဖြစ်ပေါ် စေနိုင်ပါသည်။

ရွှေသတ္တုရိုင်းများတူးဖော်ရာ၌ မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုတူးဖော်မည်ဖြစ်ပါသည်။ယမ်းခွဲရာ၌လည်းအနက်(၁၅၀)ပေနှင့်အထက်ရှိ မြေအောက်လိုဏ်ခေါင်းများအတွင်း ယမ်းခွဲခြင်း၊ အဓိကလူအင်အားသုံးစွဲ၍ တူးဖော်မှုလုပ်ငန်းများသာ ဆောင်ရွက်မည်ဖြစ်ခြင်း၊ အနီးဆုံးကျေးရွာဖြစ်သော ကျည်တောက်ပေါက်ကျေးရွာနှင့်(၁)မိုင်ခန့် ကွာဝေးခြင်း၊ လုပ်ကွက်အတွင်း သဘာဝသစ်တောများ ပေါက်ရောက်နေခြင်းနှင့် အစားထိုးအပင်များ စိုက်ပျိုးထားခြင်းတို့ကြောင့် ဆူညံသံနှင့်တုန်ခါမှုဖြစ်ပေါ်မှုမှာအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ဆူညံသံနှင့်တုန်ခါမှု သတ်မှတ်ချက်အတွင်းရှိပြီး ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်မှုမရှိနိုင်ကြောင်း တွေ့ရှိပါသည်။ လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဆူညံသံနှင့်တုန်ခါမှု လျော့နည်းစေရန် အောက်ပါအတိုင်း စီမံဆောင်ရွက်ပါမည်။

(ခ) လျော့ချမည့်နည်းလမ်း။ သတ္တုတူးဖော်ရာတွင် မြေအောက်စနစ်ကို အသုံးပြုဆောင်ရွက်မည်ဖြစ်ပြီး ယမ်းခွဲရာတွင် မြေအောက်လိုဏ်ခေါင်းများအတွင်း ယမ်းခွဲမည်ဖြစ်ပါသည်။ယမ်းခွဲရာတွင်ဖြစ်ပေါ်သည့်ဆူညံသံနှင့် တုန်ခါမှုများကြောင့် လုပ်ကွက်

အတွင်းနှင့်ဆက်စပ်ဒေသများတွင် သတ်မှတ်စံချိန်စံညွှန်းများထက် ကျော်လွန်မှု မရှိစေရန် အောက်ပါအတိုင်းစီမံဆောင်ရွက်ပါမည်။

ဆူညံသံဖြစ်ပေါ်မှုအား (၆)လတစ်ကြိမ်တိုင်းတာစစ်ဆေးပါမည်။ ဆူညံသံဖြစ်ပေါ်မှုအား ဝန်ထမ်းလိုင်းခန်းများအနီးတွင် (55–45)dbနှင့် လုပ်ငန်းခွင်အတွင်း ဆူညံသံအား(70)db ဖြစ်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသတွင် တုန်ခါမှုမဖြစ်ပေါ်စေရေးအတွက် ယမ်းခွဲရာတွင်မြေအောက်လိုဏ်ခေါင်းများ အတွင်းသာ ယမ်းခွဲမည်ဖြစ်ပါသည်။ တုန်ခါမှုအား (0.02)ft/sec2 အတွင်းရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ပါမည်။

စက်ယန္တရားများ ဝယ်ယူသုံးစွဲရာတွင် စစ်ဆေး၍ ဆူညံသံသက်သာသော စက်များအား ရွေးချယ်ဝယ်ယူအသုံးပြုမည်ဖြစ်ပါသည်။

တူးဖော်နေသည့် သတ္တုသိုက်အမျိုးအစားအလိုက် ယမ်းခွဲရန်မလိုအပ်ပါက ယမ်းခွဲခြင်း မပြုဘဲ ယမ်းခွဲခြင်းလုပ်ငန်းအား အကြိမ်ရေအနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်ပါမည်။

ယမ်းခွဲရာတွင် အချိန်သတ်မှတ်ထားခြင်း၊ ယမ်းသုံးစွဲမှုပမာဏ ကန့်သတ်သုံးစွဲခြင်း၊ short–delay detonators များသုံးစွဲ၍ တုန်ခါမှုနှင့်ဆူညံသံအား လျော့ကျစေရန် ဆောင်ရွက်ထားပါမည်။ ယမ်းပေါက်များဖောက်ရာတွင် ဆူညံသံနှင့်တုန်ခါမှု လျော့ကျစေရေးအတွက် သင့်လျော်သည့် ပုံစံချ မှတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

ပေါက်ကွဲအင်ဂျင်များနှင့် စက်ပစ္စည်းများတွင် အသံထိန်းကိရိယာများ တပ်ဆင်ထားပါမည်။ ညအချိန်စက်ပစ္စည်းများသုံးစွဲမှု အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါမည်။

လုပ်ကွက်နှင့် ဆက်စပ်ပတ်ဝန်းကျင်အကြား ဆူညံသံနှင့်တုန်ခါမှု တားဆီးရန်အတွက် သဘာဝပေါက်ပင်များအား ထိန်းသိမ်းခြင်းနှင့်အစားထိုးစိုက်ပျိုးခင်းများ စိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါမည်။

၆.၈ မြေပေါ်ရေ မြေအောက်ရေ

သတ္တုတူးဖော်ခြင်းလုပ်ငန်းမှ စွန့်ပစ်ရေများ၊ ဗြုံးမြေစာရေများ၊ စက်သုံးဆီယိုဖိတ်မှုများမှ တစ်ဆင့် မြေပေါ်ရေအတွင်း ရောက်ရှိနိုင်၍ ရေအရည်အသွေးကျဆင်းနိုင်ပါသည်။ သတ္တုတူးဖော်ခြင်းမှ စွန့်ပစ်ရေများအား အနည်ထိုင်ကန်များဖြင့်စုဆောင်း၍လည်းကောင်း စက်သုံးဆီယိုဖိတ်မှုများကို စနစ်တကျသိမ်းဆည်း၍ စောင့်ကြပ်ကြည့်ရှုအဖွဲ့များဖြင့် ထိန်းသိမ်း

ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဗြုံးမြေစာ ရေများချောင်းများ မြောင်းများ အတွင်းစီးဝင်မှု မရှိစေရန် စုဆောင်းကန်၊ အနည်ထိုင်ကန်များဖြင့် ဆောင်ရွက်ခြင်း၊ ရေနူတ်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်းများဖြင့် ဆောင်ရွက်သွားပါမည်။

(က) ထွက်ရှိမည့်အရင်းအမြစ် ။ လုပ်ကွက်အတွင်းနှင့်ဆက်စပ်ဒေသရှိ မြေပေါ်ရေနှင့် မြေအောက်ရေများအား ညစ်ညမ်းစေနိုင်သည့် ထွက်ရှိသည့်အရင်းအမြစ်များမှာ စိုက်ကျင်းများမှ ထွက်ရှိသော မြေအောက်စိမ့်ထွက်ရေများဖြစ်ပါသည်။ မြေအောက်ရေ ထွက်ရှိမှုမှာ တစ်ရက်လျှင် ဂါလံ (၁၀၀၀) ခန့်ရှိနိုင်ပါသည်။ သတ္တုသိုက်မှာ သလင်းကြော (Quartz Vein) များ အတွင်း တိုးဝင်ဖြစ်ထွန်းနေပြီး အိမ်ခံကျောက်မှာ မီးသင့်ကျောက် (Andesite Diorite Shift)များ ဖြစ်ခြင်းကြောင့် မြေအောက်စိမ့်ထွက်ရေများမှ ဆက်စပ်ဒေသရှိ မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းမှု နည်းပါးစေမည်ဖြစ်ပါသည်။ ဓာတ်ခွဲစမ်းသပ်မှုအရ လုပ်ကွက်အနီးလျှိုမှ စိမ့်ထွက်ရေ အရည်အသွေးမှာ ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီမှု ရှိပါသည်။

(ခ) လျော့ချမည့်နည်းလမ်း။ မြေအောက်စိမ့်ထွက်ရေများအား အပတ်စဉ်ချဉ်ဖန်ဓာတ် (PH) တိုင်းတာစစ်ဆေးခြင်း(၆)လတစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့်အညီ စွန့်ထုတ်ရည်အရည်အသွေးပါ **(**Parameters) များ ဓာတ်ခွဲ စစ်ဆေးပါမည်။

မြေအောက်စိမ့်ထွက်ရေများအား ပြင်ပသို့ စေလွှတ်ခြင်းမပြုဘဲ ရေစစ်ကန်မှ တစ်ဆင့် ဝန်ထမ်းသုံးရေ ၊ ချိုးရေစိုက်ပျိုးရေ၊ လမ်းဖျန်းရေများအဖြစ် အသုံးပြုမည်ဖြစ်ပါသည်။ ရေစစ်ကန် တည်ဆောက်ရာတွင် မြေအောက်ယိုစိမ့်မှုမရှိစေရန်အတွက် အောက်ခံမြေသားများအား စနစ်တကျဖိသိပ်ခြင်း၊ ရေလျှံခြင်းမရှိစေရန်အတွက် ဘေးဘောင်များလိုအပ်သည့် အမြင့်အနေအထားရရှိစေရန် ဆောင်ရွက်ထားမည်ဖြစ်ပါသည်။

မိုးတွင်းကာလ လုပ်ကွက်နယ်မြေအတွင်း ဖြတ်သန်းစီးဆင်းသောရေများအား မြောင်းများတူးဖော်၍ ရေစစ်ကန်နှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ပါသည်။ သုံးစွဲမည့် ရေအရင်းအမြစ်နှင့် စွန့်ပစ်ရေအရည်အသွေးများအား ဓာတ်ခွဲစမ်းသပ်၍ မှတ်တမ်းများ ထားရှိ ဆောင်ရွက်ပါမည်။

၆.၉ လေထုအရည်အသွေး

စီမံကိန်း၏ လုပ်ငန်းသုံးယာဉ်များသွားလာမှုကြောင့်လည်းကောင်း၊ ယမ်းဖောက်ခွဲခြင်းကြောင့်လည်းကောင်း၊ ဖုန်မှုန့်များ၊ အမှုန်အမွှားများ၊ အခိုးအငွေ့များထွက်ရှိ၍ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်ပါသည်။ သတ္တုတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်မှုမှ လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသတွင် လေထုညစ်ညမ်းမှုဖြစ်စေနိုင်သော အချက်များနှင့် လျော့နည်းစေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) ထွက်ရှိမည့်အရင်းအမြစ်။ သတ္တုတူးဖော်မှုလုပ်ငန်းအဆင့်တွင် ယမ်းခွဲခြင်း၊ သတ္တုရိုင်းများ၊ စွန့်ပစ်မြေစာများသယ်ယူခြင်း၊ စုပုံခြင်းစသည့်လုပ်ငန်းအဆင့်ဆင့်မှ ဓာတ်ငွေ့များနှင့် အမှုန်အမွှားများထွက်ရှိခြင်းတို့ကြောင့် လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသ၏ လေထုအားညစ်ညမ်းစေနိုင်ပါသည်။

(ခ) လျော့ချမည့်နည်းလမ်း။ တူးဖော်မှုလုပ်ငန်းအဆင့်တွင် ရွှေသတ္တုရိုင်းများတူးဖော်ရာ၌ မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုတူးဖော်ခြင်း၊ ယမ်းခွဲရာ၌ လည်း အနက် ၁၅၀ ပေ နှင့် အထက်ရှိ မြေအောက်လှိုဏ်ခေါင်းများအတွင်း ယမ်းခွဲခြင်း၊ အဓိကလူအင်အားသုံးစွဲ၍ တူးဖော်မှုလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုလျော့နည်းစေနိုင်ပြီး လေထုညစ်ညမ်းမှုမရှိစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တူးဖော်နေသည့် မြေသားအမျိုးအစားအလိုက် ယမ်းခွဲမှုအကြိမ်ရေအနည်းဆုံးဖြစ်စေရေးအတွက်ဆောင်ရွက်ပါမည်။ယမ်းခွဲရာတွင် ယမ်းသုံးစွဲမှုပမာဏအား ကန့်သတ်သုံးစွဲပါမည်။ Ditonating Relay များသုံးစွဲ၍ ဆူညံမှုနှင့်တုန်ခါမှု အနည်းဆုံး ဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားပါမည်။

သတ္တုရိုင်းများသယ်ပို့ရာတွင် လမ်းများတစ်လျှောက် အမှုန်အမွှားများ၊ ဖုန်မှုန့်များထွက်ရှိမှုလျော့ပါးစေရေးအတွက် လမ်းများအား ကျောက်ခင်းလမ်းများပြု လုပ်ထားပါမည်။

လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများအား နှာခေါင်းစည်းများဝတ်ဆင်ရန် ထုတ်ပေးထားပြီး ကြပ်မတ်ဆောင်ရွက်ပါမည်။

ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာခြင်းလုပ်ငန်းနှင့် လေထုအရည်အသွေးတိုင်းတာခြင်းလုပ်ငန်းများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်ပါအတိုင်း ဆောင်ရွက်ပါမည်။

မြေသားလုပ်ငန်းများဆောင်ရွက်ရာတွင် လေတိုက်နှုန်း၊ လေတိုက်သည့်လားရာများအား တွက်ချက်၍ ဆက်စပ်ဒေသရှိကျေးရွာများနှင့် ဝန်ထမ်းအိမ်ယာများတွင် အမှုန်အမွှားများနှင့် လေထုညစ်ညမ်းမှုသက်သာစေရေးအတွက် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများသုံးစွဲမှုတွင် အနည်းဆုံးအရေအတွက်ဖြင့် အသုံးပြုဆောင်ရွက်ခြင်းနှင့် ဓာတ်ငွေ့များထွက်ရှိမှုအနည်းဆုံးဖြစ်စေရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ပါမည်။

သတ္တုရိုင်းများ သယ်ယူပို့ဆောင်သည့်လမ်းများတွင် ဖုန်မှုန့်ပျံ့လွင့်မှုမရှိစေရေးအတွက် ရေဂါလံ ၁၆၀၀ ဆန့် ရေကားများဖြင့် ရေဖြန်းခြင်းလုပ်ငန်းအား တစ်ရက်လျှင် ၂ ကြိမ် ဆောင်ရွက်မည်ဖြစ်ပါသည်။

လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်းနှင့် ဖုန်မှုန့်ပျံ့လွင့်မှုများအား စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်ပါအတိုင်း ဆောင်ရွက်ပါမည်။

၆.၁၀ တောတောင်/သစ်ပင်

မြေနေရာရှင်းလင်းရခြင်း၊ သတ္တုတူးဖော်ခြင်းများကြောင့် တောတောင်နှင့် သစ်ပင်များထိခိုက်နိုင်ရာ မြေနေရာရှင်းလင်းခြင်းအား လိုအပ်သော အနည်းဆုံးအတိုင်းအတာတစ်ခုသာ ဆောင်ရွက်ခြင်း၊ သစ်တောသစ်ပင်ထိခိုက်မှုနည်းပါးရာ မြေအောက်တူးဖော်ရေးစနစ်ဖြင့်သာ ဆောင်ရွက်ခြင်း၊ အစားထိုးသစ်ပင်များ ပြန်လည် စိုက်ပျိုးခြင်းများဖြင့် လျော့ချဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆.၁၁ ဂေဟစနစ်

စီမံကိန်းဧရိယာနှင့်အနီးပတ်ဝန်းကျင်များတွင် သဘာဝပေါက်ပင်များ ပျက်စီးမှုမရှိစေရန်နှင့် မသမာသူများဖျက်စီးခြင်းမပြုစေရန် တာဝန်ယူထိန်းသိမ်းခြင်း၊ လုပ်ငန်း ဧရိယာနှင့်လွတ်ကင်းသော ချိုင့်ဝှမ်းများမြေဖို့ မြေဆီလွှာပြုပြင်၍ သစ်ပင်များ စိုက်ပျိုးခြင်းတို့ဖြင့်ဆောင်ရွက်သွားပါမည်။

တောရိုင်းတိရစ္ဆာန်များသည် စီမံကိန်းလုပ်ငန်းမှ ဆူညံသံများ၊ လူနေမှုထူထပ် သောအခြေအနေများကြောင့် နေထိုင်ကျက်စားရာနေရာများ ပြောင်းရွှေ့ခြင်း၊ ပျောက်ကွယ်ခြင်းထိခိုက်မှုများဖြစ်ပေါ်နိုင်ရာ စားကျက်မြေများဖန်တီးပေးခြင်း အန္တရာယ်မပြုရန် ပညာပေး

အစီအစဉ်များဆောင်ရွက်ခြင်း၊ ဆူညံသံများလျော့ချခြင်းလုပ်ငန်းများ ဆောင်ရွက်၍ လျော့ချသွားမည်ဖြစ်ပါသည်။

လုပ်ကွက်အတွင်း လုပ်ငန်းများဆောင်ရွက်မှုကြောင့် ဂေဟစနစ်ဖြစ်ထွန်းမှု အတွက် ထိခိုက်စေနိုင်သည့် အရင်းအမြစ်များနှင့် လျော့နည်းစေမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တောတောင်အခြေအနေနှင့်ထိခိုက်မှု။ စီမံကိန်းလုပ်ကွက်ဧရိယာသည် တောနိမ့်တောပျက်နှင့် အများစုမှာ ရွက်ပြတ်ရောနှောတောဖြစ်ပြီး ကညင်၊ နဘဲ၊ သဖန်း၊ သစ်ပုဂံ၊ ဇီး၊ ဒီဒူးနှင့်မျှင်ဝါးများ ပေါက်ရောက်ပါသည်။ လုပ်ကွက်အတွင်း အဖိုးတန်သစ်မျိုးများနှင့် သစ်ပင်ကြီးများ ပေါက်ရောက်မှုမရှိပါ။ သစ်ပင် ပေါက်ရောက်မှုအခြေအနေမှာ ရင်စို့လုံးပတ် (၁) ပေအောက် မျိုးဆက်ပင်ငယ်များ အသစ်ပေါက်ရောက်နေခြင်းဖြစ်ပါသည်။ စီမံကိန်းလုပ်ကွက်တွင် မြေယာအသုံးပြုမှု အနည်းဆုံးဖြစ်စေရေးအတွက် မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြု၍ တူးဖော်မည်ဖြစ်ပါသည်။

(ခ) လျော့ချမည့်နည်းလမ်း။ မြေအောက်တူးဖော်မှုစနစ်ကိုသာ အသုံးပြု၍ သစ်တော၊ သစ်ပင်များထိခိုက်မှုနည်းပါးစေရန် ဆောင်ရွက်ပါမည်။ အဆောက်အဦးများဆောက် လုပ်ခြင်း၊ သတ္တုတွင်းတူးဖော်ခြင်းများအတွက် မြေယာအသုံးချမှု အနည်းဆုံးဖြစ်စေရေး အတွက် စီမံဆောင်ရွက်ပါမည်။ လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမည်။ မြေယာအသုံးချမှုအတွက် ထိခိုက်မှုရှိသော သစ်ပင်များအား အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများဖြင့် ဆောင်ရွက်ပါမည်။

(ဂ) ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှုအခြေအနေနှင့်ထိခိုက်မှု။ လုပ်ကွက်ဧရိယာတွင် အမျိုးသားအဆင့် တိုင်းနှင့်ပြည်နယ်အဆင့် သတ်မှတ်ကာကွယ်ထားသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနယ်မြေများ၊ သိပ္ပံပညာရပ်ဆိုင်ရာ ထိန်းသိမ်းထားသော နယ်မြေ ဘူမိရူပဆိုင်ရာ ထိန်းသိမ်းထားသော အထင်ကရနယ်မြေများ ပါဝင်မှုမရှိပါ။ ရှားပါးသော တိရစ္ဆာန်များ မျိုးတုန်းပျောက်ကွယ်လုနီးပါးဖြစ်နေသော ရှားပါးမျိုးစိတ်များ မရှိပါ။ တောတိရစ္ဆာန်များအနေဖြင့် ကျီ၊ ဆတ်၊ ဗျိုင်း၊ ချိုးငှက်၊ စာကလေး၊ ပျံလွှားနှင့်ဇီးကွက် ငှက်များသာ တွေ့ရှိရပါသည်။ စီမံကိန်း၏ စက်ကိရိယာများမောင်းနှင်မှု၊ လူအများနေထိုင်မှုများကြောင့် ဇီဝမျိုးစုံ မျိုးကွဲများအပေါ်၌ ထိခိုက်မှုရှိပါသည်။

(ဃ) လျော့ချမည့်နည်းလမ်း။ လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များ ထိန်းသိမ်းခြင်း၊ အစားထိုးသစ်ပင်စိုက်ပျိုးခြင်း တိရစ္ဆာန်များအတွက် စားကျက်မြေများ ဖန်တီးပေးခြင်း၊ အန္တရာယ်ပြုခြင်းအား အသိပညာပေးထိန်းသိမ်းခြင်း၊ အမှုန်အမွှားနှင့် လေထုညစ်ညမ်းမှုများမရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆူညံသံဖြစ်ပေါ်မှုနည်းပါးစေရန်၊ စက်ကိရိယာများအားလိုအပ်သည့် အနည်းဆုံးအတိုင်းအတာထိသာ ဆောင်ရွက်ခြင်း၊ အရည်အသွေးကောင်းမွန်သော စက်ပစ္စည်းများအား ရွေးချယ်အသုံးပြုခြင်း၊ အသံထိန်းကရိယာများ တပ်ဆင်အသုံးပြုခြင်းတို့ဖြင့် ထိခိုက်နိုင်မှုများကို လျော့ချ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆.၁၂ ထိခိုက်နိုင်မှုများ လျော့ပါးစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ခန့်မှန်းလျာထားရန်ပုံငွေ

ကုမ္ပဏီအနေဖြင့် ထိခိုက်နိုင်မှုများလျော့ပါးစေရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ခန့်မှန်းလျာထားရန်ပုံငွေကျပ် သိန်း(၅၀)အား ရန်ပုံငွေ တစ်ရပ်အနေဖြင့် ထားရှိ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်သွားပါမည်။

၇.၀။ ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်

၇.၁ မြေအောက်တူးဖော်ရေးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်

လုပ်ကွက်အတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် လုပ်ငန်းအဆင့် များမှာ မြေအောက်သတ္တုတွင်းတူးဖော်ခြင်း၊ ယမ်းဖောက်ခွဲခြင်း အဆင့်များတွင် ဖြစ်ပေါ်စေနိုင် ပါသည်။ မြေအောက်သတ္တုတွင်းတူးဖော်မှုတွင် မြေအောက်လေပြတ်တောက်ခြင်း ၊ ယမ်းပေါက် ကွဲမှုများဖြစ်ပေါ်ခြင်း ၊ ကျင်းနံရံများ ပြိုကျမှုများကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်ပါသည်။ အခြားဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များမှာ မိုးသည်းထန်စွာရွာသွန်း၍ သတ္တုတွင်းအတွင်း မိုးရေများ စီးဝင်နိုင်ခြင်း၊ ငလျင်ဘေးအန္တရာယ်ကြောင့် ကျင်းများပြိုကျခြင်း၊ တောမီးလောင်၍ မီးဘေးအန္တရာယ်များ ဖြစ်ပေါ်စေခြင်းတို့ဖြစ်ပါသည်။

၇.၂ လျော့ချမည့်နည်းလမ်း

လုပ်ငန်းနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းခွင်အတွင်း လိုက်နာရမည့်စည်းကမ်းများ ဆောင်ရန် / ရှောင်ရန်အချက်များအား သတ္တုတွင်းတွင် အသိပေး စာတမ်းများစိုက်ထူ၍ အသိပေးခြင်း၊ ဝန်ထမ်းများဝတ်စုံပြည့်ဖြင့် ဆောင်ရွက်စေခြင်း၊ ကြီးကြပ်ရေးမှူးမှ သတ္တုတွင်းဆင်းမည့် ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးစေခြင်းနှင့် ဆောင်ရန် /ရှောင်ရန်များ မှာကြားခြင်း၊ အတွေ့အကြုံရှိသော ကြီးကြပ်ရေးမှူးများဖြင့် ဦးဆောင်ကြီးကြပ်ဆောင်ရွက်ခြင်း၊ မြေအောက်လေပြတ်တောက်မှုမရှိစေရန် အရံလေးပေး စက်များထားရှိခြင်း၊ ကျင်းနံရံများပြိုကျပျက်စီးမှုမရှိစေရန် သံဘောင်သံပန်းများဖြင့် အခိုင်အမာတည်ဆောက်ခြင်း၊ အမိုးအကာများခိုင်မာမှုရှိစေရန် စစ်ဆေးဆောင်ရွက်ခြင်း၊ အရေးပေါ်ဆက်သွယ်မှုစနစ်များထားရှိဆောင်ရွက်ခြင်း၊ သတ္တုတွင်းအတွင်း အရေးပေါ် သုံးစွဲနိုင်ရန် အစာခြောက်များ၊ ဆေးဝါးများစီစဉ်ထားပေးခြင်း၊ ယမ်းပေါက်ကွဲမှု အန္တရာယ် မရှိစေရန် ယမ်းဖောက်ခွဲကျွမ်းကျင်ပညာရှင်များဖြင့် ယမ်းဖောက်ခွဲမှုအစီအစဉ်အား ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ခြင်းများဖြင့် မြေအောက်တူးဖော်မှုအတွက် ဘေးအန္တရာယ်ကင်းရှင်း စေရန် စီမံဆောင်ရွက်သွားပါမည်။ ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း၍ တာဝန်ခံ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။


၇.၃ လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့များဖွဲ့စည်းခြင်း

လုပ်ကွက်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်နှင့် သဘာဝ ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေး အဖွဲ့များဖွဲ့စည်းဆောင်ရွက်ပါမည်။

စဉ်	အမည်	ရာထူး	တာဝန်
၁.	ဦးနေဝင်းထွန်း	စီမံကိန်းအကြံပေးဒါရိုက်တာ	တာဝန်ခံ (နာယက)
၂.	ဦးခွန်ထွန်းကျော်	စီမံကိန်းဒါရိုက်တာ	ဥက္ကဋ္ဌ
၃.	ဦးဗိုလ်လေး	ဒါရိုက်တာလုပ်ကွက်တာဝန်ခံ	အဖွဲ့ဝင်
၄.	ဦးရဲသွေးနောင်	ဒါရိုက်တာ ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီ	အဖွဲ့ဝင်
၅.	ဦးခွန်သက်အောင်	တိုင်းတာ/လူမှုဆက်ဆံရေး	အဖွဲ့ဝင်
၆.	ဦးထွန်းထွန်းဝင်း	ဘူမိပညာရှင်	အဖွဲ့ဝင်
၇.	ကျန်းမာရေးမှူးတစ်ဦး ခေါ်ယူခန့်ထားသွားမည်ဖြစ်ပါသည်။		

၇.၄ လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့


OrganizationChart



၇.၅ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့

စဉ်	အမည်	ရာထူး	တာဝန်
၁.	ဦးခွန်ထွန်းကျော်	စီမံကိန်းတာဝန်ခံဒါရိုက်တာ	အဖွဲ့ခေါင်းဆောင်
၂.	ဦးရဲသွေးနောင်	ဒါရိုက်တာ	အဖွဲ့ဝင်
၃.	ဦးခွန်သက်အောင်	ပြင်ပဆက်ဆံရေး	အဖွဲ့ဝင်
၄.	ကျန်းမာရေးမှူး	ကျန်းမာရေးတာဝန်ခံ	အဖွဲ့ဝင်
၅.	ဦးအောင်ကျော်မင်း	မန်နေဂျာ	အဖွဲ့ဝင်
၆.	ဦးညီညီထွေး	မန်နေဂျာ	အဖွဲ့ဝင်

၇.၆ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ Organization Chart



၇.၇ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတာဝန်များ

လုပ်ငန်းခွင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမည့်လုပ်ငန်းတာဝန်များမှာ –

- လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းကာကွယ်ရေးအတွက် လုပ်သားဝန်ထမ်းများ အားလုံးအား လုပ်ငန်းခွင်သင်တန်းများ ပေးထားမည်ဖြစ်ပါသည်။
- လုပ်သားဝန်ထမ်းအားလုံးကို ဘာသာရပ်ဆိုင်ရာနှင့်ပညာရေးဆိုင်ရာလိုအပ်ချက်အရ အန္တရာယ်ကင်းရှင်းရေးသင်တန်းများကို ပို့ချပေးရန် စီမံဆောင်ရွက်သွားပါမည်။
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်ကို တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။
- လုပ်ငန်းခွင်အနေအထားအရ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များ သိသာမြင်သာသည့် နေရာများတွင် တပ်ဆင်ထားပါမည်။
- လုပ်ငန်းခွင်အတွင်း ပင်ပန်းနွမ်းနယ်မှုနည်းပါးစေရန် လုပ်ငန်းချိန်ကို လိုသည်ထက်မပိုအောင် တားမြစ်ထားမည်ဖြစ်ပါသည်။
- လုပ်သားဝန်ထမ်းများအားလုံး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘေးအန္တရာယ် ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment) (PPE)များ ဝတ်ဆင်အသုံးပြုစေပြီး ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်သွားပါမည်။
- လုပ်ငန်းဌာနများအားလုံးတွင် (First Kid) ကြက်ခြေနီဆေးပုံးများထားရှိပါမည်။
- သဘာဝဘေးအန္တရာယ်ကျရောက်ပါက လုပ်ဆောင်ရမည့်ကယ်ဆယ်ရေးလုပ်ငန်းများအား စီမံချက်များရေးဆွဲစီမံထားခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်း ကရိယာများစုဆောင်းထားခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော ရှေးဦးသူနာပြုစုနည်းများနှင့် အသက်ကယ်နည်းတို့အား ဇာတ်တိုက်လေ့ကျင့်သင်ကြားပေးထားပါမည်။
- လုပ်ငန်းခွင်အတွင်း မီးလောင်နိုင်သည့် အမှိုက်များကို အချိန်မှန်မှန်ဖယ်ရှား ရှင်းလင်းထားပါမည်။
- မီးလောင်လွယ်သောအရည်များ (ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီများ) စသည်တို့ကို စနစ်တကျ သိုလှောင်သိမ်းဆည်းထားပါမည်။

- လုပ်ငန်းခွင်အတွင်း သတ်မှတ်နေရာအလိုက် မီးသတ်ဆေးဗူးများ တပ်ဆင်ထားရှိပါမည်။ အရေးပေါ်မီးငြိမ်းသတ်ရန် လုပ်ငန်းခွင်အတွင်း မီးသတ်ရေပိုက်များ တပ်ဆင်ထားပါမည်။
- ဝန်ထမ်းများအား အခြေခံမီးသတ်သင်တန်းများ ပို့ချထားပါမည်။
- မီးလောင်နိုင်သည့် ပစ္စည်းများသိုလှောင်ထားသည့်နေရာများနှင့် သိသာထင်ရှားသည့် နေရာများတွင် (မီးသတိပြု၊ဆေးလိပ်မသောက်ရ) အစရှိသည့် မီးသတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရှိပါမည်။
- မီးသတ်ဆေးဗူးများ၊ မီးသတ်ရေကန်များ၊ မီးသတ်ပိုက်များ၊ သဲပုံးများ ကြိုတင်စီမံထားရှိပါမည်။
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်ကောင်းမွန်သော လုပ်ငန်းခွင်ဖြစ်စေရေးနှင့် အန္တရာယ်များကို ရှာဖွေဖော်ထုတ်၍ မဖြစ်ခင်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားပါမည်။
- မတော်တဆဖြစ်ပွားပါက အကြောင်းရင်းကို ရှာဖွေဖော်ထုတ်ပြီး နောင်အလားတူမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်မှုများ စီမံဆောင်ရွက်ထားရှိပါမည်။

၇.၈ အရေးပေါ်အခြေအနေတွင် တုန့်ပြန်ဆောင်ရွက်မည့်အစီအစဉ်

လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အောက်ပါအတိုင်း စီမံချက်များချမှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါသည် –

- လုပ်ငန်းခွင်အတွင်းအရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဖွဲ့စည်းထားပါမည်။
- အရေးပေါ်အခြေအနေတွင် ဝန်ထမ်းများကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဝန်ထမ်းများအား အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းများကို ပို့ချပေးထားပါမည်။
- အရေးပေါ်ဖြစ်ပေါ်လာပါက အချိန်မီ အနီးဆုံးဆေးပေးခန်း၊ ဆေးရုံအစရှိသည်တို့ အမြန်ဆုံး ပို့ဆောင်သွားနိုင်ရန် (Emergency Response Exercise)ကြိုတင် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ထားရှိပါမည်။
- သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် သွားနိုင်ရန်အတွက် လိုအပ်သောပစ္စည်းများ စုဆောင်းထားပါမည်။
- ဓာတုဓာတ်ဆေးနှင့် ဘေးအန္တရာယ်ရှိဓာတ်ဆေးများ သုံးစွဲမှုလိုင်စင်ရယူထားပါမည်။

၇.၉ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းသည် မီးလောင်မှုဖြစ်ပေါ်မှ ဝိုင်းဝန်းငြိမ်းသတ်ခြင်းထက် ပိုမိုအကျိုးသက်ရောက်မှုရှိစေ၍ အဆောက်အဦးများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ပစ္စည်းဂိုဒေါင်များ မီးလောင်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်မှုများအား ပြုလုပ်ထားပါမည်။ အောက်ပါ မီးဘေးကြိုတင်ကာကွယ်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါ သည်။

- လမ်းလျှောက်ရင်းဆေးလိပ်လုံးဝမသောက်ရ။ မီးငြိမ်းသတ်ပီးသော ဆေးလိပ်တိုကို သတ်မှတ် ထားသည့်နေရာတွင်သာ စွန့်ပစ်ရမည်။ ဆေးလိပ်မီးကြောင့် မီးဘေးအန္တရာယ်ဖြစ်စေနိုင်သော နေရာတိုင်းတွင် "ဆေးလိပ်မသောက်ရ" စာတမ်းများ ချိတ်ဆွဲခြင်း၊ ဆီသိုလှောင်ရုံနှင့် ပစ္စည်းသိုလှောင်ရုံများတွင် မီးသတ်ဗူးများ၊ " မီးသတိပြု" စာတမ်းများချိတ်ဆွဲထားရှိရမည်။
- လုပ်ကွက်အတွင်း တရားဝင်သွယ်တန်းပေးထားသော လျှပ်စစ်ကြိုးများမှအပ မိမိသဘောအလျောက် လျှပ်စစ်ကြိုးများ တပ်ဆင်အသုံးပြုခြင်း၊ လျှပ်စစ်ကြိုးများကို လောင်စာဆီများအနီး ချိတ်ဆွဲသွယ်တန်းခြင်း၊ လျှပ်စစ်ကြိုးများအား သံမှိုတွင် ချိတ်ဆွဲခြင်းများ လုံးဝမပြုလုပ်ရန်။
- ရာသီဥတုအခြေအနေဆိုးများနှင့် မိုးများသည်းထန်စွာရွာသွန်းမှုရှိပါကအဆောက်အဦများတွင် တပ်ဆင်ထားသော ပင်မမီးခလုတ်များ ဓာတ်တိုင်မှအဝင်ကြိုးများကို စစ်ဆေး၍ မိန်းခလုတ်များကို ပိတ်ထားရန်။
- သစ်ပင်နှင့်မလွတ်သော လျှပ်စစ်ကြိုးများ ဆွေးမြေ့ပေါက်ပြဲနေသော ဓာတ်ကြိုးများ၊ လျှပ်စစ်ကြိုးအချင်းချင်း ပွတ်တိုက်မှုကြောင့် မီးပွင့်ခြင်းများ၊ တစ်စုံတစ်ခု ချို့ယွင်းချက်များ တွေ့ပါက တာဝန်ရှိသူထံကြိုတင်သတင်းပို့ရန်။
- စက်သုံးဆီအတွက် ထုတ်သောဆီများကို ဖိတ်စင်မှုမရှိအောင် စနစ်တကျထုတ်ယူပြီး စက်သုံးဆီထုတ်ယူနေစဉ်အချိန်အတွင်း မောင်းနှင်နေသော စက်ပစ္စည်းများနှင့် မော်တော်ယာဉ်များကို စက်ရပ်ထားရန်။
- စားဖိုဆောင်တွင် နေ့စဉ်ချက်ပြုတ်ချိန်ကို နံနက်ပိုင်း (၀၅:၀၀) နာရီမှ (၀၉:၀၀)အချိန်ထိ၊ ညနေပိုင်းတွင် (၁၄:၀၀) နာရီမှ (၁၈:၀၀) နာရီအချိန်အတွင်းသာ ချက်ပြုတ်စီမံရန်၊ ကျန်အချိန်များတွင် မီးဖို၌ မီးကြွင်းမီးကျန်များ လုံးဝမရှိစေရန်။

- မီးဖိုချောင်အတွင်း မတော်တဆမီးထတောက်ခြင်း၊ လောင်ကျွမ်းခြင်းများဖြစ်ပေါ်ပါက ကာကွယ်နိုင်ရန်အတွက် ရေဆွတ်ထားသော ဂုံနီအိတ်၊ ရေဖြည့်ထားသောရေအိုးများနှင့် မီးချိတ်၊ မီးကပ်များကို အဆင်သင့်အသုံးပြုနိုင်ရန် စားဖိုဆောင်ဘေးတွင် အဆင်သင့် ထားရှိရန်။
- မီးဘေးကြိုတင်ကာကွယ်မှုအတွက် သီးသန့်ထားရှိသော ရေကန်များတွင် အမြဲတန်း ရေအပြည့်ဖြစ်နေရန်၊ မီးချိတ်၊ မီးကပ်များ အစီအရီတန်းထားရန်။ ရေဆွဲပုံးများ၊ သဲအိတ်များကို စနစ်တကျချိတ်ဆွဲထားရန်။

၇.၁၀ မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

- လုပ်ကွက်အတွင်း မီးလောင်မှုဖြစ်ပွားကြောင်း သိလျှင်သိခြင်း၊ အခြားဝန်ထမ်းများအား အော်ဟစ်အသိပေးခြင်း၊ အချက်ပေးသံချောင်းခေါက်၍ အသိပေးခြင်း၊ ဆတ်သား စေလွှတ်၍ အသိပေးခြင်း၊ လက်ကိုင်ဖုန်း၊ ဆက်သွယ်ရေးစက်၊ ခရာများစသည်ဖြင့် အမြန်ဆုံးအသိပေး ဆက်သွယ်ဆောင်ရွက်ရန်။
- မီးငြိမ်းသတ်ရန် စဉ့်ကူးမြို့နယ်၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားချက်များအတိုင်း ငြိမ်းသတ်ခြင်း၊ မီးသတ်ကရိယာများယူဆောင်၍ မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ အမြန်ဆုံးရောက်ရှိပြီး မီးငြိမ်းသတ်ရန်။
- မီးလောင်မှုဖြစ်ပွားပါက ချမှတ်ထားသော တာဝန်အသီးသီးအလိုက် မီးငြိမ်းသတ်အဖွဲ့၊ နေရာရွှေ့ပြောင်းရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့များ ကိုယ့်တာဝန်ကိုယ်အသီးသီး တာဝန် ကျေပွန်စွာ ထမ်းဆောင်ရန်။

၇.၁၁ မြေအောက်လေပြတ်တောက်ခြင်း

သတ္တုတူးဖော်ခြင်းလုပ်ငန်းအား မြေအောက်လိုဏ်ဖြင့် တူးဖော်မည်ဖြစ်၍ မြေအောက်လေပြတ်တောက်ပါက တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်နေသော အင်းသားများ မူးမွေ့ခြင်းနှင့် အသက်ဆုံးရှုံး စသည့်ဖြင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်ပါသည်။

- မြေအောက်လိုဏ်များအတွင်း ရွှေသတ္တုရိုင်းများတူးဖော်ရာတွင် အင်းလုပ်သားများ မြေအောက်လေရရှိရေးအတွက် အဲယားကွန်ပရက်စာနှင့် (၂) လက်မ သံပိုက်များအား လေဘားများတပ်ဆင်၍ ရောက်ရှိသည့်အနက်အထိ တပ်ဆင်၍လေပေးထားမည် ဖြစ်ပါသည်။

- လေမှုတ်စက် (Air Blower) တပ်ဆင်ထားသည့် (၂) ပေအချင်းရှိ ပိုက်ပျော့များအား ယမ်းခွဲပြီး ယမ်းငွေ့များရှင်းလင်းရန်နှင့် မြေအောက်လေပေးရန် တပ်ဆင်ထားပါမည်။
- အထက်အောက်လိုဏ်ခေါင်းများအား လေဆန်တွင်း (Rise)များ ဖောက်၍ သဘာဝ လေအဝင်အထွက်ရှိစေရန် ဆောင်ရွက်ထားမည်ဖြစ်ပါသည်။
- မြေအောက်လိုဏ်ခေါင်းများအတွင်းလေဝင်လေထွက်ကောင်းမွန်မှုအခြေအနေများအား အဆိုင်းခေါင်းဆောင်များမှ စကားပြောစက်များဖြင့် (၄၅) မိနစ်တစ်ကြိမ် စက်မှုတာဝန်ခံနှင့် အဆိုင်းတာဝန်ကျ စက်မှုကျွမ်းကျင်ထံ ဆက်သွယ်သတင်းပို့ပါမည်။ ဆက်သွယ်ရေးလိုင်းအား ကြိုးလိုင်းဖြင့်လည်း အရံတပ်ဆင်ထားပါမည်။ အရေးပေါ်လိုအပ်ပါက ဆတ်သားများစေလွှတ်၍ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အား ဆက်သွယ်ဆောင်ရွက်ပါမည်။ အုပ်ချုပ်ရေးမှူးရုံးရှိ ပင်မဆက်သွယ်ရေးဝန်ထမ်းမှလည်း သက်ဆိုင်ရာသို့အရေးပေါ်အခြေအနေများအား သတင်းပို့မည် ဖြစ်ပါသည်။
- မြေအောက်လိုဏ်ခေါင်းများအတွင်း နေရာသတ်မှတ်၍ လေပြတ်တောက်ခြင်းဖြစ်ပါက အသုံးပြုနိုင်ရန် အရေးအပေါ်အသက်ကယ်ပစ္စည်းကိရိယာများထားရှိပေးမည်ဖြစ်ပြီး၊ ၎င်းပစ္စည်းများအသုံးပြုရန် အဆိုင်းမှူးများနှင့် လက်ထောက်အဆိုင်းမှူးများအား လေ့ကျင့်သင်ကြားပေးထားမည်ဖြစ်ပါသည်။

၇.၁၂ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း

စီမံကိန်းလုပ်ကွက်နှင့်ဆက်စပ်ဒေသ၏ ကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်စဉ်ရန်ပုံငွေကျပ် ၁၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ရာ) လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းများဆောင်ရွက်စဉ် ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်း၍ ဒေသအတွက် လိုအပ်သောအခြေအနေများပေါ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒေသခံပြည်သူများနှင့် တွဲဘက်ဆောင်ရွက်သွားပါမည်။

၇.၁၃ အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများအတွက် ခန့်မှန်းရန်ပုံငွေလျာထားမှု


ကုမ္ပဏီအနေဖြင့် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေကျပ် (၂၀) သိန်း လျာထား၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်သွားပါမည်။

၈.၀။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

စဉ်	အမည်	ရာထူး	တာဝန်
၁.	ဦးခွန်ထွန်းကျော်	စီမံကိန်းဒါရိုက်တာ	ဥက္ကဋ္ဌ
၂.	ဦးရဲသွေးနောင်	လုပ်ကွက်တာဝန်ခံဒါရိုက်တာ	အတွင်းရေးမှူး
၃.	ဦးဗိုလ်လေး	ဒါရိုက်တာ	အဖွဲ့ဝင်
၄.	ဦးထွန်းထွန်းဝင်း	ဘူမိဗေဒပညာရှင်	အဖွဲ့ဝင်
၅.	ဦးခွန်သက်အောင်	ပြင်ပဆက်ဆံရေးတာဝန်ခံ	အဖွဲ့ဝင်
၆.	ကျန်းမာရေးမှူး	ကျန်းမာရေးတာဝန်ခံ	အဖွဲ့ဝင်
၇.	ဦးအောင်ကျော်မင်း	မန်နေဂျာ	အဖွဲ့ဝင်
၈.	ဦးညီညီထွေး	မန်နေဂျာ	အဖွဲ့ဝင်

စီမံကိန်း၏ ရွှေ့သတ္တုတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့်လူမှု ပတ်ဝန်းကျင်ထိခိုက်နိုင်မှု လျော့နည်းပျောက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အထက်ဖော်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကော်မတီဖြင့် လုပ်ကိုင်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၈.၁ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကော်မတီ Organization Structure



၈.၂ အဖွဲ့အစည်းနှင့်ရန်ပုံငွေလျာထားချက်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ခန့်မှန်းအသုံးစရိတ် ရန်ပုံငွေအဖြစ် ငွေကျပ်သိန်း (၄၀၀) ဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် အောက်ပါအတိုင်း လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက ထပ်မံဖြည့်တင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စဉ်	အကြောင်းအရာ	ခန့်မှန်းကုန်ကျစာရိတ်(ကျပ်)
၁။	စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် (MORNITORING PLAN)	၇,၀၀၀,၀၀၀
၂။	ဘေးအန္တရာယ်ကာကွယ်ရေး၊ ကျန်းမာရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများအစီအစဉ် (CAPACITY BUILDING & TRANING PROGRAM)	၂,၀၀၀,၀၀၀
၃။	ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ခြင်းအစီအစဉ် (CSR PLAN)	၁၀,၀၀၀,၀၀၀
၄။	ထိခိုက်မှုလျော့ချပါးစေရေး အစီအစဉ် (MITIGATION MEASURE PLAN)	၅,၀၀၀,၀၀၀
၅။	အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ် (PUBLIC CONSULATION PLAN)	၂,၀၀၀,၀၀၀
၆။	အရေးပေါ်ကာကွယ်ရေးအစီအစဉ် (EMERGENCY PREPARENESS PLAN)	၂,၀၀၀,၀၀၀
၇။	လုပ်ငန်းခွင်နှင့်ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ် (OCCUPTION HEALTH CARE PLAN)	၂,၀၀၀,၀၀၀
၈။	စိုက်ခင်းတည်ထောင်ခြင်းအစီအစဉ် (REPLANTATION PLAN)	၂,၀၀၀,၀၀၀
၉။	မိုင်းပိတ်သိမ်းခြင်း အစီအစဉ် (MINE CLOSURE PLAN)	၈,၀၀၀,၀၀၀
	စုစုပေါင်း	၄၀,၀၀၀,၀၀၀

၈.၃ မူဝါဒ၊ ဥပဒေ၊ မူဘောင်နှင့်စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ထိခိုက်မှု လျော့နည်းသက်သာစေရေးအတွက် စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့် ကတိကဝတ် များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

၈.၄ ကတိကဝတ်ဧယား

ကတိကဝတ်ပြုရန် အရင်းအမြစ်များ	ပတ်ဝန်းကျင် ထိခိုက်မှု	လုပ်ငန်းရှင်ကတိကဝတ်ပြုချက်များ
၁။ မြေနေရာရှင်းလင်းခြင်း သတ္တုတူးဖော်မည့်နေရာ မြေနေရာအားရှင်းလင်းခြင်း၊ သတ္တုရိုင်းနှင့်စွန့်ပစ်မြေစာ	- သစ်တောသစ်ပင် ပြုန်းတီးခြင်း၊မြေဆီလွှာဆုံး ရှုံးခြင်း ဂေဟစနစ်ဖြစ် ထွန်မှုထိခိုက်ခြင်း၊	- မြေယာအသုံးချမှု အနည်းဆုံးဖြစ်သည့် မြေအောက်တူးဖော်မှုနည်းစနစ်ကိုအသုံးပြု - ဆောင်ရွက်ပါမည်။ - အသုံးချ မြေယာများအစား ကျွန်းပင်များ

များသယ်ပို့ရန် လမ်းများ ဖောက်ခြင်း၊ သတ္တုရိုင်းနှင့် စွန့်ပစ်မြေစာပုံနေရာများ ပြုလုပ်ခြင်း၊		အစားထိုးစိုက်ပျိုးထားပါသည်။ - မိုင်းပိတ်သိမ်းချိန်တွင် မြေဆီလွှာ ဆုံးရှုံး ထားသည့် အသုံးချထားသော မြေနေရာ များအား သင့်လျော်သော မြေယာအသုံး ချမှုလုပ်ငန်း တစ်ရပ်ထူထောင်နိုင်သည် အထိ ပြန်လည် ပြုပြင်ပေးပါမည်။
၂။သတ္တုတူးဖော်ခြင်း သတ္တုတူးဖော်ခြင်း	- ဆူညံသံနှင့်တုန်ခါမှုများဖြစ်စေခြင်း၊	- ဆူညံသံနှင့် တုန်ခါမှုတို့အား အမျိုးသား ပတ်ဝန်းကျင်အရည်အသွေး(ထုတ်လွှတ်မှု)လမ်း ညွှန်ချက်များအတွင်း ရှိစေရေး အတွက် ဆောင်ရွက်ပါမည်။ - ဆူညံသံနှင့်တုန်ခါမှုဖြစ်ပေါ်မှုနည်းစေရေး အတွက်မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုဆောင်ရွက်ပါမည်။ - ယမ်းသုံးစွဲမှုအား ကန့်သတ်၍ တစ်ပြိုင် နက် ပေါက်ကွဲမှု မရှိစေရေးအတွက် Detonating Relay များ အသုံးပြုဆောင် ရွက်ပါမည်။ - အင်းတစ်အင်းလျှင် တစ်ရက်လျှင်ယမ်းခွဲခြင်းအား နှစ်ကြိမ်သာဆောင်ရွက်ပါ မည်။ - ပေါက်ကွဲအင်ဂျင်များနှင့် စက်ပစ္စည်းများ တွင် အသံထိန်း ကိရိယာများ တပ်ဆင်ထားပါမည်။ - စက်ပစ္စည်းများအား အနည်းဆုံးအရေ အတွက်ဖြင့် ဆောင်ရွက်ပါမည်။
စွန့်ပစ်ကျောက်များ စွန့်ပစ်ခြင်း	- မိုးကာလမိုးရေတိုက်စား၍အနည်အနှစ်များကျရောက်ပြီး စီးမျောခြင်း၊ ရေစီးရေလာပိတ်ဆို့ခြင်းဖြင့် မိုင်းအတွင်းနှင့် ဆက်စပ်ဒေသ ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုဖြစ် စေခြင်း၊	- ရွှေကြောသို့မရောက်မီ ထွက်ရှိသော စွန့်ပစ် ကျောက်များအား မိုင်းပိတ်သိမ်း ချိန်တွင် ပင်မ ဆင်းတွင်းနှင့် ပင်မလိုဏ်ဂူ များပြန်လည် ဖို့ရန်အတွက် စနစ်တကျ စုပုံထားပါမည်။ - ရွှေကြောသို့ ရောက်ရှိပြီး ထွက်ရှိမည့် စွန့် ပစ် ကျောက်များအား အင်းပြင်ပသို့ ထုတ် ယူခြင်း မပြုဘဲ တူးဖော်ပြီး လိုဏ်ခေါင်း များအတွင်း ရှေ့စား နောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့ပါမည်။
သတ္တုတွင်းစိမ့်ထွက် ရေများ	- စွန့်ပစ်ရေများကြောင့် ပတ်ဝန်းကျင်ထိခိုက်စေနိုင်ခြင်း	- သတ္တုသန့်စင်မှုလုပ်ငန်းတွင် အသုံးပြု ပါမည်။ - ပိုလျှံသောသတ္တုတွင်းစိမ့်ထွက်ရေများအား ပျိုးခြံ ၊ အစားထိုးစိုက်ခင်းများ ရေလောင်းရန်နှင့် သတ္တုရိုင်းသယ်ပို့သည့် လမ်းရေဖျန်း ခြင်း လုပ်ငန်းတွင် အသုံးပြု ပါမည်။ - သတ္တုတူးဖော်ခြင်းကာလတွင် မျက်နှာ ပြင် ဖွင့်တူးဖော်သည့် မြေအောက်လိုဏ် ခေါင်းများ အား မြေဖို့ခြင်း၊ မိုင်းပိတ်သိမ်း ချိန်တွင် ပင်မ

		ဆင်းတွင်းနှင့် ပင်မလိုဏ် ခေါင်းများအား စွန့်ပစ်ကျောက်များ ဖြည့်ခြင်းတို့မှ စိမ့်ထွက် ရေများ ပိတ်ဆို့ စေမည်ဖြစ်ပါသည်။
သတ္တုရိုင်းများ သယ်ပို့ခြင်း	- ဖုန်မှုန့်ပျံ့လွင့်၍ လေထုညစ်ညမ်းစေခြင်း၊	- ရေဖျန်းခြင်းအား နံနက်တစ်ကြိမ်၊ နေ့ခင်း တစ်ကြိမ် ဆောင်ရွက်ပါမည်။
ယမ်းခွဲခြင်းအင်းတစ်အင်းလျှင် တစ်ရက်လျှင် နှစ်ကြိမ်၊ နံနက်(၄) နာရီနှင့် ညနေ (၆)နာရီ ယမ်းခွဲခြင်းလုပ်ငန်းများအား ဆောင်ရွက်ပါသည်။	- ထိခိုက်မှုအန္တရာယ် ဖြစ်ပေါ်စေနိုင်ခြင်း၊ထားသိုသယ်ယူရာမှမီးလောင်မှုဖြစ်ပွားစေနိုင်ခြင်း၊ - ဆူညံသံဖြစ်ပေါ်စေနိုင်ခြင်း	- ယမ်းသိုလှောင်ရာတွင် စနစ်တကျယာယီယမ်းတိုက် ဖြင့် သိုလှောင်သိမ်းဆည်းထားပါမည်။ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ သယ်ယူ၊ သိုလှောင်၊ သုံးစွဲမှုများအား အတွေ့အကြုံရှိဝန်ထမ်းများ ခန့်ထား ဆောင်ရွက်ပါမည်။ - ယမ်းနှင့်ဆက်စပ်ပစ္စည်းများ သုံးစွဲမှုများ ကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်များ ဖြစ်ပေါ်မှုမရှိစေရေးအတွက် ဆောင်ရွက် ပါမည်။
<u>မြေအောက်လေပြတ်တောက်ခြင်း</u>	- သတ္တုတူးဖော်ခြင်းလုပ်ငန်းအား မြေအောက်လိုဏ် ခေါင်းများအတွင်း တူးဖော်မည်ဖြစ်၍ မြေအောက်လေပြတ်တောက်ပါက တူးဖော်မှုလုပ်ငန်းများဆောင်ရွက် နေသောအင်းသားမူးမွေခြင်းနှင့် အသက်ဆုံးရှုံးခြင်း စသည့်ဖြင့် ဘေး အန္တရာယ်များကြုံ တွေ့နိုင်ပါသည်။	- မြေအောက်လေပြတ်တောက်၍လုပ်ငန်းခွင် ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အတွက် မြေအောက်လေပေးစနစ်အား အရန်လေ ပေးစနစ်များ တပ်ဆင်ခြင်း၊ အရေးပေါ် အသက်ရှူကိရိယာများ ထားရှိ ပေးခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်း များ စီမံဆောင်ရွက်ထားခြင်း၊ အရေးပေါ် ကယ် ဆယ်ရေးအဖွဲ့ထားရှိ၍ ကြိုတင် ဇာတ်တိုက် လေ့ကျင့်ပေးထားခြင်း စသည် ဖြင့် မြေအောက် လေပြတ်တောက်ခြင်းကြောင့် လုပ်ငန်းခွင် ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အတွက် စီမံဆောင်ရွက်ပါမည်။
၃။ လုပ်ငန်းသုံးစွန့်ပစ်ရေ လုပ်ငန်းသုံးရေ(၁၀၀၀)ဂါလံ ခန့်အ သုံးပြုမည်ဖြစ်ပါသည်။ စွန့်ပစ်ရေများအား အနည်ထိုင်ကန်တွင် အနည်ထိုင်စေ ပြီး လုပ်ငန်းတွင် ပြန်လည် အသုံးပြုပါမည်။	- လုပ်ငန်းသုံးရေများကြောင့် လုပ်ကွက်နှင့်ဆက်စပ်ဝန်းကျင်မြေပေါ်ရေ၊ မြေအောက်ရေများညစ်ညမ်းစေနိုင်ခြင်း၊ - လုပ်ငန်းသုံးရေများစွန့်ပစ်ခြင်းမှ နွံအနည်အနှစ်များ ပါဝင်၍ ဆက်စပ်ဝန်းကျင်ရေစီးရေလာပိတ်ဆို့နိုင်ပါသည်။	- စွန့်ပစ်မြေစာနှင့် လုပ်ငန်းသုံးရေ အနည်ထိုင်ကန်အား မြေအောက်ရေစိမ့်ဝင်ခြင်း မရှိစေရန် ဆောင်ရွက်ထားပါမည်။ - လုပ်ငန်းသုံးရေများအား ပြင်ပသို့စေလွှတ် ခြင်း မပြုပါ။ - လုပ်ငန်းသုံးရေပမာဏမှာ (၁၀၀၀)ဂါလံ ခန့်ဖြစ်ပါသည်။ အမှုန့်ကြိတ်ရာတွင် ဓာတ်ဆေးများအသုံးမပြုခြင်း၊ မိုင်းပိတ်သိမ်းချိန်တွင် လုပ်ငန်း သုံးရေများအား နွံအနည်အနှစ်များ မပါဝင် စေရေး အတွက် အနည်ထိုင်ကန်တွင် အနည် ထိုင်စေပြီး ရေကြည်များအား လုပ်ကွက် အတွင်းရှိ စိုက်ခင်းများ သို့ သွယ်တန်းထားသော ဧရာမြောင်းများ အတွင်းစေ လွှတ်၍ ဧရိယာတွင် အသုံးပြုခြင်းဖြင့် စွန့်ပစ်မည်ဖြစ်ပါသည်။

၄။ စွန့်ပစ်မြေစာ	- စွန့်ပစ်မြေစာများ စွန့်ပစ်မှုမှ မြေစာပုံ များအားမိုးရေ တိုက်စား၍ နှုံးအနည်အနှစ် များပျံ့လွင်စီးမျောပြီး ရေစီးရေလာ ပိတ်ဆို့ခြင်း၊ သဲဆန် သေ မြေ များဖြစ်၍ မြေဆီ လွှာပြုန်းတီးစေ ခြင်းများဖြစ်ပေါ် နိုင်ပါသည်။	- စွန့်ပစ်မြေစာများအား ရေဖြင့်ဆေးပြီး လုပ်ကွက် အတွင်းရှိ လျှို့မြောင်အတွင်း ဖြည့်မည်ဖြစ်ပါ သည်။ စွန့်ပစ်မြေစာများ မိုးရေတိုက်စား၍ စီးမျောမှုမရှိစေရန် လျှို့ အတွင်း တမံတုတ် ထားမည်ဖြစ်ပါသည်။ - လုပ်ငန်းများရပ်ဆိုင်းမည့်အချိန်တွင် စွန့်ပစ်မြေ စာများ ထပ်မံဖြည့်ပြီး ဖိသိပ်မြေညှိ၊ မြေ ဆွေး ဖုံးအုပ်၍ ဒေသပေါက်ပင်များ စိုက်ပျိုးပါမည်။
၅။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကာကွယ်ရေး၊ သဘာဝဘေး အန္တရာယ် ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး	- မြေအောက်ဆယ်ပြာဆောက်ခြင်း။ - ယမ်းနှင့်ဆက်စပ်ပစ္စည်းများမှ အသက်အန္တရာယ် ဖြစ်ပေါ် စေခြင်း၊ - မြေသားပြိုကျမှုများခြင်း စသည်ဖြင့်လုပ်ငန်းခွင်ဘေး အန္တရာယ်များနှင့်သဘာဝ ဘေးအန္တရာယ်များဖြစ်သော မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေ ပြိုခြင်း၊ မီးလောင် ခြင်း၊ ဘေးအန္တရာယ်များဖြစ်ပေါ် စေနိုင်ပါသည်။	- လုပ်ငန်းများဆောင်ရွက်မှုမှ လုပ်ငန်းခွင် ဘေးအန္တရယ်မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရယ်ကာကွယ်ရေး စီမံချက် ရေးဆွဲပြီး လုပ်ငန်းခွင်ဘေးအန္တ ရာယ် ကာကွယ် ရေးအဖွဲ့များ၊ အရေးပေါ် ကယ်ဆယ် ရေး အဖွဲ့များ၊ ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့များ ဖွဲ့စည်းဆောင် ရွက်ပါမည်။ - သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ မီးဘေးအန္တရယ်ကာကွယ်ရေးများအတွက်လည်း စီမံချက်များရေးဆွဲ၍ အကောင် အထည် ဖော်ဆောင်ရွက် မည်ဖြစ်ပါ သည်။
၆။ စောင့်ကြပ်ကြည့်ရှု့ စစ်ဆေးခြင်း	- လုပ်ငန်းများဆောင်ရွက်မှု ကြောင့်မြေယာဆုံးရှုံးခြင်း သဘာဝရေအရင်းအမြစ်ရှုံးခြ င်း၊ ဆူညံသံနှင့် တုန်ခါမှုများ ဖြစ် ပေါ်ခြင်း၊ စွန့်ပစ်ရေနှင့် စွန့် ပစ်မြေစာများကြောင့် လုပ် ကွက်နှင့် ဆက်စပ် ဒေသပတ် ဝန်းကျင် ညစ်ညမ်းစေခြင်း၊ - ဂေဟစနစ်ဖြစ်ထွန်းမှု လျော့ကျစေခြင်း၊ - သဘာဝအပင်များ ဆုံးရှုံးစေ ခြင်း။	- သတ္တုတူးဖော်ထုတ်လုပ်သန်စင်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့်ပတ်ဝန်းကျင် နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်စေနိုင်သည့် အချက် များ ဓာတ်ဆေးများမှ ဘေးအန္တရာယ် ဖြစ်ပေါ်စေ နိုင်သည့်အချက်များ၊ - လုပ်ငန်းခွင်ဘေးအန္တရယ်ဖြစ်ပေါ်စေနိုင်သည့် အချက်များ၊ ကြိုတင်ကာကွယ်ရေး ဆိုင်ရာ လုပ်ဆောင်ချက်များ၊ အရေးပေါ်အခြေအနေ တွင် ဆောင်ရွက်မည့်အစီအမံများ၊ ဘေးအန္တ ရာယ် ကာကွယ်ရေးအတွက် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ပညာပေးသည့် အစီအစဉ်များ ဆောင် ရွက်သည့် အခြေအနေများအား စောင့်ကြပ် ကြည့်ရှုစစ်ဆေးပါမည်။
၇။ သဘာဝဘေးအန္တရာယ် နှင့် မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ခြင်း	- ထိခိုက်မှုဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်ခြင်း၊ အသက် အန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်း	- သဘာဝဘေးအန္တာရယ်နှင့် မီးဘေးအန္တရယ် ကြိုတင် ကာကွယ်ရေးအတွက် အရေးပေါ် ဆောင်ရွက်မည့်အဖွဲ့များ ဖွဲ့စည်းထားခြင်း၊ သဘာဝဘေးအန္တရယ်နှင့် မီးဘေးအန္တာရယ် ကြိုတင် ကာကွယ်ရေးစီမံချက်များဖြင့် ဆောင်ရွက်ပါမည်

၈။ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများ	- လူမှုဝန်းကျင်နှင့် ပတ်ဝန်းကျင်ထိခိုက်မှု	- ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုလားချက်များဖော်ထုတ်ကာ စီမံဆောင်ရွက်မည်ဖြစ်ပါသည်။ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ အားစီမံကိန်းကာလတစ်လျှောက်လုံး စီစဉ်ဆောင်ရွက်ပါမည်။
၉။ မိုင်းပိတ်သိမ်းခြင်း မြေယာအသုံးချထားမှုကိစ္စရပ်များရှင်းလင်းခြင်း၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦးများ၊ စက်မှုဆိုင်ရာအဆောက်အဦများ၊ ဝန်ထမ်းအိမ်ယာများအတွက် မြေယာအသုံးချထားမှုများ။	- မြေမျက်နှာပြင်အနေအထားနှင့်ရှုခင်းများ ပြောင်းခြင်း၊ မြေဆီလွှာဆုံးရှုံးခြင်း၊သစ်တောသစ်ပင်ဆုံးရှုံး ခြင်း၊မြေဆီလွှာညစ်ညမ်းခြင်း၊	- သင့်လျော်သောမြေယာအသုံးချမှုလုပ်ငန်းတစ်ရပ်ထူထောင်နိုင်သည်အထိ စီစဉ်ဆောင်ရွက်ပါမည်။
စွန့်ပစ်မြေစာနှင့်လုပ်ငန်းသုံးရေ အနည်ထိုင်ကန် စွန့်ပစ်ရေကန်၊ အင်းပိုင်းလှည့်ကန်များ၊	- မြေနေရာဆုံးခြင်း၊	- မျက်နှာညှို၍ အပေါ်ယံမြေသားဖုံးအုပ်ခြင်း၊ မြေဆွေးလွှာအုပ်ခြင်းတို့ ပြုလုပ်၍ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးပါမည်။
စွန့်ပစ်ကျောက်ပုံ၊ စွန့်ပစ်မြေစာပုံ	- မြင်ကွင်းကောင်းမွန်မှု မရှိခြင်း၊ ပြိုကျ၍ ဘေးအန္တရာယ်ရှိနိုင်ခြင်း၊ - မိုးရာသီတိုက်စား၍ ချောင်းမြောင်းများအတွင်းအနည်အနှစ်များ ကျနိုင်ခြင်း၊	- မိုင်းပိတ်သိမ်းချိန်တွင် ပင်မဆင်းတွင်းများ နှင့် ပင်မလိုဏ်ခေါင်းများအတွင်း ပြန်လည်ဖြည့်မည်ဖြစ်ပါသည်။ ကျောက်ပုံ၊ မြေစာပုံနေရာများအား ရှင်းလင်း၍ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးပါမည်။
ပိတ်သိမ်းပြီးကာလတွင် မြေဆီလွှာ၊ မြေပေါ်ရေမြေအောက်ရေညစ်ညမ်းခြင်း၊	- မြေဆီလွှာညစ်ညမ်းခြင်း၊ မြေပေါ်မြေအောက်ရေညစ်ညမ်းခြင်း၊	- မိုင်းပိတ်သိမ်းပြီးကာလ (၅)နှစ် အထိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးပါမည်၊
မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာတင်ပြခြင်း		- မိုင်းပိတ်ခြင်းအားစီးပွားရေးတွက်ချေ မကိုက်ခြင်း၊ သတ္တုကြောများ ပျောက်သွားခြင်းစသည်ဖြင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းမဆောင်ရွက်နိုင်သည့်ကာလတွင် ပိတ်သိမ်းပါမည်။ စီမံကိန်းပိတ်သိမ်းရန် (၁)နှစ်အလိုတွင်မိုင်းပိတ်သိမ်းမည့် အသေးစိတ်အစီအစဉ်များအား တင်ပြပါမည်။

၈.၅ အစီအရင်ခံစာရေးသားသူ၏ ကတိဝန်ခံချက်

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုတွင် လုပ်ကွက်အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာအား ဝန်းကျင်ဗေဒဆိုင်ရာပညာရှင်မှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေရေးနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံချက်ပါ အချက်အလက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့်အညီ တိကျစွာလိုက်နာ၍ ပြည့်စုံစေရန် ရေးဆွဲတင်ပြထားသည်မှာ မှန်ကန်ပါကြောင်းနှင့် ကတိကဝတ်ဇယားပါအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

ဦးရဲသွေးနောင်
(စီမံကိန်းလုပ်ကွက်တာဝန်ခံဒါရိုက်တာ)

ဦးခွန်သက်အောင်
(ဝန်းကျင်ဗေဒပညာရှင်)

၈.၆ စီမံကိန်းများနှင့်သက်ဆိုင်သည့် လုပ်ငန်းရှင်၏ကတိကဝတ်

ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာ (IEE) တွင် ပါရှိသောအချက်အလက်များ တိကျခိုင်မာကြောင်းနှင့် ပြည့်စုံပါကြောင်း အစီအရင်ခံစာပါ အချက်အလက်များကို လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများကို တိကျစွာလိုက်နာ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ဆောင်ရွက်ထားပါသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်၊ လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများလျော့နည်းစေရေးအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာ(ပါ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို အပြည့်အဝအစဉ်အမြဲလိုက်နာသွားမည် ဖြစ်ပါကြောင်းနှင့် ဖော်ပြပါ ကတိကဝတ်အတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လက်မှတ်ရေးထိုးဝန်ခံကတိပြုပါသည်။

၉.၀ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများနှင့်လျော့နည်းစေရန်ဆောင်ရွက်မည့်လုပ်ငန်းများ အကျဉ်းချုပ်

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ SGU (271) လုပ်ကွက်တွင် ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများမှာ အသုံးပြုမည့်အဆောက်အဦးများ တည်ဆောက်ခြင်းနှင့် မြေနေရာရှင်းလင်းခြင်းမှ အပေါ်ယံ မြေဆီလွှာနှင့်သစ်ပင်များဆုံးရှုံးခြင်း၊ သတ္တုတွင်းတူးဖော်ရာမှ မြေအောက်စိမ့်ထွက်ရေများရှိခြင်း၊ စွန့်ပစ်မြေစာ၊ စွန့်ပစ်ကျောက်တို့ထွက်ရှိခြင်းမှ မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းစေနိုင်ခြင်း၊ ယမ်းဖောက်ခွဲမှုကြောင့် ဆူညံသံနှင့်တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများဖြစ်ပေါ်စေနိုင်ခြင်း၊ သတ္တုတွင်းတူးဖော်မှုကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်များ ဖြစ်ပေါ် စေနိုင်ခြင်းစသည်ဖြင့် လုပ်ငန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ဆိုးကျိုး သက်ရောက်မှုများရှိနိုင်ပါသည်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများရရှိ စေခြင်း၊ သတ္တုတွင်းတူးဖော်မှုဆိုင်ရာ နည်းပညာရပ်များရရှိစေခြင်း ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကုမ္ပဏီမှ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ခြင်း၊ နိုင်ငံတော် အတွက်အခွန်အခများရရှိခြင်း၊ သတ္တုတွင်းအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်းစသည့်ကောင်းကျိုး သက်ရောက်မှုများလည်း ရှိနိုင်ပါသည်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးစေရန် မြေအောက် တူးဖော်မှုစနစ်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြေပေါ်ရေ ၊ မြေအောက်ရေညစ်ညမ်း မှုမရှိစေရန် မြေအောက်စိမ့်ထွက်ရေ အရည်အသွေးများ ပုံမှန်စစ်ဆေးမှုများ ပြုလုပ်၍ လိုအပ်ပါက ထိခိုက်မှုလျော့နည်းစေမည့် အစီအမံများဖြင့် ဆောင်ရွက်သွားပါမည်။ မြေအောက်စိမ့်ထွက်ရေများကို အထွေထွေသုံးရေအဖြစ် အသုံးပြုမည်ဖြစ်ပြီး အထွေထွေသုံးစွန့်ပစ်ရေများအား ပြင်ပသို့ စေလွှတ်ခြင်းမပြုဘဲ စိုက်ခင်းသုံးရေအဖြစ် ပြန်လည်အသုံး မည်ဖြစ်ပါသည်။ စွန့်ပစ်ကျောက်များအား တူးဖော်ရေးလုပ်ငန်း ခေါင်းစားများတွင် ရှေ့စား နောက်ဖို့ (Back Filling) စနစ်ဖြင့် ပြန်လည် အသုံးပြုမည်ဖြစ်ပါသည်။ ပိုလျှံသော ဂဲစာများအား လုပ်ကွက်ဧရိယာအတွင်း လတ္တီတွဒ် (22° 42' 45.62" N) နှင့် လောင်ဂျီတွဒ် (96° 01' 32.23" E)တွင် အလျား (၂၀၀) အနံ (၁၀၀) အမြင့် (၁၅) ပေ အကျယ်အဝန်းအစောင်း ၆၀° ဒီဂရီဖြင့် စနစ်တကျ စုပုံထားရှိပါမည်။ မိုးရေတိုက်စား၍ စီးမျောမှုမရှိစေရ စွန့်ပစ်ဂဲစာ ပုံပတ်လည်တွင် ရေနုတ်မြောင်းများတူးဖော်ထားရှိပြီး နှုန်းစစ် ကန်ဖြင့် စုဆောင်းထားရှိပါမည်။ စွန့်ပစ်ဂဲစာပုံမှ မြေအောက်စိမ့်ရေ ယိုစိမ့်မှုများမရှိစေရန် ရွံ့စေးများဖြင့် အောက်ခံဖိကြိတ်၍ ဆောင်ရွက်ထားပါမည်။ စီမံကိန်းလုပ်ကွက် ဧရိယာအတွင်း သတ္တုတွင်း

တူးဖော်သည့်နေရာနှင့် စွန့်ပစ်ဂဲစာစုပုံကွင်းသည် ပေ(၄၀၀)ခန့်သာ ကွာဝေးသောကြောင့် စွန့်ပစ်ဂဲစာများ သယ်ယူမှုကြောင့် ထိခိုက်နိုင်မှုနည်းပါးပါသည်။ သယ်ယူရာတွင် ယိုဖိတ်လွင့်စင်မှုမရှိစေရန် မိုးကာအုပ်၍ သယ်ဆောင်ခြင်း အမှုန်အမွှားများ လွင့်ထွက်မှုမရှိစေရန် သယ်ယူရာ လမ်းတစ်လျောက် အချိန်နှင့်တစ်ပြေးညီ ရေဖျန်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ပါမည်။

၉.၁ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်အစီအစဉ်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ရန်ပုံငွေကျပ် (သိန်း ၄၀၀) (ကျပ်သိန်းလေးရာ) လျာထားသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများဖြစ်သော မြေအောက်သတ္တုတူးဖော်မှု သတ္တုတွင်းအားပြန်လည်မြေဖို့ပြုပြင်ခြင်း၊ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် လုံခြုံစွာပိတ်ဆို့ကာရံခြင်း။ အသုံးပြုထားသောမြေနေရာများအား သင့်လျော်သော မြေယာအသုံးချမှုလုပ်ငန်းတစ်ရပ်ဖော်ဆောင်နိုင်သည်အထိ ဆောင်ရွက်ခြင်း ပိတ်သိမ်းပြီးကာလတွင် မြေဆီလွှာညစ်ညမ်းခြင်း၊ မြေပေါ်ရေ၊ မြေအောက်ရေ ညစ်ညမ်းခြင်း၊ တူးဖော်ပြီး ကျင်းဟောင်းများပိတ်သိမ်းထားမှုအခြေအနေများအား စစ်ဆေးခြင်းနှင့် အစားထိုးစိုက်ပျိုးထားသော သစ်ပင်များရှင်သန်ရေးအတွက် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ပြီး မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် မိုင်းသိမ်းခြင်းရန်ပုံငွေအဖြစ် ငွေကျပ်သိန်း (၈၀) (ကျပ်သိန်းရှစ်ဆယ်) လျာထားသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံလောက်မှုမရှိပါက အထွေထွေရန်ပုံငွေမှလွှဲပြောင်းသုံးစွဲသွားမည်ဖြစ်ပြီး ကုမ္ပဏီမှအပြည့်အဝ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းပြီးနောက် (၅) နှစ်ကြာသည်အထိ စောင့်ကြပ်ကြည့်ရှုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀.၀ အများပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း

စီမံကိန်းလုပ်ငန်း အဆိုပြုစတင်ရန် ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာရေး လုပ်ငန်းများကွင်းဆင်းဆောင်ရွက်စဉ် အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးထားခြင်းဖြစ်ပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခွင့်ရရှိချိန်တွင် ဒေသခံအများပြည်သူများဖြင့် စဉ်ဆက်မပြတ်တွေ့ဆုံ ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး ရှင်းလင်းဆွေးနွေးချက်များ ၊ ဒေသခံများ၏ တောင်းဆိုချက်များ ကုမ္ပဏီမှဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ဆွေးနွေးခြင်းရလဒ်များကို ဓာတ်ပုံမှတ်တမ်းများနှင့်အတူ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကွင်းဆင်းဆောင်ရွက်စဉ် စီမံကိန်းအဆိုပြုဧရိယာနှင့် အနီးစပ်ဆုံးကျည်တောက်ပေါက်ကျေးရွာတွင် ဒေသခံများဖိတ်ခေါ်တွေ့ဆုံ၍ ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးရာတွင် ကုမ္ပဏီအနေဖြင့် အဆိုပြုဧရိယာအား ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများဆောင်ရွက်ရန် လျှောက်ထားလို၍ ပဏာမကွင်းဆင်းလေ့လာခြင်းဖြစ်ပါကြောင်း ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိပါက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးရာ မြေအောက်တူးဖော်ရေးစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ထွက်ပေါ်လာနိုင်သော ဆူညံသံများအနေဖြင့်လည်း ဒေသခံပြည်သူများ တည်ရှိရာနေရာနှင့်အလှမ်းကွာ၍ ထိခိုက်နိုင်မှုနည်းပါးစေမှာဖြစ်ပါကြောင်း၊ ဆူညံသံထွက်ပေါ်မှုကိုလည်း အတတ်နိုင်ဆုံးလျော့ချဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းမှ အန္တရာယ်ရှိနိုင်သော စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျသိမ်းဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ထိခိုက်နိုင်မှုများကိုလည်း စောင့်ကြပ်ကြည့်ရှုအဖွဲ့များဖြင့် စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၊ စီမံကိန်းလုပ်ငန်းများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ဒေသခံပြည်သူများနှင့်သာ ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းအား ကုမ္ပဏီ၏ အကျိုးအမြတ်တစ်ခုသာလျှင် ဦးတည်ဆောင်ရွက်သွားမှာမဟုတ်ဘဲ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးများကိုပါ ရှေ့ရှုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတို့ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ရာ ဒေသခံပြည်သူများမှ မိမိတို့ဒေသတွင် စီမံကိန်းလုပ်ငန်းများရောက်ရှိလာ၍ ဒေသဖွံ့ဖြိုးတိုးတက် စည်ကားလာမည်ဖြစ်၍ ဝမ်းသာကြိုဆိုပါကြောင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်စေရေး အတွက် အခွင့်အလမ်းများဆောင်ရွက်ပေး၍ တွဲဖက်ဆောင်ရွက်သွားစေလိုကြောင်း၊ ဒေသ၏ လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေး၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်းတို့ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြရာ ကုမ္ပဏီအနေဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက် ပေးသွားမှာဖြစ်ပါကြောင်း ကုမ္ပဏီမှလိုအပ်သော ပစ္စည်းများကိုလည်း ဒေသဆိုင်များမှ ဝယ်ယူအားပေးဆောင်ရွက်သွားမှာဖြစ်ပါကြောင်းတို့နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် အဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတို့နှင့် စီမံကိန်းများ ဆောင်ရွက်စဉ် (၂) လတစ်ကြိမ်တွေ့ဆုံ၍ ညှိနှိုင်းတိုင်ပင်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်းတို့ဖြင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

စီမံကိန်းမတင်မီ အကြိုတွေ့ဆုံဆွေးနွေးပွဲ၌ ဒေသခံပြည်သူ (၃၀) ဦးတက်ရောက်၍ ဆွေးနွေးခဲ့ကြပါသည်။ စီမံကိန်းများ ဆောင်ရွက်ခွင့် ရရှိချိန်တွင် ဒေသခံပြည်သူများနှင့် (၂) လတစ်ကြိမ်တွေ့ဆုံညှိနှိုင်း၍ အများပြည်သူများ၏ အကြံပြုချက်များ၊ပြဿနာများ ဆွေးနွေးတင်ပြခဲ့သည့် ဒေသခံများ၏

အမည်နှင့်အချက်အလက်တို့အား တိကျစွာဖော်ပြ၍ ဆွေးနွေးခြင်း၊ ဝေဖန်အကြံပြုချက်များ ဆောင်ရွက်ပေးနိုင်သည့်အစီအစဉ်များအား ထည့်သွင်းဖော်ပြ၍ တင်ပြသွားမည်ဖြစ်ပါသည်။

ကနဦးပတ်ဝန်းကျင်အစီရင်ခံစာပါ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ လူမှုပတ်ဝန်းကျင် ထိခိုက်နိုင်မှုများနှင့် ထိခိုက်မှုများအား လျော့ချဆောင်ရွက်ထိန်းသိမ်းဆောင်ရွက်သွားမည့်အစီအစဉ်များအား ဒေသဆိုင်ရာအဖွဲ့အစည်းနှင့် အခြားအကျိုးသက်ဆိုင်သူများသိရှိနိုင်ရန် ပြည်တွင်းရှိသတင်းလုပ်ငန်းများအားလည်းကောင်း၊ စာကြည့်တိုက်နှင့် အများပြည်သူစုဝေးနိုင်ရာနေရာများတွင်လည်းကောင်း၊ လုပ်ကွက်စီမံကိန်းရုံးတွင်လည်းကောင်း၊ စီမံကိန်းဧရိယာတွင် စာတမ်းဆိုင်းဘုတ်များဖြင့်လည်းကောင်း၊ အများပြည်သူများ သိရှိနိုင်ရန် လုံလောက်သော အချိန်ကာလအထိ အားလုံးသိရှိနိုင်ရန် သင့်တော်သောနည်းလမ်းများဖြင့် အသိပေးကြော်ငြာသွားမည်ဖြစ်ပါသည်။

အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို (၁၀.၁၁.၂၀၁၇) ရက်နေ့တွင် ကျည်တောက်ပေါက်ကျေးရွာ၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၁၁.၀ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရန်ပုံငွေလျာထားချက်

၁၁.၁ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်

စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုများ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းအတွက် စီမံကိန်းဒါရိုက်တာ ဦးဆောင်သော စောင့်ကြပ်ကြည့် ရှုစစ်ဆေးရေးလုပ်ငန်းကော်မတီကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းထားရှိပါသည် -

- ❖ စီမံကိန်းဒါရိုက်တာ - ဥက္ကဋ္ဌ
- ❖ စီမံကိန်းတာဝန်ခံ - တာဝန်ခံ
- ❖ ရုံးအဖွဲ့မှူး(ဆက်ဆံရေး) - အဖွဲ့ဝင်
- ❖ ဘူမိဗေဒပညာရှင် - အဖွဲ့ဝင်
- ❖ စာရင်းကိုင် - အဖွဲ့ဝင်
- ❖ ကြီးကြပ်ဝန်ထမ်း ၅ ဦး - အဖွဲ့ဝင်
- ❖ ကျန်းမာရေးမှူး - အဖွဲ့ဝင်

လုပ်ကွက်ဧရိယာအတွင်း ရှာဖွေစမ်းသပ်တူးဖော်မှု လုပ်ငန်းအဆင့်ဆင့်ကြောင့် ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်များအား လျော့နည်းသက်သာစေရေးအတွက် စောင့်ကြပ်

ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းအဆင့်အလိုက် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်ကို စောင့်ကြပ်ကြည့်ရှုရမည့်အချိန်တွင် လက်ရှိပတ်ဝန်းကျင် အခြေအနေများသည် လုပ်ငန်းလည်ပတ်စဉ် ကာလအတွင်းတွင် ကွာခြားလာမှု၊ ထိခိုက်မှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရန် အတွက် Ambient ရှိ မြေပေါ်/ မြေအောက် ရေအရည်အသွေး၊ လေထုအရည်အသွေး၊ မြေထုအရည်အသွေးနှင့် ဆူညံသံတို့ကိုဖြစ်ပေါ်စေသည့် မူလအရင်းအမြစ်နေရာလိုက်နာမှတ်များ (Point of Compliance လတ္တီတွဒ်၊ လောင်ဂျီကျူအမှတ်များ) တွင် ထပ်မံစောင့်ကြပ်ကြည့်ရှုမည်ဖြစ်ကြောင်းနှင့် တိုင်းတာမည့်အကြိမ်ရေ၊ အချိန်ကာလ၊ စောင့်ကြပ် ကြည့်ရှုမည့် Parameter များအား ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်ဇယားတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အချိန်အပိုင်းအခြား အလိုက် ဆောင်ရွက်မည်ဖြစ်ပါသည်။ ကုမ္ပဏီသည် စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာကို ကြိုတင်ရေးဆွဲထားပြီး (၆)လတစ်ကြိမ် သက်ဆိုင်ရာဌာနများသို့ တင်ပြသွားပါမည်။ စီမံကိန်းလုပ်ကွက်အတွင်းရှိ လိုက်နာမှတ်များပြ ကောင်းကင်မြေပုံကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။ စောင့်ကြပ်ကြည့်ရှုခြင်းအတွက် ရန်ပုံငွေကျပ်သိန်း (၇၀)အား လျာထား ဆောင်ရွက်သွားပါမည်။

၁၁.၂ ဆူညံမှုနှင့်တုန်ခါမှုတိုင်းတာစစ်ဆေးခြင်းလိုက်နာမှတ်(Point Of Complaince)

စီမံကိန်းလုပ်ငန်းအဆင့်ဆင့်တွင် ယာဉ်/ယန္တရားများ၊ မီးစက်၊ ရေစက်၊ လေစက်၊ မြေတူးစက်အသုံးပြုပြီး ရွှေသတ္တုရှာဖွေတူးဖော်နေရမှုကြောင့် ဆူညံမှုနှင့်တုန်ခါမှု များဖြစ်ပေါ်မှု အခြေအနေများအား အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ ရှိစေရေးအတွက် စစ်ဆေးသွားမည်ဖြစ်ပါသည်။

ဆူညံမှုနှင့်တုန်ခါမှုလိုက်နာမှတ်အား မြေအောက်သတ္တုတူးဖော်ခြင်းလုပ်ငန်း အနီး ပတ်ဝန်းကျင်၊ မီးစက်၊ အင်ဂျင်စက်များအနီးပတ်ဝန်းကျင်နေရာများတွင် ပတ်ဝန်းကျင်

အပေါ်သက်ရောက်မှု၊ပြောင်းလဲမှုများ ရှိ/မရှိ လိုက်နာမှတ်အဖြစ်ထားကာ ထပ်မံစောင့်ကြပ်ကြည့်ရှုပါမည်။

လိုက်နာမှတ်		စောင့်ကြပ်ကြည့်ရှုမည့် (Parameter)	စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ
လာဒ်	လောင်		
22°42' 43.27"	96°01' 30.18"	လက်ခံနေရာအတွင်း၊အပြင်လက်ခံရာနေရာများ၏ (dBA)	(၆)လ တစ်ကြိမ်

၁၁.၂.၁ အရေးယူဆောင်ရွက်ခြင်း

ဆူညံသံအား (70)dBA အောက်နှင့် တုန်ခါမှုအား (0.02)ft/sec အတွင်း ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ မီးစက်၊ လေပေးစက်၊ ရေစုပ်စက်အစရှိသည့် စက်ကရိယာများ၏ ဆူညံသံမှာ သတ်မှတ်ချက်ထက်ကျော်လွန်မှုမရှိစေရ ဓာတ်ဆီ၊ အင်ဂျင်ဝိုင်ဆီများလဲလှယ်ခြင်း၊ အိတ်ဇောပိုက်များတပ်ဆင်ခြင်း၊ အသံလုံစနစ်များ တပ်ဆင်ခြင်း စသည့်တို့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ညအချိန်တွင် သတ်မှတ် ဆူညံသံစံချိန်စံညွှန်းထက်ပိုနိုင်သည့် လုပ်ငန်းများလည်ပတ်ခြင်းမှ ရပ်နားထားပါမည်။

၁၁.၃ လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းလိုက်နာမှတ်(Point Of Complaince)

အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းကာလများအတွင်း လုပ်ကွက်သို့သွားရာလမ်းများ ဖောက်လုပ်ခြင်း၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦနှင့် ဝန်ထမ်းအိပ်ဆောင်များဆောက်လုပ်ရန် အပေါ်ယံမြေသားများအား ရှင်းလင်းဖယ်ရှားခြင်း၊ မြေအောက်လိုဏ်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသောကြောင့် ဖုန်မှုန့်နှင့် မီးခိုးငွေ့များ ထွက်ရှိပါသည်။ လေထုအရည်အသွေး လိုက်နာမှတ်အား လုပ်ကွက်အတွင်း လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကအချက်အခြာကျသော ယာဉ်များအသွားအလာများသည့်နေရာတွင် ဖုန်မှုန့်များ၊ အမှုန်အမွှား များပျံ့လွင့်မှုရှိသောကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု၊ ပြောင်းလဲမှုများရှိ/မရှိ လိုက်နာမှတ် အဖြစ်ထားကာ ထပ်မံစောင့်ကြပ်ကြည့်ရှုပါမည်။

လိုက်နာမှတ်		စောင့်ကြပ်ကြည့်ရှုမည့် (Parameter)	စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ
လာဒ်	လောင်		
22°42' 42.22"	96°01' 29.72"	CO(ppm),HCN(ppm),NO_2(ppb),NO (ppb),PM_{10}(µg/m^3),$PM_{2.5}$(µg/m3), SO_2 (ppb)	(၆)လ တစ်ကြိမ်

၁၁.၃.၁ အရေးယူဆောင်ရွက်ခြင်း

လုပ်ကွက်နှင့်ဝန်းကျင်၏ မူလလေအရည်အသွေးအား ထိခိုက်မှုမရှိစေရေး အမှုန်အမွှား ထွက်ရှိနိုင်သည့်နေရာများအား ရေဖျန်းခြင်း၊ ဖြုန်းစာများ သယ်ပို့ခြင်း ဆောင်ရွက်ရာတွင် အရှိန်လျှော့မောင်းနှင်စေခြင်း၊ လမ်းအားရေဖျန်းပေးခြင်း၊ သစ်ပင် များစိုက်ပျိုးခြင်း၊ စက်ယန္တရားများမှ အခိုးအငွေ့များထွက်ရှိမှု လျော့နည်းစေရေး စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၁.၃.၂ အနှံ့အသက်

စီမံကိန်းဧရိယာနှင့် အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများလက်မခံနိုင်သော ဆိုးရွားသော အနှံ့အသက်နှင့် အန္တရာယ်ဖြစ်စေသော အနှံ့အသက်များ မထွက် ရှိစေရေးအတွက် အနှံ့ထွက်သော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ ထုတ်ပိုး သိမ်းဆည်းပြီး ကျင်းများအတွင်းထည့်၍ မြေဖို့မြှုပ်နှံခြင်းဖြင့် ထိန်းချုပ်စီမံ ဆောင်ရွက်ခြင်းလုပ်ငန်းအား ထူးခြားမှုရှိသော အချိန်ကာလတိုင်းတွင် စစ်ဆေးသွား မည်ဖြစ်ပါသည်။

၁၁.၄ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်းလိုက်နာမှတ်(Point Of Complaince)

မြေပေါ်ရေနှင့် အခြေစိုက်စခန်းမှ စွန့်ထုတ်ရေများအား ရေစစ်ကန်မှတစ်ဆင့် စွန့်ထုတ်ပြီးမှ စွန့်ပစ်ရန်နှင့် ARD (Acid Rock Draimage)ဖြစ်နိုင်ခြေ ရှိ /မရှိ သိရှိနိုင်ရန် စတင်ထုတ်လွှတ်ရာနေရာ (အရင်းအမြစ်)တွင် မြေပေါ်လိုက်နာမှတ်အဖြစ်ထားရှိကာ လုပ်ကွက် အပြင်ကပ်လျက်ရှိသော စိမ့်ထွက်ရေများအားစမ်းသပ်တိုင်းတာစစ်ဆေးသွားမည် ဖြစ်ပါသည်။

လိုက်နာမှတ်		စောင့်ကြပ်ကြည့်ရှုမည့် (Parameter)	စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ
လာဒ်	လောင်		
22˚42' 33.27"	96˚01' 20.32"	Arsenic(mg/lit),Mercury(mg/lit),Cadmium(mg/lit),Cyanide(mg/lit),Lead (mg/lit),pH,Total Suspended Solids (mg/lit), Chemical Oxygen Demand (mg/lit).	(၆)လ တစ်ကြိမ်

မြေအောက်လိုဏ်တူးဖော်မှုမှ ထွက်ရှိလာမည့် မြေအောက်ရေကြောင့် (Acid Mine Drainage AMD)ဖြစ်ပေါ်နိုင်ခြင်း၊ ဓာတ်ဆီချောဆီယိုဖိတ်မှုများကြောင့် မြေအောက်ရေထိခိုက်မှုလျော့နည်းစေရန် ရေ၏(pH)ကိုထူးခြားမှုရှိချိန်တိုင်း လစ်တမတ်စက္ကူဖြင့် တိုင်းတာစစ်ဆေးခြင်းနှင့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခင်ဒေသခံများ တူးဖော်ထားရှိသော စိုက်ကျင်းမှ မြေအောက်ရေအရည်အသွေးအား မြေအောက်ရေ လိုက်နာမှတ်အဖြစ်ထားရှိကာ စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လိုက်နာမှတ်		စောင့်ကြပ်ကြည့်ရှုမည့် (Parameter)	စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ
လာဒ်	လောင်		
22˚42'49.23"	96˚01' 38.02"	Arsenic(mg/lit),Mercury(mg/lit),Cadmium(mg/lit),Cyanide(mg/lit),Lead (mg/lit),pH,Total Suspended Solids (mg/lit), Chemical Oxygen Demand (mg/lit).	(၆)လ တစ်ကြိမ်

၁၁.၄.၁ အရေးယူဆောင်ရွက်ခြင်း

သတ္တုတွင်း မြေအောက်ရေစီမံထွက်ရေသုံးစွဲမှုပမာဏ၊ ရေအရည်အသွေးများအား မှတ်တမ်းထားရှိမည်ဖြစ်ပါသည်။ လုပ်ငန်းသုံးစွန့်ပစ်ရေများကို ဖော်ပြပါအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စွန့်ထုတ်အရည် အဆင့်သတ်မှတ်ချက်များအတိုင်း စောင့်ကြပ်ကြည့်ရှုစစ် ဆေးသွားမည်ဖြစ်ပါသည်။

၁၁.၅ စွန့်ပစ်ဂဲစာ၊ စွန့်ပစ်မြေစာနှင့် မြေဆီလွှာများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း လိုက်နာမှတ် (Point Of Complaince)

သတ္တုတူဖော်ရေးလုပ်ကွက်အတွင်း မြေအောက်တူးဖော်ရေးလုပ်ငန်းများမှ စွန့်ပစ်မြေစာ၊ စွန့်ပစ်ဂဲစာများ ထွက်ရှိပါသည်။ စနစ်တကျစွန့်ပစ်ခြင်းမရှိပါက အနည်အနှစ်များ တိုက်စား၍ ပတ်ဝန်းကျင်ရှိ မြေဆီလွှာများအား ဖုံးအုပ်ခြင်း၊ ရေစီးရေလာပိတ်ဆို့ခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ စွန့်ပစ်မြေစာ၊ ဂဲစာများကို စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ကွက်အတွင်း စွန့်ပစ်မြေစာများ၊ စွန့်ပစ်ဂဲစာများ စုပုံသည့်နေရာမှ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု၊ ပြောင်းလဲမှုများရှိ/မရှိသိရှိနိုင်ရန် စမ်းသပ်စစ်ဆေးမည့်နေရာ လိုက်နာမှတ်ထားရှိကာ ထပ်မံစောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။ မြေအောက်တူးဖော်ရေးလုပ်ငန်းမှ ထွက်ရှိသော အပေါ်ယံစွန့်ပစ်မြေစာနှင့် စွန့်ပစ်ကျောက် (Waste Rock)များမှာ နီညိုရောင်ရှိသော ရွှံစေးမြေများနှင့် ရွှံကျောက်များဖြစ်ပါသည်။ မြေအောက်တူးဖော်ရေးမှ ထွက်ရှိသော စွန့်ပစ်ကျောက်များမှာ မီးသင့်ကျောက်နှင့် အသွင်ပြောင်းကျောက်များဖြစ်ပြီး အက်ဆစ်ယိုစီးစေသော ကျောက်များ ပါဝင်မှုမရှိပါ။

လိုက်နာမှတ်		စောင့်ကြပ်ကြည့်ရှုမည့် (Parameter)	စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ
လာဒ်	လောင်		
22°42' 45.62"	96°01' 32.23"	Moisture Content, pH, Organic Carbon(%), Total Nitrogen(%), Exchangeable Cations(Ca^{++}, Mg^{++}, Na^{++},K^{+})mg/100g, K_2O(mg/100g), P(ppm)	(၆)လ တစ်ကြိမ်

၁၁.၅.၁ အရေးယူဆောင်ရွက်ခြင်း

စွန့်ပစ်မြေစာ၊ ဂဲစာများပြုကျခြင်း၊ တိုက်စားခြင်းမရှိစေရေးအတွက် အဆင့်များဖော်ခြင်း၊ အပေါ်ယံနှင့် ဘေးနံရံများတွင် သစ်ပင်များနှင့် မြေဆီလွှာထိန်းအမြစ်ရှည်မြက်ပင်များ စိုက်ပျိုးခြင်း၊ လိုအပ်ပါက မြေထိန်းနံရံများတည်ဆောက်ခြင်း၊ ဆက်သွယ်ရေးလမ်းများ ဖောက်လုပ်ပြုပြင်ရာတွင် ပြန်လည်အသုံးပြုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၁.၆။ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှုစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း

လုပ်ကွက်ဧရိယာအတွင်း စွန့်ပစ်အမှိုက်များ၊ စက်သုံးဆီများ၊ ချောဆီများ ယိုဖိတ်မှုမှ မြေဆီလွှာညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်သောကြောင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု၊ ပြောင်းလဲလာမှုများရှိ/မရှိသိရှိနိုင်ရန် လုပ်ကွက်အတွင်းရှိ စွန့်ပစ်အမှိုက်ကျင်းအနီး၊ စက်သုံးဆီနှင့် စက်အင်ဂျင်များထားရှိသည့်နေရာတွင် စွန့်ပစ်ပစ္စည်းများလိုက်နာမှုတ် အဖြစ်ထားရှိကာထပ်မံစောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

လိုက်နာမှုတ်		စောင့်ကြပ်ကြည့်ရှုမည့် (Parameter)	စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ
လာဒ်	လောင်		
22°42' 46.74"	96°01' 27.50"	Biological oxygen demand, Chemical oxygen demand, Oil and grease, pH, Total coliform bacteria, Total nitrogen, Total phosphorus, Total suspended solids.	(၆)လ တစ်ကြိမ်

၁၁.၆.၁။ အရေးယူဆောင်ရွက်ခြင်း

စက်သုံးဆီ၊ အမဲဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်များ ယိုဖိတ်မှုမရှိစေရန် စနစ်တကျသိုလှောင်ခြင်း၊ အဟောင်းများကို စနစ်တကျထားရှိသိုလှောင်၍ ပြန်လည်ရောင်းချခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စွန့်ပစ်ပလတ်စတစ် အမှိုက်များအား လေးပေပတ်လည် Concrete Waste Tank များ ပြုလုပ်၍ စနစ်တကျ စွန့်ပစ်သွားမည်ဖြစ်ပါသည်။

၁၁.၇ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစစ်ဆေးခြင်း

စီမံကိန်းရှိဝန်ထမ်းများ၊ လုပ်သားများနှင့် လုပ်ကွက်အနီး ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့်ဘေး အန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများအား လုပ်ကွက်တွင် ကျန်းမာရေးမှူးတစ်ဦးခေါ်ယူထားပြီး သက်ဆိုင်ရာမြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ဆေးဘက်ဆိုင်ရာပညာရှင်များနှင့် အမြဲ မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ပါသည်။

၁၁.၈ မြေအောက်တူးဖော်ရေး ဘေးအန္တရာယ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း

မြေအောက်သတ္တုတွင်းတူးဖော်မှုကြောင့် ကျင်းပြိုကျခြင်း၊ လုပ်ငန်းသံးပစ္စည်းများ၏ လျပ်စစ်ပိုင်းအန္တရာယ်ကျရောက်နိုင်ခြင်း၊ ယမ်းကွဲမှုကြောင့် ထိခိုက်နိုင်ခြင်း၊ မြေအောက် လေပြတ်လတ်မှုကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်းတို့ဖြင့် ထိခိုက်နိုင်ပါသည်။

သတ္တုတွင်း၏ ကျောက်သားမြေသားများ ပြိုကျပျက်စီးမှုမရှိစေရန် သံပန်းများ သစ်သားများဖြင့် အမိုးအကာများကို ခိုင်ခန့်စွာတည်ဆောက်သွားပါမည်။ လုပ်ငန်းသုံး ပစ္စည်းများ၏ လျပ်စစ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ မဖြစ်ပေါ်စေရန် လျပ်စစ်တာဝန်ခံမှ ဝါယာလိုင်းများ၊ အသုံးပြုပစ္စည်းများကို လုပ်ငန်းခွင်မဆင်းမီ ကြိုတင်စစ်ဆေးဆောင်ရွက် သွားပါမည်။ ယမ်းပေါက်ခွဲမှုအခြေအနေများကို စစ်ဆေးကြီးကြပ်ဆောင်ရွက်ပါမည်။ မြေအောက်လေပြတ်လပ်မှုကြောင့် ဘေးအန္တရာယ်မဖြစ်ပေါ်စေရန် လေပိုက်လိုင်းများ စစ်ဆေးခြင်း၊ လေပေးစက်များ စစ်ဆေးခြင်း၊ အရံလေပေးစက်များထားရှိခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျင်းပိုင်းဆိုင်ရာ တာဝန်ခံမှုကြီးကြပ်၍ စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၁.၉ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အဖွဲ့

ကုမ္ပဏီ၏ရွှေသတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုး ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် အမြဲမပြတ်စောင့်ကြပ်ကြည့်ရှုသွားရမည့် အောက်ဖော်ပြပါ(၅)ဦး ပါဝင်သော စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့တွင် ပါဝင်သူများနှင့် အဖွဲ့၏တာဝန်များ -

- စီမံကိန်းတာဝန်ခံဒါရိုက်တာ (၁) ဦး အဖွဲ့ခေါင်းဆောင်
- ဝန်းကျင်ဗေဒပညာရှင် (၁) ဦး အဖွဲ့ဝင်
- ဘူမိဗေဒပညာရှင် (၁) ဦး အဖွဲ့ဝင်
- ကျန်းမာရေးမှူး (၁) ဦး အဖွဲ့ဝင်
- ရပ်မိ / ရပ်ဖ (၂) ဦး အဖွဲ့ဝင်

စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- လုပ်ငန်းခွင်အတွင်း နေ့စဉ်လှည့်လည် ကြည့်ရှုစစ်ဆေး၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များအား လိုက်နာဆောင်ရွက်မှု ရှိ /မရှိ စစ်ဆေးရန်၊
- လုပ်ငန်းခွင်ဧရိယာ မြေသားပြောင်းလဲမှု၊ ဘေးအန္တရာယ်မဖြစ်စေရေး ကြည့်ရှု စစ်ဆေးရန်၊
- စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ဆူညံမှု၊ တုန်ခါမှု၊ စွန့်ပစ်ကျောက်၊ စွန့်ပစ်ရေ၊ လေထုအရည်အသွေး၊ တိုက်စားမှု၊ ပတ်ဝန်းကျင်ပြောင်းလဲမှုများကို လိုက်နာမှု ရှိ /မရှိ ကြည့်ရှုစစ်ဆေးရန်၊
- နေ့စဉ်လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ စစ်ဆေးခြင်း၊ မှတ်တမ်းများထားရှိပြီး ထူးခြားပြောင်းလဲမှုများကိုလည်း မှတ်တမ်းတင်ရန်၊
- စီမံကိန်းလုပ်ငန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့သည် ဒေသအတွင်း ရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့အား (၃)လ တစ်ကြိမ်တွေ့ဆုံတင်ပြဆက်သွယ်ဆောင်ရန်တို့ဖြစ်ပါသည်။

၁၁.၁၀ စီမံကိန်းလုပ်ငန်းအဆင့်တိုင်းတွင် သက်ရောက်မှုလျော့နည်းစေရန်နှင့် စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring and Mitigation Measure)

စီမံကိန်းလုပ်ငန်းစဉ်တခုလုံး (Mining Life Cycle)ဖြစ်သော၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ မိုင်းပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီး နောက်ပိုင်းအဆင့်စသည့်တို့၏ ထိခိုက်မှုအခြေအနေများကို နေ့စဉ်တာဝန်ယူစောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်နှင့် လျော့ချစေမည့် နည်းလမ်းများအား အောက်ဖော်ပြပါအတိုင်းလုပ်ဆောင်ပါမည်။

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် (လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းအဆင့်)

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်(လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်အဆင့်)					
စောင့်ကြပ်ကြည့်ရှုရမည့် နယ်ပယ်များ	**စောင့်ကြပ်စစ်ဆေးမည့်အမျိုးအစားများ**	**နေရာ**	**ကြိမ်နှုန်း**	**စစ်ဆေးမည့်သူ**	**ကြီးကြပ်မည့်သူ**
ယေဘုယျအခြေအနေ	• ထိခိုက်မှုလျော့ချရေးနည်းလမ်းများဆောင်ရွက်မှု၊တိုးတက်မှုအခြေအနေ။	• စီမံကိန်း ဧရိယာ	• (၃)လတစ်ကြိမ်	• စီမံကိန်းမန်နေဂျာ	• စီမံကိန်းဒါရိုက်တာ
လေထုအရည်အသွေ	• အခြေခံအချက်အလက်များစောင့်ကြပ်ကြည့်ရှုခြင်း။	• စီမံကိန်းဧရိယာ	• (၆)လ တစ်ကြိမ်	• စီမံကိန်းမန်နေဂျာ	• စီမံကိန်းဒါရိုက်တာ

်း	• စီမံကိန်းဧရိယာရှိ ပြည်သူလူထုထံမှရရှိသော တိုင်ကြားမှုများ။ • လေထုအရည် အသွေးစောင့်ကြည့် စစ်ဆေးခြင်း • မြေအောက်လုပ်ငန်းခွင်၌ကျန်းမာရေးနှင့် ညီညွတ်မှုရှိသောလေအရည်အသွေးပံ့ပိုးမှု အခြေအနေ။	• ပတ်ဝန်းကျင်ကျေးရွာများ • စီမံကိန်းဧရိယာ • မြေအောက်လုပ်ငန်းခွင်နေရာ	• ပေါ်ပေါက်ပါက • (၆)လ တစ်ကြိမ် • (၁) ပတ် တစ်ကြိမ်	• စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ • လုပ်ကွက်တာဝန်ခံ	• စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ
ရေအရည်အသွေး	• မြေပေါ်ရေအရည်အသွေး Secondary Data ရယူခြင်း။ • မြေအောက်ရေအရည်အသွေး Secondary Data ရယူခြင်း။ • (EQEG)ပါ စံနှုန်းများနှင့် ဒေသတွင်းရေအရည်အသွေးစစ်ဆေးမှတ်တမ်းတင်ခြင်း	• အနီးနားရှိ ချောင်းများ • အင်းအတွင်းမှ ထွက်ရှိသောရေ	• တစ်နှစ် နှစ်ကြိမ် • တစ်နှစ် နှစ်ကြိမ် • တစ်နှစ် နှစ်ကြိမ်	• စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ	• စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ
စွန့်ပစ်ပစ္စည်းများမှ မြေအရည်အသွေထိခိုက်မှု	• မြေအောက်အင်းတူးဖော်မှုမှ ထွက်ရှိလာသောစွန့်ပစ်ကျောက် စာများ။ • ဝန်ထမ်းလုပ်သားများ၏ စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်ရေနှင့်အညစ်အကြေးများ။ • ယာဉ်၊ စက်၊ ယန္တရားမှ ထွက်ရှိ သော စွန့်ပစ်စက်သုံးဆီ အဟောင်းများ။	• မြေအောက်အင်းလုပ်ငန်းခွင်။ • အုပ်ချုပ်မှုနေရာ။ • ဆီသိုလှောင်ရုံနှင့် ဝပ်ရှော့	• (၆)လ တစ်ကြိမ် • (၆)လ တစ်ကြိမ် • (၆)လ တစ်ကြိမ်	• စီမံကိန်းတာဝန်ခံ • စီမံကိန်းတာဝန်ခံ • စီမံကိန်းတာဝန်ခံ	• စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ
ဆူညံသံနှင့် တုန်ခါမှု	• စီမံကိန်းလုပ်ငန်းခွင်အတွင်း စောင့်ကြပ်ကြည့်ရှုခြင်း။ • မြေအောက်လုပ်ငန်းခွင်အတွင်းစောင့်ကြပ်ကြည့်ရှုခြင်း။ • စီမံကိန်းပတ်ဝန်းကျင်အနီး နေထိုင်သူများ၏တိုင်ကြားချက်များအား စီစစ်ခြင်း။	• ဓါတ်အားပေးရုံနှင့် ဝပ်ရှော့များ။ • မိုင်းခွဲလုပ်ငန်းစဉ်များ စီမံကိန်း • ဧရိယာဝန်းကျင်	• (၆)လ တစ်ကြိမ် • (၃)လ တစ်ကြိမ် • ပေါ်ပေါက်ပါက	• လုပ်ကွက်တာဝန်ခံ • လုပ်ကွက်တာဝန်ခံ • လုပ်ကွက်တာဝန်ခံ	• စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ
သစ်ပင်သစ်တော ထုတ်ယူသုံးစွဲမှုများ	• တည်ဆောက်ရေးလုပ်ငန်း ခွင်အတွက် သုံးစွဲခြင်း။ • နေထိုင်ရာအဆောက်အဦ များအတွက် သုံးစွဲခြင်း။ • အခြေခံအဆောက်အအုံများနှင့် မလွတ်ကင်းမှုကြောင့် ရှင်းလင်းခြင်း။	• စီမံကိန်း ဧရိယာ • စီမံကိန်း ဧရိယာ • စီမံကိန်း ဧရိယာ	• (၆)လ တစ်ကြိမ် • (၆)လ တစ်ကြိမ် • (၆)လ တစ်ကြိမ်	• စီမံကိန်းတာဝန်ခံ • စီမံကိန်းတာဝန်ခံ • စီမံကိန်းတာဝန်ခံ	• သစ်တောဦးစီးဌာန • စီမံကိန်းတာဝန်ခံ
ပြန်လည်နေရာချထားရေးနှင့်ဆက်စပ်ေသောလူမှုပတ်ဝန်းကျင်	• စီမံကိန်းကြောင့် ရွှေ့ပြောင်းနေရာချထားရခြင်းမရှိပါ။	-	-	-	-
HIV/ AIDS ကဲ့သို့သော ကူးစက်ရော	• ဒေသတွင်းကျန်းမာရေး မှတ်တမ်းများ။ • ဝန်ထမ်း/လုပ်သားများ၏ ကျန်းမာရေး၊ ရောဂါဖြစ်ပွားမှု မှတ်တမ်းများ။	• စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ	• (၆)လ တစ်ကြိမ် • (၃)လ တစ်ကြိမ်	• ကုမ္ပဏီဆေးမှူး • ကုမ္ပဏီ	• စီမံကိန်းမန်နေဂျာ • စီမံကိန်း

ဂါများ	• အသိပညာပေးဆောင်ရွက်ချက်မှတ်တမ်းများ။	• စီမံကိန်းဧရိယာ	• (၃)လ တစ်ကြိမ်	ဆေးမှူး • ကုမ္ပဏီဆေးမှူး	မန်နေဂျာ • စီမံကိန်းမန်နေဂျာ
လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု အပါအဝင် အလုပ်အကိုင် အခြေအနေ	• မိုင်းလုပ်သားများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာအစီအမံနှင့်လေ့ကျင့်မှုများဖြစ်စဉ် မှတ်တမ်းများ • ကုမ္ပဏီ၏ဘေးကင်းလုံခြုံမှုဆိုင်ရာစီမံချက်အတိုင်း လိုက်နာဆောင်ရွက်မှုများ။ • ပညာပေးလေ့ကျင့်မှု မှတ်တမ်းများ။	• အခြားစီမံကိန်းလုပ်ငန်းများ • စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ	• (ဖ)လ တစ်ကြိမ် • (၃)လ တစ်ကြိမ် • (၃)လ တစ်ကြိမ်	• ကုမ္ပဏီတာဝန်ခံ • ကုမ္ပဏီတာဝန်ခံ • ကုမ္ပဏီတာဝန်ခံ	• စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ
ယာဉ်မတော်တဆဖြစ်ပွားမှုများ	• ဆက်သွယ်ရေးလမ်းများ အခြေအနေနှင့်ယာဉ်များ၏ ကြံ့ခိုင်မှု။ • ဒေသတွင်းယာဉ်မတော်တဆမှု မှတ်တမ်းများ • ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာအသိပညာပေး လှုံ့ဆော်မှုမှတ်တမ်းများ။ •	• စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ	• (ဖ)လ တစ်ကြိမ် • (ဖ)လ တစ်ကြိမ် • (ဖ)လ တစ်ကြိမ်	• ကုမ္ပဏီတာဝန်ခံ • ကုမ္ပဏီတာဝန်ခံ • ကုမ္ပဏီတာဝန်ခံ	• စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ
အန္တရာယ်များ သော ပစ္စည်းများနှင့် စက်သုံးဆီစီမံခန့်ခွဲမှု	• အန္တရာယ်များသော ပစ္စည်းများ သိုလှောင်၊ ထိန်းသိမ်း၊ သုံးစွဲမှု အခြေအနေ။ စိမ့်ထွက်ခြင်း၊ ပျံ့လွင့်ခြင်းများ ဖြစ်နိုင်မှု။ • ဝန်ထမ်းလုပ်သားများအား ဘေးဖြစ်စေနိုင်သည့် ပစ္စည်းများအားကိုင်တွယ်/ အသုံးပြုနည်းသင်တန်းပေးခြင်း မှတ်တမ်း။	• စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ	• (၃)လ တစ်ကြိမ် • (၃)လ တစ်ကြိမ်	• ကုမ္ပဏီတာဝန်ခံ • ကုမ္ပဏီတာဝန်ခံ	• စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် (လုပ်ငန်းများဖျက်သိမ်းသည့်အဆင့်)

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်(လုပ်ငန်းများဖျက်သိမ်းသည့်အဆင့်)					
စောင့်ကြပ်ကြည့်ရှုရမည့် နယ်ပယ်များ	**စောင့်ကြပ်စစ်ဆေးမည့်အမျိုးအစားများ**	**နေရာ**	**ကြိမ်နှုန်း**	**စစ်ဆေးမည့်သူ**	**ကြီးကြပ်မည့်သူ**
ယေဘုယျအခြေအနေ	• ထိခိုက်နိုင်မှုများ လျော့ချရေးနည်းလမ်းများ ဆောင်ရွက်မှု၊ တိုးတက်မှု အခြေအနေ။	• စီမံကိန်းဧရိယာ	• (ဖ)လတစ်ကြိမ်	• စီမံကိန်းမန်နေဂျာ	• စီမံကိန်းဒါရိုက်တာ
လေထု	• လေထုအရည်အသွေး အခြေခံ	• စီမံကိန်းဧရိယာ	• တစ်နှစ်တစ်ကြိမ်	• စီမံကိန်း	• စီမံကိန်း

အရည်အသွေး	အချက်အလက်များနှင့် နောက်ဆုံး အခြေအနေများ တိုက်ဆိုင်စစ် ဆေးခြင်း။			မန်နေဂျာ	ဒါရိုက်တာ
	• စီမံကိန်းဧရိယာအနီးရှိ ပြည်သူ လူထုထံမှရရှိသော တိုင်ကြား မှုများ။	• စီမံကိန်းဧရိယာ	• (ဖ)လတစ်ကြိမ်	• စီမံကိန်း မန်နေဂျာ	• စီမံကိန်း ဒါရိုက်တာ
ရေအရည် အသွေး	• မြေပေါ်/မြေအောက်ရေ အရည် အသွေးများ ပြန်လည် တိုင်းတာ၍ အခြေခံအချက် အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း။	• စီမံကိန်းဧရိယာ	• (ဖ)လတစ်ကြိမ်	• စီမံကိန်း မန်နေဂျာ	• စီမံကိန်း ဒါရိုက်တာ
စွန့်ပစ်ပစ္စည်းမျ ား	• စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ထားသည့် နေရာများအခြေအနေနှင့် သက် ရောက်မှုများကို စစ်ဆေးခြင်း။	• စီမံကိန်းဧရိယာ	• (ဖ)လတစ်ကြိမ်	• စီမံကိန်း မန်နေဂျာ	• စီမံကိန်း ဒါရိုက်တာ
	• စွန့်ပစ်ပစ္စည်းများအတွက် လျှော့ချ ရေးအစီအစဉ်များ ထိရောက်မှု ရှိ/ မရှိ စစ်ဆေးခြင်း။	• စီမံကိန်းဧရိယာ	• (ဖ)လတစ်ကြိမ်	• စီမံကိန်း မန်နေဂျာ	• စီမံကိန်း ဒါရိုက်တာ
HIV/ AIDS ကဲ့သို့သော ကူးစက်ရောဂါမ ျား	• ဝန်ထမ်း၊ အလုပ်သမားများ၏ ရောဂါဖြစ်ပွားမှု မှတ်တမ်းများကို စိစစ်လေ့လာခြင်း။	• စီမံကိန်းဧရိယာ	• လစဉ်	• ကုမ္ပဏီ ဆေးမှူး	• စီမံကိန်း မန်နေဂျာ
	• ပညာပေးဆောင်ရွက်ချက်များ၏ ထိရောက်မှုကို ဆန်းစစ်ခြင်း။	• စီမံကိန်းဧရိယာ	• လစဉ်	• ကုမ္ပဏီ ဆေးမှူး	• စီမံကိန်း မန်နေဂျာ
လုပ်ငန်းခွင် ဆိုင်ရာဘေး အန္တရာယ်ကင်း ရှင်းမှု	• အခြားလုပ်ငန်းတူများ၏ စီမံကိန်း ဖျက်သိမ်းခြင်းတွင် တွေ့ရှိရသော အခက်အခဲနှင့် ကန့်သတ်ချက်များ။	• အခြားစီမံကိန်း လုပ်ငန်းများ	• လစဉ်	• ကုမ္ပဏီ တာဝန်ခံ	• စီမံကိန်း မန်နေဂျာ
	• မြေအောက် လုပ်ငန်းများအတွက် ဘေးအန္တရာယ်ဆိုင်ရာအကျိုး ဆက်များ။	• မြေအောက် လုပ်ငန်းခွင်	• လစဉ်	• ကုမ္ပဏီ တာဝန်ခံ	• စီမံကိန်း မန်နေဂျာ
ယာဉ်မတော် တဆဖြစ်ပွားမှု များ	• ယာဉ်မတော်တဆမှုမှတ်တမ်း များ။ • ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး အခြေအနေပြောင်းလဲချက်များ။	• စီမံကိန်းဧရိယာ	• လစဉ်	• ကုမ္ပဏီ တာဝန်ခံ	• စီမံကိန်း မန်နေဂျာ
အန္တရာယ်များ သော ပစ္စည်းများနှင့် စက်သုံး ဆီစီမံခန့်ခွဲမှု	• စွန့်ပစ်ဓာတုပစ္စည်းများစိမ့်ထွက် ခြင်း၊ ARD၊ AMDများ ဖြစ်နိုင်ခြေ အလားအလာ။	• စီမံကိန်းဧရိယာ စွန့်ပစ်မြေစာပုံ	• လစဉ်	• ကုမ္ပဏီ တာဝန်ခံ	• စီမံကိန်း မန်နေဂျာ
	• စွန့်ပစ်ပိုလျှံစက်သုံးဆီအင်ဂျင်ဝိုင်မ ျားအခြေအနေနှင့်စီမံခန့်ခွဲမှု	• ဆီသိုလှောင်ရုံ ဝပ်ရှော့များ	• လစဉ်	• ကုမ္ပဏီ တာဝန်ခံ	• စီမံကိန်း မန်နေဂျာ

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် (လုပ်ငန်းများဝိတ်သိမ်းခြင်းနှင့်ဝိတ်သိမ်းပြီးနောက်ပိုင်းအဆင့်)

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ် (လုပ်ငန်းများဝိတ်သိမ်းခြင်းနှင့်ဝိတ်သိမ်းပြီးနောက်ပိုင်းအဆင့်)					
စောင့်ကြပ်ကြည့်ရှုရမည့် နယ်ပယ်များ	စောင့်ကြပ်စစ်ဆေးမည့်အမျိုးအစားများ	နေရာ	ကြိမ်နှုန်း	စစ်ဆေးမည့်သူ	ကြီးကြပ်မည့်သူ
မြေထု ညစ်ညမ်းခြင်း	• မြေအရည်အသွေးပြောင်းလဲမှုကို စောင့်ကြပ်ကြည့်ရှုခြင်း။ • မြေယာဖွံ့ဖြိုးမှု အစီအစဉ်များ။ • သစ်ပင်များစိုက်ပျိုးဖြစ်ထွန်းမှုများ။	• စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ	• (၆)လတစ်ကြိမ် • (၆)လတစ်ကြိမ် • (၆)လတစ်ကြိမ်	• စီမံကိန်းတာဝန်ခံ	• စီမံကိန်းမန်နေဂျာ
ရေထု ညစ်ညမ်းခြင်း	• မြေပေါ်ရေအရည်အသွေး စောင့်ကြပ် ကြည့်ရှုခြင်း။ • မြေအောက်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်း။	• စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ	• (၆)လတစ်ကြိမ် • (၆)လတစ်ကြိမ်	• စီမံကိန်းတာဝန်ခံ • စီမံကိန်းတာဝန်ခံ	• စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ
လူမှုစီးပွားဘဝဖွံ့ဖြိုးမှု အစီအစဉ်	• ဒေသတွင်းပြည်သူလူထု၏အခြေအနေ။ • ကုမ္ပဏီဝန်ထမ်း/လုပ်သားများ၏ အခြေအနေ။	• စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ	(၁)နှစ် နှစ်ကြိမ် (၁)နှစ် နှစ်ကြိမ်	• စီမံကိန်းတာဝန်ခံ • စီမံကိန်းတာဝန်ခံ	• စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ

၁၁.၁၁ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု ရန်ပုံငွေလျာထားချက်

ကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့တွင် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ထိခိုက်နိုင်မှုများအတွက် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်အား ရေတိုရေရှည်ကာလအစီအစဉ်များဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး ထိခိုက်မှုပြုပြင်ခြင်း၊ လျော့ချခြင်း လုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် သိန်း(၇၀)အား ရန်ပုံငွေတစ်ရပ်အနေဖြင့်ထားရှိ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်သွားပါမည်။

၁၂.၀ မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာ

စီမံကိန်းလုပ်ကွက်တွင် လုပ်ငန်းဆောင်ရွက်စဉ်ကာလတွင် ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းများစတင် ဆောင်ရွက်စဉ်ထွက်ရှိသော စွန့်ပစ်ကျောက်များအား မိုင်းပိတ်သိမ်း သည့်ကာလ၌ မြေအောက်လိုဏ်အတွင်း ပြန်လည်ဖြည့်တင်းရန် သတ်မှတ်ထားသော စွန့်ပစ် ကျောက်ပုံနေရာတွင် စနစ်တကျစုပုံထားပါမည်။ ထပ်မံထွက်ရှိမည့် စွန့်ပစ်ကျောက်များအား မြေပေါ်သို့တင်ခြင်းမပြုဘဲ လုပ်ငန်းဆောင်ရွက်နေသည့်ကာလမှာပင် ရွှေသတ္တုရိုင်းများ ထုတ်လုပ်ပြီး ခေါင်းစားများပြို့ကျခြင်းမရှိစေရေးအတွက်လည်းကောင်း၊ သယ်ပို့မှုလုပ်ငန်း သက်သာလျော့နည်းစေရေးအတွက်လည်းကောင်း ပြန်လည်ဖြည့်သွင်းပါမည်။


လုပ်ငန်းများဆက်လက်ဆောင်ရွက်ခြင်းမပြုပါက အဆောက်အဦများ ပြန်လည်ဖျက်သိမ်း ခြင်း၊ စက်ကိရိယာများ ပြန်လည်သိမ်းဆည်းခြင်း၊ လျှပ်စစ်ကြိုးများ ပြန်လည်သိမ်းဆည်းခြင်း လုပ်ငန်းများအား ခွင့်ပြုသက်တမ်းမကုန်မီ မိုင်းပိတ်သိမ်းမည့်ကာလအတွင်း အပြီးသတ် ဆောင်ရွက်ပါမည်။ အဆောက်အဦတည်ဆောက်ခြင်း၊ သတ္တုရိုင်းများစုပုံခြင်းစသည်ဖြင့် အသုံးပြုခဲ့ သည့် မြေနေရာများမှ မြေဆီလွှာပျက်စီးသွားသော မြေနေရာများအား ပြန်လည်ပြုပြင်ရာတွင် သင့်လျော်သော မြေယာအသုံးချမှုတစ်ရပ် ဖော်ဆောင်နိုင်သည်အထိ မိုင်းပိတ်သိမ်းသည့်ကာလနှင့် ပိတ်သိမ်းပြီးကာလများတွင် စီမံဆောင်ရွက်ပါမည်။ မိုင်းပိတ်သိမ်းပြီးကာလတွင်လည်း လုပ်ကွက် အတွင်းနှင့် ဆက်စပ်ဒေသအတွင်း လုပ်ငန်းများဆောင်ရွက်ခဲ့မှုကြောင့် မြေပေါ်ရေ၊ မြေအောက်ရေ များညစ်ညမ်းမှု၊ မြေဆီလွှာညစ်ညမ်းမှု ရှိ/မရှိသိရှိစေရန် စောင့်ကြပ်ကြည့်ရှုစစ်ဆေးပါမည်။ ညစ်ညမ်းမှုရှိပါက လိုအပ်သည်များအား ပြန်လည်ပြုပြင်ပါမည်။

မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန် မိုင်းပိတ်သိမ်းမည့် အဖွဲ့အား လုပ်ငန်းရှင် မှ ကြိုးကြပ်၍ ဒါရိုက်တာ၊ လုပ်ကွက်တာဝန်ခံများ၊ စက်မှုလျှပ်စစ်တာဝန်ခံများ၊ လက်ထောက် တာဝန်ခံများပါသော မိုင်းပိတ်သိမ်းမည့်အဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ပါမည်။ မိုင်းပိတ်သိမ်းခြင်း အစီအစဉ်ကို သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆(ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ထုတ်လုပ်မှု လုပ်ငန်းများစတင်ပြီး ရက်ပေါင်း(၉၀) အတွင်းတင်ပြသွားမည်ဖြစ်ပါသည်။ အပြီးသတ်မိုင်းပိတ် သိမ်းမည့်အစီရင်ခံစာအသေးစိတ်အား ပိတ်သိမ်းခြင်းမပြုမီ (၁)နှစ်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြပါမည်။

၁၂.၁ မိုင်းဝိတ်သိမ်းရေးအဖွဲ့

(က)	ဦးခွန်ထွန်းကျော်	စီမံကိန်းဒါရိုက်တာ	အဖွဲ့ခေါင်းဆောင်
(ခ)	ဦးထွန်းထွန်းဝင်း	ဘူမိဗေဒပညာရှင်	အဖွဲ့ဝင်
(ဂ)	ဦးခွန်သက်အောင်	တိုင်းတာရေး	အဖွဲ့ဝင်
(ဃ)	ဦးရဲသွေးနောင်	လုပ်ကွက်တာဝန်ခံဒါရိုက်တာ	အဖွဲ့ဝင်
(င)	ဦးအောင်ကျော်မင်း	မန်နေဂျာ	အဖွဲ့ဝင်
(စ)	ဘဏ္ဍာရေးမှူး	စာရင်းကိုင်	အဖွဲ့ဝင်
(ဆ)	ကျင်းလုပ်သား	(၁၀) ဦး	အဖွဲ့ဝင်

မိုင်းဝိတ်သိမ်းရေးအဖွဲ့ Organization Structure



၁၂.၂ မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းရန်ပုံငွေလျာထားချက်နှင့်ခန့်မှန်းအသုံးစရိတ်

မိုင်းပိတ်သိမ်းခြင်း ရန်ပုံငွေလျာထားချက်အား မိုင်းပိတ်သိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၈,၀၀၀,၀၀၀/- (ကျပ်သိန်းရှစ်ဆယ်)အား လျာထားသတ်မှတ် သုံးစွဲမည်ဖြစ်ပြီး အမှန်တကယ်လုပ်ငန်း ဆောင်ရွက်သည့်အခါ လုံလောက်မှုမရှိပါက ကုမ္ပဏီမှ အပြည့်အဝတာဝန်ယူ ဆောင်ရွက်သွားပါမည်။

စဉ်	အကြောင်းအရာ	ရန်ပုံငွေ လျာထားချက်(ကျပ်)	မှတ်ချက်
၁။	အပေါ်ယံမြေဆီလွှာများ စုဆောင်းထားခြင်း	၅၀၀,၀၀၀	မြေထုအရည်အသွေးထိန်းသိမ်းခြင်း၊ မြေဆီလွှာ ဆုံးရှုံးသွားသည့် နေရာများတွင် ပြန်လည်အစားထိုးခြင်း၊
၂။	သတ္တုရိုင်းစုပုံကွင်း	၅၀၀,၀၀၀	သတ္တုရိုင်း လက်ကျန်များအား ဖယ်ရှားခြင်း၊ မြေပြင်ရှင်းလင်းခြင်း၊ မြေညှိခြင်း၊ မြေနမူနာ ကောက်ယူစစ်ဆေးခြင်းစသည်ဖြင့် မြေပြုပြင်မှု လုပ်ငန်းများ ဆောင်ရွက်ပြီး၊ သင့်လျော်သော မြေယာအသုံးချမှု လုပ်ငန်းတစ်ရပ်ထူထောင်နိုင်သည်အထိစီမံဆောင်ရွက်ခြင်း၊
၃။	တူးဖော်ပြီးကျင်းများ ပြန်ဖို့ခြင်း	၅၀၀,၀၀၀/-	စုဆောင်းထားသည့် စွန့်ပစ်မြေစာ၊ စွန့်ပစ်ကျောက်များကို တူးဖော်ပြီး အင်းများတွင် ပြန်ဖို့ခြင်း၊ သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊
၄။	စွန့်ပစ်မြေစာကန်နှင့် လုပ်ငန်းသုံးစွန့်ပစ်ရေ အနည်ထိုင်ကန်များ	၁,၀၀၀,၀၀၀/-	စွန့်ပစ်မြေစာကန်နှင့် စွန့်ပစ်ရေအနည်ထိုင်ကန်များကို အပေါ်ယံမြေများဖုံးအုပ်ကာ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးခြင်း။ ပိတ်သိမ်းပြီးကာလတစ်ခုအထိ အစားထိုးအပင်များအား ပြုစုပျိုးထောင်ခြင်း၊
၅။	စွန့်ပစ်မြေစာပုံများ	၅၀၀,၀၀၀/-	ကျင်းများအတွင်း ပြန်လည်ဖို့ခြင်း၊ စွန့်ပစ် မြေစာပုံနေရာများအား ရှင်းလင်းခြင်း၊ မြေညှိ ခြင်း၊မြေယာအသုံးပြုမှုလုပ်ငန်း ထူထောင်နိုင်သည်အထိ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်ပေးခြင်း၊
၆။	မြေဆီလွှာ ညစ်ညမ်းမှုရှိ/မရှိပြန်လည် စစ်ဆေးမည့် အစီအစဉ်	၅၀၀,၀၀၀/-	မြေဆီလွှာအား ခဝတ်ခွဲစစ်ဆေး၍ ကျွမ်းကျင်ပညာရှင်များနှင့် ပြန်လည်ပြုပြင်ခြင်း၊ လိုအပ် ပါက မြေဆီလွှာအစားထိုးခြင်း၊
၇။	အုပ်ချုပ်မှု။ စက်မှုဆိုင်ရာ အဆောက်အဦများ လျှပ်စစ်မီးကြိုးများ	၅၀၀,၀၀၀/-	အုပ်ချုပ်မှု။ စက်မှုဆိုင်ရာအဆောက်အဦများ လျှပ်စစ်မီးကြိုးများ စနစ်တကျပြန်လည်ဖြုတ်သိမ်းခြင်း၊ဖျက်သိမ်းခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်း၊
၈။	အသုံးချထားသောမြေ နေရာများပြန်လည် ပြုပြင်ခြင်း	၁,၀၀၀,၀၀၀/-	သတ္တုတူးဖော်သည့်မြေနေရာများအား သဘာဝအတိုင်းဖြစ်စေရန် ပြန်လည်ပြုပြင်ခြင်း

၉။	ဒေသခံအလုပ်သမားများ အားပြောင်းရွှေ့ခန့်ထားခြင်း	၁,၀၀၀,၀၀၀/-	ဒေသခံအလုပ်သမားများအား သင့်လျော်သည့် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ မိရိုးဖလာ လုပ်ငန်းများ အားပြန်လည်လုပ်ကိုင်လိုပါက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခြင်း၊
၁၀။	စိမ်းလန်းစိုပြေရေး အတွက်ဆောင်ရွက်ခြင်း	၁,၀၀၀,၀၀၀/-	ပျိုးပင်များဝယ်ယူခြင်း၊ အလုပ်သမား ငှားရမ်းခြင်း၊ စိုက်ပျိုးအပင်များ ရှင်သန်အောင် ကြည့်ရှုထိန်းသိမ်းဆောင်ရွက်ခြင်း၊
၁၁။	ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း	၁,၀၀၀,၀၀၀/-	မိုင်းပိတ်သိမ်းမည့်စီမံချက်အား အကောင်အထည်ဖော်ခြင်း၊
	မိုင်းပိတ်သိမ်းမည့်ရန်ပုံငွေလျာထားချက်နှင့်ခန့်မှန်းအသုံးစရိတ် စုစုပေါင်း	**၈,၀၀၀,၀၀၀/-**	

၁၂.၃ မိုင်းပိတ်သိမ်းခြင်းအစီအစဉ်များ

၁၂.၃.၁ သတ္တုရိုင်းစုပုံကွင်း

သတ္တုရိုင်းစုပုံကွင်း ပြုလုပ်ထားသည့်နေရာအား လုပ်ငန်းပိတ်သိမ်းမည့်ကာလတွင် သတ္တုရိုင်း များဖယ်ရှားခြင်း၊ မြေပြင်ရှင်းလင်းခြင်း၊ မြေညှိခြင်းစသည်ဖြင့် မြေပြုပြင်မှု လုပ်ငန်းများ ဆောင်ရွက်ပြီး သင့်လျော်သောမြေယာအသုံးချမှုလုပ်ငန်း တစ်ရပ်ထ ထောင်နိုင် ရန် စီမံဆောင်ရွက်ပါမည်။

၁၂.၃.၂ တူးဖော်ပြီးစိုက်ကျင်းများ ပြန်လည်ပြုပြင်ခြင်း

ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံစိတ်ချရစေရေးအတွက် တူးဖော်ပြီး မြေအောက်လိုဏ်ခေါင်းများအတွင်း စွန့်ပစ်ကျောက်ပြန်လည်ဖို့ခြင်းလုပ်ငန်းအား လုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်သည့်ကာလတွင် ဆောင်ရွက်သွားပါမည်။ တူးဖော်မှုလုပ်ငန်းများ ရပ်နားသည့် မိုင်းပိတ်သိမ်းသည့်ကာလတွင် စွန့်ပစ်ကျောက်ပုံမှ စွန့်ပစ်ကျောက်များအား ပင်မလိုဏ်ခေါင်းအတွင်းဖြည့်၍ သစ်သားဘောင်များဖြင့် ကာရံထားမည်ဖြစ်ပါသည်။ မြေဖို့ပြီး အင်းဇ၏ (၂၀)ပေ ပတ်လည်တွင် ခြံစည်းရိုးကာရံထားပြီး သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားပါမည်။ သဘာဝ ဘေးအန္တရာယ်ကြောင့် မြေအောက်ကျင်းများပြိုကျခြင်း၊ ပြတ်ရွှေ့ခြင်း တို့မဖြစ်ပေါ်စေရန် တူးဖော်ပြီးအင်းများအတွင်း စွန့်ပစ် ကျောက်များဖို့ရာတွင် အဆင့်ဆင့် ဖိသိပ်၍ မြေဖို့ခြင်း လုပ်ငန်းများအား ဆောင်ရွက်ပါမည်။

၁၂.၃.၃ စွန့်ပစ်ကျောက်ပုံ

အင်းများပြန်လည်ဖို့ပြီးကျန်ရှိသော စွန့်ပစ်ကျောက်ပုံဘေးနံရံများ ပြိုကျခြင်း မရှိစေရေး အတွက် (၆၀) ဒီဂရီ လျောစောက်များ ဖော်ထားပြီး စွန့်ပစ်ကျောက်ပုံ အပေါ်တွင် မြေညှိ၍ အပေါ်ယံမြေဆွေးများဖုံးအုပ်ကာ ဒေသပေါက်ပင်များ ပြန်လည် စိုက်ပျိုးပါမည်။ စွန့်ပစ်ကျောက်ပုံဘေးနံရံများတွင် ပြိုကျတိုက်စားခြင်းမရှိစေရေး အတွက် မြေထိန်းမြက်များစိုက်ပျိုးမည် ဖြစ်ပါသည်။

၁၂.၃.၄ မြေဆီလွှာညစ်ညမ်းမှု ရှိ –မရှိ ပြန်လည်စစ်ဆေးမည့်အစီအစဉ်

သတ္တုပိတ်သိမ်းသည့်ကာလနှင့် ပိတ်သိမ်းပြီးကာလများတွင် လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် မြေဆီလွှာညစ်ညမ်းခြင်းမရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှု စစ်ဆေးသည့် အစီအစဉ်များအား လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက် သည့်ကာလ၊ မိုင်းပိတ်သိမ်းမှု အကြိုကာလ၊ ပိတ်သိမ်းသည့်ကာလများတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ မြေဆီလွှာ ညစ်ညမ်းမှု ရှိ/မရှိ စစ်ဆေးရာတွင် လုပ်ကွက်အတွင်း နေရာများသတ်မှတ်၍ လုပ်ကွက်၏ ကိုယ်စားပြုနမူနာ ရရှိစေရန် ဆောင်ရွက်မည် ဖြစ်ပါသည်။ မြေသားနမူနာများ၏ pH, Moisture Content, Organic Carbon (%), Humus (%) , Total Nitrogen(%), Exchangeable Cations များအနေဖြင့် (Ca^{++}, Mg^{++}, Na^{++}, K^{+}) mg/100g တို့နှင့် P (ppm), K_2O (mg/100g) တို့အား စမ်းသပ်စစ်ဆေးမည်ဖြစ်ပါသည်။

၁၂.၃.၅ အုပ်ချုပ်မှု၊ စက်မှုဆိုင်ရာအဆောက်အဦးများ၊ လျှပ်စစ်မီးကြိုးများ

တည်ဆောက်ထားသော စက်မှုဆိုင်ရာအဆောက်အဦးများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦးများ၊ စက်ပစ္စည်းများ၊ လျှပ်စစ်မီးကြိုးများအား လုပ်ငန်းပိတ်သိမ်းသည့် အကြိုကာလနှင့် ပိတ်သိမ်းသည့်ကာလတွင် ရှင်းလင်းပါမည်။

၁၂.၃.၆ အသုံးချထားသောမြေနေရာများအား ပြန်လည်ပြုပြင်ခြင်း

အသုံးချထား၍ မြေဆီလွှာဆုံးရှုံးထားသော မြေနေရာများအတွင်း အစားထိုးဝင်၍ ပေါက်ရောက်နေသော အခြားအပင်မျိုးရင်း မျိုးစိတ်များအား ရှင်းလင်း၍ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးပါမည်။

၁၂.၃.၇ ဒေသခံအလုပ်သမားများအား ပြောင်းရွှေ့ခန့်ထားခြင်း

ဒေသခံအလုပ်သမားများအား ကုမ္ပဏီ၏ အခြားလုပ်ကွက်များတွင် ပြောင်းရွှေ့ခန့်ထားရေး အတွက် ၎င်းတို့၏ သဘောထားများရယူဆောင်ရွက်ပါမည်။

၁၂.၃.၈ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်

လေထုညစ်ညမ်းမှုအခြေအနေ၊ မြေပေါ်ရေ၊ မြေအောက်ရေညစ်ညမ်းမှုအခြေအနေ များအား လုပ်ငန်းပိတ်သိမ်းသည့်ကာလနှင့် ပိတ်သိမ်းပြီးကာလများတွင် စောင့်ကြပ်ကြည့်ရှု စစ်ဆေးပါမည်။

၁၂.၃.၉ စိမ်းလန်းစိုပြေရေးအတွက်ဆောင်ရွက်ခြင်း

စိမ်းလန်းစိုပြေရေးအတွက် အစားထိုးသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေစဉ်ကာလမှာပင် မြေလွတ်နေရာများ၊ ချိုင့်ဝှမ်းနေရာများ ပြုပြင်၍ ဒေသနှင့်ကိုက်ညီသော သစ်ပင်များစိုက်ပျိုးခြင်း၊ ပျိုးဥယျာဉ်တည်ဆောက်ထားရှိခြင်းတို့ဖြင့် ဆောင်ရွက်ပါမည်။

မိုင်းပိတ်သိမ်းချိန် လုပ်ငန်းဆောင်ရွက်ခဲ့သော နေရာများရှင်းလင်းပြီး၍ မြေဆီလွှာ ဖုံးအုပ်ပြုပြင်၍ နှစ်ရှည်ခံအပင်များ စိုက်ပျိုးသွားပါမည်။ မိုင်းပိတ်သိမ်းပြီးသည့်ကာလတွင် စိုက်ပျိုးပင်များ ဆက်လက်ရှင်သန်စေရန် စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်သွားပါမည်။

၁၂.၄ မိုင်းပိတ်သိမ်းမည့်စီမံချက်

မိုင်းပိတ်သိမ်းရာတွင် ဆောင်ရွက်မည့်လုပ်ငန်းများအလိုက် အချိန်ဇယားသတ်မှတ်၍ အကြို မိုင်းပိတ်သိမ်းမည့်ကာလ၊ မိုင်းပိတ်သိမ်းမည့်ကာလနှင့်ပိတ်သိမ်းပြီးကာလများတွင် စီမံဆောင်ရွက်ပါမည်။ စီမံကိန်းပိတ်သိမ်းပြီးနောက် စီမံကိန်းဆောင်ရွက်မှုကြောင့် သက်ရောက်မှုများကို (၅) နှစ်အထိ စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

၁၂.၄.၁။ မိုင်းပိတ်သိမ်းမည့်စီမံချက်ဇယား

စဉ်	ဆောင်ရွက်မည့်လုပ်ငန်း	သတ္တုပိတ်သိမ်းရန် စီမံဆောင်ရွက်မည့်လုပ်ငန်းများ			မှတ်ချက်
		ပိတ်သိမ်းမှု အကြို ကာလ	ပိတ်သိမ်း မည့်ကာလ	ပိတ်သိမ်းပြီး ကာလ	
၁။	ဘူမိဗေဒဆိုင်ရာအချက်အလက်များလေ့လာခြင်း (က) ကျင်းအတွင်းမြေသားအခြေအနေ (ခ) ကျင်းအတွင်း မြေအောက်ရေစိမ့်ထွက်မှု အခြေအနေ (ဂ) ကျင်းနံရံမှ အက်စစ်ဖြစ်ထွန်းမှုအခြေအနေ (ဃ) စွန့်ပစ်မြေစာများ၏ သတ္တုပေါင်းစပ်မှု အခြေအနေ	✓			
၂။	စွန့်ပစ်မြေစာများအား စနစ်တကျစုပုံခြင်း	✓	✓		
၃။	အပေါ်ယံမြေဆွေးများ စုဆောင်းခြင်း	✓	✓		
၄။	တူးဖော်ပြီး ကျင်း၊ ကလိုင်များအတွင်း စွန့်ပစ်မြေစာများ ဖြည့်ခြင်း	✓	✓		
၅။	အသုံးမပြုသော မြေနေရာများမှ သဘာဝ သစ်တောများအား ထိန်းသိမ်းခြင်း	✓	✓	✓	
၆။	လုပ်ငန်းပိုင်းဆိုင်ရာ အဆောက်အဦးများ ဖျက်သိမ်း		✓		
၇။	အသုံးပြုပြီးမြေနေရာများအားသင့်လျော်သော မြေယာအသုံးချမှု ပြုလုပ်နိုင်ရေးအတွက် စီမံ ဆောင်ရွက်ခြင်း		✓	✓	
၈။	အစားထိုးအပင်များ ပြန်လည်စိုက်ပျိုးခြင်း	✓	✓	✓	
၉။	ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာစစ်ဆေးခြင်း	✓	✓	✓	
၁၀။	လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်း	✓	✓	✓	
၁၁။	မြေပေါ်ရေနှင့် မြေအောက်ရေအရည်အသွေး များ တိုင်းတာစစ်ဆေးခြင်း	✓	✓	✓	
၁၂။	သတ္တုတွင်းပိတ်သိမ်းမည့် လုပ်ငန်းအဆင့်ဆင့် အလိုက်ခန့်မှန်းကုန်ကျစရိတ်များ စိစစ်တွက် ချက်ထားမှု		✓	✓	

၁၃.၀ သုံးသပ်တင်ပြချက်နှင့်နိဂုံး

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ SGU (271) လုပ်ကွက်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ လုပ်ကွက်အနီးဝန်းကျင်တွင် လယ်မြေ၊ စိုက်ပျိုးမြေနှင့် စိုက်ခင်းများတည်ရှိခြင်းမရှိပါ။ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများကို မြေအောက်တူးဖော်မှုစနစ် (Underground Mining Method)ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်၍ မြေယာအသုံးချမှုနည်းပါးပြီး သစ်တောသစ်ပင် ပြုန်းတီးမှုနည်းပါးစေမည်ဖြစ်ပါသည်။ ထွက်ရှိမည့်စွန့်ပစ်ကျောက်များမှာ မီးသင့်ကျောက်နှင့် အသွင်ပြောင်းကျောက်များဖြစ်သော အင်ဒီဆိုဒ် (Andesite)၊ ဒိုင်အိုရိုဒ် (Diorite)ကျောက်နှင့် ကလိုရိုဒ်သျှစ်ကျောက် (Chloride Schist) ကျောက်များဖြစ်ပြီး အက်ဆစ်ယိုစီးသောကျောက်များ ပါဝင်မှုမရှိခြင်းကြောင့် လုပ်ကွက်အတွင်း ဆက်စပ်ဒေသ၏မြေပေါ်ရေ မြေအောက်ရေနှင့် မြေဆီလွှာညစ်ညမ်းမှုနည်းပါးစေမည်ဖြစ်ပါသည်။ မြေအောက်ရေမှာလည်း သတ္တုသိုက်ပါဝင်ပေါင်းစပ်မှု (Mineral Assemblage) အရ Sulphide Beraing Gold Ore မဟုတ်၍ သတ္တုတွင်းစိမ့်ရေများမှ လုပ်ကွက်အတွင်း မြေပေါ်ရေ၊ မြေအောက်ရေများအား ညစ်ညမ်းမှုမရှိစေနိုင်ကြောင်း သုံးသပ်ရပါသည်။

သတ္တုတွင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပညာပေးဟောပြောပွဲများ၊ လုပ်ငန်းခွင်သင်တန်းများပေးခြင်း၊ လုပ်ကွက်အတွင်း ကျန်းမာရေးဆေးခန်းထားရှိ၍ ကျန်းမားရေးစောင့်ရှောက်မှုများ စနစ်တကျစီမံဆောင်ရွက်မည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စောင့်ကြပ် ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပြီး၊ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ်တင်ပြသွားမည်ဖြစ်ပါသည်။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန် ချက်များအတိုင်း ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ပါ၍ SGU (271) လုပ်ကွက်တွင် ဆောင်ရွက်မည့် ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများမှ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေပြီး နိုင်ငံတော်သတ္တုသယံဇာတဖွံ့ဖြိုးရေးနှင့် လူမှုအကျိုးစီးပွားဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုမည့်လုပ်ငန်းဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အနေဖြင့် SGU (271) လုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာရေးဆွဲတင်ပြနိုင်ရန် အချက်အလက်များကွင်းဆင်းစုဆောင်းရာတွင် ကြုံတွေ့ရသည့်အခက်အခဲများမှာ တောကျွဲမ်းကျင်မုဆိုးများရှာဖွေရခြင်း၊ တောအတွင်းလျှိုမြောင်များသို့ သွားလာရခြင်းခက်ခဲမှုရှိခြင်း၊ မျော့၊ကျွတ်သတ္တဝါများပေါများ၍ အနှောက်အယှက်ဖြစ်ခြင်းတို့ စသည့်အခက်အခဲများ ဖြစ်ပေါ်ပါသည်။

ရွှေသတ္တုသယံဇာတအရင်းအမြစ်များကို စနစ်တကျ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံသားများနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရုံသာမက သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာများလည်း တိုးတက်ရရှိစေမည်ဖြစ်ပါသည်။ သတ္တုတူးဖော်မှုလုပ်ငန်းများအား သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးစေရန် စည်းကမ်းရှိရှိ၊ တာဝန်သိသိလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အခါအားလျော်စွာ ထုတ်ပြန်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာမှလမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များနှင့်အညီ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ရည်မှန်းချက်ဖြင့် အောင်မြင်စွာကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး၊ ကုမ္ပဏီအကျိုးဟူ၍ အကျိုး (၃) ပါး ဦးတည်ထားပြီး အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နိဂုံးချုပ်အနေဖြင့် တင်ပြအပ်ပါသည်။

၁၄.၀ အထွေထွေ

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ်(၃၇)အရ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) Soft Copy နှင့်အတူ ပူးတွဲတင်ပြပါသည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ်(၁၀၈)အရ စောင့်ကြပ် ကြည့်ရှုမှုအစီရင်ခံစာကို ဝန်ကြီးဌာနအား (၆)လ တစ်ကြိမ် တင်ပြသွားမည်ဖြစ်ပါသည်။

(ဂ) အစီရင်ခံစာအား ပြန်လည်တင်ပြရာတွင် ပြန်ကြားခဲ့သည့် သဘောထားများအပေါ် အစီရင်ခံစာတွင် ပြင်ဆင်ထည့်သွင်းခြင်းအပြင် ဆောင်ရွက်မှုအကျဉ်းကို (၁)သဘောထားမှတ်ချက်၊ (၂)ပြန်လည်ဖြည့်စွက်ထည့်သွင်းချက်အကျဉ်း၊ (၃)မှတ်ချက်စသည့်ဇယားဖြင့် အကျဉ်းချုပ် ကို ထည့်သွင်းဖော်ပြပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် စိုက်ပျိုးမြေများ ထိခိုက်မှုမရှိခြင်း၊ အိမ်ခြံမြေများ ထိခိုက်မှုမရှိခြင်း၊ စီမံကိန်းဆောင်ရွက်မှုကြောင့် ထိခိုက်မှုများကို စောင့်ကြပ်ကြည့်ရှုအဖွဲ့များဖြင့် ထိန်းသိမ်းဆောင်ရွက်မှုများကြောင့် ထိခိုက်မှုမရှိခြင်း၊ စီမံကိန်းဆောင်ရွက်ရာ ဝန်ထမ်း/ လုပ်သားများ၏ ရေတို၊ ရေရှည် ထိခိုက်မှုများဆန်းစစ်လေ့လာ၍ ထိခိုက်ခံစားရသူများရှိပါက အသက်မွေးဝမ်းကြောင်း လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

(င) ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို သက်ဆိုင်သူများသိရှိနိုင်ရန် ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ မိတ်ဖက်ကုမ္ပဏီဖြစ်သော ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် ၏ Web Link – https://www.rubydragongroup.com/ တွင် တင်ပြထားပါသည်။

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE)

၁.၀ နိဒါန်း

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် စဉ်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုတွင် ခန့်မှန်းမြေပုံညွှန်း 93 –B2 (770175,774175,774173, 770174) ရှိ မြေဧရိယာအကျယ်အဝန်း (၂၀) ဧကအား ရွှေသတ္တုတူးဖော်ရန် (၃၁.၈.၂၀၁၅) ခုနှစ်တွင် ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားခဲ့ပါသည်။ တင်ပြလျှောက်ထားမှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်တောင်းခံတင်ပြခဲ့ရာ ကွင်းဆင်းစစ်ဆေးပြီး လုံခြုံရေးအရ ခွင့်ပြုနိုင်မှုရှိခြင်း၊ စိုက်ပျိုးမြေ၊ သုသာန်မြေ၊ သာသနာ့နယ်မြေများနှင့် ကင်းလွတ်မှုရှိခြင်း၊ ကြိုးဝိုင်းအတွင်း ကျရောက်သော်လည်း၊ မြေအောက်သတ္တုတူးဖော်ရေးဧရိယာထောင့်တိုင်များ သတ်မှတ်စိုက်ထူခဲ့ပြီးဖြစ်ပါသည်။ ဝန်ကြီးဌာနမှ သတ်မှတ်ရွှေစင်နှင့် အဆိုပြုငွေများပေးသွင်း၍ စာချုပ်ချုပ်ဆိုနိုင်ရန် အကြောင်းကြားလာပါသော်လည်း လုပ်ကွက်၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) အတည်ပြုချက်ရရှိရန် လိုအပ်၍ စောင့်ဆိုင်းခဲ့ရပါသည်။

လုပ်ကွက်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း (IEE/EMP) ရေးဆွဲတင်ပြခဲ့မှုအပေါ် ပြန်လည်ဖြည့်စွက်ရေးသားတင်ပြရန် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း နေပြည်တော်မှ (၃.၁.၂၀၁၉) ရက်စွဲပါစာအမှတ် ၊၀၁၄ / ရွှေဖက်စပ် IEE) ၂၀၁၉ ဖြင့် အကြောင်းကြားလာခဲ့ပါသည်။ ကုမ္ပဏီမှ အစီရင်ခံစာရေးဆွဲတင်ပြနေသော ပညာရှင်များ ၊ ကျန်းမာရေးကိစ္စရပ်များရှိနေခြင်း၊ နောက်ပိုင်းတွင် ကိုဗစ်ကာလဖြစ်ပေါ်နေခြင်းနှင့် လုပ်ကွက်အတွင်း (Base Line Data) များကောက်ယူစမ်းသပ်ရန် သွားလာမှုခက်ခဲနေခြင်းများကြောင့် အစီရင်ခံစာအား အချိန်မှီ

ပြန်လည်ရေးဆွဲတင်ပြနိုင်ခြင်းမရှိခဲ့သည်ကို ကုမ္ပဏီအနေဖြင့် များစွာအလေးထား တောင်းပန်အပ်ပါ ကြောင်း တင်ပြပါသည်။

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၏ အုပ်စုဝင်ကုမ္ပဏီဖြစ်ပြီး ဦးနေဝင်းထွန်းမှ စီမံကိန်းဒါရိုက်တာအဖြစ်ဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပါ သည်။ စီမံကိန်းလုပ်ကွက်၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ ရေးဆွဲတင်ပြနိုင်ရန် ဦးထွန်း ကျော် (ဒါရိုက်တာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီမှ ဦးဆောင်သော အဖွဲ့ဝင်များအဖြစ် ဦးဗိုလ်လေး (ဒါရိုက်တာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးအောင်ကျော်မင်း (မန်နေဂျာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးညီညီထွေး (မန်နေဂျာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေး ကုမ္ပဏီ၊ ဦးထွန်းထွန်းဝင်း (ဘူမိဗေဒပညာရှင်) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးရဲသွေးနောင် (ဒါရိုက်တာ) ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဦးခွန်သက်အောင် (တိုင်းတာရေး) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီတို့ ပါဝင်သောအဖွဲ့ (၇) ဦးဖြင့် စီမံကိန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများကို (၂၅.၈.၂၀၁၆) မှ (၃၁.၈.၂၀၁၆) ထိ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါသည်။

ဦးနေဝင်းထွန်း အုပ်ချုပ်မှုဒါရိုက်တာ ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီသည် သတ္တု တူးဖော်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ဦးဆောင်၍ ဆောင်ရွက်နေသော အတွေ့အကြုံရှိသော ပုဂ္ဂိုလ် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း (IEE) ရေးဆွဲတင်ပြရန် အကြံပေး အတိုင်ပင်ခံအဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။ (IEE)ရေးဆွဲတင်ပြသော စီမံကိန်းတွင် ဒါရိုက်တာအဖြစ်တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဦးထွန်းကျော် (ဒါရိုက်တာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ သည် အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး (IEE) အစီရင်ခံစာ ရေးဆွဲတင်ပြရန် အချက်အလက် စုဆောင်းမှုများအား ဆန်းစစ်၍ အစီရင်ခံစာရေးဆွဲတင်ပြနိုင်ရန် တာဝန်ယူဆောင်ရွက်ပါမည်။ ဦးရဲသွေး

နောင် (ဒါရိုက်တာ) ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီသည် လုပ်ငန်းရပ်များ၏ ရန်ပုံငွေ ထားရှိမှု၊ သုံးစွဲမှုများကို တာဝန်ယူဆောင်ရွက်ပါမည်။

ဦးဗိုလ်လေး (ဒါရိုက်တာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီသည် ၂၀၀၀ ခုနှစ်မှစတင်၍ ဝန်းသိုရွှေတောဒေသတွင် ရွှေသတ္တုထုတ်လုပ်ရေးစက်ရုံတွင် စက်ရုံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သတ္တုတွင်းတူးဖော်မှုလုပ်ငန်းတွင်လည်း တွဲဘက်၍ တာဝန်ထမ်းဆောင်ခဲ့သော အတွေ့အကြုံရှိသောပုဂ္ဂိုလ်ဖြစ်ပါသည်။ ဆက်သွယ်ရန်လိပ်စာမှာ ဖုန်း-၀၉-၈၉၅၂၉၃၄ နှင့် ဆက်သွယ်ရန် email လိပ်စာမှာ npt.office@rubydragongroup.com ဖြစ်ပါသည်။

ဦးထွန်းထွန်းဝင်း (ဘူမိဗေဒပညာရှင်) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီသည် စီမံကိန်းလုပ်ကွက်အတွင်း သတ္တုကြောများအခြေအနေ၊ တူးဖော်မည့်အခြေအနေနှင့် သတ္တုတူးဖော်မှုကြောင့် ထိခိုက်နိုင်မှုများကို လေ့လာဆန်းစစ်၍ ထိခိုက်နိုင်မှုလျော့ချနိုင်ရေးနှင့် မြေဆီလွှာ စမ်းသပ်စစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းတို့တွင် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ ဦးခွန်သက်အောင် (တိုင်းတာရေး) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီသည် လုပ်ကွက်၏ တိုင်းတာရေးလုပ်ငန်းများ၊ ဒေသခံများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများတွင် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ ဦးရဲသွေးနောင် (ဒါရိုက်တာ) ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီသည် ကုမ္ပဏီနှင့်ကုမ္ပဏီ၏ စီမံကိန်းလုပ်ငန်းများကို တာဝန်ခံ၍ စီမံကိန်းအုပ်ချုပ်မှု ဒါရိုက်တာဦးနေဝင်းထွန်း တွဲဘက်တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပါသည်။ ဦးအောင်ကျော်မင်း (မန်နေဂျာ) ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီသည် စီမံကိန်းလုပ်ကွက်အတွင်း (Base Line Data) များ ကောက်ယူစမ်းသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွင် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီသည် ရွှေသတ္တုတူးဖော်မှုလုပ်ငန်းဆောင်ရွက်ခွင့်ရရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အမိန့်နှင့်ညွှန်ကြားချက်များ၊ ဥပဒေ၊ နည်းဥပဒေများ အစဉ်

လေးစားလိုက်နာ၍ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု အနည်းပါးဆုံးဖြစ်စေရေးကို ဦးတည်၍ စည်းကမ်းရှိရှိဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၁.၁ ရည်ရွယ်ချက်

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီမှ ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်စေနိုင်သော လုပ်ငန်းအခြေအနေများ ရှောင်ကျဉ်ရန် (သို့) ထိခိုက်နိုင်မှု အနည်းဆုံး ဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရန် မြေပေါ်မြေအောက် သယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် အလေးထားဆောင်ရွက်နိုင်ရန်၊ ရွှေသတ္တု တူးဖော်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်နိုင်မှုများအား စိစစ် ဖော်ထုတ်ရန်၊ လျော့နည်းသက်သာစေမည့် နည်းလမ်းများကို စောင့်ကြပ်၊ ကြည့်ရှု စစ်ဆေးခြင်း အဖွဲ့များဖြင့် ဖော်ထုတ်ဆောင်ရွက်ရန်၊ ဒေသဖွံ့ဖြိုး ရေးအတွက် စီမံဆောင်ရွက်ရန် မြေဆီလွှာ ပျက်စီးသွားသော မြေနေရာများအား ပြန်လည်ပြုပြင်ရာတွင် သင့်လျော်သော မြေယာ အသုံးချမှု တစ်ရပ်ဖော်ဆောင်နိုင်သည်အထိ စီမံဆောင်ရွက်ရန်၊ စီမံကိန်းဧရိယာအတွင်း စိမ်းလန်းစိုပြေရေးနှင့် သဘာဝသစ်တောများ ကာကွယ်စောင့်ရှောက်ရေးအတွက် စီမံဆောင် ရွက်ရန်နှင့် ဒေသ၏ လူမှုအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရည်ရွယ်၍ နိုင်ငံတော်အကျိုး၊ ပြည်သူ့ အကျိုး၊ ကုမ္ပဏီအကျိုးဦးတည်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂.၀ စီမံကိန်းအကြောင်းရာဖော်ပြချက်

အဆိုပြုလျှောက်ထားသောလုပ်ကွက်သည် ဧရိယာအကျယ်အဝန်း (၂၀)ဧကရှိပြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ (၃၀.၈.၂၀၁၅) ရက်နေ့မှစတင်၍ ဝန်ကြီးဌာနသို့ ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့်ပြုနိုင်ပါရန် လျှောက် ထားခဲ့ပြီး တိုင်းဒေသကြီးသဘောထားရရှိ၍ မြေပုံစံ (၁၀၅) ထုတ်ယူပြီးလုပ်ကွက်ဖြစ်ပါသည်။ သတ်မှတ်ရွှေစင်နှင့် အဆိုပြုငွေများပေးသွင်း၍ ဝန်ကြီးဌာနနှင့် သဘောတူစာချုပ်ချုပ်ဆိုရန်ရှိပါ

သော်လည်းလုပ်ကွက်၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) အတည်ပြုရရှိရန် စောင့်ဆိုင်းနေဆဲလုပ်ကွက်ဖြစ်ပါသည်။

၂.၁ စီမံကိန်းတည်နေရာ

စီမံကိန်းလုပ်ကွက်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရွာက်ပင်ရိုးအုပ်စု၊ တစ်လက်မတစ်မိုင်စကေး မြေပုံအမှတ် 93 B –3 တွင် ခန့်မှန်းမြေပုံညွှန်းအမှတ် (770175, 774175,774173, 770174)တွင် တည်ရှိပါသည်။

၂.၂ စီမံကိန်းအရွယ်အစား

စီမံကိန်းလုပ်ကွက် SGU –271 သည် (၂၀) ဧက ကျယ်ဝန်းပါသည်။

၂.၃ လမ်းပန်းဆက်သွယ်ရေး

မန္တလေးမှ မိုးကုတ်သွားရာ မတ္တရာကားလမ်းဖြင့် သွားရောက်နိုင်ပါသည်။ ကတ္တရာလမ်းဖြစ်၍ ရာသီမရွေးသွားရောက်နိုင်ပါသည်။ ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိ၍ ကျည်တောက်ပေါက်ကျေးရွာမှ မြေသားလမ်းဖြင့် (၁) မိုင်ခန့် သွားရောက်၍ စီမံကိန်းလုပ်ကွက်သို့ ရောက်ရှိနိုင်ပါသည်။

၂.၄ အသုံးပြုမည့် စက်ပစ္စည်းစာရင်း

စီမံကိန်းလုပ်ကွက်အတွင်း ရွှေသတ္တုတူးဖော်မှုတွင် အောက်ဖော်ပြပါစက်ပစ္စည်းများဖြင့် လုပ်ငန်းဆောင်ရွက်ပါမည်–

(က) Air Compressor လေစက်	၂	လုံး။
(ခ) 25 HP အင်ဂျင်	၂	လုံး။
(ဂ) 125 KVA မီးစက်ကြီး	၂	လုံး။
(ဃ) Air Gun ဂန်းဖောက်စက်	၄	လက်။
(င) G–10 Gun ခွာဂန်း	၂	လက်။
(စ) Air Man ကျောက်ဖောက်စက်	၁	စုံ။
(ဆ) Winch (2 Ton) ဝန့်(ချ်)	၁	လုံး။
(ဇ) Truck သယ်ပို့ယာဉ် (၁၀) ဘီး	၂	စီး။
(ဈ) 5HP ရေစုပ် (ရေမြှုပ်)မော်တာ	၂	လုံး။

၂.၅ အသုံးပြုမည့် နည်းပညာ

မြေအောက်တူးဖော်ရေးစနစ် (Under Ground Mining Method) ကိုသာ ဆောင်ရွက်မည် ဖြစ်ပြီး ၄' x ၄' အကျယ်စိုက်ကျင်း တူးဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ရွှေသတ္တုရိုင်းများကို (vat leaching) နည်းစဉ်အသုံးပြု၍ ရွှေသတ္တုထုတ်လုပ်ဆောင်ရွက်မည်ဖြစ်ပါသည်။

၂.၆ အဆောက်အဦး

(က) ကင်းတဲ ၈ ' x ၁၀' ကပ်မိုး /ကပ်ကာ (၁) ဆောင်

(ခ) လုံခြုံရေးတဲ ၈ ' x ၁၀' ကပ်မိုး /ကပ်ကာ (၁) လုံး

(ဂ) ဝန်ထမ်းဆောင် ၂၀ ' x ၄၀' ကပ်မိုး /ကပ်ကာ (၁) လုံး

(ဃ) ဘူမိဆောင် ၈ ' x ၁၀' ကပ်မိုး /ကပ်ကာ (၁) လုံး

(င) အုပ်ချုပ်စီမံရုံး ၁၀ ' x ၁၅' ကပ်မိုး /ကပ်ကာ (၁) လုံး

(စ) သန့်စင်ခန်း ၆ ' x ၆' ကပ်မိုး /ကပ်ကာ (၁) လုံး

(ဆ) သိုလှောင်ရုံ ၂၀ ' x ၁၀' ကပ်မိုး /ကပ်ကာ (၁)လုံး တို့အား လုပ်ကွက်ဧရိယာအတွင်း ပတ်ဝန်းကျင်ထိခိုက်နိုင်မှုအနည်းဆုံးနေရာတွင် ရွေးချယ်ဆောက်လုပ်ပါမည်။

၂.၇ မြေအောက်ရေအကွာအဝေး

စီမံကိန်းလုပ်ကွက်၏ မြေအောက်ရေအကွာအဝေးမှာ ပေ (၉၀) ခန့်ရှိပါသည်။

၂.၈ သစ်တောဧရိယာအတွင်းကျရောက်မှုအခြေအနေ

စီမံကိန်းလုပ်ကွက် (SGU-271) ဧရိယာအကျယ်အဝန်း (၂၀) ဧကသည် စဉ့်ကူးကြိုးဝိုင်း အမှတ် (၂၉) အတွင်း ကျရောက်ပါသည်။ ဇုန်ယမြေခွဲခြားသတ်မှတ်မှုအရ မြေအောက်သယံဇာတတူးဖော်ရေးဇုံ အတွင်း ပါဝင်ကျရောက်လျက်ရှိပါသည်။

၂.၉ တစ်နှစ်အတွက် ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် အရင်းအမြစ်

ဝန်ထမ်းများ၏ သောက်သုံးရေအတွက် ကျည်တောက်ပေါက်ကျေးရွာမှ ရေသန့်များဝယ်ယူသုံးစွဲသွားမည်ဖြစ်ပါသည်။ ဝန်ထမ်းအသုံးပြုရေ ၊ ချိုးရေအဖြစ် လုပ်ကွက်ဧရိယာအနီး ယခင်ဒေသခံများ တူးဖော်ထားသော စိုက်ကျင်းမှမြေအောက်ရေကို ရယူသုံးစွဲပါမည်။ ဝန်ထမ်းသုံးစွဲရေအဖြစ် တစ်ရက်လျှင် ဂါလံ (၁၀၀၀) နှင့် တစ်လလျှင် ဂါလံ (၃၀၀၀၀) တစ်နှစ်လျှင် (၃၆၀၀၀၀) ဂါလံ သုံးစွဲသွားမည်ဖြစ်ပါသည်။


၂.၁၀ တစ်နှစ်အတွက် လောင်စာဆီလိုအပ်ချက်


စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် တစ်ရက်လျှင် လောင်စာဆီအသုံးပြုမှု (၂၅)ဂါလံဖြင့် တစ်လလျှင်(၇၅၀)ဂါလံ၊ တစ်နှစ်လျှင် လောင်စာဆီ ဂါလံပေါင်း (၉၀၀၀)ဂါလံ အသုံးပြုရန် လိုအပ်ပါမည်။

၂.၁၁ သတ္တုတူးဖော်မှုလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှု


ရွှေသတ္တုတူးဖော်ထုတ်လုပ်မည့်နေရာအား ဘူမိဗေဒပညာရှင်များ၊ သတ္တုတွင်းအင်ဂျင်နီယာများနှင့် လုပ်ကွက်ဘူမိဗေဒအခြေအနေအရ ရွှေသတ္တုစွဲဝင်နိုင်သည့် ဇုန်သတ်မှတ်၍ အပေါ်ယံမြေမျက်နှာပြင် ရှင်းလင်းပြင်ဆင်ခြင်း၊ (၄'x၄')အကျယ် စိုက်ကျင်း(Shaft)တူးဖော်ခြင်း၊ ရွှေသတ္တုစွဲဝင်ဇုန်နှင့် ရွှေပါဝင်သည့်သတ္တုကြောတွေ့ရှိသည့် အနက်ပေသို့ ရောက်ရှိချိန်တွင် ရွှေပါဝင်သော သတ္တုကြော အနေအထားကိုလိုက်၍ ခေါင်းစားလိုဏ်(Adit)နှင့် လိုဏ်ပြတ်(Cross-cut)များ ဖောက်လုပ်ခြင်း၊ ရွှေပါဝင်မှုမရှိသည့် အကာဂဲများအား ပိနန်အိတ်များဖြင့် ထည့်သွင်း၍ ရွှေသတ္တုကြောမတွေ့ရှိသည့် လိုဏ်ပင်မ၊ လိုဏ်ပြတ်များတွင် ဒေါက်အဖြစ်ဖို့ခြင်း၊ အချို့ကို မြေပေါ်သို့ ဝန်ချီစက်ဖြင့် ဆွဲတင်ခြင်း၊ ရွှေပါသတ္တုရိုင်းအကြောများကို မြေအောက်တွင် ယမ်းခွဲထုတ်ယူပြီး ဝန်ချီစက်ဖြင့် မြေပေါ်သို့ပို့ဆောင်ခြင်း၊ ရွှေပါသတ္တုရိုင်းများကို ရွှေသတ္တုထုတ်လုပ်ရာဌာနသို့ ပို့ဆောင်ခြင်း၊ သတ္တုရိုင်းမပါဝင်သော အကာဂဲစွန့်ပစ်များ၊ စွန့်ပစ်ကွင်းသို့ ပို့ဆောင်သိမ်းဆည်းခြင်း၊ တူးဖော်မှုလုပ်ငန်းအား သတ္တုတွင်းအင်ဂျင်နီယာ၊ ဘူမိပညာရှင်များ၊ ကျင်းဆရာ၊ ကျင်းအကြပ်များ၊ လုပ်သားများဖြင့် ကြီးကြပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ပါမည်။

UNDERGROUND MINING TERMINOLOGY





လုပ်ငန်းဆောင်ရွက်မှု၊ စွန့်ပစ်ပစ္စည်းထွက်ရှိမှုနှင့်စွန့်ထုတ်မည့်လုပ်ငန်းစဉ် အဆင့်ဆင့်ပြကားချပ်



၂.၁၂ ရွှေသတ္တုရိုင်းတူးဖော်ထုတ်လုပ်မှုနည်းစနစ်နှင့် သုံးစွဲမည့်ကုန်ကြမ်းပစ္စည်းများ

ရွှေသတ္တုတူးဖော်မှုတွင် ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးစေသည့် မြေအောက်ခေါင်းစားစနစ် (UNDER GROUND MINING METHOD) ဖြင့် ဆောင်ရွက်လျက်မည်ဖြစ်ရာ မြေအောက်ခေါင်းစား (Adit)တူးဖော်ရာတွင် ယမ်းဖောက်ခွဲမှုစနစ် အသုံးပြုရပါမည်။ ယမ်းဖောက်ခွဲမှုအား နံနက် (၈) နာရီတွင် တစ်ကြိမ်၊ ညနေ (၂)နာရီတွင် တစ်ကြိမ်သတ်မှတ်၍ နေ့အချိန်များတွင်သာ ယမ်းဖောက်ခွဲခြင်းလုပ်ငန်း ဆောင်ရွက်ပါမည်။

၂.၁၃ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ၏သုံးစွဲမှုပမာဏ

တစ်လလျှင်(၂၅)ရက် လုပ်ငန်း ဆောင်ရွက်ချိန်ဖြင့် ဖော်ပြထားပါသည်-

စဉ်	အမျိုးအမည်	အသုံးပြုမည့် အကြိမ်အရေအတွက်	တစ်ရက် သုံးစွဲမည့်ပမာဏ	တစ်လသုံးစွဲမည့်ပမာဏ	တစ်နှစ်သုံးစွဲမည့်ပမာဏ	မှတ်ချက်
၁။	ယမ်း	၂ ကြိမ်	၁.၃၈ kg	၃၄.၅ kg	၄၁၄ kg	NH_4NO_3
၂။	ကက်	၂ ကြိမ်	၈ လုံး	၂၀၀ လုံး	၂၄၀၀ လုံး	DETONATOR
၃။	အနှေးကြိုး	၂ ကြိမ်	၄၀ ပေ	၁၀၀၀ပေ	၁၂၀၀၀ပေ	SAFTY-FUSE

၂.၁၄ ယမ်းနှင့်ဆက်စပ်ပစ္စည်းများသိုလှောင်မှုအခြေအနေ

ကုမ္ပဏီ၏လုပ်ကွက်ဧရိယာတွင် အင်္ဂတေသားအထူဖြင့် ယာယီယမ်းတိုက်တည်ဆောက်ထားပြီး သိုလှောင်ထားရှိပါမည်။ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် မီးဘေးကာကွယ်ရေးစီမံချက်ဖြင့် မီးတားလမ်းများထားရှိခြင်း၊ အမှိုက်များရှင်းလင်းထားရှိခြင်း၊ မီးသတ်ဘူးများထားရှိခြင်း၊ လုံခြုံမှုအနေဖြင့် သံဆူးကြိုးများအခိုင်အမာကာရံထားရှိခြင်း၊ လုံခြုံရေးအစောင့်များထားရှိခြင်း၊ မီးချိတ်၊ မီးကပ်၊ သဲ၊ ရေကန်များထားရှိခြင်းတို့ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယာယီယမ်းတိုက်အတွင်း သိုလှောင်ထားရှိမှုတွင် အရေးကြီးအဆင့်လိုက်ခွဲခြား၍ ပစ္စည်းအမျိုးအမည်အလိုက် သီးသန့်နေရာများ သတိပေးစာတမ်းများထားရှိ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂.၁၅ ရွှေသတ္တုရိုင်းသန့်စင်ထုတ်လုပ်ခြင်း နည်းစနစ်ဆိုင်ရာရွေးချယ်မှုများ

စီမံကိန်းလုပ်ကွက်အတွင်းတွင် ရွှေသတ္တုတူးဖော်မှုလုပ်ငန်းကိုသာ ဦးစွာပထမဆောင်ရွက်သွားမည်ဖြစ်ပြီး ရွှေပါသတ္တုရိုင်းများကို ယာယီစုပုံကွင်းတွင် စုပုံသိမ်းဆည်းထားမည်ဖြစ်ပါသည်။ ရွှေသတ္တုစွဲဝင်ပါရှိမှု အခြေအနေပေါ်ဆန်းစစ်၍ ထုတ်လုပ်မှုနည်းစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွှေသတ္တုရိုင်းများ ယာယီစုပုံကွင်းသို့ သယ်ယူသည့်အခါတွင် သတ္တုရိုင်းယိုဖိတ်မှုမရှိစေရန် မိုးကာအုပ်၍လည်းကောင်း၊ လမ်းတစ်လျောက်ဖုန်မှုန့်များ ထွက်ရှိမှုကို အချိန်နှင့်တစ်ပြေးညီ ရေဖျန်းဆောင်ရွက်၍လည်းကောင်း ထိခိုက်နိုင်မှုများမရှိစေရန် ဆောင်ရွက်သွားပါမည်။

၂.၁၆ စိမ်ကိန်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ချက်

စိမ်ကိန်းလုပ်ကွက်တွင် သတ္တုသိုက်ဖြစ်ထွန်းမှုအနေဖြင့် သလင်းကြောများ (Gold Bearing Quartz Vein) များအတွင်း ရွှေသတ္တုပါဝင်စွဲဝင်နေသော အခြေအနေဖြစ်ပါသည်။ စိမ်ကိန်းလုပ်ကွက်အား ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့်ရရှိပါက မြေအောက်စိုက်ကျင်းများဖြင့် ရွှေတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂.၁၆.၁ အကြိုတည်ဆောက်ခြင်း

လုပ်ကွက်နယ်နိမိတ်အား မြေတိုင်းတာသတ်မှတ်ခြင်း၊ နယ်နိမိတ်ထောင့်တိုင်များစိုက်ထူခြင်း၊ မြေပုံရေးဆွဲခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ အကြိုတည်ဆောက်ခြင်းကာလတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကြီးကြီးမားမားမရှိခဲ့ပါ၊ အကြိုတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလ (၆) လခန့် ကြာမြင့်နိုင်ပါသည်။

၂.၁၆.၂ တည်ဆောက်ခြင်း

လုပ်ကွက်အတွင်း ဝင်ရောက်နိုင်မည့်လမ်းများ ဖောက်လုပ်ခြင်း၊ မြေရှင်းလင်းခြင်း၊ အဆောက်အဦဆောက်ခြင်း၊ ဝန်ထမ်း/လုပ်သားများ စုဆောင်းခြင်း၊ စက်ယန္တရားများ စုဆောင်းခြင်း လုပ်ငန်းများဆောင်ရွက်ပါမည်။ တည်ဆောက်ခြင်း ကာလတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ စတင်ဖြစ်ပေါ်နိုင်ပါသည်။ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလ(၁)နှစ်ကျော် ကြာမြင့်နိုင်ပါသည်။

၁.၁၆.၃ လုပ်ငန်းလည်ပတ်ခြင်း (ဆက်လက်လုပ်ကိုင်ဆောင်ရွက်မည့် (Adit) ခေါင်းစားလမ်း (Under Ground Mining Method)ဖြင့် တူးဖော်မည့်အစီအစဉ်)

စိမ်ကိန်း၏ SGU (271) အလတ်စားလုပ်ကွက်တွင် မြေအောက်တူးဖော်ရေးစနစ် (Under Ground Mining Method) ဖြင့်သာ စိုက်ကျင်း (Shaft) ဖြင့် တူးဖော်ထုတ်လုပ်ပါမည်။ စိုက်ကျင်း (Shaft–1) ဖြင့် ဆောင်ရွက်ပါမည်။

စိုက်ကျင်း (Shaft–1) အား အပေါ်ဖုံးမြေသားများ အနည်းငယ်ဖယ်ရှားရှင်းလင်း၍ မျက်နှာပြင်ဖော်၍ တူးဖော်ဆောင်ရွက်ပါမည်။ ဂဲပင်ဂဲသားများ ကြံ့ခိုင်မှု ရှိပြီး သတ္တုကြောများလားရာအတိုင်း အငိုက်အစောင်း(၄၅°)ဖြင့် အစောင်းခေါင်းစားများ တူးဖော်ပါမည်။ စိုက်ကျင်းကြံ့ခိုင်မှုရှိစေရန်နှင့် ဘေးအန္တရာယ် ကင်းရှင်းမှုရှိစေရန် အမိုးအကာများ၊ အသား၊ ဝါးများထည့်၍ ဆောင်ရွက်ခြင်း၊ လိုအပ်ပါက သံပန်း၊ သံဘောင်များဖြင့် ဆောင်ရွက်ခြင်းများ

လုပ်ကိုင်သွားပါမည်။ မြေအောက်တူးဖော်ရေးလုပ်ငန်းတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန်နှင့် ကြံခိုင်မှုရှိစေရန်၊ သံပန်း၊ သံဘောင်များဖြင့် ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အမိုးအကာတို့အတွက် အနည်းငယ်သာ သစ်သား၊ ဝါးများဖြင့် အသုံးပြုပါမည်။ တစ်နှစ်ခန့်မှန်းလိုအပ်ချက်မှာ (၆" x ၆") သစ်သား (၅)တန် ၊ (၆" x ၁") သစ်သား (၆)တန်နှင့် ဝါးအလုံးရေ (၁၀၀) ခန့်သုံးစွဲသွားမည်ဖြစ်ပါသည်။ လိုအပ်သော သစ်နှင့်ဝါးများကို နီးစပ်ရာအစိုးရသစ်စက်မှ ဝယ်ယူသုံးစွဲသွားပါမည်။

စိုက်ကျင်းကြံခိုင်မှုရှိစေရန် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန် သံပန်း၊ သံဘောင်များဖြင့် ဆောင်ရွက်ခြင်းများ လုပ်ကိုင်သွားပါမည်။

စီမံကိန်းလုပ်ငန်းများ၏ ကဏ္ဍများအလိုက် ပတ်ဝန်းကျင်ထိခိုက်နိုင်မှု အနည်းပါးဆုံးအခြေအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တူးဖော်ရေး (Mining)မှ ထွက်ရှိသော စွန့်ပစ်မြေစာ၊ ဂဲစာများ စွန့်ပစ် စုဆောင်းကွင်းတွင် စနစ်တကျ စုပုံသိမ်းဆည်းထားပြီး သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျင်းချို့ဉ့်ပမ်းများ မြေဖို့ပြုပြင်၍ စိမ်းလန်းစိုပြေရေး အစီအစဉ်တစ်ရပ်အနေဖြင့် ဒေသနှင့် သင့်တော်သော စိုက်ပျိုးပင်များဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

ရွှေသတ္တုရိုင်းပါ ဖြုံးများကို ရွှေသတ္တုသန့်စင်ထုတ်လုပ်ရာနေရာသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်၍ ရွှေသတ္တုသန့်စင် ထုတ်လုပ်ပါမည်။

၂.၁၆.၄ စောင့်ကြပ်ကြည့်ရှုခြင်း

မိုင်းပိတ်သိမ်းပြီးနောက် ကုမ္ပဏီ၏ ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသအာဏာပိုင်အဖွဲ့များ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် လုပ်ကွက်ဧရိယာမှ မြေပြိုတိုက်စားမှုအန္တရာယ်များ၊ လေထု/ရေထု ညစ်ညမ်းနိုင်သောကိစ္စများ ဆိုးကျိုးသက်ရောက်နိုင်မှုများကို စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်သွားပါမည်။ စောင့်ကြပ်ကြည့်ရှုခြင်းအစီရင်ခံစာအား ပုံမှန်အခြေအနေတွင် (၆)လတစ်ကြိမ် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြသွားမည်ဖြစ်ပြီး အရေးပေါ်အခြေအနေတွင် (၂၄) နာရီအတွင်းတင်ပြသွားမည်ဖြစ်ပါသည်။

စီမံကိန်းသက်တမ်းတွင် ဆောင်ရွက်ခဲ့သော အခြေအနေပေါ်မူတည်၍ ပိတ်သိမ်းရေးစီမံချက်အား စီမံကိန်းအဆင့်အလိုက် တွေ့ကြုံရသည့် အခြေအနေများပေါ်တွင် အခြေခံကာ ဆိုးကျိုးနှင့်ထိခိုက်မှုများ ပြန်လည်ကုစားခြင်းနှင့် စိုက်ခင်းထူထောင်ခြင်းလုပ်ငန်းများကို ကျပ်သိန်း(၈၀)အား ရန်ပုံငွေထားရှိ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက ထပ်မံဖြည့်တင်း

၍ ဆောင်ရွက်သွားပါမည်။ စီမံကိန်းများပိတ်သိမ်းပြီး နောက်တစ်ဆက်တည်း ကာလ (၅) နှစ် စောင့်ကြပ်ကြည့်ရှုဆောင်ရွက်သွားပါမည်။

၂.၁၇ စီမံကိန်းလုပ်ငန်းဆောင်ရွက်စဉ် ထွက်ရှိမည့်စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အခိုးအငွေ့၊ အရည်) အမျိုးအစားပမာဏ

၂.၁၇.၁ အစိုင်အခဲ

ရွှေသတ္တုတူးဖော်မှုလုပ်ငန်းမှ တစ်ရက်လျှင် စွန့်ပစ်ဂဲစာ ၂ တန်ခန့်ထွက်ရှိနိုင်ပြီး သီးသန့်စွန့်ပစ်စုပုံကွင်းဖြစ်သော လတ္တီတွဒ် (22 ° 42' 45.62" N , 96 ° 01' 32.23" E) ရှိ စွန့်ပစ်စုပုံကွင်းတွင် စွန့်ပစ်ဂဲစာများအား အလျား (၂၀၀)ပေ ၊ အနံ (၁၀၀)ပေ၊ အမြင့် (၁၅) ပေအား လျှောစောက် အစောင်း (၆၀ °) ဖြင့် ဂဲစာများ ပြိုကျမှုရှိစေရန် စနစ်တကျ စုပုံသိမ်းဆည်းပါမည်။ မိုးရာသီ စွန့်ပစ်ဂဲစာ မြေစာများ ပျော်ဝင်စီးဆင်းမှုကို မြေစာပုံပတ်လည် ၂ ' x ၂' ပေအနက် ရေစုမြောင်းများတူးဖော်၍ နှုံးစစ်ကန်ဖြင့် သွယ်ဆက်၍ စုဆောင်းအနည်ထိုင်စေပြီး ရေကြည်များကို လန်းဖျန်းရေ၊ စိုက်ခင်းသုံးရေများအဖြစ် ပြန်လည်အသုံးပြုသွားမည်ဖြစ်ပါသည်။ စွန့်ပစ်ဂဲစာ မြေစာများ မြေအောက်စိမ့်ဝင်မှုမရှိစေရန် မြေစာပုံမည့် ဧရိယာ အောက်ခြေတွင် ဂဲများ၊ ရွှံ့စေးများဖြင့် ဖိသိပ်ပြုပြင်ထားခြင်းနှင့် မြေစာဂဲစာပုံများမှ အမှုန်အမွှားများ လွင့်ထွက်မှုမရှိစေရန် ရေဖျန်းဖိသိပ်ထားခြင်းများ ဆောင်ရွက်သွားပါမည်။

၂.၁၇.၂ အရည်

သတ္တုတူးဖော်မှုလုပ်ငန်း၏ မြေအောက်စိုက်ကျင်းခေါင်းစားမှ တစ်ရက်လျှင် မြေအောက်ရေစိမ့်ထွက်ရေ ဂါလံ (၁၀၀၀)ခန့်ထွက်ရှိမည်ဖြစ်ပြီး ရေစုကန်များဖြင့် စုပ်တင်စုဆောင်းပြီး ဝန်ထမ်းသုံးချိုးရေ၊ သုံးရေများအဖြစ် အသုံးပြုပြီး အနည်စုကန်၊ ရေစုကန်များဖြင့် ထိန်းသိမ်းပြီး စိုက်ခင်းများဖြင့် သွယ်တန်းဖောက်လုပ်၍ စိုက်ခင်းသုံးရေများအဖြစ် ပြန်လည်အသုံးပြုသွားမည်ဖြစ်ပါသည်။ ရေစုကန်အား လတ္တီတွဒ် (22 ° 42' 47.96" N , လောင်ဂျီတွဒ် 96 ° 01' 32.19" E) တို့တွင် တည်ဆောက်ထားပါသည်။

၂.၁၇.၃ အခိုးအငွေ့

တူးဖော်ရေးလုပ်ငန်းသုံးစက်ယန္တရားကြီးများနှင့် မီးစက်၊ ရေစက်များမှ လွှင့်ထုတ်အခိုးအငွေ့များအနည်းငယ်ထွက်ရှိပါသည်။ လုပ်ငန်းသုံးစက်ပစ္စည်းများ ကြုံခိုင်ရေး ဆောင်ရွက်ခြင်း၊ အမျိုးအစားကန့်သတ်အသုံးပြုခြင်း၊ အိတ်ဇောအထိန်းများ တပ်ဆင်အသုံးပြုခြင်းများ ဆောင်ရွက်ပါမည်။

၃.၀။ မြေပုံနှင့်ကားချပ်များ

(က) စီမံကိန်းလုပ်ကွက်၏တည်နေရာပြမြေပုံ၊ အကျယ်အဝန်းနှင့်ပုံသဏ္ဌာန်ပြမြေပုံ (1inch Map)

(ခ) စီမံကိန်းအနီးဝန်းကျင် (၅)မိုင်ပတ်လည်ရှိ ဆက်စပ်နေရာများပြ (ကောင်းကင်မြေပုံ)

(ဂ) စီမံကိန်းလုပ်ကွက်၏တည်နေရာ၊အကျယ်အဝန်းနှင့်ပုံသဏ္ဌာန်ပြ (ကောင်းကင်မြေပုံ)

(ဃ) စီမံကိန်းအတွင်းရှိလိုက်နာမှတ်များပြ (ကောင်းကင်မြေပုံ)

(င) လုပ်ငန်းဆောင်ရွက်မှု၊ စွန့်ပစ်ပစ္စည်းများထွက်ရှိမှုနှင့် စွန့်ထုတ်မည့် လုပ်ငန်းစဉ်ပြ ကားချပ်

၄.၀။ ကတိကဝတ်

စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များ

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင် ထိခိုက်မှု လျော့နည်းသက်သာစေရေးအတွက် စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ကတိကဝတ်ဇယား

ကတိကဝတ်ပြုရန် အရင်းအမြစ်များ	ပတ်ဝန်းကျင် ထိခိုက်မှု	လုပ်ငန်းရှင်ကတိကဝတ်ပြုချက်များ
၁။ မြေနေရာရှင်းလင်းခြင်း သတ္တုတူးဖော်မည့်နေရာ မြေနေရာအားရှင်းလင်းခြင်း၊ သတ္တုရိုင်းနှင့်စွန့်ပစ်မြေစာများသယ်ပို့ရန် လမ်းများဖောက်ခြင်း၊ သတ္တုရိုင်းနှင့် စွန့်ပစ်မြေစာပုံနေရာများပြုလုပ်ခြင်း၊	- သစ်တောသစ်ပင်ပြုန်းတီးခြင်း၊မြေဆီလွှာဆုံးရှုံးခြင်း ဂေဟစနစ်ဖြစ်ထွန်မှုထိခိုက်ခြင်း၊	- မြေယာအသုံးချမှု အနည်းဆုံးဖြစ်သည့် မြေအောက်တူးဖော်မှုနည်းစနစ်ကိုအသုံးပြုဆောင်ရွက်ပါမည်။ - အသုံးချ မြေယာများအစား ကျွန်းပင်များအစားထိုးစိုက်ပျိုးထားပါသည်။ - မိုင်းပိတ်သိမ်းချိန်တွင် မြေဆီလွှာ ဆုံးရှုံး ထားသည့် အသုံးချထားသော မြေနေရာ များအား သင့်လျော်သော မြေယာအသုံး ချမှုလုပ်ငန်း တစ်ရပ်ထူထောင်နိုင်သည် အထိ ပြန်လည် ပြုပြင်ပေးပါမည်။
၂။သတ္တုတူးဖော်ခြင်း သတ္တုတူးဖော်ခြင်း	- ဆူညံသံနှင့်တုန်ခါမှုများဖြစ်ေပါ်ခြင်း၊	- ဆူညံသံနှင့် တုန်ခါမှုတို့အား အမျိုးသား ပတ်ဝန်းကျင်အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအတွင်း ရှိစေရေး အတွက် ဆောင်ရွက်ပါမည်။ - ဆူညံသံနှင့်တုန်ခါမှုဖြစ်ပေါ်မှုနည်းစေရေး အတွက်မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုဆောင်ရွက်ပါမည်။ - ယမ်းသုံးစွဲမှုအား ကန့်သတ်၍ တစ်ပြိုင် နက် ပေါက်ကွဲမှု မရှိစေရေးအတွက် Detonating Relay များ အသုံးပြုဆောင်ရွက်ပါမည်။ - အင်းတစ်အင်းလျှင် တစ်ရက်လျှင်ယမ်းခွဲခြင်းအား နှစ်ကြိမ်သာဆောင်ရွက်ပါ မည်။ - ပေါက်ကွဲအင်ဂျင်များနှင့် စက်ပစ္စည်းများ တွင် အသံထိန်း ကိရိယာများ တပ်ဆင်ထားပါမည်။ - စက်ပစ္စည်းများအား အနည်းဆုံးအရေ အတွက်ဖြင့် ဆောင်ရွက်ပါမည်။

စွန့်ပစ်ကျောက်များ စွန့်ပစ်ခြင်း	- မိုးကာလမိုးရေတိုက်စား၍အ နည်အနှစ်များကျရောက်ပြီး စီးမျောခြင်း၊ ရေစီးရေလာ ပိတ်ဆို့ခြင်းဖြင့် မိုင်းအတွင်းနှင့် ဆက်စပ်ဒေသ ပတ်ဝန်းကျင်အပေါ်ထိခိုက်မှု ဖြစ် စေခြင်း၊	- ရွှေကြောသို့မရောက်မီ ထွက်ရှိသော စွန့်ပစ်ကျောက်များအား မိုင်းပိတ်သိမ်း ချိန်တွင် ပင်မဆင်းတွင်းနှင့် ပင်မလိုဏ်ဂူ များပြန်လည်ဖို့ရန်အတွက် စနစ်တကျ စုပုံထားပါမည်။ - ရွှေကြောသို့ ရောက်ရှိပြီး ထွက်ရှိမည့် စွန့် ပစ်ကျောက်များအား အင်းပြင်ပသို့ ထုတ် ယူခြင်းမပြုဘဲ တူးဖော်ပြီး လိုဏ်ခေါင်း များအတွင်းရှေ့စား နောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့ပါမည်။
သတ္တုတွင်းစိမ့်ထွက် ရေများ	- ဓာတ်ခွဲစမ်းသပ်မှု အရ မြေပေါ်ရေ၊ မြေအောက်ရေများအားညစ် ညမ်း စေခြင်း မရှိစေနိုင် သော သဘာဝ မြေအောက်ရေများဖြစ်ပါသ ည်။	- ပိုလျှံသောသတ္တုတွင်းစိမ့်ထွက်ရေများအား ဝန်ထမ်းချိုးရေ၊ပျိုးခြံ ၊ အစားထိုးစိုက်ခင်းများ ရေလောင်းရန်နှင့် သတ္တုရိုင်းသယ်ပို့သည့် လမ်းရေဖျန်း ခြင်း လုပ်ငန်းတွင် အသုံးပြု ပါမည်။ - သတ္တုတူးဖော်ခြင်းကာလတွင် မျက်နှာ ပြင် ဖွင့်တူးဖော်သည့် မြေအောက်လိုဏ်ခေါင်းများ အား မြေဖို့ခြင်း၊ မိုင်းပိတ်သိမ်းချိန်တွင် ပင်မ ဆင်းတွင်းနှင့် ပင်မလိုဏ် ခေါင်းများအား စွန့်ပစ် ကျောက်များ ဖြည့်ခြင်းတို့မှ စိမ့်ထွက် ရေများ ပိတ်ဆို့ စေရန်ဆောင်ရွက်မည်ဖြစ်ပါသည်။
သတ္တုရိုင်းများ သယ်ပို့ခြင်း	- ဖုန်မှုန့်ပျံ့လွင့်၍ လေထုညစ်ညမ်းစေခြင်း၊	- ရေဖျန်းခြင်းအား နံနက်တစ်ကြိမ်၊ နေ့ခင်း တစ်ကြိမ်ဆောင်ရွက်ပါမည်။
ယမ်းခွဲခြင်းအင်းတစ်အင်းလျှင် တစ်ရက်လျှင် တစ်ကြိမ်၊ နံနက်(၄) နာရီတွင် ယမ်းခွဲခြင်းလုပ် ငန်းများအား ဆောင်ရွက် ပါသည်။	- ထိခိုက်မှုအန္တရာယ် ဖြစ်ပေါ်စေနိုင် ခြင်း၊ထားသိုသယ် ယူရာမှမီးလောင်မှု ဖြစ်ပွားစေနိုင်ခြင်း	- ယမ်းသိုလှောင်ရာတွင် စနစ်တကျယာယီ ယမ်းတိုက်ဖြင့် သိုလှောင်သိမ်းဆည်းထား ပါမည်။ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ သယ်ယူ၊ သိုလှောင်၊ သုံးစွဲမှုများအား အတွေ့အကြုံရှိဝန်ထမ်းများ ခန့်ထား ဆောင်ရွက်ပါမည်။ - ယမ်းနှင့်ဆက်စပ်ပစ္စည်းများ သုံးစွဲမှုများ ကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်များ ဖြစ်ပေါ်မှုမရှိစေရေးအတွက် ဆောင်ရွက် ပါမည်။
<u>မြေအောက်လေ ပြတ်တောက်ခြင်း</u>	- သတ္တုတူးဖော်ခြင်းလုပ်ငန်း အား မြေအောက်လိုဏ် ခေါင်းများအတွင်း တူးဖော်မည်ဖြစ်၍ မြေအောက်လေ ပြတ်တောက်ပါက	- မြေအောက်လေပြတ်တောက်၍လုပ်ငန်းခွင် ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အတွက် မြေအောက်လေပေးစနစ်အား အရန်လေ ပေးစနစ်များ တပ်ဆင်ခြင်း၊ အရေးပေါ် အသက်ရှူကိရိယာများ ထားရှိ ပေးခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်း များ

	တူးဖော်မှုလုပ်ငန်းများဆောင်ရွက် နေသောအင်းသားများမွေးခြင်းနှင့် အသက်ဆုံးရှုံးခြင်း စသည့်ဖြင့် ဘေးအန္တရာယ်များကြုံတွေ့နိုင်ပါသည်။	စီမံဆောင်ရွက်ထားခြင်း၊ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ထားရှိ၍ ကြိုတင် ဇာတ်တိုက်လေ့ကျင့်ပေးထားခြင်းစသည် ဖြင့် မြေအောက်လေပြတ်တောက်ခြင်း ကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အတွက် စီမံဆောင်ရွက် ပါမည်။
၃။ လုပ်ငန်းသုံးစွန့်ပစ်ရေ လုပ်ငန်းသုံးရေ(၁၀၀၀)ဂါလံခန့်အ သုံးပြုမည်ဖြစ်ပါသည်။ စွန့်ပစ်ရေများအား အနည်ထိုင်ကန်တွင် အနည်ထိုင်စေ ပြီး အမှုန့်ကြိတ်လုပ်ငန်းတွင် ပြန်လည်အသုံးပြုပါမည်။	- လုပ်ငန်းသုံးရေများကြောင့် လုပ်ကွက်နှင့်ဆက်စပ်ဝန်းကျင်မြေပေါ်ရေ၊ မြေအောက်ရေများညစ်ညမ်းစေနိုင်ခြင်း၊ - လုပ်ငန်းသုံးရေများစွန့်ပစ်ခြင်းမှ နွံအနည်အနှစ်များ ပါဝင်၍ ဆက်စပ်ဝန်းကျင်ရေစီးရေလာပိတ်ဆို့နိုင်ပါသည်။	- စွန့်ပစ်မြေစာနှင့် လုပ်ငန်းသုံးရေ အနည်ထိုင်ကန်အား မြေအောက်ရေစိမ့်ဝင်ခြင်း မရှိစေရန် ဆောင်ရွက်ထားပါသည်။ - လုပ်ငန်းသုံးရေများအား ပြင်ပသို့စေလွှတ်ခြင်းမပြုပါ။ - လုပ်ငန်းသုံးရေပမာဏမှာ (၁၀၀၀)ဂါလံခန့်ဖြစ်ပါသည်။ မိုင်းပိတ် သိမ်းချိန် တွင် လုပ်ငန်းသုံးရေများအား နွံအနည်အနှစ်များ မပါဝင်စေရေးအတွက် အနည်ထိုင်ကန်တွင် အနည်ထိုင်စေပြီး ရေကြည်များအား လုပ်ကွက်အတွင်းရှိ စိုက်ခင်းများသို့ သွယ်တန်းထားသော ရေမြောင်းများ အတွင်းစေလွှတ်၍ ရေလောင်းရာတွင် အသုံးပြုခြင်းဖြင့် စွန့်ပစ်မည်ဖြစ်ပါသည်။
၄။ စွန့်ပစ်မြေစာ	- စွန့်ပစ်မြေစာများ စွန့်ပစ်မှုမြေစာပုံ များအားမိုးရေတိုက်စား၍ နှုံးအနည်အနှစ်များပျံ့လွင်စီးမျောပြီး ရေစီးရေလာ ပိတ်ဆို့ခြင်း၊ သဲဆန် သေ မြေ များဖြစ်၍ မြေဆီ လွှာပြုန်းတီးစေခြင်းများဖြစ်ပေါ် နိုင်ပါသည်။	- စွန့်ပစ်မြေစာများအား လုပ်ကွက်အတွင်းရှိ ချိုင့်ဝှမ်းများတွင် မြေဖို့ မြေညှိဆောင်ရွက်၍ ပိုလျှံသော ဂဲစာများ စွန့်ပစ်စုဆောင်းကွင်းတွင် စုဆောင်း၍ မိုးရေတိုက်စား၍ စီးမျောမှုမရှိစေရန် မြေစာပုံပတ်လည်တွင် ရေဆင်းစုမြောင်းတူးဖော်၍ နှုန်းစစ်ကန်ထားရှိဆောင်ရွက်ပါမည်။ စီမံကိန်းပိတ်သိမ်းချိန်တွင် စွန့်ပစ်ဂဲစာများ ကျင်းဟောင်းများတွင် ပြန်လည်မြေဖို့ဆောင်ရွက်သွားပါမည်။ စွန့်ပစ်စုဆောင်းနေရာများအား မြေဆီလွှာပြုပြင်၍ ဒေသနှင့်ကိုက်ညီသော သစ်ပင်များပြန်လည်စိုက်ပျိုးသွားပါမည်။
၅။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး	- မြေအောက်လေပြတ်တောက်ခြင်း၊ - ယမ်းနှင့်ဆက်စပ်ပစ္စည်းများမှ အသက်အန္တရာယ် ဖြစ်ပေါ်စေခြင်း၊ - မြေသားပြိုကျမှုများခြင်း	- လုပ်ငန်းများဆောင်ရွက်မှုမှ လုပ်ငန်းခွင်ဘေးအန္တရယ်မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရယ်ကာကွယ်ရေး စီမံချက်ရေးဆွဲပြီး လုပ်ငန်းခွင်ဘေးအန္တ ရာယ် ကာကွယ်ရေးအဖွဲ့များ၊ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေး စောင့်ရှောက်မှု

	စသည်ဖြင့်လုပ်ငန်းခွင်ဘေး အန္တရာယ်များနှင့်သဘာဝ ဘေးအန္တရာယ်များဖြစ်သော မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေ ပြိုခြင်း၊ မီးလောင် ခြင်း၊ ဘေးအန္တရာယ်များဖြစ်ပေါ်နေ ေနိုင်ပါသည်။	အဖွဲ့များ ဖွဲ့စည်းဆောင် ရွက်ပါမည်။ - သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ မီးဘေးအန္တရယ်ကာကွယ်ရေးများအတွက်လည်း စီမံချက်များရေးဆွဲ၍ အကောင် အထည် ဖော်ဆောင်ရွက် မည်ဖြစ်ပါ သည်။
၆။ စောင့်ကြပ်ကြည့်ရှု့ စစ်ဆေးခြင်း	- လုပ်ငန်းများဆောင်ရွက်မှု ကြောင့်မြေယာဆုံးရှုံးခြင်းသ ဘာဝရေအရင်းအမြစ်ရှုံးခြင်း၊ ဆူညံသံနှင့် တုန်ခါမှုများ ဖြစ် ပေါ်ခြင်း၊ စွန့်ပစ်ရေနှင့် စွန့် ပစ်မြေစာများကြောင့် လုပ် ကွက်နှင့် ဆက်စပ်ဒေသပတ် ဝန်းကျင် ညစ်ညမ်းစေခြင်း၊ - ဂေဟစနစ်ဖြစ်ထွန်းမှု လျော့ကျစေခြင်း၊ - သဘာဝအပင်များ ဆုံးရှုံးစေ ခြင်း။	- သတ္တုတူးဖော်ထုတ်လုပ်သန်စင်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့်ပတ်ဝန်းကျင် နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်စေနိုင်သည့် အချက် များ ဓာတ်ဆေးများမှ ဘေးအန္တရာယ် ဖြစ်ပေါ်စေ နိုင်သည့်အချက်များ၊ - လုပ်ငန်းခွင်ဘေးအန္တရယ်ဖြစ်ပေါ်စေနိုင်သည့် အချက်များ၊ ကြိုတင်ကာကွယ်ရေး ဆိုင်ရာ လုပ်ဆောင်ချက်များ၊ အရေးပေါ်အခြေအနေ တွင် ဆောင်ရွက်မည့်အစီအမံများ၊ ဘေးအန္တ ရာယ် ကာကွယ်ရေးအတွက် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ပညာပေးသည့် အစီအစဉ်များ ဆောင် ရွက်သည့် အခြေအနေများအား စောင့်ကြပ် ကြည့်ရှုစစ်ဆေးပါမည်။
၇။ သဘာဝဘေးအန္တရာယ် နှင့် မီးဘေးအန္တာရာယ်ကြိုတင် ကာကွယ်ခြင်း	- ထိခိုက်မှုဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်ခြင်း၊ အသက် အန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်း	- သဘာဝဘေးအန္တာရယ်နှင့် မီးဘေးအန္တရယ် ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ် ဆောင်ရွက်မည့်အဖွဲ့များ ဖွဲ့စည်းထားခြင်း၊ သဘာဝဘေးအန္တရယ်နှင့် မီးဘေးအန္တာရယ် ကြိုတင် ကာကွယ်ရေးစီမံချက်များဖြင့် ဆောင်ရွက်ပါမည်။
၈။ လူမှုရေးဆိုင်ရာကိစ္စရပ် များနှင့် ဒေသဖွံ့ဖြိုးရေး ကိစ္စများ	- လူမှုဝန်းကျင်နှင့် ပတ်ဝန်း ကျင်ထိခိုက်မှု	- ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုလား ချက်များဖော်ထုတ်ကာ စီမံဆောင်ရွက်မည် ဖြစ်ပါသည်။ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ အား စီမံကိန်းကာလတစ်လျှောက်လုံး စီစဉ် ဆောင်ရွက်ပါမည်။
၉။ မိုင်းပိတ်သိမ်းခြင်း မြေယာအသုံးချထားမှု ကိစ္စရပ် များရှင်းလင်းခြင်း၊အုပ်ချုပ်မှု ဆိုင်ရာအဆောက်အဦးများ၊ စက်မှုဆိုင်ရာ အဆောက်အဦ များ၊ဝန်ထမ်းအိမ်ယာများအတွက်	- မြေမျက်နှာပြင်အနေ အထားနှင့်ရှုခင်းများ ပြောင်းခြင်း၊ မြေဆီလွှာ ဆုံးရှုံးခြင်း၊သစ်တောသစ်ပင် ဆုံးရှုံး ခြင်း၊မြေဆီလွှာ ညစ်ညမ်းခြင်း၊	- သင့်လျော်သောမြေယာအသုံးချမှုလုပ်ငန်း တစ်ရပ်ထူထောင်နိုင်သည်အထိ စီစဉ်ဆောင်ရွက် ပါမည်။

မြေယာ အသုံးချထားမှုများ။		
စွန့်ပစ်မြေစာနှင့်လုပ်ငန်းသုံးရေ အနည်ထိုင်ကန် စွန့်ပစ်ရေကန်၊ အင်းဝိုင်းလှည့်ကန်များ၊	- မြေနေရာဆုံးခြင်း၊	- မျက်နှာညှို့၍ အပေါ်ယံမြေသားဖုံးအုပ်ခြင်း၊ မြေဆွေးလွှာအုပ်ခြင်းတို့ ပြုလုပ်၍ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးပါမည်။
စွန့်ပစ်ကျောက်ပုံ၊ စွန့်ပစ်မြေစာပုံ	- မြင်ကွင်းကောင်းမွန်မှု မရှိခြင်း၊ ပြိုကျ၍ ဘေးအန္တရာယ်ရှိနိုင်ခြင်း၊ - မိုးရာသီတိုက်စား၍ ချောင်းမြောင်းများအတွင်းအနည်အနှစ်များ ကျနိုင်ခြင်း၊	- မိုင်းပိတ်သိမ်းချိန်တွင် ပင်မဆင်းတွင်းများ နှင့် ပင်မလိုဏ်ခေါင်းများအတွင်း ပြန်လည်ဖြည့်မည်ဖြစ်ပါသည်။ ကျောက်ပုံ၊ မြေစာပုံနေရာများအား ရှင်းလင်း၍ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးပါမည်။
ပိတ်သိမ်းပြီးကာလတွင် မြေဆီလွှာ၊ မြေပေါ်ရေမြေအောက်ရေညစ်ညမ်းခြင်း၊	- မြေဆီလွှာညစ်ညမ်းခြင်း၊ မြေပေါ်မြေအောက်ရေညစ်ညမ်းခြင်း၊	- မိုင်းပိတ်သိမ်းပြီး(၅)နှစ်အထိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးပါမည်၊
မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာတင်ပြခြင်း		- မိုင်းပိတ်ခြင်းအားစီးပွားရေးတွက်ချေ မကိုက်ခြင်း၊ သတ္တုကြောများ ပျောက်သွားခြင်း စသည်ဖြင့် သတ္တုတူးဖော်ခြင်းလုပ်ငန်း မဆောင်ရွက်နိုင်သည့်ကာလတွင် ပိတ်သိမ်းပါမည်။ စီမံကိန်းပိတ်သိမ်းရန် (၁)နှစ်အလိုတွင်မိုင်းပိတ်သိမ်းမည့် အသေးစိတ်အစီအစဉ်များအား တင်ပြပါမည်။

၄.၁။ အစီအရင်ခံစာရေးသားသူ၏ ကတိဝန်ခံချက်

ရေနံသာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုရှိ (SGU 271) လုပ်ကွက်အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအား ဝန်းကျင်ဗေဒဆိုင်ရာ ပညာရှင်မှ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံချက်ပါ အချက်အလက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့်အညီ တိကျစွာလိုက်နာ၍ ပြည့်စုံစေရန် ရေးဆွဲတင်ပြထားသည်မှာ မှန်ကန်ပါကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

ဦးရဲသွေးနောင်	**ဦးခွန်သက်အောင်**
(စီမံကိန်းလုပ်ကွက်တာဝန်ခံဒါရိုက်တာ)	**(ဝန်းကျင်ဗေဒပညာရှင်)**

၄.၂။ စီမံကိန်းများနှင့်သက်ဆိုင်သည့် လုပ်ငန်းရှင်၏ကတိကဝတ်

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE)တွင်ပါရှိသော အချက်အလက်များ တိကျခိုင်မာကြောင်းနှင့် ပြည့်စုံပါကြောင်း အစီအရင်ခံစာပါအချက်အလက်များကို လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများကို တိကျစွာလိုက်နာ၍ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာကို ဆောင်ရွက်ထားပါသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်၊ လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများလျော့နည်းစေရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာသွားမည်ဖြစ်ပါကြောင်း လက်မှတ်ရေးထိုးဝန်ခံ ကတိပြုပါသည်။

၅.၀။ မူဝါဒ၊ ဥပဒေနှင့်မူဘောင်များ

၅.၁။ ကုမ္ပဏီ ။ ကုမ္ပဏီ၏ စီမံကိန်းဆိုင်ရာမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

- အသေးစား၊ အလတ်စားရင်းနှီးမြှုပ်နှံမှုများတွင် ရင်းနှီးမြှုပ်နှံ၍ ဓာတ်သတ္တုများ ပိုမိုထုတ်လုပ် နိုင်ခြင်းဖြင့် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေ တိုးပွားအောင်ဆောင်ရွက် ပေးရန်နှင့် အကြီးစား လုပ်ငန်းများဖြင့် နိုင်ငံတကာအဆင့်မီ ဓာတ်သတ္တုဖွံ့ဖြိုး ထုတ်လုပ်နိုင်ရန်။
- ပြည်ထောင်စုတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရန်၊
- တရားမဝင် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများလျော့နည်းစေပြီး တာဝန်ယူမှုနှင့် တာဝန်ခံနိုင်သောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် နိုင်ငံတော်စီးပွားရေး ကို အထောက်ကူဖြစ်စေရန်။
- ဒေသခံပြည်သူများ ဓာတ်သတ္တုတူးဖော်မှုပိုင်းဆိုင်ရာနည်းပညာများရရှိစေရန်။

၅.၂။ စီမံကိန်း။ ရေနုံသာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အနေဖြင့် စီမံကိန်း လုပ်ငန်းအတွင်း ရွှေသတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့်တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ စံချိန် စံညွှန်းများနှင့် နိုင်ငံတကာ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက် သွားပါမည် –

(၁) မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)။
(၂) မြန်မာ့သတ္တုတွင်းနည်းဥပဒေများ (၂၀၁၈)။
(၃) အမျိုးသားပတ်ဝန်းကျင်ရေးမူဝါဒ (၁၉၉၄)။
(၄) သတ္တုတွင်းနည်းဥပဒေ (၁၉၉၆)။
(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)။
(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄)။
(၇) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅)။
(၈) ၁၉၅၁ အလုပ်ရုံများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၆)၊
(၉) အခကြေးငွေပေးချေရေးဥပဒေ၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၇)၊(၂၀၁၆)။

(၁၀)ဆိုင်များနှင့်အလုပ်ခွင်နများဥပဒေ၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၈)၊ (၂၀၁၆)။

(၁၁) ပြည်သူ့ကျန်းမာရေးဥပဒေ၊ (၁၉၇၂) (၂၀၁၆)။

(၁၂) သစ်တောဥပဒေ (၂၀၁၈)။

(၁၃) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆)။

(၁၄) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃)။

(၁၅) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)(၂၀၁၈)။

(၁၆) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)။

(၁၇) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာဥပဒေ (၁၉၉၄) (၂၀၁၈)။

(၁၈) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာဥပဒေ (၂၀၁၈)။

(၁၉) အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)။

(၂၀) အနည်းဆုံးအခကြေးငွေဥပေဒ (၂၀၁၃) (၂၀၁၈)။

(၂၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)။

(၂၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (၂၀၁၇)။

(၂၃) လူမှုဖူလုံရေးနည်းဥပဒေ (၂၀၁၂)။

(၂၄) အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ (၁၉၅၁)။

(၂၅) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ(၂၀၁၅)။

(၂၆) အမျိုးသားမြေအသုံးချမှုဆိုင်ရာမူဝါဒ (၂၀၁၆)

၅.၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများ

ရေနုံသာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

၅.၄။ ရေအရည်အသွေးအဆင့်သတ်မှတ်ချက်များ (Effluents Levels)

လုပ်ကွက်နှင့်ဆက်စပ်ဒေသ၊ ရေများ၏အရည်အသွေးအား ထိန်းသိမ်းမည့်စံချိန်စံညွှန်းများမှာ အောက်ပါဇယားအတိုင်းဖြစ်ပါသည်-

၅.၄.၁။ စွန့်ထုတ်ရည်အရေအသွေး၊အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန် ချက်များ

Parameter	Unit	Guideline Value	Referance
Arsenic	mg/l	0.1	Myanmar National Environmental Quality(Emission) Guidelines, December 2015
Cadmium	mg/l	0.05	As above
Chemical Oxygen Demand	mg/l	150	As above
Chromium (hexavalent)	mg/l	0.1	As above
Copper	mg/l	0.3	As above
Cyanide	mg/l	1	As above
Cyanide (free)	mg/l	0.1	As above
Cyanide (weak acid dissociable)	mg/l	0.5	As above
Iron (total)	mg/l	2	As above
Lead	mg/l	0.2	As above
Mercury	mg/l	0.002	As above
Nickel	mg/l	0.5	As above
pH	S.U.[a]	6–9	As above
Temperature	°C	<3 degree differential	As above
Total Suspended Solids	mg/l	50	As above
Zinc	mg/l	0.5	As above

Source ECD Department.

[a] Standard unit

[b] At the edge of a scientifically established mixing zone which takes into account ambient water quality, receiving water use, potential receptors and assimilative capacity; when the zone is not defined, use 100 meters from the point of discharge.

၅.၄.၂။ အထွေထွေသုံးရေစံချိန်စံညွှန်း (ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)

No	Parameter	Unit	Maximum Permissible Level
1.	Apperance		Turbid
2.	Colour	mg/l	50
3.	Turbidity	NTU	25
4.	pH Value	mg/l	6.5 to 9.2

5.	Total Solid	mg/l	1500
6.	Total Hardness ($CaCO_3$)	mg/l	500
7.	Total Alkalinity ($CaCO_3$)	mg/l	950
8.	Calcium (Ca)	mg/l	200
9.	Magnesium (Mg)	mg/l	150
10.	Chloride (Cl)	mg/l	600
11.	Sulphate (SO_4)	mg/l	400
12.	Total Iron (Fe)	mg/l	1

၅.၄.၃။ ရေနေသက်ရှိများအား ကာကွယ်ရေးအတွက် အနီးပတ်ဝန်းကျင်ရေ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ

Parameter	Unit	Guideline Value	Referance
Aluminium	mg/l	0.005(if pH<6.5) 0.1(if pH<6.5)	Australian and New Zealand guidelines for fresh and marine water quality 2000. Australian and New Zealand Environment Conservation Council. Water Quality Guidelines for the Protection of Aquatic life. 2016, Canadian Council of Ministers of the Environment. Metal mining technical guidance for environmental effects monitoring 2012. Environment Canada.
Ammonia	mg/l	0.02	As above
Arsenic	mg/l	0.05	As above
Boron	mg/l	0.5	As above
Cadmium	mg/l	0.0002	As above
Chloride	mg/l	0.86	As above
Chromium (hexavalent)	mg/l	0.01	As above
Chromium (trivalent)	mg/l	0.0089	As above
Coliforms (total)	MPN/100ml	5000	As above

Coliforms (faecal)	MPN/100ml	1000	As above
Color	mg/l	Not significantly higher that seasonally Adjusted background value	As above
Copper	mg/l	0.002	As above
Cyanide (free)	mg/l	0.005	As above
Dissolved oxygen	mg/l	6	As above
Ethanol	mg/l	1.4	As above
Fluoride	mg/l	0.2	As above
Iron	mg/l	0.3	As above
Lead	mg/l	0.001	As above
Manganese	mg/l	0.05	As above
Mercury	mg/l	0.0001	As above
Molybdenum	mg/l	0.073	As above
Naphthalene	mg/l	0.016	As above
Nickel	mg/l	0.015	As above
Nitrate	mg/l	5	As above
Nitrite	mg/l	0.06	As above
Oil & grease	–	Substantially absent, no iridescent sheen	As above
pH	–	6.5–9	As above
Phenols	mg/l	0.004	As above
Phosphorus	mg/l	0.15	As above
Selenium (total)	mg/l	0.005	As above
Silver	mg/l	0.0001	As above
Sulphide	mg/l	0.002	As above
Temperature	°C	<2 increase	As above
Thallium	mg/l	0.004	As above
Total Suspended Solids	mg/l	10	As above
Tributyltin	mg/l	0.000008	As above
Turbidity	–	<10% change	As above

Uranium	mg/l	0.015	As above
Zinc	mg/l	0.005	As above

၅.၄.၄။ သောက်ရေအရည်အသွေးစံချိန်စံညွှန်းများ

Parameter	Unit	Guideline Value	Referance
Aluminium	mg/l	0.2	National drinking water quality standards, 2014. Ministry of Health, Myanmar.
Ammonia–Nitrogen	mg/l	1.5	As above
Antimony	mg/l	0.02	As above
Arsenic	mg/l	0.05	As above
Barium	mg/l	0.7	As above
Boron	mg/l	2.4	As above
Cadmium	mg/l	0.003	As above
Calcium	mg/l	200	As above
Chloride	mg/l	250	As above
Chromium	mg/l	0.05	As above
Coliforms (total)	MPN/100ml	3	As above
Coliforms (faecal)	MPN/100ml	0	As above
Color	TCU	15	As above
Copper	mg/l	2	As above
Cyanide	mg/l	0.07	As above
Fluoride	mg/l	1.5	As above
Hardness	mg/l as $CaCO_3$	500	As above
Iron	mg/l	1	As above
Lead	mg/l	0.01	As above
Magnesium	mg/l	150	As above
Manganese	mg/l	0.4	As above
Mercury (total)	mg/l	0.001	As above
Nickel	mg/l	0.07	As above
Nitrate (as NO_3)	mg/l	50	As above
Nitrate (as NO_2)	mg/l	3	As above

Odor	–	Acceptable/No objectionable odor	As above
pH	–	6.5–8.5	As above
Selenium	mg/l	0.04	As above
Sodium	mg/l	200	As above
Sulphate	mg/l	250	As above
Sulphide	mg/l	0.05	As above
Taste	–	Acceptable/No objectionable taste	As above
Total dissolved Solids	mg/l	1000	As above
Turbidity	NTU	5	As above
Uranium	mg/l	0.03	As above
Zinc	mg/l	3	As above

၅.၅။ ပတ်ဝန်းကျင်လေထုအရည်အသွေး (Ambient Air Quality Standards)

သတ္တုရိုင်းများတူးဖော်ခြင်း၊ ယမ်းခွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စုပုံခြင်း၊ လုပ်ငန်းများဆောင်ရွက်မှုမှ ကျောက်မှုန့်များ၊ ဖုန်မှုန့်များ တို့ကြောင့် လေထုအတွင်း ကျောက်မှုန့်၊ ဖုန်မှုန်များပျံ့လွင့်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုမရှိစေရေးအတွက် အောက်ပါပတ်ဝန်းကျင် လေထုအရည်အသွေးများနှင့်အညီ ဆောင်ရွက်မည် ဖြစ်ပါသည်-

၅.၅.၁။ လေထုအရေအသွေး၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

Parameter (avg. 8 hours)	CO (ppb)	NO2 (ppb)	NO (ppb)	PM10 (µg/m3)	PM2.5 (µg/m3)	SO2 (ppb)
Guideline Value	9 (ppm)	100	100	35	150	75

Parameter	Averaging Period	Guideline Value µg/m^3	Reference
Sulphur dioxide	24 hours 10 minutes	20 500	Myanmar National Environmental Quality (Emission) Guidelines,

			December 2015.
Nitrogen dioxide	1 year 1 hour	40 200	As above
Particulate Matter PM_{10}	1 year 24 hours	20 50	As above
Particulate Matter $PM_{2.5}$	1 year 24 hours	10 25	As above
Ozone	8–hour daily maximum	100	As above

[a] Particulate matter 10 micrometers or less in diameter.

[b] Particulate matter 2.5 micrometers or less in diameter.

Source: ECD Department.

၅.၆။ ဆူညံသံ (Ambient Noise Standards)

ရွှေသတ္တုရိုင်းများတူးဖော်ခြင်းများဆောင်ရွက်ခြင်းကြောင့် လုပ်ကွက်အတွင်းရှိ ရုံးခန်း၊ ဝန်ထမ်း နေအိမ်များနှင့် ဆက်စပ်ဝန်းကျင်ရှိ လူမှုဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေရေးအတွက် အသုံးပြုမည့် စံချိန်စံညွှန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၅.၆.၁ဆူညံသံ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

Receptor	One Hour Laeq (dBA)[a]		Reference
	Daytime 07:00–22:00	Nighttime 07:00–22:00	
Residential, Institutional, Educational	55	45	Myanmar National Environmental Quality(Emission) Guidelines, December 2015
Industrial Commercial	70	70	As above

Source: ECD Department.

[a]Equivalent continuous sound level in decibels.

၆.၀။ စီမံကိန်း၏ လက်ရှိပတ်ဝန်းကျင်အခြေအနေနှင့် လူမှုစီးပွားရေးအနေအထားများ

၆.၁ ဆူညံသံနှင့်တုန်ခါမှု

သတ္တုတူးဖော်မှုလုပ်ငန်းကို မြေအောက်တွင်သာဆောင်ရွက်မည်ဖြစ်ပါ၍ ဆူညံသံဖြစ်ပေါ်မှု နည်းပါးပါသည်။ ကျောက်ဖောက်စက်များအသုံးပြုခြင်း၊ ယမ်းဖောက်ခွဲခြင်း၊ စက်ပစ္စည်းများမှ ဆူညံသံများ၊ ယာဉ်များသွားလာမှုကြောင့် ဆူညံသံနှင့်တုန်ခါမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခွင့် ရရှိပါက မြေအောက်စိုက်ကျင်းတူးဖော်မည့် နေရာအနီးတွင် လတ်တီတွဒ် (22°42' 43.27" N) နှင့် လောင်ဂျီတွဒ် (96°01' 30.18" E) အမှတ်နေရာများတွင် မူလအခြေအနေဆူညံသံဖြစ်ပေါ်မှုအား တိုင်းတာစစ်ဆေးထားပြီး လုပ်ငန်းများဆောင်ရွက်ချိန်တွင် ဖော်ပြပါလိုက်နာမှတ်များတွင် ဆူညံသံဖြစ်ပေါ်မှုများ ထပ်မံစမ်းသပ်၍ မူလတိုင်းတာစစ်ဆေးချက်နှင့် ကွာခြားမှု၊ ထိခိုက်မှုများကို ဆန်းစစ်ဖော်ထုတ်၍ ပြုပြင်လျော့ချဆောင်ရွက်သွားပါမည်။

မူလအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်စဉ်အခြေအနေများ ကွာခြားမှု၊ ထိခိုက်မှုများ သိရှိနိုင်ရန် ဖော်ပြပါလိုက်နာမှတ်များတွင် တိုင်းတာစစ်ဆေးရခြင်းဖြစ်ပါသည်။

၆.၂ ရူပဆိုင်ရာ

၆.၂.၁ မြေမျက်နှာသွင်ပြင်နှင့်မြေဆီလွှာအနေအထား

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်သည် မြောက်ဘက်တွင် တောင်ကုန်းတောင်တန်းများ၊ မြေပြန့်လွင်ပြင်များ ဆက်စပ်တည်ရှိသော သပိတ်ကျင်းမြို့နယ်၊ အရှေ့ဘက်တွင် ရှမ်းကုန်းမြေမြင့်ဒေသဖြစ်သော နောင်ချိုမြို့နယ်၊ တောင်ဘက်တွင်မြေညြောကောင်းမွန်သော မြေပြန့်လွင်ပြင်နှင့် ရေဝေရေလဲစနစ် အခြေခံကောင်းမွန်သော မတ္တရာလွင်ပြင်ဒေသ၊ အနောက်ဘက်တွင် ရေစီးရေလာကောင်းမွန်သော ဧရာဝတီမြစ်တို့အကြားတွင် ကွင်းပြန့်များ၊ တောင်ကုန်းပြန့်များ၊ မြေပြင်မှ သီးခြားပေါ်ထွက်လျက်ရှိသော တောင်ကုန်းများ၊ ရှမ်းကုန်းမြေမြင့်ဒေသ၏ တောင်ကြောဆက် တောင်တန်းများဖြင့် တည်ရှိနေသောဒေသဖြစ်ပါသည်။ ထင်ရှားသောတောင်များမှာ မာလဲတောင်၊ ရေမျက်တောင်နှင့်နတ်တောင်တို့ ဖြစ်ပါသည်။ စကျင်ကျောက်၊ ယျေလကျောက်၊ ထုံးကျောက်တောင်များ အောက်ခံအဖြစ် တည်ရှိလျက် သဲကျောက်စရစ်၊ မြေနီ၊ မြေနက်များ အပေါ်ယံမြေလွှာအဖြစ် ဖုံးအုပ်ထားပါသည်။ အချို့မြေနိမ့်လွင်ပြင်များတွင် မြေဆီမြေညြောကောင်းမွန်ပြီး တောင်ကုန်းတောင်တန်းများတွင် ကျတ်တီးမြေများ ရောနှောတည်ရှိနေပါသည်။

၆.၂.၂ မြေအသုံးချမှု

စဉ့်ကူးမြို့နယ်နှင့် ဆက်စပ်လျက်ရှိသည့် မတ္တရာမြို့နယ်သည် မြေပြန့်လွင်ပြင်ဖြစ်ခြင်း၊ မြေဆီမြေဩဇာကောင်းမွန်ခြင်းနှင့် ရေအရင်းအမြစ်ပေါများခြင်းကြောင့် စိုက်ပျိုးရေးကို အဓိကထားအသုံးပြပါသည်။ စဉ့်ကူးမြို့နယ်အနေဖြင့် ဧရာဝတီမြစ်နှင့် နီးစပ်ရာဒေသ၊ မတ္တရာလွင်ပြင်နှင့် ဆက်စပ်ရာ လက်ပံလှနှင့် နွယ်ရုံဒေသများတွင် စိုက်ပျိုးမြေအဖြစ် အဓိကထားအသုံးပြုပြီး ရှောက်ပင်ရိုးဒေသ၊ ကျည်တောက်ပေါက်ဒေသနှင့်ချောင်းကြီးဒေသတို့တွင် စိုက်ပျိုးမြေကောင်းမွန်ခြင်းမရှိသောကြောင့် တောင်တန်း၊ တောင်ကုန်းဒေသများတွင် ရွှေသတ္တုရှာဖွေတူးဖော်ခြင်းဖြင့် မြေအသုံးချမှု ပိုမိုဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ ရေမျက်တောင်ခြေတွင် သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသည့် ကျွန်းစိုက်ခင်းများ တည်ရှိပြီး အောင်မြင်ဖြစ်ထွန်းမှုကောင်းမွန်ပါသည်။

၆.၂.၃ မြေဆီလွှာပျက်ပြားမှုနှင့် တိုက်စားမှုများ

အများအားဖြင့် မြေလွှာတည်ရှိမှုရှိပြီး တောင်ကမ်းပါးများ ပြိုကျခြင်း၊ ပြတ်ရွေ့ခြင်း၊ တိုက်စားခြင်းများမရှိပါ။ မိုးရာသီတွင် အရှေ့ဘက်တောင်ကြောများမှ တောင်ကျချောင်းရေများ စီးဆင်းမှုများပြားပြီး အချို့ချောင်းများမှ ဧရာဝတီမြစ်အတွင်း စီးဝင်သဖြင့် တိုက်စားမှုနည်းပါးပါသည်။

၆.၂.၄ ရာသီဥတုအခြေအနေ

အပူပိုင်းခြောက်သွေ့သော ရာသီဥတုရှိပြီး ဧရာဝတီမြစ်နှင့် ရှမ်းကုန်းမြေမြင့်အကြားတွင် တည်ရှိခြင်းကြောင့် မိုးရာသီတွင် မိုးများစွာရွာသွန်းသောဒေသဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန် (၃၃.၀၃) လက်မရှိပြီး မိုးရာသီကာလမှာ မေလမှာ အောက်တိုဘာလအတွင်း အမြင့်ဆုံးအပူချိန် ဧပြီလတွင် (၄၅) ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး၊ အနိမ့်ဆုံးအပူချိန် ဒီဇင်ဘာလတွင် (၁၀) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။

၆.၂.၅ လေထုအခြေအနေနှင့်ဆူညံမှု

စီမံကိန်းဧရိယာတစ်ဝိုက်ဖြစ်သော ကန်တောင်ဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် (၉၆၉) ပေမြင့်သော တောင်ကုန်းပေါ်တွင် တည်ရှိသောကြောင့် လည်းကောင်း၊ သစ်တောကြိုးဝိုင်းဧရိယာဖြစ်ပြီး လူဦးရေသိပ်သည်းမှု အသင့်အတင့်

သာရှိခြင်းကြောင့်လည်းကောင်း လေထုသန့်ရှင်းမှုရှိပါသည်။ မန္တလေး - မိုးကုတ် လမ်းမကြီးဘေး ကျည်တောက်ပေါက်ရွာတွင် မော်တော်ယာဉ် သွားလာမှုများ ကြောင့် ဆူညံမှုအသင့်အတင့်ရှိပါသည်။ ဖုန်၊ သဲနှင့် အမှုန်ပျံ့လွင့်မှု အနည်းငယ်သာရှိပါသည်။

၆.၂.၆ အင်း၊ အိုင်၊ ချောင်းမြောင်းများ

စဉ့်ကူးမြို့အနီး ဧရာဝတီမြစ် ဖြတ်သန်းစီးဆင်းလျက်ရှိသောကြောင့် ရှမ်းကုန်း မြေမြင့်ဒေသဘက်မှ မြစ်ဖျားခံသော ချောင်းငယ်များသည် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ပေါင်းဆုံကြပါသည်။ စဉ့်ကူးမြို့နယ် ၊ ရွှေပြည်၊ ညောင်ဝန်းရွာများအနီးတွင် ဧရာဝတီမြစ်ဟောင်းသည် မြစ်ကျိုးအင်းအဖြစ် တည်ရှိနေကြောင်း တွေ့ရှိရပြီး၊ အရှေ့ဘက်၌ တောင်ခြေတွင် ဆည်းမြောင်းဦးစီးဌာနမှ တည်ဆောက်ထားသော မာလဲနတ်တောင် ရေထိန်းဆည်တည်ရှိပါသည်။

၆.၃ ဇီဝဆိုင်ရာ

၆.၃.၁ သစ်တောနှင့် သစ်သီးဝလံများအခြေအနေ

စဉ့်ကူးမြို့နယ်သည် ရေေရေလဲအသင့်အတင့်ကောင်းမွန်သောကြောင့် သဘာဝ သစ်တောများနှင့် ပြုစုထိန်းသိမ်းထားသောတောများရှိပါသည်။ အချို့နေရာများတွင် ဒေသခံများ ခုတ်ယူအသုံးပြုမှုကြောင့် တောနိမ့်၊ တောပျက်များရှိပြီး သစ်တောဦးစီး ဌာန၏ ကြိုးဝိုင်းဧရိယာများတွင် ပါဝင်လျက်ရှိပါသည်။ မန္တလေး - မြစ်ကြီးနား ကားလမ်းနှင့် အနောက်ဘက်ရေမျက်တောင်ခြေတစ်ဝိုက်တွင် သစ်တောဦးစီးဌာန၏ ကျွန်းစိုက်ခင်းများရှိပါသည်။ အများစုမှာ ရွက်ပြတ်ရောနှောတောများဖြစ်ပြီး ကျွန်း၊ ပျဉ်းကတိုး၊ကညင်၊ နဘဲ၊ သဖန်း၊ သစ်ပုဂံ၊ ဇီး၊ မိုးမဲဇာ၊ ဒီဒူး၊ မန်ကျည်း၊ တမလန်း နှင့်မျှင်ဝါးများ ပေါက်ရောက်ပါသည်။ စိုက်ပျိုးသစ်သီးဝလံများအနေဖြင့် မြေပြန့်ဒေသ များတွင် စပါး၊ ပဲမျိုးစုံ၊ ဖရဲ၊ ငှက်ပျော၊သရက်၊ ပိန္နဲ စသည့် သီးနှံများ ဖြစ်ထွန်းပါသည်။ တောင်ကုန်းတောင်တန်းများပေါ်တွင် စိုက်ပျိုးဖြစ်ထွန်းမှု နည်းပါးပါးသည်။

၆.၃.၂ တောရိုင်းတိရစ္ဆာန်များ

ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်နှင့် ဆက်စပ်လျက်တောင်ကုန်းတောင်တန်း များရှိခြင်းကြောင့် ယခင်က တောဆင်ရိုင်း၊ ဂျီ၊ ဆတ်၊ တောဝက်၊ ယုန်နှင့် ဖွတ်များ တွေ့ရှိနိုင်ကြောင်း သိရှိရပါသည်။ ယခုအခါ လူတို့အခြေချနေထိုင်မှု၊ တောတွင်း ဝင်/ထွက်သွားလာမှု၊ ယာဉ်နှင့်စက်ပစ္စည်းများ သုံးစွဲမှုများပြားလာခြင်းကြောင့်

အခြားဒေသ တောနက်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ကျက်စားသည်ဟု ယူဆရပါသည်။ မျိုးတုန်းပျောက်ကွယ်နိုင်သော တောရိုင်းတိရိစ္ဆာန်များ မရှိပါ။

၆.၃.၃ ငှက်မျိုးစုံအခြေအနေ

မတ္တရာလွင်ပြင်နှင့် စဉ့်ကူးမြို့နယ်၊ လက်ပံလှလွင်ပြင်၊ ရွှေပြည်ညောင်ဝန်း၊ ဧရာဝတီမြစ်ကျိုးအင်းတစ်ဝိုက်သည် စိုက်ပျိုးမြေများ ကောင်းမွန်ခြင်းကြောင့် စားကျက်ဧရိယာကောင်းမွန်သဖြင့် ဗျိုင်း၊ ချိုးငှက်၊ဆက်ရက်၊ စာကလေး၊ သိမ်းငှက်၊ ပျံလွှားနှင့် ဇီးကွက်များတွေ့ရှိရပါသည်။ အင်းအိုင်များအတွင်း ရေဘဲနှင့် ဆည်ရေသောက်ဧရိယာ ကျယ်ပြန့်ခြင်း၊ မာလဲနတ်တောင် ရေလှောင်တမံနှင့် ဆည်ရေသောက်ဧရိယာများရှိခြင်းကြောင့် ဇီဝမျိုးစုံမျိုးကွဲများ၏ ဖြစ်ထွန်းရပ်တည်မှု အခြေအနေကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

၆.၄ လူမှုဆိုင်ရာစီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ

၆.၄.၁ အိမ်ထောင်စု လူဦးရေအခြေအနေ

စီမံကိန်းလုပ်ကွက်လျှောက်ထားသည့် ဧရိယာနှင့် အနီးစပ်ဆုံးသောကျေးရွာမှာ ကျည်တောက်ပေါက်ကျေးရွာဖြစ်ပါသည်။ ကျေးရွာအတွင်း အိမ်ခြေ (၁၉၁၁) အိမ်၊ အိမ်ထောင်စု (၂၀၀၂) စု၊ ၁၈ နှစ်အောက် ကျား(၁၉၃၇)၊ မ (၁၄၈၉) ယောက် ပေါင်း (၃၄၂၆) ယောက်၊ ၁၈ နှစ်အထက် ကျား (၂၁၀၀) ယောက်၊ မ (၁၆၆၇) ယောက် ပေါင်း (၃၈၉၃) ယောက် လူဦးရေစုစုပေါင်း ကျား (၄၀၃၇) ယောက်၊ မ (၃၂၈၂) ယောက် ပေါင်း (၇၃၁၉) ယောက် ဖြစ်ပါသည်။

၆.၄.၂ အခြေချနေထိုင်မှု

စဉ့်ကူးမြို့နယ် ၊ ကျည်တောက်ပေါက်ကျေးရွာသည် ၂၀၀၀ပြည့်နှစ် အရှေ့ပိုင်းကာလများတွင် အိမ်ထောင်စုလူဦးရေအနည်းငယ်သာရှိပြီး ၂၀၀၀ပြည့်နှစ်ခန့်မှ စတင်ကာ မြေအောက်ရွှေသတ္တုတူးဖော်ခြင်းအား အသေးစားနှင့် တစ်နိုင်တစ်ပိုင် တူးဖော်လုပ်ကိုင်မှုများပြားလာခြင်းကြောင့် လူမှုစီးပွားရေးတိုးတက်လာကာ မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းအခြေချနေထိုင်လာခဲ့ကြပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများပေါများလာခြင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူခြင်းတို့ကြောင့် ကျေးရွာများသည်မြို့ပြအခြေအနေနှင့်ကွာဟမှုနည်းပါးလာကြောင်း တွေ့ရပါသည်။

၆.၄.၃ လူမျိုးစုများ

အများအားဖြင့် ဗမာလူမျိုးများ နေထိုင်ကြပြီး မိုးကုတ်ရှမ်းလူမျိုး အနည်းငယ်ရှိပါသည်။ မာစကားပြောဆိုပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ ရိုးရာဓလေ့ပွဲတော်များအဖြစ် သင်္ကြန်ပွဲ၊ သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲများပြုလုပ်လေ့ရှိပါသည်။ လူနည်းစုမှာ နတ်ရိုးရာဓလေ့ ယုံကြည်မှုအရ တောင်ပြုန်းပွဲသို့ သွားရောက်ပူဇော်ခြင်း၊ နတ်ကနားပွဲများ တစ်နှစ်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းများ တွေ့ရှိရပါသည်။

၆.၄.၄ ပညာရေးအဆင့်အတန်း

မန္တလေး – မိုးကုတ်ကားလမ်းဘေးစည်ကားသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကောင်းမွန်ခြင်းကြောင့် ပညာရေးအဆင့်အတန်းကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ကျည်တောက်ပေါက်ရွာတွင် အခြေခံပညာအထက်တန်းကျောင်း၊ ၎င်းအနီးရှိ ကန်တောင်ရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲများရှိပြီး (၁၀) တန်းကျောင်းသား/သူများ စာမေးပွဲအား လက်ံပလှအထက်တန်းကျောင်း စာစစ်ဌာနတွင် သွားရောက်ဖြေဆိုကြကြောင်းသိရှိရပါသည်။ ကျောင်းသားမိဘများ၏ စီးပွားရေး အခြေအနေအရ ပြောင်းရွှေ့မှုကြောင့် ကျောင်းသားများ အဝင်/အထွက် ပြောင်းရွှေ့မှုများလာကြောင်း သိရှိရပါသည်။ တက္ကသိုလ်ပညာသင်ယူရန်အတွက် မန္တလေးမြို့သို့ သွားရောက်သင်ယူကြောင်း တွေ့ရှိရပါသည်။

၆.၄.၅ အလုပ်အကိုင်နှင့်အသက်မွေးမှုအခြေအနေ

စဉ့်ကူးမြို့နယ်အနီးတစ်ဝိုက်ကျေးရွာများဖြစ်ကြသည့် ရွှေပြည်၊ ညောင်ဝန်း၊ လက်ံပလှ၊ တောင်အင်း၊ နတ်တောင်၊ မာလဲ၊ ခတက်ချဉ်၊ ကုက္ကို၊ မင်းရွာ၊ ညောင်ပင်၊ ကြာဥယျာဉ်၊ ငွေတောင်စသည့် ကျေးရွာများမှာ မြေပြန့်ဒေသတွင်ရှိပြီး စိုက်ပျိုးမြေကောင်းမွန်ခြင်းကြောင့် ဆည်ရေသောက်ဧရိယာရှိခြင်း၊ အင်းစပ်လယ်နှင့် ယာမြေများ ကောင်းမွန်ခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အဓိကထားဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။ တောတောင်ဒေသပေါများသော ရှောက်ပင်ရိုးကျေးရွာနှင့် ကျည်တောက်ပေါက်ကျေးရွာများသာလျှင် စိုက်ပျိုးမြေအားနည်းခြင်းနှင့် ရွှေသတ္တုတူးဖော်လုပ်ကိုင်ခြင်းတို့ကြောင့် ကုမ္ပဏီများ၏အသေးစားရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ဝန်ထမ်း၊ လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြပါသည်။

ထို့ပြင် တစ်နိုင်တစ်ပိုင်ရွှေတွင်းငယ်များ တူးဖော်ခြင်း၊ အစုစားအင်းလုပ်သားများအဖြစ် အဓိကထားဝင်ရောက်လုပ်ကိုင်ကြပါသည်။ ဒေသတွင် ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းနှင့်ဆက်စပ်သော လုပ်ငန်းသုံးပစ္စည်းများရောင်းချခြင်း၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများရောင်းချခြင်း၊ ရွှေသန့်စင်ခြင်းနှင့်ရွှေဆိုင်လုပ်ငန်းများ၊ အထွေထွေဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၆.၄.၆ စိုက်ပျိုးမွေးမြူရေးနှင့်အခြေအနေ

မြေပြန့်ဒေသများတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ပြောင်းဖူး၊ ငှက်ပျော၊ သရက်ပင်များ စိုက်ပျိုးကြပြီး တောင်ပေါ်ဒေသများတွင် တောင်စောင်းများ၌ ပဲစင်းငုံစိုက်ပျိုးမှုအနည်းငယ် တွေ့ရှိရပါသည်။ ဆန်ကို မြေပြန့်ဒေသများမှ ဝယ်ယူစားသုံးပြီး နေအိမ်ခြံများအတွင်း နွား၊ ဆိတ်၊ ကြက်၊ ဝက်များ မွေးမြူကြပါသည်။

၆.၄.၇ လူထုကျန်းမာရေး

စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပြီး အရေးကြီးလူနာများအား မန္တလေးမြို့တွင် ကုသကြောင်းသိရှိရပါသည်။ ကျည်တောက်ပေါက်မှ မိုင် (၆၀) ခရီးအကွာအဝေးသာရှိသဖြင့် (၃) နာရီခန့်အချိန်အတွင်း ရောက်ရှိနိုင်ပါသည်။ ကျည်တောက်ပေါက်၊ ကန်တောင်ရွာများတွင် သူနာပြုနှင့် သားဖွားဆရာမများရှိပြီး ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းများရှိပါသည်။ ကုမ္ပဏီဝန်ထမ်းနှင့် မှီခိုသူမိသားစုဝင်များ၊ မှီခိုသူမိသားစုဝင်များအတွက် ကုမ္ပဏီမှခန့်ထားသော ဆေးမှူးများမှ ကျန်းမာရေးစောင့်ရှောက်ပေးပါသည်။ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ မြေပေါ်မြေအောက်ရေလုံလောက်မှုရှိခြင်းကြောင့် (၉၀) ရာခိုင်နှုန်းခန့် ရေလောင်း ယင်လုံအိမ်သာသုံးစွဲနိုင်ကြောင်း တွေ့ရှိရပါသည်။

စဉ့်ကူးမြို့နယ်ဆေးရုံ၊ ကျည်တောက်ပေါက်ကျေးရွာတိုက်နယ်ဆေးရုံများသို့ကွင်းဆင်းလေ့လာချက်အရ စဉ့်ကူးမြို့နယ်အတွင်း ဖြစ်ပွားမှုအများဆုံးရောဂါ (၄)မျိုးမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် –

- ငှက်ဖျားရောဂါ (Malaria)
- သွေးတိုးရောဂါ (Hypertension)
- နှလုံးရောဂါ (Heart Diseases)

- ဆီးချိုရောဂါ (Diabetes)

ဖုန်မှုန့်ပျံ့လွင့်မှုနှင့် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားတတ်သော အဆုတ်ရောင်ခြင်း၊ အဆုတ်ပွခြင်း၊ မျက်စိနာခြင်း၊ မျက်ခမ်းစပ်ရောဂါများ ဖြစ်ပွားခြင်းမှာ နည်းပါးကြောင်းသိရှိရပါသည်။

၆.၄.၈ ရွှေ့ပြောင်းနေထိုင်မှုများ

ဒေသတွင်း မူလနေထိုင်သူနည်းပါးပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်မှုကြောင့် အနယ်နယ်အရပ်ရပ်ဖြစ်သော မိုးကုတ်၊ ရွှေဘို၊ မိတ္ထီလာ၊ ရမည်းသင်း၊ မြင်းခြံ၊ တပ်ကုန်း၊ မြောင်မြို့နယ်များမှ ရွှေ့ပြောင်း၍ အခြေချနေထိုင်လာမှုများတွေ့ရှိရပါသည်။ ကျည်တောက်ပေါက်။ ကံတောင်ရွာများတွင် နေအိမ်နှင့်ဝင်းခြံများ။ တိုက်အိမ်များကောင်းမွန်သပ်ရပ်စွာ ဆောက်လုပ်နေထိုင်ကြပီး မြို့ပေါ်ရပ်ကွက်များကဲ့သို့ စနစ်တကျရှိကြောင်း (၂၄)နာရီ လျှပ်စစ်မီးအသုံးပြုနိုင်သဖြင့် လူနေမှုအဆင့်မြင့်မားလာကြောင်း သိရှိရပါသည်။

၆.၄.၉ သယ်ယူပို့ဆောင်ရေးစနစ်

မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများသို့ မန္တလေး – မိုးကုတ် အေးပြေးကားလမ်းမှလည်းကောင်း၊ ဧရာဝတီမြစ်ကြောင်းမှလည်းကောင်း ဆက်သွယ်နိုင်ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းသို့ ဧရာဝတီမြစ်ကူးတံတား (စဉ့်ကူး)မှတစ်ဆင့် ရွှေဘိုမြို့နယ်၊ ကျောက်မြောင်းသို့ အလွယ်တကူသွားနိုင်ခြင်းကြောင့် ဆက်သွယ်မှု ကောင်းမွန်သော အခြေနေရှိပါသည်။ ကျည်တောက်ပေါက်ရွာတွင် မော်တော်ယာဉ်အသင်း (၃) သင်းခန့် ပြေးဆွဲလျက်ရှိပါသည်။ အဝေးပြေးကားလမ်းမှတစ်ဆင့် ကျေးရွာများသို့ ကွန်ကရစ်လမ်းများခင်းထားသဖြင့် ဘေးကင်းလုံခြုံစွာ သွားလာနိုင်ပါသည်။

၆.၄.၁၀ လူထုဆက်သွယ်ရေးစနစ်

လက်ကိုင်တယ်လီဖုန်းစနစ်များဖြစ်သော(GSM, CDMA, Telenor, Oredoo စသော ဖုန်းလိုင်းများသုံးစွဲနိုင်ပြီး အင်တာနက်နှင့် Email ဆက်သွယ်အသုံးပြုနိုင်ပါသည်။ကျည်တောက်ပေါက်ရွာတွင် သတင်းစာနှင့် ဂျာနယ်မျိုးစုံ ဝယ်ယူဖတ်ရှုနိုင်ပါသည်။

၆.၄.၁၁ စီမံကိန်းအနီးဝန်းကျင်ရှိ ရေ၊ လေ၊ မြေထု အရည်အသွေး

စီမံကိန်းအနီးတွင် အဆက်မပြတ်စီးဆင်းနေသော ချောင်းများမရှိပါ။ အနီးဝန်းကျင် ဒေသခံပြည်သူများ မြေအောက်ရေကိုသာ သုံးစွဲနေကြောင်းတွေ့ရှိရပါသည်။ ရေအရောင်အဆင်းကြည်လင်၍ သောက်သုံးရန်သင့်တော်ပါသည်။

ရေ၊ လေ၊ မြေထု အရည်အသွေးများကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် ထိခိုက်မှုကွာခြားလာမှုများ ဆန်းစစ်နိုင်ရန် စနစ်တကျတိုင်းထွာ၍ စံချိန်စံညွှန်းများနှင့် ယှဉ်တွဲဖော်ပြသွားမည်ဖြစ်ပါသည်။

၆.၄.၁၂ လျှပ်စစ်သုံးစွဲမှု

ယခင်က ကိုယ်ပိုင်မီးစက်ငယ်များဖြင့် သုံးစွဲနေရာမှ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လက်ပံလှဓာတ်အားခွဲရုံမှတစ်ဆင့် ဖြန့်ဝေပေးသော လျှပ်စစ်ဓာတ်အား လွန်ခဲ့သော (၃)နှစ်ခန့်မှစတင်ရရှိခဲ့ရာ ကုမ္ပဏီမှ ထည့်ဝင်မတည်ငွေများဖြင့် မီးတိုင်၊ မီးကြိုးများသွယ်တန်းခြင်း၊ ထရန်စဖော်မျာများ ဝယ်ယူတပ်ဆင်ခြင်းဖြင့် (၂၄)နာရီ လျှပ်စစ်မီးအသုံးပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

၆.၄.၁၃ သောက်သုံးရေရရှိမှု

တောတောင်နှင့် သဘာဝအခြေခံကြောင့် မြေအောက်ရေထွက်ရှိမှုကောင်းမွန်သဖြင့် သန့်ရှင်းသော အဝီစိတွင်းရေများ ရယူသုံးစွဲနိုင်ပါသည်။

၆.၄.၁၄ ရေအရည်အသွေး

စီမံကိန်းဧရိယာအနီး လတ်တီတွဒ် (22 ° 42' 33.27" N) နှင့် လောင်ဂျီတွဒ် (96 ° 01' 20.32" E) တွင် လျှို့တစ်ခုတည်ရှိ၍ စိမ့်ထွက်ရေများ ရှိပါသည်။ မြေပေါ်ရေအဖြစ် နမူနာကောက် ယူစမ်းသပ်ခဲ့ပါသည်။ မြေပေါ်ရေအရည်အသွေးမှာ မျက်မြင်အနေအထားအရ ကြည်လင်ကောင်းမွန်ပြီး လူနှင့်တိရစ္ဆာန်များ အသုံးပြု၍ရနိုင်သော အခြေအနေ တွင်ရှိပါသည်။ ရွှေသတ္တုတူးဖော်မှု လုပ်ငန်း ဆောင်ရွက်မှုကြောင့် စိမ့်ထွက်ရေတွင် (ARD Acid Rock Drainage) ဖြစ်နိုင်ခြေရှိ မရှိသိရှိနိုင်ရန်နှင့် မြေအောက်စိုက်ကျင်း (သတ္တုတွင်းဟောင်း) တူးဖော်မှုမှထွက်ရှိသည့် မြေအောက်ရေကြောင့် (ARD)ဖြစ်နိုင်ခြင်း စက်ဆီချောဆီများယိုဖိတ်မှုကြောင့် မြေပေါ် ၊ မြေအောက်ရေများ သက်ရောက်မှု ပြောင်းလဲခြင်း ရှိ မရှိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရန်

ရည်ရွယ်၍ လတ်တီတွဒ် (22 °42' 49.23"N)နှင့် လောင်ဂျီတွဒ် (96 ° 01' 38.02" E) နေရာတွင် (Basic Line Data) အဖြစ်ကောက် ယူစမ်းသပ်ခဲ့ပါသည်။

မြေအောက်ရေစမ်းသပ်မှုအနေဖြင့် လုပ်ကွက်အနီး ယခင်ဒေသခံများ တူးဖော်ခဲ့သော စိုက်ကျင်းမှ ရေနမူနာကောက်ယူ၍လတ်တီတွဒ် (22 °42'49.23"N) နှင့် လောင်ဂျီတွဒ်(96 °01' 38.02" E) နေရာတွင် ကောက်ယူစမ်းသပ်ခဲ့ ပါသည်။

လုပ်ကွက်ဧရိယာသည် (Virgin Area) ဖြစ်၍ လုပ်ငန်းများဆောင်ရွက်နေခြင်း မရှိသေးပါ၍ လုပ်ငန်းသုံးစွန့်ပစ်ရေ ၊ ဝန်ထမ်းသုံးစွန့်ပစ်ရေများ မရှိသေးပါ ။ လုပ်ငန်းများဆောင်ရွက်နေချိန်တွင် စွန့်ပစ်ရေများကောက်ယူစမ်းသပ်သွားမည်ဖြစ်ပါသည်။

၆.၄.၁၅ အန္တရာယ်နှင့် အခိုးအငွေ့

စက်ပစ္စည်းများ မောင်းနှင်မှုကြောင့် စက်ဆီနံ့နှင့် မီးခိုးအငွေ့များ အနံ့များ လုပ်ကွက်ဧရိယာအတွင်း အနည်းငယ်ဖြစ်ပေါ်နိုင်ပါသည်။

၆.၄.၁၆ မြေအရည်အသွေး

လုပ်ကွက်အတွင်းအပေါ်ယံမြေဆီလွှာအရည်အသွေးအား သိရှိနိုင်ရန် လုပ်ကွက်အတွင်း စိုက်ကျင်းတူးဖော်မည့်ဧရိယာအနီး လတ်တီတွဒ် (22 °42' 42.19" N) နှင့် လောင်ဂျီတွဒ် (96 ° 01' 32.15" E)နေရာတွင် (Basic Line Data)အဖြစ် ကောက်ယူ စမ်းသပ်ခဲ့ပါသည်။

ယင်းနေရာတွင် မြေနမူနရာကောက်ယူစမ်းသပ်ရသည့်အကြောင်းအရင်းမှာ လုပ်ငန်းများ ဆောင်ရွက်ချိန် မြေအရည်အသွေးထိခိုက်မှု ရှိ မရှိ သိရှိနိုင်ရန်နှင့် အစားထိုးစိုက်ပျိုးမြေအဖြစ် အသုံးပြုနိုင်သည့် အခြေအနေသိရှိနိုင်ရန် တိုင်းတာစစ်ဆေးရခြင်းဖြစ်ပါသည်။

၆.၅ ဂေဟစနစ်

၆.၅.၁ တောတောင်အခြေအနေနှင့်မြေမျက်နှာသွင်ပြင်အနေအထား

စီမံကိန်းလုပ်ကွက်တည်ရှိရာ စဉ့်ကူးမြို့နယ်သည် မြောက်ဘက်တွင် တောင်ကုန်းတောင်တန်းများ ၊ မြေပြန့်လွင်ပြင်များ ဆက်စပ်တည်ရှိသော သပိတ်ကျင်းမြို့နယ် အရှေ့ဘက်တွင် ရှမ်းကုန်းမြေမြင့်ဒေသဖြစ်သော နောင်ချို မြို့နယ်၊ တောင်ဘက်တွင် မြေဩဇာကောင်းမွန်သော မြေပြန့်လွင်ပြင်နှင့် ရေဝေရေလဲစနစ်ကောင်းမွန်သော မတ္တရာလွင်ပြင်ဒေသ၊ အနောက်ဘက်တွင် ရေစီးရေလာ

ကောင်းမွန်သော ဧရာဝတီမြစ်တို့အကြားတွင် ကွင်းပြန့်များ၊ တောင်ကုန်းပြန့်များ၊ မြေပြင်မှ သီးခြားပေါ်ထွက်လျက်ရှိသော တောင်ကုန်းများ၊ ရှမ်းကုန်းမြေပြင်ဒေသ၏ တောင်ကြောဘက်တောင်တန်းများဖြင့် တည်ရှိနေသော ဒေသဖြစ်ပါသည်။

ထင်ရှားသော တောင်များမှာ မာလဲတောင်၊ ရေမျက်တောင်နှင့် နတ်တောင်တို့ဖြစ်ပါသည်။ စကျင်ကျောက်၊ ယွေလကျောက်၊ ထုံးကျောက်တောင်များ အောက်ခံအဖြစ်တည်ရှိလျက် သဲကျောက်စရစ်၊ မြေနီ၊ မြေနက်များ အပေါ်ယံမြေလွှာအဖြစ် ဖုံးအုပ်ထားပါသည်။ တစ်ချို့ မြေနိမ့်လွင်ပြင်များတွင် မြေဆီ မြေဩဇာကောင်းမွန်ပြီး တောင်ကုန်း တောင်တန်းများတွင် ကျတ်တီးမြေများ ရောနှောတည်ရှိနေပါသည်။

၆.၅.၂ တောရိုင်းတိရစ္ဆာန်များ

ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်နှင့် ဆက်စပ်လျက် တောင်ကုန်း တောင်တန်းများရှိခြင်းကြောင့် ယခင်က ကျီ၊ ဆတ်၊ တောဝက်နှင့် ယုန်၊ ဖွတ်များ တွေ့ရှိရကြောင်း သိရှိရပါသည်။ ယခုအခါ လူတို့အခြေချနေထိုင်မှုနှင့် တောတွင်းဝင်ထွက်သွားလာမှု ၊ ယာဉ်နှင့်စက်ပစ္စည်းများ သုံးစွဲမှုများပြားလာခြင်းကြောင့် အခြားဒေသ တောနက်ရာ နေရာများသို့ ရွှေ့ပြောင်းနေထိုင်ကျက်စားသည်ဟု ယူဆရပါသည်။

မျိုးတုန်းပျောက်ကွယ်နိုင်သော တရားဝင်ကန့်သတ်ပိတ်ပင်ထားသော တောရိုင်းတိရစ္ဆာန်များ မရှိပါ။ စိုက်ပျိုးမြေများ ကောင်းမွန်ခြင်းကြောင့် စားကျက်ဧရိယာမြေကောင်းမွန်သဖြင့် ဗျိုင်း၊ ချိုးငှက်၊ ဆက်ရက်၊ စာကလေး၊ ပျံလွှားနှင့် ဇီးကွက်များ တွေ့ရှိရပါသည်။

၆.၅.၃ ရာသီဥတုနှင့်မိုးလေဝသ

အပူပိုင်းခြောက်သွေ့သော ရာသီဥတုရှိပြီး ဧရာဝတီမြစ်နှင့် ရှမ်းကုန်းမြေမြင့်ကြားတွင် တည်ရှိခြင်းကြောင့် မိုးရာသီတွင် မိုးများသော ဒေသဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန် (၃၃.၀၃) လက်မရှိပြီး မေလမှ အောက်တိုဘာလအတွင်း အမြင့်ဆုံးအပူချိန် ဇြီလတွင် (၄၅) ဒီဂရီစင်တီဂရိတ်ရှိပြီး အနိမ့်ဆုံးအပူချိန် ဒီဇင်ဘာလတွင် (၁၀) ဒီဂရီစင်တီဂရိတ်ခန့်ရှိပါသည်။

၇.၀ ထိခိုက်နိုင်မှုများနှင့်လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်

ထိခိုက်နိုင်မှုများနှင့်လျော့ပါးစေရေးလုပ်ငန်းများကို အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်စစ်ဆေးရေးအဖွဲ့ဖြင့် ဆောင်ရွက်သွားပါမည်။

(က) ဦးခွန်ထွန်းကျော် စီမံကိန်းတာဝန်ခံ ပတ္တမြားနဂါးကုမ္ပဏီ

(ခ) ဦးဗိုလ်လေး ဒါရိုက်တာ ။

(ဂ) ဦးထွန်းထွန်းဝင်း ဘူမိပညာရှင် ။

(ဃ) ဦးခွန်သက်အောင် တိုင်းတာ/လူမှုဆက်ဆံရေး ။

(င) ဦးရဲသွေးနောင် လုပ်ကွက်တာဝန်ခံ ရေနုံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီ

SGU (271) စီမံကိန်းလုပ်ကွက်သည် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် လျှောက်ထားခဲ့သော လုပ်ကွက်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ထိခိုက်မှုဖြစ်ပွားနိုင်သည့် အခြေအနေများကို ပတ်ဝန်းကျင်ဆိုင်ရာစစ်ဆေးရေးအဖွဲ့ ဦးဆောင်သော စောင့်ကြပ်ကြည့်ရှုအဖွဲ့များနှင့် ထိခိုက်နိုင်မှုများကို လျော့ချလုပ်ဆောင်ရန်အချက်များ ၊ ကာကွယ်ရန်နှင့်ပြုပြင်ဆောင်ရွက်ရန် ဖော်ပြပါအဖွဲ့များဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇.၁ လူမှုပတ်ဝန်းကျင်

စီမံကိန်းလုပ်ကွက်များကြောင့် လူမှုဝန်းကျင်တွင် နေရာပြောင်းရွှေ့ရခြင်း၊ စီမံကိန်း လုပ်ကွက်၏ စွန့်ပစ်မြေစာများကြောင့် ထိခိုက်မှုများ၊ စီမံကိန်းဇရိယာနှင့် မလွတ်ကင်းနိုင်ပါက ရှောင်ရှားပေးခြင်း၊ နေရာအစားထိုးစီစဉ်ပေးခြင်း၊ စနစ်တကျပြောင်းရွှေ့ပေးခြင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ထိခိုက်နိုင်မှုမရှိစေရန် စောင့်ကြပ်ကြည့်ရှုအဖွဲ့များဖြင့် စစ်ဆေးပြုပြင်ဆောင်ရွက်ပေးခြင်းဖြင့် လျော့ချဆောင်ရွက်သွားပါမည်။

၇.၂ ထွက်ရှိမည့်အရင်းအမြစ်နှင့် ထိခိုက်နိုင်မှုအခြေအနေ

စီမံကိန်းလုပ်ကွက်အတွင်း မြေအောက်စိုက်ကျင်းများ တူးဖော်ခြင်း၊ သတ္တုရိုင်းများနှင့် စွန့်ပစ်ကျောက်များ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများမှ အမှုန်အမွှားများ ၊ ဖုန်မှုန့်များ ထွက်ရှိ၍ စီမံကိန်းလုပ်ကွက်အတွင်းနှင့် ပတ်ဝန်းကျင်ရှိ လူမှုဝန်းကျင်အား ထိခိုက်နိုင်စေပါသည်။ လေထုညစ်ညမ်းမှုမှ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပေါ်စေနိုင်ပါသည်။ ယမ်းသုံးစွဲမှုကြောင့် ဖြစ်ပေါ်သည့် တုန်ခါမှုများနှင့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်

ထိခိုက်နိုင်မှုရှိပါသည်။ သတ္တုတွင်းစိမ့်ထွက်ရေများ ညစ်ညမ်းစေခြင်းဖြင့် မြေပေါ်မြေအောက်ရေများအား ညစ်ညမ်းစေ၍ ထိခိုက်မှုဖြစ်စေနိုင်ပါသည်။

၇.၃ လျော့ချမည့်နည်းလမ်း

သတ္တုရိုင်းနှင့်စွန့်ပစ်ဂဲစာများသည် သယ်ယူပို့ဆောင်ရာတွင် ဖုန်မှုန့်ထွက်ရှိမှု အနည်းဆုံးဖြစ်စေရေးအတွက် သတ္တုရိုင်းစုပုံကွင်းအား လေးပင်အင်းအနီးတွင် ထားရှိပါမည်။ သယ်ယူရာလမ်းတလျှောက် ဖုန်မှုန့်များလွင့်ထွက်မှုမရှိစေရန် အချိန်နှင့်တပြေးညီ ရေဖျန်းခြင်းနှင့် အမှုန်အမွှားများထွက်ရှိမှုအခြေအနေအား တိုင်းတာစစ်ဆေးပြုပြင်မည်ဖြစ်ပါသည်။

ယမ်းခွဲရာမှဖြစ်ပေါ်စေသော တုန်ခါမှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ကြိုးကြပ်ဆောင်ရွက်ပါမည်။

သတ္တုတွင်းစိမ့်ထွက်ရေများအား ဝန်ထမ်းချိုးရေ၊ စိုက်ပျိုးရေနှင့် လမ်းဖြန်းရေများတွင် ပြန်လည်အသုံးပြုမည်ဖြစ်ပါသည်။

၇.၄ ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်အား ဆန်းစစ်ခြင်း

ကုမ္ပဏီသည် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာ၌ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန် စီမံကိန်းဒါရိုက်တာဦးဆောင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များဖွဲ့စည်း၍ အကြိုတည်ဆောက်ခြင်းကာလတွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ထိခိုက်နိုင်မှုများ တည်ဆောက်ခြင်းကာလတွင် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ထိခိုက်နိုင်မှုများ လုပ်ငန်းလည်ပတ်စဉ် ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများနှင့် ထိခိုက်နိုင်မှုများကို လျော့ချ၊ ကုစား၊ ပြုပြင်ဆောင်ရွက်သွားနိုင်ရန် စီစစ်လေ့လာ၍ ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်ဇယားအား စီမံကိန်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သွားမည့်အခြေအနေများဖြင့် ဆန်းစစ်ရေးဆွဲထားခြင်းဖြစ်ပါသည်။

၇.၅ မြေမျက်နှာပြင် / မြေဆီလွှာ

တည်ဆောက်ခြင်းကာလတွင် မြေနေရာရှင်းလင်းရခြင်းများကြောင့်လည်းကောင်း၊ လုပ်ငန်းလည်ပတ်ခြင်းကာလတွင် တူးဖော်မှုလုပ်ငန်းများဆောင်ရွက်ရ၍ မြေမျက်နှာပြင်နှင့် မြေဆီလွှာ ထိခိုက်နိုင်ရာ မြေနေရာရှင်းလင်းရမှုအား အနည်းဆုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထွက်ရှိလာသောမြေစာ၊ ဂဲစာများစွန့်ပစ်စုကွင်းတွင် စုဆောင်းသိမ်းဆည်း၍ စီမံကိန်းပိတ်သိမ်းသည့်အခါတွင် ကျင်းဟောင်းများ၊ ချိုင့်ဝှမ်းများပြန်လည်မြေဖို့ပြုပြင်ပြီး မြေဆီလွှာပြုပြင်၍ သစ်ပင်များ ပြန်လည် စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

(က) ထွက်ရှိမည့်အရင်းအမြစ်။ မြေထုညစ်ညမ်းစေနိုင်သည့် အချက်များမှာ မြေယာအသုံးပြုခြင်း နှင့် မြေထုညစ်ညမ်းစေနိုင်သည့် စွန့်ပစ်ကျောက်၊ မြေအောက်စိမ့်ထွက်ရေထွက်ရှိတို့မှ ဖြစ်ပါသည်။

(ခ) လျော့ချမည့်နည်းလမ်း။ မြေယာအသုံးချမှု အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါမည်။ ကျန်နေရာများတွင် ပေါက်ရောက်နေသော သဘာဝသစ်တောများ ထိန်းသိမ်းခြင်းဖြင့် မြေထု ညစ်ညမ်းမှုလျော့နည်းအောင် ဆောင်ရွက်ပါမည်။ အစားထိုးသစ်ပင်များလည်း စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

မြေယာအသုံးချမှုနည်းစေရေးနှင့် စွန့်ပစ်မြေစာထွက်ရှိမှု နည်းပါးစေရေးအတွက် ရွှေသတ္တု ရိုင်းများတူးဖော်ရာတွင် မြေအောက်တူးဖော်မှု နည်းစနစ်ကို အသုံးပြုဆောင်ရွက်မည်ဖြစ်ပါသည်။ လုပ်ငန်းဆိုင်ရာအတွက် သုံးစွဲမည့် မြေနေရာအကျယ်အဝန်းအား (၄.၅)ဧကခန့်သာ သုံးစွဲပါမည်။

သတ္တုတူးဖော်ခြင်းအဆင့်မှ ထွက်ရှိသော စွန့်ပစ်ကျောက်များအား ပြိုကျတိုက်စားခြင်း မရှိစေရေးအတွက် စွန့်ပစ်စုဆောင်းရန်နေရာ ရွေးချယ်သတ်မှတ်၍ စနစ်တကျ စုပုံထားရှိပါမည်။ စွန့်ပစ်ကျောက်ပုံများပေါ်တွင် မိုးကာလရွာသွန်းသော မိုးရေများကြောင့် အနည်များတိုက်စား၍ ဘေးပတ်ဝန်းကျင်သို့ မျောပါသွားပြီး မြေထုညစ်ညမ်းမှု မရှိစေရေးအတွက် စွန့်ပစ်မြေစာပုံ ပတ်လည်တွင် မြောင်းများတူးဖော်၍ နုန်းစစ်ကန်သို့ သွယ်တန်းထားပါမည်။

မြေအောက်စိမ့်ထွက်ရေနှင့် အထွေထွေသုံးစွန့်ပစ်ရေများအား ပြင်ပသို့စေလွှတ်ခြင်း မပြုဘဲ နုန်းစစ်ကန်မှတစ်ဆင့် စိုက်ခင်းများ၊ ပျိုးခင်းများ ရေလောင်းရာတွင် အသုံးပြုပါမည်။ လုပ်ကွက် အတွင်း အမှုန်အမွှားများ ပျံလွှင့်မှုနည်းပါးစေရေးအတွက် လမ်းများရေဖျန်းရာတွင် အသုံးပြုပါမည်။

၇.၆ ဆူညံသံနှင့်တုန်ခါမှု

စီမံကိန်းလုပ်ငန်းမှ စက်ကရိယာများ၊ ယာဉ်များ မောင်းနှင်မှုနှင့်ယမ်းဖောက်ခွဲမှုများကြောင့် စီမံကိန်းဧရိယာနှင့် ဝန်းကျင်ဧရိယာများတွင် ထိခိုက်နိုင်မှုများရှိနိုင်၍ ဆူညံသံနှင့် တုန်ခါမှုတိုင်းတာစစ်ဆေးပြီး အသံထိန်းပါဝင်သောစက်များအသုံးပြုခြင်း၊ယမ်းဖောက်ခွဲမှုအား နေ့အချိန်၌သာ လိုအပ်သောအနည်းဆုံးအရေအတွက်ဖြင့် ဆောင်ရွက်ခြင်း၊ ယမ်းဖောက်ခွဲမှုအားများ လျော့ချခြင်း လုပ်ငန်းများဆောင်ရွက်သွားပါမည်။

ရွှေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဆူညံသံနှင့်တုန်ခါမှု ထွက်ရှိမည့် အရင်းအမြစ်နှင့် လျော့ချမည့်နည်းလမ်းများမှာ –

(က) ထွက်ရှိမည့်အရင်းအမြစ် ။ ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ SGU (271) လုပ်ကွက်တွင် ရွှေသတ္တုရိုင်းတူးဖော်မှုလုပ်ငန်းအဆင့်တွင် ဆူညံသံဖြစ်ပေါ်နိုင်သည့် အရင်းအမြစ်မှာ ရေစုပ်စက်(Slurry Pumps)၊ လေပေးစက်(Air Compressor)၊ မီးစက်တို့ အသုံးပြုခြင်းနှင့် ယမ်းခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဆူညံသံများဖြစ်ပေါ် စေနိုင်ပါသည်။

ရွှေသတ္တုရိုင်းများတူးဖော်ရာ၌ မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုတူးဖော်မည်ဖြစ်ပါသည်။ ယမ်းခွဲရာ၌လည်း အနက်(၁၅၀)ပေနှင့်အထက်ရှိ မြေအောက်လိုဏ်ခေါင်းများအတွင်း ယမ်းခွဲခြင်း၊ အဓိကလူအင်အားသုံးစွဲ၍ တူးဖော်မှုလုပ်ငန်းများသာ ဆောင်ရွက်မည်ဖြစ်ခြင်း၊ အနီးဆုံးကျေးရွာဖြစ်သော ကျည်တောက်ပေါက်ကျေးရွာနှင့် (၁.၅) မိုင်ခန့် ကွာဝေးခြင်း၊ လုပ်ကွက်အတွင်း သဘာဝသစ်တောများပေါက်ရောက်နေခြင်းနှင့် အစားထိုးအပင်များစိုက်ပျိုးထားခြင်းတို့ကြောင့် ဆူညံသံနှင့်တုန်ခါမှုဖြစ်ပေါ်မှုမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ ဆူညံသံနှင့်တုန်ခါမှု သတ်မှတ်ချက်အတွင်းရှိပြီး ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်မှု မရှိနိုင်ကြောင်း တွေ့ရှိပါသည်။ လုပ်ငန်းများဆောင်ရွက်မှုကြောင့် ဆူညံသံနှင့်တုန်ခါမှု လျော့နည်းစေရန် အောက်ပါအတိုင်း စီမံဆောင်ရွက်ပါမည်။

(ခ) လျော့ချမည့်နည်းလမ်း။သတ္တုတူးဖော်ရာတွင် မြေအောက်စနစ်ကို အသုံးပြု ဆောင်ရွက်မည်ဖြစ်ပြီး ယမ်းခွဲရာတွင် မြေအောက်လိုဏ်ခေါင်းများအတွင်း ယမ်းခွဲမည်ဖြစ်ပါသည်။ ယမ်းခွဲရာတွင် ဖြစ်ပေါ်သည့်ဆူညံသံနှင့် တုန်ခါမှုများကြောင့် လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသများတွင် သတ်မှတ်စံချိန်စံညွှန်းများထက် ကျော်လွန်မှုမရှိစေရန် အောက်ပါအတိုင်းစီမံဆောင်ရွက်ပါမည်။

ဆူညံသံဖြစ်ပေါ်မှုအား (၆)လတစ်ကြိမ်တိုင်းတာစစ်ဆေးပါမည်။ ဆူညံသံဖြစ်ပေါ်မှုအား ဝန်ထမ်းလိုင်းခန်းများအနီးတွင် (55–45)dbနှင့် လုပ်ငန်းခွင်အတွင်း ဆူညံသံအား(70)db ဖြစ်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ လုပ်ကွက်အတွင်းနှင့်ဆက်စပ်ဒေသတွင် တုန်ခါမှုမဖြစ်ပေါ်စေရေးအတွက် ယမ်းခွဲရာတွင် မြေအောက်လိုဏ်ခေါင်းများအတွင်းသာ ယမ်းခွဲမည်ဖြစ်ပါသည်။ တုန်ခါမှုအား (0.02)ft/sec2 အတွင်းရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ပါမည်။

စက်ယန္တရားများ ဝယ်ယူသုံးစွဲရာတွင် စစ်ဆေး၍ ဆူညံသံသက်သာသောစက်များအား ရွေးချယ်ဝယ်ယူအသုံးပြုမည်ဖြစ်ပါသည်။

တူးဖော်နေသည့်သတ္တုသို့က်အမျိုးအစားအလိုက် ယမ်းခွဲရန်မလိုအပ်ပါက ယမ်းခွဲခြင်း မပြုဘဲ ယမ်းခွဲခြင်းလုပ်ငန်းအား အကြိမ်ရေအနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်ပါမည်။

ယမ်းခွဲရာတွင် အချိန်သတ်မှတ်ထားခြင်း၊ ယမ်းသုံးစွဲမှုပမာဏ ကန့်သတ်သုံးစွဲခြင်း၊ short-delay detonators များသုံးစွဲ၍ တုန်ခါမှုနှင့်ဆူညံသံအား လျော့ကျစေရန် ဆောင်ရွက်ထားပါမည်။ ယမ်းပေါက်များဖောက်ရာတွင် ဆူညံသံနှင့်တုန်ခါမှုလျော့ကျစေရေးအတွက် သင့်လျော်သည့် ပုံစံချ မှတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

ပေါက်ကွဲအင်ဂျင်များနှင့် စက်ပစ္စည်းများတွင် အသံထိန်းကိရိယာများ တပ်ဆင်ထားပါမည်။ ညအချိန်စက်ပစ္စည်းများ သုံးစွဲမှု အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါမည်။

လုပ်ကွက်နှင့် ဆက်စပ်ပတ်ဝန်းကျင်အကြား ဆူညံသံနှင့်တုန်ခါမှု တားဆီးရန်အတွက် သဘာဝ ပေါက်ပင်များအား ထိန်းသိမ်းခြင်းနှင့်အစားထိုးစိုက်ပျိုးခင်းများ စိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါမည်။

၇.၇ မြေပေါ်ရေ မြေအောက်ရေ

သတ္တုတူးဖော်ခြင်းလုပ်ငန်းမှ စွန့်ပစ်ရေများ၊ ဗြုံးမြေစာရေများ၊ စက်သုံးဆီယိုဖိတ်မှုများမှ တစ်ဆင့် မြေပေါ်ရေအတွင်း ရောက်ရှိနိုင်၍ ရေအရည်အသွေးကျဆင်းနိုင်ပါသည်။ သတ္တုတူးဖော်ခြင်းမှ စွန့်ပစ်ရေများအား အနည်ထိုင်ကန်များဖြင့်စုဆောင်း၍လည်းကောင်း၊ စက်သုံးဆီ ယိုဖိတ်မှုများကို စနစ်တကျ သိမ်းဆည်း၍ စောင့်ကြပ်ကြည့်ရှုအဖွဲ့များဖြင့် ထိန်းသိမ်း ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဗြုံးမြေစာ ရေများချောင်းများ မြောင်းများအတွင်းစီးဝင်မှု မရှိစေရန် စုဆောင်းကန်၊ အနည်ထိုင်ကန်များဖြင့် ဆောင်ရွက်ခြင်း၊ ရေနူတ်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်းများဖြင့် ဆောင်ရွက်သွားပါမည်။

(က) ထွက်ရှိမည့်အရင်းအမြစ် ။ လုပ်ကွက်အတွင်းနှင့်ဆက်စပ်ဒေသရှိ မြေပေါ်ရေနှင့်မြေအောက်ရေများအား ညစ်ညမ်းစေနိုင်သည့် ထွက်ရှိသည့်အရင်းအမြစ်များမှာ စိုက်ကျင်းများမှ ထွက်ရှိသော မြေအောက်စိမ့်ထွက်ရေများဖြစ်ပါသည်။ မြေအောက်ရေထွက်ရှိမှုမှာ တစ်ရက်လျှင် ဂါလံ (၁၀၀၀) ခန့်ရှိနိုင်ပါသည်။ သတ္တုသို့က်မှာ သလင်းကြော (Quartz Vein) များအတွင်း တိုးဝင်ဖြစ်ထွန်းနေပြီး အိမ်ခံကျောက်မှာ မီးသင့်ကျောက် (Andesite Diorite Shift)များဖြစ်ခြင်းကြောင့် မြေအောက်စိမ့်ထွက်ရေများမှ ဆက်စပ်ဒေသရှိ မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းမှု နည်းပါးစေမည်ဖြစ်ပါသည်။ ဓာတ်ခွဲစမ်းသပ်မှုအရ လုပ်ကွက်အနီးလျှိုမှ

စိမ့်ထွက်ရေ အရည်အသွေးမှာ ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီမှု ရှိပါသည်။

(ခ) လျော့ချမည့်နည်းလမ်း။ မြေအောက်စိမ့်ထွက်ရေများအား အပတ်စဉ် ချဉ်ဖန်ဓာတ် (PH) တိုင်းတာစစ်ဆေးခြင်း (၆) လတစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စွန့်ထုတ်ရည်အရည်အသွေးပါ (Parameters) များ ဓာတ်ခွဲ စစ်ဆေးပါမည်။

မြေအောက်စိမ့်ထွက်ရေများအား ပြင်ပသို့ စေလွှတ်ခြင်းမပြုဘဲ ရေစစ်ကန်မှတစ်ဆင့် ဝန်ထမ်းသုံးရေ ၊ ချိုးရေစိုက်ပျိုးရေ၊ လမ်းဖျန်းရေများအဖြစ် အသုံးပြုမည်ဖြစ်ပါသည်။ ရေစစ်ကန်တည်ဆောက်ရာတွင် မြေအောက်ယိုစိမ့်မှုမရှိစေရန်အတွက် အောက်ခံမြေသားများအား စနစ်တကျဖိသိပ်ခြင်း၊ ရေလျှံခြင်းမရှိစေရန်အတွက် ဘေးဘောင်များလိုအပ်သည့် အမြင့်အနေအထားရရှိစေရန် ဆောင်ရွက်ထားမည်ဖြစ်ပါသည်။

မိုးတွင်းကာလ လုပ်ကွက်နယ်မြေအတွင်း ဖြတ်သန်းစီးဆင်းသောရေများအား မြောင်းများတူးဖော်၍ ရေစစ်ကန်နှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်သည်။ သုံးစွဲမည့် ရေအရင်းအမြစ်နှင့် စွန့်ပစ်ရေအရည်အသွေးများအား ဓာတ်ခွဲစမ်းသပ်၍ မှတ်တမ်းများထားရှိ ဆောင်ရွက်ပါမည်။

၇.၈ လေထုအရည်အသွေး

စီမံကိန်း၏ လုပ်ငန်းသုံးယာဉ်များသွားလာမှုကြောင့်လည်းကောင်း၊ ယမ်းဖောက်ခွဲခြင်းကြောင့်လည်းကောင်း၊ ဖုန်မှုန့်များ၊ အမှုန်အမွှားများ၊ အခိုးအငွေ့များထွက်ရှိ၍ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်ပါသည်။ သတ္တုတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်မှုမှ လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသတွင် လေထုညစ်ညမ်းမှုဖြစ်စေနိုင်သောအချက်များနှင့် လျော့နည်းစေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ထွက်ရှိမည့်အရင်းအမြစ်။ သတ္တုတူးဖော်မှုလုပ်ငန်းအဆင့်တွင် ယမ်းခွဲခြင်း၊ သတ္တုရိုင်းများ၊ စွန့်ပစ်မြေစာများသယ်ယူခြင်း၊ စုပုံခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်မှ ဓာတ်ငွေ့များနှင့် အမှုန်အမွှားများထွက်ရှိခြင်းတို့ကြောင့် လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသ၏ လေထုအား ညစ်ညမ်းစေနိုင်ပါသည်။

(ခ) လျော့ချမည့်နည်းလမ်း။ တူးဖော်မှုလုပ်ငန်းအဆင့်တွင် ရွှေသတ္တုရိုင်းများတူးဖော်ရာ၌ မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုတူးဖော်ခြင်း၊ ယမ်းခွဲရာ၌လည်း အနက် ၁၅၀ ပေ

နှင့် အထက်ရှိ မြေအောက်လှိုဏ်ခေါင်းများအတွင်း ယမ်းခွဲခြင်း၊ အဓိကလူအင်အားသုံးစွဲ၍ တူးဖော်မှု လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုလျော့နည်းစေနိုင်ပြီး လေထုညစ်ညမ်းမှုမရှိစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တူးဖော်နေသည့် မြေသားအမျိုးအစားအလိုက် ယမ်းခွဲမှုအကြိမ်ရေအနည်းဆုံးဖြစ်စေရေးအတွက်ဆောင်ရွက်ပါမည်။ ယမ်းခွဲရာတွင် ယမ်းသုံးစွဲမှုပမာဏအား ကန့်သတ်သုံးစွဲပါမည်။ Ditonating Relay များသုံးစွဲ၍ ဆူညံမှုနှင့်တုန်ခါမှု အနည်းဆုံးဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားပါမည်။

သတ္တုရိုင်းများသယ်ပို့ရာတွင် လမ်းများတစ်လျှောက် အမှုန်အမွှားများ၊ ဖုန်မှုန့်များ ထွက်ရှိမှုလျော့ပါးစေရေးအတွက် လမ်းများအား ကျောက်ခင်းလမ်းများပြုလုပ်ထားပါမည်။

လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများအား နာခေါင်းစည်းများဝတ်ဆင်ရန် ထုတ်ပေးထားပြီး ကြပ်မတ်ဆောင်ရွက်ပါမည်။

ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာခြင်းလုပ်ငန်းနှင့် လေထုအရည်အသွေးတိုင်းတာခြင်းလုပ်ငန်းများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်ပါအတိုင်းဆောင်ရွက်ပါမည်။

မြေသားလုပ်ငန်းများဆောင်ရွက်ရာတွင် လေတိုက်နှုန်း၊ လေတိုက်သည့်လားရာများအား တွက်ချက်၍ ဆက်စပ်ဒေသရှိကျေးရွာများနှင့် ဝန်ထမ်းအိမ်ယာများတွင် အမှုန်အမွှားများနှင့် လေထု ညစ်ညမ်းမှုသက်သာစေရေးအတွက် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများသုံးစွဲမှုတွင် အနည်းဆုံးအရေအတွက်ဖြင့် အသုံးပြုဆောင်ရွက်ခြင်းနှင့် ဓာတ်ငွေ့များထွက်ရှိမှုအနည်းဆုံးဖြစ်စေရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ပါမည်။

သတ္တုရိုင်းများ သယ်ယူပို့ဆောင်သည့်လမ်းများတွင် ဖုန်မှုန့်ပျံ့လွင့်မှုမရှိစေရေးအတွက် ရေဂါလံ ၁၆၀၀ ဆန့် ရေကားများဖြင့် ရေဖြန်းခြင်းလုပ်ငန်းအား တစ်ရက်လျှင် ၂ ကြိမ် ဆောင်ရွက်မည်ဖြစ်ပါသည်။

လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းနှင့် ဖုန်မှုန့်ပျံ့လွင့်မှုများအား စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်ပါအတိုင်း ဆောင်ရွက်ပါမည်။

၇.၉ တောတောင်/သစ်ပင်

မြေနေရာရှင်းလင်းရခြင်း၊ သတ္တုတူးဖော်ခြင်းများကြောင့် တောတောင်နှင့်သစ်ပင်များ ထိခိုက်နိုင်ရာ မြေနေရာရှင်းလင်းခြင်းအား လိုအပ်သော အနည်းဆုံးအတိုင်းအတာတစ်ခုသာ ဆောင်ရွက်ခြင်း၊ သစ်တောသစ်ပင်ထိခိုက်မှုနည်းပါးရာ မြေအောက်တူးဖော်ရေးစနစ်ဖြင့်သာ ဆောင်ရွက်ခြင်း၊ အစားထိုးသစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းများဖြင့် လျော့ချ ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၇.၁၀ ဂေဟစနစ်

စီမံကိန်းဧရိယာနှင့်အနီးပတ်ဝန်းကျင်များတွင် သဘာဝပေါက်ပင်များပျက်စီးမှုမရှိစေ ရန်နှင့် မသမာသူများဖျက်စီးခြင်းမပြုစေရန် တာဝန်ယူထိန်းသိမ်းခြင်း၊ လုပ်ငန်းဧရိယာ နှင့်လွတ်ကင်းသော ချိုင့်ဝှမ်းများမြေဖို့ မြေဆီလွှာပြုပြင်၍ သစ်ပင်များစိုက်ပျိုးခြင်း တို့ဖြင့်ဆောင်ရွက်သွားပါမည်။

တောရိုင်းတိရစ္ဆာန်များသည် စီမံကိန်းလုပ်ငန်းမှ ဆူညံသံများ၊ လူနေမှုထူထပ်သော အခြေအနေများကြောင့် နေထိုင်ကျက်စားရာနေရာများ ပြောင်းရွှေ့ခြင်း၊ ပျောက်ကွယ်ခြင်း ထိခိုက်မှုများဖြစ်ပေါ်နိုင်ရာ စားကျက်မြေများဖန်တီးပေးခြင်း အန္တရာယ် မပြုရန် ပညာပေးအစီအစဉ်များဆောင်ရွက်ခြင်း၊ ဆူညံသံများလျော့ချခြင်းလုပ်ငန်းများ ဆောင်ရွက်၍ လျော့ချသွားမည်ဖြစ်ပါသည်။

လုပ်ကွက်အတွင်း လုပ်ငန်းများဆောင်ရွက်မှုကြောင့် ဂေဟစနစ်ဖြစ်ထွန်းမှုအတွက် ထိခိုက်စေနိုင်သည့် အရင်းအမြစ်များနှင့် လျော့နည်းစေမည့် လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) တောတောင်အခြေအနေနှင့်ထိခိုက်မှု။ စီမံကိန်းလုပ်ကွက်ဧရိယာသည် တောနိမ့် တောပျက်နှင့် အများစုမှာ ရွက်ပြတ်ရောနှောတောဖြစ်ပြီး ကညင်၊ နဘဲ၊ သဖန်း၊ သစ်ပုဂံ၊ ဇီး၊ ဒီဒူးနှင့်မျှင်ဝါးများ ပေါက်ရောက်ပါသည်။ လုပ်ကွက်အတွင်း အဖိုးတန်သစ်မျိုးများနှင့် သစ်ပင်ကြီးများ ပေါက်ရောက်မှုမရှိပါ။ သစ်ပင်ပေါက်ရောက်မှုအခြေအနေမှာ ရင်စို့လုံးပတ် (၁) ပေအောက် မျိုးဆက်ပင်ငယ်များ အသစ်ပေါက်ရောက်နေခြင်းဖြစ်ပါသည်။ စီမံကိန်းလုပ်ကွက် တွင် မြေယာအသုံးပြုမှု အနည်းဆုံးဖြစ်စေရေးအတွက် မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြု ၍ တူးဖော်မည်ဖြစ်ပါသည်။

(ခ) **လျော့ချမည့်နည်းလမ်း။** မြေအောက်တူးဖော်မှုစနစ်ကိုသာ အသုံးပြု၍ သစ်တော၊ သစ်ပင်များထိခိုက်မှုနည်းပါးစေရန် ဆောင်ရွက်ပါမည်။ အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ သတ္တုတွင်းတူးဖော်ခြင်းများအတွက် မြေယာအသုံးချမှုအနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါမည်။ လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမည်။ မြေယာအသုံးချမှုအတွက် ထိခိုက်မှုရှိသော သစ်ပင်များအား အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများဖြင့် ဆောင်ရွက်ပါမည်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှုအခြေအနေနှင့်ထိခိုက်မှု။** လုပ်ကွက်ဧရိယာတွင် အမျိုးသားအဆင့် တိုင်းနှင့်ပြည်နယ်အဆင့် သတ်မှတ်ကာကွယ်ထားသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနယ်မြေများ၊ သိပ္ပံပညာရပ်ဆိုင်ရာ ထိန်းသိမ်းထားသော နယ်မြေဘူမိရူပဆိုင်ရာ ထိန်းသိမ်းထားသော အထင်ကရနယ်မြေများ ပါဝင်မှုမရှိပါ။ ရှားပါးသော တိရစ္ဆာန်များ မျိုးတုန်းပျောက်ကွယ်လုနီးပါးဖြစ်နေသော ရှားပါးမျိုးစိတ်များ မရှိပါ။ တောတိရစ္ဆာန်များအနေဖြင့် ကျီ၊ ဆတ်၊ ဗျိုင်း၊ ချိုးငှက်၊ စာကလေး၊ ပျံလွှားနှင့်ဇီးကွက်ငှက်များသာ တွေ့ရှိရပါသည်။ စီမံကိန်း၏ စက်ကိရိယာများမောင်းနှင်မှု၊ လူအများနေထိုင်မှုများကြောင့် ဇီဝမျိုးစုံ မျိုးကွဲများအပေါ်၌ ထိခိုက်မှုရှိပါသည်။

(ဃ) **လျော့ချမည့်နည်းလမ်း။** လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များထိန်းသိမ်းခြင်း၊ အစားထိုးသစ်ပင်စိုက်ပျိုးခြင်း တိရစ္ဆာန်များအတွက် စားကျက်မြေများ ဖန်တီးပေးခြင်း၊ အန္တရာယ်ပြုခြင်းအား အသိပညာပေးထိန်းသိမ်းခြင်း၊ အမှုန်အမွှားနှင့် လေထုညစ်ညမ်းမှုများမရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆူညံသံဖြစ်ပေါ်မှု နည်းပါးစေရန်၊ စက်ကိရိယာများအား လိုအပ်သည့် အနည်းဆုံးအတိုင်းအတာထိသာ ဆောင်ရွက်ခြင်း၊ အရည်အသွေးကောင်းမွန်သော စက်ပစ္စည်းများအား ရွေးချယ်အသုံးပြုခြင်း၊ အသံထိန်းကရိယာများ တပ်ဆင်အသုံးပြုခြင်းတို့ဖြင့် ထိခိုက်နိုင်မှုများကို လျော့ချဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇.၁၁ ထိခိုက်နိုင်မှုများ လျော့ပါးစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ခန့်မှန်း လျာထားရန်ပုံငွေ

ကုမ္ပဏီအနေဖြင့် ထိခိုက်နိုင်မှုများလျော့ပါးစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ခန့်မှန်းလျာထားရန်ပုံငွေကျပ် သိန်း(၅၀)အား ရန်ပုံငွေတစ်ရပ်အနေဖြင့် ထားရှိ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်သွားပါမည်။

၈.၀။ ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်

၈.၁ မြေအောက်တူးဖော်ရေးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်

လုပ်ကွက်အတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် လုပ်ငန်းအဆင့်များမှာ မြေအောက်သတ္တုတွင်းတူးဖော်ခြင်း၊ ယမ်းဖောက်ခွဲခြင်းအဆင့်များတွင် ဖြစ်ပေါ်စေနိုင်ပါသည်။ မြေအောက်သတ္တုတွင်းတူးဖော်မှုတွင် မြေအောက်လေပြတ်တောက်ခြင်း ၊ ယမ်းပေါက်ကွဲမှုများဖြစ်ပေါ်ခြင်း ၊ ကျင်းနံရံများ ပြိုကျမှုများကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်ပါသည်။ အခြားဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များမှာ မိုးသည်းထန်စွာရွာသွန်း၍ သတ္တုတွင်းအတွင်း မိုးရေများ စီးဝင်နိုင်ခြင်း၊ ငလျင်ဘေးအန္တရာယ်ကြောင့် ကျင်းများပြိုကျခြင်း၊ တောမီးလောင်၍ မီးဘေးအန္တရာယ်များ ဖြစ်ပေါ်စေခြင်းတို့ဖြစ်ပါသည်။

၈.၂ လျော့ချမည့်နည်းလမ်း

လုပ်ငန်းနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းခွင်အတွင်း လိုက်နာရမည့်စည်းကမ်းများ ဆောင်ရန် / ရှောင်ရန်အချက်များအား သတ္တုတွင်းတွင် အသိပေးစာတမ်းများစိုက်ထူ၍ အသိပေးခြင်း၊ ဝန်ထမ်းများဝတ်စုံပြည့်ဖြင့် ဆောင်ရွက်စေခြင်း၊ ကြီးကြပ်ရေးမှူးမှ သတ္တုတွင်းဆင်းမည့် ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးစေခြင်းနှင့် ဆောင်ရန် /ရှောင်ရန် များ မှာကြားခြင်း၊ အတွေ့အကြုံရှိသော ကြီးကြပ်ရေးမှူးများဖြင့် ဦးဆောင်ကြီးကြပ်ဆောင်ရွက်ခြင်း၊ မြေအောက်လေပြတ်တောက်မှုမရှိစေရန် အရံလေးပေးစက်များထားရှိခြင်း၊ ကျင်းနံရံများပြိုကျပျက်စီးမှုမရှိစေရန် သံဘောင်သံပန်းများဖြင့် အခိုင်အမာ တည်ဆောက်ခြင်း၊ အမိုးအကာများခိုင်မာမှုရှိစေရန် စစ်ဆေးဆောင်ရွက်ခြင်း၊ အရေးပေါ် ဆက်သွယ်မှုစနစ်များထားရှိဆောင်ရွက်ခြင်း၊ သတ္တုတွင်းအတွင်း အရေးပေါ် သုံးစွဲနိုင်ရန် အစာခြောက်များ၊ ဆေးဝါးများစီစဉ်ထားပေးခြင်း၊ ယမ်းပေါက်ကွဲမှု အန္တရာယ်မရှိစေရန် ယမ်းဖောက်ခွဲကျွမ်းကျင်ပညာရှင်များဖြင့် ယမ်းဖောက်ခွဲမှုအစီအစဉ်အား ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ခြင်းများဖြင့် မြေအောက်တူးဖော်မှုအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန် စီမံဆောင်ရွက်သွားပါမည်။ ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း၍ တာဝန်ခံတာဝန် ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈.၃ (SGU 271) လုပ်ကွက် (မြေပေါ်ရေ) နှင့် သတ္တုတွင်းစိုက်ကျင်းဟောင်းနေရာ (မြေအောက်ရေ) နမူနာ အရည်အသွေးစစ်ဆေးချက်အား အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စွန့်ထုတ်ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ နှိုင်းမှုပြ ဇယား

No.	Element	Guideline Values	လုပ်ကွက်အတွင်း (မြေပေါ်ရေ)	မြေအောက်ရေ
1	Arsenic(As)	0.1	0.07	0.02
2	Mercury(Hg)	0.002	ND	ND
3	Cadmium(Cd)	0.05	ND	ND
4	Cyanide(CN^-)	0.5	ND	ND
5	Lead(Pb)	0.2	0.001	0.006
6	pH	6–9	7.4	7.8
7	Total Suspended Solids (TSS)	50	2.40	1.64
8	Chemical Oxygen Demand (COD)	150	128	131

၈.၄ မြေပေါ်ရေ အရည်အသွေးနှင့် ရေနေသတ္တဝါများအားကာကွယ်ရေးအတွက် အနီးပတ် ဝန်းကျင်ရေအရည်အသွေးဆိုင်ရာစံချိန်စံညွှန်းများနှိုင်းယှဉ်ချက်ပြဇယား

No.	Element	Guideline Values	(မြေပေါ်ရေ)	မြေအောက်ရေ
1	Arsenic(As)	0.05	0.07	0.02
2	Mercury(Hg)	0.0001	ND	ND
3	Cadmium(Cd)	0.0002	ND	ND
4	Cyanide(CN^-)	0.005	ND	ND
5	Lead(Pb)	0.001	0.001	0.006
6	pH	6.5–9	7.4	7.8
7	Total Suspended Solids (TSS)	10	2.40	1.64

၈.၅ မြေပေါ်ရေအရည်အသွေးစမ်းသပ်ချက်အဖြေလွှာ

MGA PETROCHEMICAL LAB

91.A.77th St..Bet. 26th & 27th St., MANDALAY,MYANMAR. Ph., 02.31248, 72096


NAME. ရေနံ့သာနဂါးကုမ္ပဏီလီမိတက် DATE. 22-12-2021

LOCALITY. စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးဒေသ SENDER MARK. YTG

TEST ITEM. မြေပေါ်ရေ၊ လတ္တီတွဒ် 22° 42′ 33.27″ N, 96° 01′ 20.32″ E

LAB No. MMEG-.247951.

LAB No.	SENDER MARK		FINDING	REMARK
MMEG-7951	YTG	As	= 0.07 mg L^{-1}	*MOECAF standard 0.1 mg L^{-1}
		Hg	= ND	*MOECAF standard 0.01 mg L^{-1}
		Cd	= ND	*MOECAF standard 0.1 mg L^{-1}
		CN^-	= ND	*MOECAF standard 0.1 mg L^{-1}
		Pb	= 0.001 mg L^{-1}	*MOECAF standard 0.1 mg L^{-1}
		pH	= 7.4	*MOECAF standard 6 – 9
		Total Suspeded Solids (TSS)	= 2.40 mgL^{-1}	*MOECAF standard 50 mg L^{-1}
		Chemical Oxygen Demand (COD)	= 128 mgL^{-1}	*MOECAF standard 250 mg L^{-1}
		Turbidity	= 10 NTU	*Wastewater Effluent Level Pg.102-103



No Reference
Recommended or Mandatory Limit value for Surface Water is 20-500NTU (98/83/EC)

TESTED CONFIRMED

ND=Not Determine / below the Detection Limit
DL = Detection Limit

( )
Ne Lin
B.Sc (Hons;), M.Sc (Mineralogy)
Senior Gemmologist (MGA)
Mandalay, Myanmar

*Sampling not done by MGA Staff. This is not a certificate and cannot be produced court of law.

MGA PETROLOGICAL LAB

၈.၆ မြေအောက်ရေအရည်အသွေးစမ်းသပ်ချက်အဖြေလွှာ

MGA PETROCHEMICAL LAB

91.A.77th St.,Bet. 26th & 27th St., MANDALAY,MYANMAR. Ph., 02.31248, 72096


NAME. ရေနုံသာနဂါးကုမ္ပဏီလီမိတက် **DATE.** 22-12-2021

LOCALITY. စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးဒေသ *SENDER MARK.* YTG

TEST ITEM. မြေအောက်ရေ၊ သတ္တုတွင်းစိုက်ကျင်းဟောင်း၊ လတ္တီတွဒ် 22˚42′ 49.23″ N, 96˚01′ 38.02″ E

LAB No. MMEG-.247951.

LAB No.	*SENDER MARK*		*FINDING*	*REMARK*
MMEG-7951	YTG (Underground Water)	As	= 0.02 mg L^{-1}	*MOECAF standard 0.1 mg L^{-1}
		Hg	= ND	*MOECAF standard 0.01 mg L^{-1}
		Cd	= ND	*MOECAF standard 0.1 mg L^{-1}
		CN^-	= ND	*MOECAF standard 0.1 mg L^{-1}
		Pb	= 0.006 mg L^{-1}	*MOECAF standard 0.1 mg L^{-1}
		pH	= 7.8	*MOECAF standard 6 – 9
		Total Suspeded Solids (TSS)	= 1.64 mgL^{-1}	*MOECAF standard 50 mg L^{-1}
		Chemical Oxygen Demand (COD)	= 131 mgL^{-1}	*MOECAF standard 250 mg L^{-1}
		Turbidity	= 10 NTU	*Wastewater Effluent Level Pg.102-103



No Reference
Recommended or Mandatory Limit value for Surface Water is 20-500NTU (98/83/EC)

TESTED CONFIRMED

ND=Not Determine / below the Detection Limit
DL = Detection Limit

( )
Ne Lin
B.Sc (Hons;), M.Sc (Mineralogy)
Senior Gemmologist (MGA)
Mandalay, Myanmar

*Sampling not done by MGA Staff. This is not a certificate and cannot be produced court of law.

^MGA PETROLOGICAL LAB*

၈.၇ (SGU 271) လုပ်ကွက်အတွင်းရှိ လေထုအရည်အသွေးနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ လေထုအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၏ နှိုင်းယှဉ်မှုပြဇယား

Parameter	CO (ppm)	HCN (ppm)	NO_2 (ppb)	NO (ppb)	PM_{10} ($\mu g/m^3$)	$PM_{2.5}$ ($\mu g/m^3$)	SO_2 (ppb)
Guideline Value ($\mu g/m^3$)	9	10	100	100	50	25	20
Average (avg.24hrs)	0.99612	0	6.77316	19.8759	7.36933	3.92695	5.02647
Max	6.02	0	53	60	81	71	114
Min	0	0	2	2	2	0	1

၈.၈ လေထုအရည်အသွေးစမ်းသပ်ချက်ဇယား

Main | Preferences | Header | Data | Report

Environmental Report

Record Cnt 1441
Start Date 8/31/2019 1:00:00 PM
End Date 9/1/2019 1:00:00 PM

	CO ppm	HCN ppm	NO2 ppb	NO ppb	NOX ppb	PM10 uG/m3	PM25 uG/m3	RH %	SO2 ppb	TmpC Deg. C	Pwr V		
Ave	.099882	0	6.71616	19.8730	26.5926	7.36918	3.92505	81.1339	5.03747	22.7265	14.2419	0	0
Max	6.02	0	53	60	95	81	71	94	114	27	14.4	0	0
Min	0	0	2	2	4	2	0	63	1	20	13.8	0	0
Ave Period 1	.07	0	12	12	24	7	1	90	1	21	14.3	0	0
8/31/2019 1:30 PM	.07	0	12	12	24	7	1	90	1	21	14.3	0	0
	.07	0	12	12	24	7	1	90	1	21	14.3	0	0
Ave Period 1	.07	0	8	13	21	7	2	90	1	21	14.3	0	0
8/31/2019 1:31 PM	.07	0	8	13	21	7	2	90	1	21	14.3	0	0
	.07	0	8	13	21	7	2	90	1	21	14.3	0	0
Ave Period 1	.07	0	10	11	22	7	1	90	1	20	14.3	0	0
8/31/2019 1:32 PM	.07	0	10	11	22	7	1	90	1	20	14.3	0	0
	.07	0	10	11	22	7	1	90	1	20	14.3	0	0
Ave Period 1	.07	0	9	10	20	8	1	90	1	20	14.3	0	0
8/31/2019 1:33 PM	.07	0	9	10	20	8	1	90	1	20	14.3	0	0
	.07	0	9	10	20	8	1	90	1	20	14.3	0	0
Ave Period 1	.07	0	10	12	22	9	2	90	1	20	14.3	0	0
8/31/2019 1:34 PM	.07	0	10	12	22	9	2	90	1	20	14.3	0	0
	.07	0	10	12	22	9	2	90	1	20	14.3	0	0
Ave Period 1	.07	0	10	10	20	6	1	90	1	20	14.3	0	0
8/31/2019 1:35 PM	.07	0	10	10	20	6	1	90	1	20	14.3	0	0
	.07	0	10	10	20	6	1	90	1	20	14.3	0	0
Ave Period 1	.06	0	9	12	21	9	1	90	1	20	14.3	0	0
8/31/2019 1:36 PM	.06	0	9	12	21	9	1	90	1	20	14.3	0	0
	.06	0	9	12	21	9	1	90	1	20	14.3	0	0
Ave Period 1	.07	0	9	11	20	12	1	90	1	20	14.3	0	0
8/31/2019 1:37 PM	.07	0	9	11	20	12	1	90	1	20	14.3	0	0
	.07	0	9	11	20	12	1	90	1	20	14.3	0	0

၈.၉ SGU (271) လုပ်ကွက်အတွင်း ဆူညံသံနှင့်တုန်ခါမှု ဖြစ်ပေါ်ခြင်းပြဇယား

စဉ်	ဆူညံသံတိုင်းတာသည့်နေရာ		ဆူညံသံနှင့်တုန်ခါမှု ဖြစ်ပေါ်မှု		ECD Guideline Values	
			ဆူညံသံ dBA	တုန်ခါမှု (ft^2/sec)	ဆူညံသံ dBA	တုန်ခါမှု (ft^2/sec)
၁။	လတ်တီတွဒ်	22°42'43.27"N	49.8	0	55	0.02
	လောင်ဂျီတွဒ်	96°1'30.18"E				

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ ဆူညံသတ်မှတ်စံချိန်စံညွှန်း

Ambient Noise Standards

Noise impacts should not exceed the levels presented in Table A3.4, or result in a maximum increase in background levels of 3 dB at the nearest receptor location off-site.

Table A3.4. Ambient noise standards

Receptor	One Hour L_{Aeq} (dBA)		Reference
	Daytime 07:00-22:00	Nighttime 22:00-07:00	
Residential, institutional, educational	55	45	Myanmar National Environmental Quality (Emission) Guidelines, December 2015.
Industrial, commercial	70	70	As above

၈.၁၀ မြေအရည်အသွေးစစ်ဆေးချက်ဇယား

DEPARTMENT OF AGRICULTURE

SOIL INTERPREATATION AND ANALYTICAL DATA OF RESULTS

Division - မန္တလေးတိုင်းဒေသကြီး

Township - စဉ့်ကူးမြို့နယ်

Sheet No. 1

Lab No. S. ဓရုံ.သာနဂါးကုန်းကုန်လိမ်တော်

Sr. No	Sample	pH Soil:Water 1:2.5	Organic carbon	Total N	Available Nutrients	
					K_2O	P
1.	Adit အနှီး	Slightly acid	Low	Very low	Low	Low
2.	လှပ်ကွက်စမ်းသပ်ခြင်း	Near Neutral	Low	Very low	Medium	Low


Sr. No	Sample plot	Moisture	pH Soil:Water 1:2.5	Organic Carbon	Total N %	Exchangeable Cations				Available Nutrients	
						Ca^{++}	Mg^{++}	K^{+}	Na^{+}	K_2O (mg/100g)	P (ppm)
1.	Adit အနှီး	10.3463	6.21	2.08	0.04	6.616	2.231	0.229	0.373	11.7	3.18
2.	လှပ်ကွက်စမ်းသပ်ခြင်း	10.6101	6.97	2.01	0.04	5.599	4.479	0.458	0.438	21.5	3.8

၈.၁၁ လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့များဖွဲ့စည်းခြင်း

လုပ်ကွက်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်ပါမည်။

စဉ်	အမည်	ရာထူး	တာဝန်
၁.	ဦးနေဝင်းထွန်း	စီမံကိန်းအကြံပေးဒါရိုက်တာ	တာဝန်ခံ (နာယက)
၂.	ဦးခွန်ထွန်းကျော်	စီမံကိန်းဒါရိုက်တာ	ဥက္ကဋ္ဌ
၃.	ဦးဗိုလ်လေး	ဒါရိုက်တာ	အဖွဲ့ဝင်
၄.	ဦးရဲသွေးနောင်	ဒါရိုက်တာလုပ်ကွက်ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီ	အဖွဲ့ဝင်
၅.	ဦးခွန်သက်အောင်	တိုင်းတာ/လူမှုဆက်ဆံရေး	အဖွဲ့ဝင်
၆.	ဦးထွန်းထွန်းဝင်း	ဘူမိပညာရှင်	အဖွဲ့ဝင်
၇.	ကျန်းမာရေးမှူးတစ်ဦး ခေါ်ယူခန့်ထားသွားမည်ဖြစ်ပါသည်။		


၈.၁၂ လုပ်ငန်းခွင် ဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့ OrganizationChart



၈.၁၃ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့

စဉ်	အမည်	ရာထူး	တာဝန်
၁.	ဦးခွန်ထွန်းကျော်	စီမံကိန်းတာဝန်ခံဒါရိုက်တာ	အဖွဲ့ခေါင်းဆောင်
၂.	ဦးရဲသွေးနောင်	ဒါရိုက်တာ လုပ်ကွက်တာဝန်ခံ	အဖွဲ့ဝင်
၃.	ဦးခွန်သက်အောင်	ပြင်ပဆက်ဆံရေး	အဖွဲ့ဝင်
၄.	ကျန်းမာရေးမှူး	ကျန်းမာရေးတာဝန်ခံ	အဖွဲ့ဝင်
၅.	ဦးအောင်ကျော်မင်း	မန်နေဂျာ	အဖွဲ့ဝင်
၆.	ဦးညီညီထွေး	မန်နေဂျာ	အဖွဲ့ဝင်

၈.၁၄ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ Organization Chart



၈.၁၅ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတာဝန်များ

လုပ်ငန်းခွင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမည့်လုပ်ငန်းတာဝန်များမှာ –

- လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းကာကွယ်ရေးအတွက် လုပ်သားဝန်ထမ်းများ အားလုံးအား လုပ်ငန်းခွင်သင်တန်းများ ပေးထားမည်ဖြစ်ပါသည်။
- လုပ်သားဝန်ထမ်းအားလုံးကို ဘာသာရပ်ဆိုင်ရာနှင့်ပညာရေးဆိုင်ရာလိုအပ်ချက်အရ အန္တရာယ်ကင်းရှင်းရေးသင်တန်းများကို ပို့ချပေးရန် စီမံဆောင်ရွက်သွားပါမည်။
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်ကို တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။
- လုပ်ငန်းခွင်အနေအထားအရ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များ သိသာမြင်သာသည့် နေရာများတွင် တပ်ဆင်ထားပါမည်။
- လုပ်ငန်းခွင်အတွင်း ပင်ပန်းနွမ်းနယ်မှုနည်းပါးစေရန် လုပ်ငန်းချိန်ကို လိုသည်ထက်မပိုအောင် တားမြစ်ထားမည်ဖြစ်ပါသည်။
- လုပ်သားဝန်ထမ်းများအားလုံး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘေးအန္တရာယ် ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment) (PPE)များ ဝတ်ဆင်အသုံးပြုစေပြီး ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်သွားပါမည်။
- လုပ်ငန်းဌာနများအားလုံးတွင် (First Kid) ကြက်ခြေနီဆေးပုံးများထားရှိပါမည်။
- သဘာဝဘေးအန္တရာယ်ကျရောက်ပါက လုပ်ဆောင်ရမည့်ကယ်ဆယ်ရေးလုပ်ငန်းများအား စီမံချက်များရေးဆွဲစီမံထားခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်း ကရိယာများစုဆောင်းထားခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော ရှေးဦးသူနာပြုစုနည်းများနှင့် အသက်ကယ်နည်းတို့အား ဇာတ်တိုက်လေ့ကျင့်သင်ကြားပေးထားပါမည်။
- လုပ်ငန်းခွင်အတွင်း မီးလောင်နိုင်သည့် အမှိုက်များကို အချိန်မှန်မှန်ဖယ်ရှား ရှင်းလင်းထားပါမည်။
- မီးလောင်လွယ်သောအရည်များ (ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီများ) စသည်တို့ကို စနစ်တကျ သိုလှောင်သိမ်းဆည်းထားပါမည်။

- လုပ်ငန်းခွင်အတွင်း သတ်မှတ်နေရာအလိုက် မီးသတ်ဆေးဗူးများ တပ်ဆင်ထား ရှိပါမည်။ အရေးပေါ်မီးငြိမ်းသတ်ရန် လုပ်ငန်းခွင်အတွင်း မီးသတ်ရေပိုက်များ တပ်ဆင် ထားပါမည်။
- ဝန်ထမ်းများအား အခြေခံမီးသတ်သင်တန်းများ ပို့ချထားပါမည်။
- မီးလောင်နိုင်သည့် ပစ္စည်းများသိုလှောင်ထားသည့်နေရာများနှင့် သိသာထင်ရှားသည့် နေရာများတွင် (မီးသတိပြု၊ဆေးလိပ်မသောက်ရ) အစရှိသည့် မီးသတိပေးဆိုင်းဘုတ် များ တပ်ဆင်ထားရှိပါမည်။
- မီးသတ်ဆေးဗူးများ၊ မီးသတ်ရေကန်များ၊ မီးသတ်ပိုက်များ၊ သဲပုံးများ ကြိုတင်စီမံ ထားရှိပါမည်။
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်ကောင်းမွန်သော လုပ်ငန်းခွင်ဖြစ်စေရေးနှင့် အန္တရာယ်များကို ရှာဖွေဖော်ထုတ်၍ မဖြစ်ခင်ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားပါမည်။
- မတော်တဆဖြစ်ပွားပါက အကြောင်းရင်းကို ရှာဖွေဖော်ထုတ်ပြီး နောင်အလားတူ မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်မှုများ စီမံဆောင်ရွက်ထားရှိပါမည်။

၈.၁၆ အရေးပေါ်အခြေအနေတွင် တုန့်ပြန်ဆောင်ရွက်မည့်အစီအစဉ်

လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အောက်ပါအတိုင်း စီမံချက်များချမှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါသည် –

- လုပ်ငန်းခွင်အတွင်းအရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အရေးပေါ်ကယ်ဆယရေးအဖွဲ့ဖွဲ့စည်းထားပါမည်။
- အရေးပေါ်အခြေအနေတွင် ဝန်ထမ်းများကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဝန်ထမ်းများအား အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းများကို ပို့ချပေးထားပါမည်။
- အရေးပေါ်ဖြစ်ပေါ်လာပါက အချိန်မီ အနီးဆုံးဆေးပေးခန်း၊ ဆေးရုံအစရှိသည်တို့ အမြန်ဆုံး ပို့ဆောင်သွားနိုင်ရန် (Emergency Response Exercise)ကြိုတင် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ထားရှိပါမည်။
- သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် သွားနိုင်ရန်အတွက် လိုအပ်သောပစ္စည်းများ စုဆောင်းထားပါမည်။
- ဓာတုဓာတ်ဆေးနှင့် ဘေးအန္တရာယ်ရှိဓာတ်ဆေးများ သုံးစွဲမှုလိုင်စင်ရယူထားပါမည်။

၈.၁၇ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းသည် မီးလောင်မှုဖြစ်ပေါ်မှ ဝိုင်းဝန်းငြိမ်းသတ်ခြင်းထက် ပိုမိုအကျိုးသက်ရောက်မှုရှိစေ၍ အဆောက်အဦးများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ပစ္စည်းဂိုဒေါင်များ မီးလောင်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်မှုများအား ပြုလုပ်ထားပါမည်။ အောက်ပါမီးဘေးကြိုတင်ကာကွယ်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါ သည်။

- လမ်းလျှောက်ရင်းဆေးလိပ်လုံးဝမသောက်ရ။ မီးငြိမ်းသတ်ပီးသော ဆေးလိပ်တိုကို သတ်မှတ် ထားသည့်နေရာတွင်သာ စွန့်ပစ်ရမည်။ ဆေးလိပ်မီးကြောင့် မီးဘေးအန္တရာယ်ဖြစ်စေနိုင်သော နေရာတိုင်းတွင် "ဆေးလိပ်မသောက်ရ" စာတမ်းများ ချိတ်ဆွဲခြင်း၊ ဆီသိုလှောင်ရုံနှင့် ပစ္စည်းသိုလှောင်ရုံများတွင် မီးသတ်ဗူးများ၊ " မီးသတိပြု" စာတမ်းများချိတ်ဆွဲထားရှိရမည်။
- လုပ်ကွက်အတွင်း တရားဝင်သွယ်တန်းပေးထားသော လျှပ်စစ်ကြိုးများမှအပ မိမိသဘောအလျောက် လျှပ်စစ်ကြိုးများ တပ်ဆင်အသုံးပြုခြင်း၊ လျှပ်စစ်ကြိုးများကို လောင်စာဆီများအနီး ချိတ်ဆွဲသွယ်တန်းခြင်း၊ လျှပ်စစ်ကြိုးများအား သံမှိုတွင် ချိတ်ဆွဲခြင်းများ လုံးဝမပြုလုပ်ရန်။
- ရာသီဥတုအခြေအနေဆိုးများနှင့် မိုးများသည်းထန်စွာရွာသွန်းမှုရှိပါကအဆောက်အဦများတွင် တပ်ဆင်ထားသော ပင်မမီးခလုတ်များ ဓာတ်တိုင်မှအဝင်ကြိုးများကို စစ်ဆေး၍ မိန်းခလုတ်များကို ပိတ်ထားရန်။
- သစ်ပင်နှင့်မလွတ်သော လျှပ်စစ်ကြိုးများ ဆွေးမြေ့ပေါက်ပြဲနေသော ဓာတ်ကြိုးများ၊ လျှပ်စစ်ကြိုးအချင်းချင်း ပွတ်တိုက်မှုကြောင့် မီးပွင့်ခြင်းများ၊ တစ်စုံတစ်ခု ချို့ယွင်းချက်များ တွေ့ပါက တာဝန်ရှိသူထံကြိုတင်သတင်းပို့ရန်။
- စက်သုံးဆီအတွက် ထုတ်သောဆီများကို ဖိတ်စင်မှုမရှိအောင် စနစ်တကျထုတ်ယူပြီး စက်သုံးဆီထုတ်ယူနေစဉ်အချိန်အတွင်း မောင်းနှင်နေသော စက်ပစ္စည်းများနှင့် မော်တော်ယာဉ်များကို စက်ရပ်ထားရန်။
- စားဖိုဆောင်တွင် နေ့စဉ်ချက်ပြုတ်ချိန်ကို နံနက်ပိုင်း (၀၅:၀၀) နာရီမှ (၀၉:၀၀)အချိန်ထိ၊ ညနေပိုင်းတွင် (၁၄:၀၀) နာရီမှ (၁၈:၀၀) နာရီအချိန်အတွင်းသာ ချက်ပြုတ်စီမံရန်၊ ကျန်အချိန်များတွင် မီးဖို၌ မီးကြွင်းမီးကျန်များ လုံးဝမရှိစေရန်။

- မီးဖိုချောင်အတွင်း မတော်တဆမီးထတောက်ခြင်း၊ လောင်ကျွမ်းခြင်းများဖြစ်ပေါ်ပါက ကာကွယ်နိုင်ရန်အတွက် ရေဆွတ်ထားသော ဂုံနီအိတ်၊ ရေဖြည့်ထားသောရေအိုးများနှင့် မီးချိတ်၊ မီးကပ်များကို အဆင်သင့်အသုံးပြုနိုင်ရန် စားဖိုဆောင်ဘေးတွင် အဆင်သင့် ထားရှိရန်။
- မီးဘေးကြိုတင်ကာကွယ်မှုအတွက် သီးသန့်ထားရှိသော ရေကန်များတွင် အမြဲတန်း ရေအပြည့်ဖြစ်နေရန်၊ မီးချိတ်၊ မီးကပ်များ အစီအရီတန်းထားရန်။ ရေဆွဲပုံးများ၊ သဲအိတ်များကို စနစ်တကျချိတ်ဆွဲထားရန်။

၈.၁၈ မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

- လုပ်ကွက်အတွင်း မီးလောင်မှုဖြစ်ပွားကြောင်း သိလျှင်သိခြင်း၊ အခြားဝန်ထမ်းများအား အော်ဟစ်အသိပေးခြင်း၊ အချက်ပေးသံချောင်းခေါက်၍ အသိပေးခြင်း၊ ဆတ်သား စေလွှတ်၍ အသိပေးခြင်း၊ လက်ကိုင်ဖုန်း၊ ဆက်သွယ်ရေးစက်၊ ခရာများစသည်ဖြင့် အမြန်ဆုံးအသိပေး ဆက်သွယ်ဆောင်ရွက်ရန်။
- မီးငြိမ်းသတ်ရန် စဉ်ကူးမြို့နယ်၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားချက်များအတိုင်း ငြိမ်းသတ်ခြင်း၊ မီးသတ်ကရိယာများယူဆောင်၍ မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ အမြန်ဆုံးရောက်ရှိပြီး မီးငြိမ်းသတ်ရန်။
- မီးလောင်မှုဖြစ်ပွားပါက ချမှတ်ထားသော တာဝန်အသီးသီးအလိုက် မီးငြိမ်းသတ်အဖွဲ့၊ နေရာရွှေ့ပြောင်းရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့များ ကိုယ့်တာဝန်ကိုယ်အသီးသီး တာကျေပွန်စွာ ထမ်းဆောင်ရန်။

၈.၁၉ မြေအောက်လေပြတ်တောက်ခြင်း

သတ္တုတူးဖော်ခြင်းလုပ်ငန်းအား မြေအောက်လိုဏ်ဖြင့် တူးဖော်မည်ဖြစ်၍ မြေအောက်လေပြတ်တောက်ပါက တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်နေသော အင်းသားများ မူးမွေ့ခြင်းနှင့် အသက်ဆုံးရှုံး စသည့်ဖြင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်ပါသည်။

- မြေအောက်လိုဏ်များအတွင်း ရွှေသတ္တုရိုင်းများတူးဖော်ရာတွင် အင်းလုပ်သားများ မြေအောက်လေရရှိရေးအတွက် အဲယားကွန်ပရက်စာနှင့် (၂) လက်မ သံပိုက်များအား လေဘားများ တပ်ဆင်၍ ရောက်ရှိသည့်အနက်အထိ တပ်ဆင်၍လေပေးထားမည်ဖြစ်ပါသည်။

- လေမှုတ်စက် (Air Blower) တပ်ဆင်ထားသည့် (၂) ပေအချင်းရှိ ပိုက်ပျော့များအား ယမ်းခွဲပြီး ယမ်းငွေ့များရှင်းလင်းရန်နှင့် မြေအောက်လေပေးရန် တပ်ဆင်ထားပါမည်။
- အထက်အောက်လိုဏ်ခေါင်းများအား လေဆန်တွင်း (Rise)များ ဖောက်၍ သဘာဝ လေအဝင်အထွက်ရှိစေရန် ဆောင်ရွက်ထားမည်ဖြစ်ပါသည်။
- မြေအောက်လိုဏ်ခေါင်းများအတွင်းလေဝင်လေထွက်ကောင်းမွန်မှုအခြေအနေများအား အဆိုင်းခေါင်းဆောင်များမှ စကားပြောစက်များဖြင့် (၄၅) မိနစ်တစ်ကြိမ် စက်မှုတာဝန်ခံနှင့် အဆိုင်းတာဝန်ကျ စက်မှုကျွမ်းကျင်ထံ ဆက်သွယ်သတင်းပို့ပါမည်။ ဆက်သွယ်ရေးလိုင်းအား ကြိုးလိုင်းဖြင့်လည်း အရံတပ်ဆင်ထားပါမည်။ အရေးပေါ်လိုအပ်ပါက ဆတ်သားများစေလွှတ်၍ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အား ဆက်သွယ်ဆောင်ရွက်ပါမည်။ အုပ်ချုပ်ရေးမှူးရုံးရှိ ပင်မဆက်သွယ်ရေးဝန်ထမ်းမှလည်း သက်ဆိုင်ရာသို့အရေးပေါ်အခြေအနေများအား သတင်းပို့မည် ဖြစ်ပါသည်။
- မြေအောက်လိုဏ်ခေါင်းများအတွင်း နေရာသတ်မှတ်၍ လေပြတ်တောက်ခြင်းဖြစ်ပါက အသုံးပြုနိုင်ရန် အရေးအပေါ်အသက်ကယ်ပစ္စည်းကိရိယာများထားရှိပေးမည်ဖြစ်ပြီး၊ ၎င်းပစ္စည်းများအသုံးပြုရန် အဆိုင်းမှူးများနှင့် လက်ထောက်အဆိုင်းမှူးများအား လေ့ကျင့်သင်ကြားပေးထားမည်ဖြစ်ပါသည်။

၈.၂၀ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း

စီမံကိန်းလုပ်ကွက်နှင့်ဆက်စပ်ဒေသ၏ ကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်စဉ်ရန်ပုံငွေကျပ် ၁၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ရာ) လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းများဆောင်ရွက်စဉ် ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်း၍ ဒေသအတွက် လိုအပ်သောအခြေအနေများပေါ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒေသခံပြည်သူများနှင့် တွဲဘက်ဆောင်ရွက်သွားပါမည်။

၈.၂၁ အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများအတွက် ခန့်မှန်းရန်ပုံငွေလျာထားမှု


ကုမ္ပဏီအနေဖြင့် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေကျပ် (၂၀) သိန်း လျာထား၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်သွားပါမည်။

၉.၀။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

စဉ်	အမည်	ရာထူး	တာဝန်
၁.	ဦးခွန်ထွန်းကျော်	စီမံကိန်းဒါရိုက်တာ	ဥက္ကဋ္ဌ
၂.	ဦးရဲသွေးနောင်	တာဝန်ခံဒါရိုက်တာ	အတွင်းရေးမှူး
၃.	ဦးဗိုလ်လေး	ဒါရိုက်တာ	အဖွဲ့ဝင်
၄.	ဦးထွန်းထွန်းဝင်း	ဘူမိဗေဒပညာရှင်	အဖွဲ့ဝင်
၅.	ဦးခွန်သက်အောင်	ပြင်ပဆက်ဆံရေးတာဝန်ခံ	အဖွဲ့ဝင်
၆.	ကျန်းမာရေးမှူး	ကျန်းမာရေးတာဝန်ခံ	အဖွဲ့ဝင်
၇.	ဦးအောင်ကျော်မင်း	မန်နေဂျာ	အဖွဲ့ဝင်
၈.	ဦးညီညီထွေး	မန်နေဂျာ	အဖွဲ့ဝင်

စီမံကိန်း၏ ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့်လူမှု ပတ်ဝန်းကျင်ထိခိုက်နိုင်မှု လျော့နည်းပျောက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အထက်ဖော်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကော်မတီဖြင့် လုပ်ကိုင်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၉.၁ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကော်မတီ Organization Structure



၉.၂ အဖွဲ့အစည်းနှင့်ရန်ပုံငွေလျာထားချက်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ခန့်မှန်းအသုံးစရိတ် ရန်ပုံငွေအဖြစ် ငွေကျပ်သိန်း (၄၀၀) ဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် အောက်ပါအတိုင်း လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက ထပ်မံဖြည့်တင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စဉ်	အကြောင်းအရာ	ခန့်မှန်းကုန်ကျစာရိတ်(ကျပ်)
၁။	စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် (MORNITORING PLAN)	၇,၀၀၀,၀၀၀
၂။	ဘေးအန္တရာယ်ကာကွယ်ရေး၊ ကျန်းမာရေးနှင့် ဘွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများအစီအစဉ် (CAPACITY BUILDING & TRANING PROGRAM)	၂,၀၀၀,၀၀၀
၃။	ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ခြင်းအစီအစဉ် (CSR PLAN)	၁၀,၀၀၀,၀၀၀
၄။	ထိခိုက်မှုလျော့ချပါးစေရေး အစီအစဉ် (MITIGATION MEASURE PLAN)	၅,၀၀၀,၀၀၀
၅။	အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ် (PUBLIC CONSULATION PLAN)	၂,၀၀၀,၀၀၀
၆။	အရေးပေါ်ကာကွယ်ရေးအစီအစဉ် (EMERGENCY PREPARENESS PLAN)	၂,၀၀၀,၀၀၀
၇။	လုပ်ငန်းခွင်နှင့်ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ် (OCCUPTION HEALTH CARE PLAN)	၂,၀၀၀,၀၀၀
၈။	စိုက်ခင်းတည်ထောင်ခြင်းအစီအစဉ် (REPLANTATION PLAN)	၂,၀၀၀,၀၀၀
၉။	မိုင်းပိတ်သိမ်းခြင်း အစီအစဉ် (MINE CLOSURE PLAN)	၈,၀၀၀,၀၀၀
	စုစုပေါင်း	၄၀,၀၀၀,၀၀၀

၉.၃ မူဝါဒ၊ ဥပဒေ၊ မူဘောင်နှင့်စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ထိခိုက်မှု လျော့နည်းသက်သာစေရေးအတွက် စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

၉.၄ ကတိကဝတ်ဇယား

ကတိကဝတ်ပြုရန် အရင်းအမြစ်များ	ပတ်ဝန်းကျင် ထိခိုက်မှု	လုပ်ငန်းရှင်ကတိကဝတ်ပြုချက်များ
၁။ မြေနေရာရှင်းလင်းခြင်း သတ္တုတူးဖော်မည့်နေရာ မြေနေရာအားရှင်းလင်းခြင်း၊ သတ္တုရိုင်းနှင့်စွန့်ပစ်မြေစာ များသယ်ပို့ရန် လမ်းများ ဖောက်ခြင်း၊ သတ္တုရိုင်းနှင့် စွန့်ပစ်မြေစာပုံနေရာများ ပြုလုပ်ခြင်း၊	- သစ်တောသစ်ပင် ပြုန်းတီးခြင်း၊မြေဆီလွှာဆုံး ရှုံးခြင်း ဂေဟစနစ်ဖြစ် ထွန်မှုထိခိုက်ခြင်း၊	- မြေယာအသုံးချမှု အနည်းဆုံးဖြစ်သည့် မြေအောက်တူးဖော်မှုနည်းစနစ်ကိုအသုံးပြုဆော င်ရွက်ပါမည်။ - အသုံးချ မြေယာများအစား ကျွန်းပင်များ အစားထိုးစိုက်ပျိုးထားပါသည်။ - မိုင်းပိတ်သိမ်းချိန်တွင် မြေဆီလွှာ ဆုံးရှုံး ထားသည့် အသုံးချထားသော မြေနေရာ များအား သင့်လျော်သော မြေယာအသုံး ချမှုလုပ်ငန်း တစ်ရပ်ထူထောင်နိုင်သည် အထိ ပြန်လည် ပြုပြင်ပေးပါမည်။
၂။သတ္တုတူးဖော်ခြင်း သတ္တုတူးဖော်ခြင်း	- ဆူညံသံနှင့်တုန်ခါမှုများဖြစ်စေ ခြင်း၊	- ဆူညံသံနှင့် တုန်ခါမှုတို့အား အမျိုးသား ပတ်ဝန်းကျင်အရည်အသွေး(ထုတ်လွှတ်မှု)လမ်း ညွှန်ချက်များအတွင်း ရှိစေရေး အတွက် ဆောင်ရွက်ပါမည်။ - ဆူညံသံနှင့်တုန်ခါမှုဖြစ်ပေါ်မှုနည်းစေရေး အတွက်မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုဆောင်ရွက်ပါမည်။ - ယမ်းသုံးစွဲမှုအား ကန့်သတ်၍ တစ်ပြိုင် နက် ပေါက်ကွဲမှု မရှိစေရေးအတွက် Detonating Relay များ အသုံးပြုဆောင် ရွက်ပါမည်။ - အင်းတစ်အင်းလျှင် တစ်ရက်လျှင်ယမ်းခွဲ ခြင်းအား တစ်ကြိမ်သာဆောင်ရွက်ပါ မည်။ - ပေါက်ကွဲအင်ဂျင်များနှင့် စက်ပစ္စည်းများ တွင် အင်ဂျင်သုံးလေအဝင်နှင့် ပေါက်ကွဲ ပြီး အင်ဂျင်အထွက်တို့တွင် အသံထိန်း ကိရိယာများ တပ်ဆင်ထားပါမည်။ - စက်ပစ္စည်းများအား အနည်းဆုံးအရေ အတွက်ဖြင့် ဆောင်ရွက်ပါမည်။

စွန့်ပစ်ကျောက်များ စွန့်ပစ်ခြင်း	- မိုးကာလမိုးရေတိုက်စား၍အ နည်အနှစ်များကျရောက်ပြီး စီးမျောခြင်း၊ ရေစီးရေလာ ပိတ်ဆို့ခြင်းဖြင့် မိုင်းအတွင်းနှင့် ဆက်စပ်ဒေသ ပတ်ဝန်းကျင်အပေါ်ထိခိုက်မှု ဖြစ် စေခြင်း၊	- ရွှေကြောသို့မရောက်မီ ထွက်ရှိသော စွန့်ပစ်ကျောက်များအား မိုင်းပိတ်သိမ်း ချိန်တွင် ပင်မဆင်းတွင်းနှင့် ပင်မလိုဏ်ဂူ များပြန်လည်ဖို့ရန်အတွက် စနစ်တကျ စုပုံထားပါမည်။ - ရွှေကြောသို့ ရောက်ရှိပြီး ထွက်ရှိမည့် စွန့် ပစ်ကျောက်များအား အင်းပြင်ပသို့ ထုတ် ယူခြင်းမပြုဘဲ တူးဖော်ပြီး လိုဏ်ခေါင်း များအတွင်းရှေ့စား နောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့ပါမည်။
သတ္တုတွင်းစိမ့်ထွက် ရေများ	- စွန့်ပစ်ရေများကြောင့် ပတ်ဝန်းကျင်ထိခိုက် စေနိုင်ခြင်း	- သတ္တုသန့်စင်မှုလုပ်ငန်းတွင် အသုံးပြု ပါမည်။ - ပိုလျှံသောသတ္တုတွင်းစိမ့်ထွက်ရေများအား ပျိုးခြံ ၊ အစားထိုးစိုက်ခင်းများ ရေလောင်းရန်နှင့် သတ္တုရိုင်းသယ်ပို့သည့် လမ်းရေဖျန်း ခြင်း လုပ်ငန်းတွင် အသုံးပြု ပါမည်။ - သတ္တုတူးဖော်ခြင်းကာလတွင် မျက်နှာ ပြင် ဖွင့်တူးဖော်သည့် မြေအောက်လိုဏ် ခေါင်းများအား မြေဖို့ခြင်း၊ မိုင်းပိတ်သိမ်း ချိန်တွင် ပင်မဆင်းတွင်းနှင့် ပင်မလိုဏ် ခေါင်းများအား စွန့်ပစ်ကျောက်များ ဖြည့်ခြင်းတို့မှ စိမ့်ထွက် ရေများ ပိတ်ဆို့ စေမည်ဖြစ်ပါသည်။
သတ္တုရိုင်းများ သယ်ပို့ခြင်း	- ဖုန်မှုန့်ပျံ့လွင့်၍ လေထုညစ်ညမ်းစေခြင်း၊	- ရေဖျန်းခြင်းအား နံနက်တစ်ကြိမ်၊ နေ့ခင်း တစ်ကြိမ်ဆောင်ရွက်ပါမည်။
ယမ်းခွဲခြင်းအင်းတစ်အင်းလျှင် တစ်ရက်လျှင် နှစ်ကြိမ်၊ နံနက်(၄) နာရီနှင့် ညနေ (၆)နာရီ ယမ်းခွဲခြင်းလုပ် ငန်းများအား ဆောင်ရွက် ပါသည်။	- ထိခိုက်မှုအန္တရာယ် ဖြစ်ပေါ်စေနိုင် ခြင်း၊ထားသိုသယ် ယူရာမှမီးလောင်မှု ဖြစ်ပွားစေနိုင်ခြင်း၊ - ဆူညံသံဖြစ်ပေါ်စေနိုင်ခြင်း	- ယမ်းသိုလှောင်ရာတွင် စနစ်တကျယာယီ ယမ်းတိုက်ဖြင့် သိုလှောင်သိမ်းဆည်းထား ပါမည်။ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ သယ်ယူ၊ သိုလှောင်၊ သုံးစွဲမှုများအား အတွေ့အကြုံရှိဝန်ထမ်းများ ခန့်ထား ဆောင်ရွက်ပါမည်။ - ယမ်းနှင့်ဆက်စပ်ပစ္စည်းများ သုံးစွဲမှုများ ကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်များ ဖြစ်ပေါ်မှုမရှိစေရေးအတွက် ဆောင်ရွက် ပါမည်။
<u>မြေအောက်လေ ပြတ်တောက်ခြင်း</u>	- သတ္တုတူးဖော်ခြင်းလုပ်ငန်း အား မြေအောက်လိုဏ် ခေါင်းများအတွင်း တူးဖော်မည်ဖြစ်၍ မြေအောက်လေ ပြတ်တောက်ပါက	- မြေအောက်လေပြတ်တောက်၍လုပ်ငန်းခွင် ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အတွက် မြေအောက်လေပေးစနစ်အား အရန်လေ ပေးစနစ်များ တပ်ဆင်ခြင်း၊ အရေးပေါ် အသက်ရှူကိရိယာများ ထားရှိ ပေးခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်း များ

	တူးဖော်မှုလုပ်ငန်းများဆောင်ရွက် နေသောအင်းသားများမွေးခြင်းနှင့် အသက်ဆုံးရှုံးခြင်း စသည့်ဖြင့် ဘေး အန္တရာယ်များကြုံ တွေ့နိုင်ပါသည်။	စီမံဆောင်ရွက်ထားခြင်း၊ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ထားရှိ၍ ကြိုတင် ဇာတ်တိုက် လေ့ကျင့်ပေးထားခြင်းစသည် ဖြင့် မြေအောက်လေပြတ်တောက်ခြင်း ကြောင့် လုပ်ငန်းခွင် ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အတွက် စီမံဆောင်ရွက် ပါမည်။
၃။ လုပ်ငန်းသုံးစွန့်ပစ်ရေ လုပ်ငန်းသုံးရေ(၁၀၀၀)ဂါလံ ခန့်အ သုံးပြုမည်ဖြစ်ပါသည်။ စွန့်ပစ်ရေများအား အနည်ထိုင်ကန်တွင် အနည်ထိုင်စေ ပြီး လုပ်ငန်းတွင် ပြန်လည် အသုံးပြုပါမည်။	- လုပ်ငန်းသုံးရေများကြောင့် လုပ်ကွက်နှင့်ဆက်စပ်ဝန်းကျင်မြေပေါ်ရေ၊ မြေအောက်ရေများညစ်ညမ်းစေနိုင်ခြင်း၊ - လုပ်ငန်းသုံးရေများစွန့်ပစ်ခြင်းမှ နှံအနည်အနှစ်များ ပါဝင်၍ ဆက်စပ်ဝန်းကျင် ရေစီးရေလာပိတ်ဆို့နိုင်ပါသည်။	- စွန့်ပစ်မြေစာနှင့် လုပ်ငန်းသုံးရေ အနည်ထိုင်ကန်အား မြေအောက်ရေစိမ့်ဝင်ခြင်း မရှိစေရန် ဆောင်ရွက်ထားပါမည်။ - လုပ်ငန်းသုံးရေများအား ပြင်ပသို့စေလွှတ်ခြင်းမပြုပါ။ - လုပ်ငန်းသုံးရေပမာဏမှာ (၁၀၀၀)ဂါလံခန့်ဖြစ်ပါသည်။ အမှုန့်ကြိတ်ရာတွင် ဓာတ်ဆေးများအသုံးမပြုခြင်း၊ မိုင်းပိတ်သိမ်းချိန် တွင် လုပ်ငန်းသုံးရေများအား နှံအနည်အနှစ်များ မပါဝင်စေရေးအတွက် အနည်ထိုင်ကန်တွင် အနည်ထိုင်စေပြီး ရေကြည်များအား လုပ်ကွက်အတွင်းရှိ စိုက်ခင်းများသို့ သွယ်တန်းထားသော ရေမြောင်းများ အတွင်းစေလွှတ်၍ ရေလောင်းရာတွင် အသုံးပြုခြင်းဖြင့် စွန့်ပစ်မည်ဖြစ်ပါသည်။
၄။ စွန့်ပစ်မြေစာ	- စွန့်ပစ်မြေစာများ စွန့်ပစ်မှုမြေစာပုံ များအားမိုးရေတိုက်စား၍ နှံးအနည်အနှစ်များပျံ့လွင်စီးမျောပြီး ရေစီးရေလာ ပိတ်ဆို့ခြင်း၊ သဲဆန် သေ မြေ များဖြစ်၍ မြေဆီ လွှာပြုန်းတီးစေခြင်းများဖြစ်ပေါ် နိုင်ပါသည်။	- စွန့်ပစ်မြေစာများအား ရေဖြင့်ဆေးပြီး လုပ်ကွက်အတွင်းရှိ လျှို့မြောင်အတွင်း ဖြည့်မည်ဖြစ်ပါသည်။ စွန့်ပစ်မြေစာများ မိုးရေတိုက်စား၍ စီးမျောမှုမရှိစေရန် လျှို့အတွင်း တမံတုတ်ထားမည်ဖြစ်ပါသည်။ - လုပ်ငန်းများရပ်ဆိုင်းမည့်အချိန်တွင် စွန့်ပစ်မြေစာများ ထပ်မံဖြည့်ပြီး ဖိသိပ်မြေညှိ၊ မြေဆွေးဖုံးအုပ်၍ ဒေသပေါက်ပင်များ စိုက်ပျိုးပါမည်။
၅။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး	- မြေအောက်ဆပြာတ်ဆာက်ခြင်း။ - ယမ်းနှင့်ဆက်စပ်ပစ္စည်းများမှ အသက်အန္တရာယ် ဖြစ်ပေါ်စေခြင်း၊ - မြေသားပြိုကျမှုများခြင်း စသည်ဖြင့်လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့်သဘာဝ	- လုပ်ငန်းများဆောင်ရွက်မှုမှ လုပ်ငန်းခွင်ဘေးအန္တရယ်မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရယ်ကာကွယ်ရေး စီမံချက်ရေးဆွဲပြီး လုပ်ငန်းခွင်ဘေးအန္တ ရာယ်ကာကွယ်ရေးအဖွဲ့များ၊ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များ ဖွဲ့စည်းဆောင် ရွက်ပါမည်။

	ဘေးအန္တရာယ်များဖြစ်သော မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေ ပြိုခြင်း၊ မီးလောင် ခြင်း၊ ဘေးအန္တရာယ်များဖြစ်ပေါ် စေနိုင်ပါသည်။	- သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ မီးဘေးအန္တရယ်ကာကွယ်ရေးများအတွက်လည်း စီမံချက်များရေးဆွဲ၍ အကောင် အထည် ဖော်ဆောင်ရွက် မည်ဖြစ်ပါ သည်။
၆။ စောင့်ကြပ်ကြည့်ရှု့ စစ်ဆေးခြင်း	- လုပ်ငန်းများဆောင်ရွက်မှု ကြောင့်မြေယာဆုံးရှုံးခြင်း သဘာဝရေအရင်းအမြစ်ရှုံးခြင်း၊ ဆူညံသံနှင့် တုန်ခါမှုများ ဖြစ် ပေါ်ခြင်း၊ စွန့်ပစ်ရေနှင့် စွန့် ပစ်မြေစာများကြောင့် လုပ် ကွက်နှင့် ဆက်စပ် ဒေသပတ် ဝန်းကျင် ညစ်ညမ်းစေခြင်း၊ - ဂေဟစနစ်ဖြစ်ထွန်းမှု လျော့ကျစေခြင်း၊ - သဘာဝအပင်များ ဆုံးရှုံးစေ ခြင်း။	- သတ္တုတူးဖော်ထုတ်လုပ်သန်စင်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့်ပတ်ဝန်းကျင် နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်စေနိုင်သည့် အချက် များ ဓာတ်ဆေးများမှ ဘေးအန္တရာယ် ဖြစ်ပေါ်စေ နိုင်သည့်အချက်များ၊ - လုပ်ငန်းခွင်ဘေးအန္တရယ်ဖြစ်ပေါ်စေနိုင်သည့် အချက်များ၊ ကြိုတင်ကာကွယ်ရေး ဆိုင်ရာ လုပ်ဆောင်ချက်များ၊ အရေးပေါ်အခြေအနေ တွင် ဆောင်ရွက်မည့်အစီအမံများ၊ ဘေးအန္တ ရာယ် ကာကွယ်ရေးအတွက် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ပညာပေးသည့် အစီအစဉ်များ ဆောင် ရွက်သည့် အခြေအနေများအား စောင့်ကြပ် ကြည့်ရှုစစ်ဆေးပါမည်။
၇။ သဘာဝဘေးအန္တရာယ် နှင့် မီးဘေးအန္တာရာယ်ကြိုတင် ကာကွယ်ခြင်း	- ထိခိုက်မှုဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်ခြင်း၊ အသက် အန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်း	- သဘာဝဘေးအန္တာရယ်နှင့် မီးဘေးအန္တရယ် ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ် ဆောင်ရွက်မည့်အဖွဲ့များ ဖွဲ့စည်းထားခြင်း၊ သဘာဝဘေးအန္တရယ်နှင့် မီးဘေးအန္တာရယ် ကြိုတင် ကာကွယ်ရေးစီမံချက်များဖြင့် ဆောင်ရွက်ပါမည်
၈။ လူမှုရေးဆိုင်ရာကိစ္စရပ် များနှင့် ဒေသဖွံ့ဖြိုးရေး ကိစ္စများ	- လူမှုဝန်းကျင်နှင့် ပတ်ဝန်း ကျင်ထိခိုက်မှု	- ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုလား ချက်များဖော်ထုတ်ကာ စီမံဆောင်ရွက်မည် ဖြစ်ပါသည်။ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ အား စီမံကိန်းကာလတစ်လျှောက်လုံး စီစဉ် ဆောင်ရွက်ပါမည်။
၉။ မိုင်းပိတ်သိမ်းခြင်း မြေယာအသုံးချထားမှု ကိစ္စရပ်များရှင်းလင်းခြင်း၊ အုပ်ချုပ်မှုဆိုင်ရာအဆောက် အဦးများ၊ စက်မှုဆိုင်ရာ အဆောက်အဦများ၊ ဝန်ထမ်း အိမ်ယာများအတွက် မြေယာ အသုံးချထားမှုများ။	- မြေမျက်နှာပြင်အနေ အထားနှင့်ရှုခင်းများ ပြောင်းခြင်း၊ မြေဆီလွှာ ဆုံးရှုံးခြင်း၊သစ်တောသစ်ပင် ဆုံးရှုံး ခြင်း၊မြေဆီလွှာ ညစ်ညမ်းခြင်း၊	- သင့်လျော်သောမြေယာအသုံးချမှုလုပ်ငန်း တစ်ရပ်ထူထောင်နိုင်သည်အထိ စီစဉ်ဆောင်ရွက် ပါမည်။

စွန့်ပစ်မြေစာနှင့်လုပ်ငန်းသုံးရေ အနည်ထိုင်ကန် စွန့်ပစ်ရေကန်၊ အင်းဝိုင်းလှည့်ကန်များ၊	- မြေနေရာဆုံးခြင်း၊	- မျက်နှာညှို့၍ အပေါ်ယံမြေသားဖုံးအုပ်ခြင်း၊ မြေဆွေးလွှာအုပ်ခြင်းတို့ ပြုလုပ်၍ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးပါမည်။
စွန့်ပစ်ကျောက်ပုံ၊ စွန့်ပစ်မြေစာပုံ	- မြင်ကွင်းကောင်းမွန်မှု မရှိခြင်း၊ ပြိုကျ၍ ဘေးအန္တရာယ်ရှိနိုင်ခြင်း၊ - မိုးရာသီတိုက်စား၍ ချောင်းမြောင်းများအတွင်းအနည်အနှစ်များ ကျနိုင်ခြင်း၊	- မိုင်းပိတ်သိမ်းချိန်တွင် ပင်မဆင်းတွင်းများ နှင့် ပင်မလိုဏ်ခေါင်းများအတွင်း ပြန်လည်ဖြည့်မည်ဖြစ်ပါသည်။ ကျောက်ပုံ၊ မြေစာပုံနေရာများအား ရှင်းလင်း၍ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးပါမည်။
ပိတ်သိမ်းပြီးကာလတွင် မြေဆီလွှာ၊ မြေပေါ်ရေ၊မြေအောက်ရေညစ်ညမ်းခြင်း၊	- မြေဆီလွှာညစ်ညမ်းခြင်း၊ မြေပေါ်မြေအောက်ရေညစ်ညမ်းခြင်း၊	- မိုင်းပိတ်သိမ်းပြီးကာလ (၅)နှစ် အထိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးပါမည်၊
မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာတင်ပြခြင်း		- မိုင်းပိတ်ခြင်းအားစီးပွားရေးတွက်ချေ မကိုက်ခြင်း၊ သတ္တုကြောများ ပျောက်သွားခြင်း စသည်ဖြင့် သတ္တုတူးဖော်ခြင်းလုပ်ငန်း မဆောင်ရွက်နိုင်သည့်ကာလတွင် ပိတ်သိမ်းပါမည်။ စီမံကိန်းပိတ်သိမ်းရန် (၁)နှစ်အလိုတွင်မိုင်းပိတ်သိမ်းမည့် အသေးစိတ်အစီအစဉ်များအား တင်ပြပါမည်။

၉.၅ အစီအရင်ခံစာရေးသားသူ၏ ကတိဝန်ခံချက်

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုတွင် လုပ်ကွက်အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာအား ဝန်းကျင်ဖေဒဆိုင်ရာပညာရှင်မှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေရေးနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံချက်ပါ အချက်အလက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့်အညီ တိကျစွာလိုက်နာ၍ ပြည့်စုံစေရန် ရေးဆွဲတင်ပြထားသည်မှာ မှန်ကန်ပါကြောင်းနှင့် ကတိကဝတ်ဇယားပါအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

ဦးရဲသွေးနောင်
(စီမံကိန်း လုပ်ကွက်တာဝန်ခံဒါရိုက်တာ)

ဦးခွန်သက်အောင်
(ဝန်းကျင်ဖေဒပညာရှင်)

၉.၇ စီမံကိန်းများနှင့်သက်ဆိုင်သည့် လုပ်ငန်းရှင်၏ကတိကဝတ်

ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာ (IEE) တွင် ပါရှိသောအချက်အလက်များ တိကျခိုင်မာကြောင်းနှင့် ပြည့်စုံပါကြောင်း အစီအရင်ခံစာပါ အချက်အလက်များကို လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများကို တိကျစွာလိုက်နာ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ဆောင်ရွက်ထားပါသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်၊ လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများလျော့နည်းစေရေးအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာ(ပါ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို အပြည့်အဝအစဉ်အမြဲလိုက်နာသွားမည် ဖြစ်ပါကြောင်းနှင့် ဖော်ပြပါ ကတိကဝတ်အတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းလက်မှတ် ရေးထိုးဝန်ခံကတိပြုပါသည်။

၁၀.၀ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများနှင့် လျော့နည်းစေရန်ဆောင်ရွက်မည့် လုပ်ငန်းများ အကျဉ်းချုပ်

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ SGU (271) လုပ်ကွက်တွင် ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများမှာ အသုံးပြုမည့်အဆောက်အဦးများ တည်ဆောက်ခြင်းနှင့် မြေနေရာရှင်းလင်းခြင်းမှ အပေါ်ယံမြေဆီလွှာနှင့် သစ်ပင်များဆုံးရှုံးခြင်း၊ သတ္တုတွင်းတူးဖော်ရာမှ မြေအောက်စိမ့် ထွက်ရေများရှိခြင်း၊ စွန့်ပစ်မြေစာ၊ စွန့်ပစ်ကျောက်တို့ထွက်ရှိခြင်းမှ မြေပေါ်ရေ၊ မြေအောက်ရေများညစ်ညမ်းစေနိုင်ခြင်း၊ ယမ်းဖောက်ခွဲမှုကြောင့် ဆူညံသံနှင့်တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများဖြစ်ပေါ်စေနိုင်ခြင်း၊ သတ္တုတွင်းတူးဖော်မှုကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်များ ဖြစ်ပေါ်စေနိုင်ခြင်းစသည်ဖြင့် လုပ်ငန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများရှိနိုင်ပါသည်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း၊ သတ္တုတွင်းတူးဖော်မှုဆိုင်ရာ နည်းပညာရပ်များရရှိစေခြင်း ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကုမ္ပဏီမှပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ခြင်း၊ နိုင်ငံတော်အတွက် အခွန်အခများရရှိခြင်း၊ သတ္တုတွင်းအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်းစသည့် ကောင်းကျိုးသက်ရောက်မှုများလည်း ရှိနိုင်ပါသည်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးစေရန် မြေအောက်တူးဖော်မှုစနစ်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြေပေါ်ရေ ၊ မြေအောက်ရေညစ်ညမ်းမှုမရှိစေရန် မြေအောက်စိမ့်ထွက်ရေ အရည်အသွေးများ ပုံမှန်စစ်ဆေးမှုများ ပြုလုပ်၍ လိုအပ်ပါက ထိခိုက်မှု လျော့နည်းစေမည့် အစီအမံများဖြင့် ဆောင်ရွက်သွားပါမည်။ မြေအောက်စိမ့်ထွက်ရေများကို အထွေထွေသုံးရေအဖြစ် အသုံးပြုမည်ဖြစ်ပြီး အထွေထွေသုံးစွန့်ပစ်ရေများအား ပြင်ပသို့ စေလွှတ်ခြင်းမပြုဘဲ စိုက်ခင်းသုံးရေအဖြစ် ပြန်လည်အသုံးမည်ဖြစ်ပါသည်။ စွန့်ပစ်ကျောက်များအား တူးဖော်ရေးလုပ်ငန်း ခေါင်းစားများတွင် ရှေ့စား နောက်ဖို့ (Back Filling) စနစ်ဖြင့် ပြန်လည်အသုံးပြုမည်ဖြစ်ပါသည်။ ပိုလျှံသောဂဲစာများအား လုပ်ကွက်ဧရိယာအတွင်း လတ္တီတွဒ် (22˚42' 45.62" N) နှင့် လောင်ဂျီတွဒ် (96˚01' 32.23" E)တွင် အလျား (၂၀၀) အနံ (၁၀၀) အမြင့် (၁၅) ပေအကျယ်အဝန်းအစောင်းဒီဂရီ 96˚ ဖြင့် စနစ်တကျ စုပုံထားရှိပါမည်။ မိုးရေတိုက်စား၍ စီးမျောမှု မရှိစေရ စွန့်ပစ်ဂဲစာ ပုံပတ်လည်တွင် ရေနုတ်မြောင်းများတူးဖော်ထားရှိပြီး နှုန်းစစ် ကန်ဖြင့် စုဆောင်းထားရှိပါမည်။ စွန့်ပစ်ဂဲစာပုံမှ မြေအောက်စိမ့်ရေ ယိုစိမ့်မှုများမရှိစေရန်

ရွံ့စေးများဖြင့် အောက်ခံဖိကြိတ်၍ ဆောင်ရွက်ထားပါမည်။ စီမံကိန်းလုပ်ကွက်ဧရိယာအတွင်း သတ္တုတွင်း တူးဖော်သည့်နေရာနှင့် စွန့်ပစ်ဂဲစာစုပုံကွင်းသည် ပေ (၄၀၀)ခန့်သာ ကွာဝေးသောကြောင့် စွန့်ပစ်ဂဲစာများ သယ်ယူမှုကြောင့် ထိခိုက်နိုင်မှုနည်းပါးပါသည်။ သယ်ယူရာတွင် ယိုဖိတ်လွင့်စင် မှုမရှိစေရန် မိုးကာအုပ်၍ သယ်ဆောင်ခြင်း အမှုန်အမွှားများ လွင့်ထွက်မှုမရှိစေရန် သယ်ယူရာ လမ်းတစ်လျောက် အချိန်နှင့်တစ်ပြေးညီ ရေဖျန်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ပါမည်။

၁၀.၁ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်အစီအစဉ်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ရန်ပုံငွေကျပ် (သိန်း ၄၀၀) (ကျပ်သိန်းလေးရာ) လျာထားသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများဖြစ်သော မြေအောက်သတ္တုတူးဖော်မှု သတ္တုတွင်း အားပြန်လည်မြေဖို့ပြုပြင်ခြင်း၊ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် လုံခြုံစွာပိတ်ဆို့ ကာရံခြင်း။ အသုံးပြုထားသောမြေနေရာများအား သင့်လျော်သော မြေယာအသုံးချမှုလုပ်ငန်း တစ်ရပ်ဖော်ဆောင်နိုင်သည်အထိ ဆောင်ရွက်ခြင်း ပိတ်သိမ်းပြီးကာလတွင် မြေဆီလွှာ ညစ်ညမ်းခြင်း၊ မြေပေါ်ရေ၊ မြေအောက်ရေ ညစ်ညမ်းခြင်း၊ တူးဖော်ပြီး ကျင်းဟောင်းများ ပိတ်သိမ်းထားမှုအခြေအနေများအား စစ်ဆေးခြင်းနှင့် အစားထိုးစိုက်ပျိုးထားသော သစ်ပင်များ ရှင်သန်ရေးအတွက် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ပြီး မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မိုင်းသိမ်းခြင်းရန်ပုံငွေအဖြစ် ငွေကျပ်သိန်း (၈၀) (ကျပ်သိန်းရှစ်ဆယ်) လျာထားသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံလောက်မှုမရှိပါက အထွေထွေရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲသွားမည်ဖြစ်ပြီး ကုမ္ပဏီမှအပြည့်အဝ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းပြီးနောက် (၅) နှစ်ကြာသည်အထိ စောင့်ကြပ်ကြည့်ရှုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၁.၀ အများပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း

စီမံကိန်းလုပ်ငန်း အဆိုပြုစတင်ရန် ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ် အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးထားခြင်းဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိချိန်တွင် ဒေသခံအများပြည်သူများဖြင့် စဉ်ဆက်မပြတ်တွေ့ဆုံ ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး ရှင်းလင်းဆွေးနွေးချက်များ ၊ ဒေသခံများ၏ တောင်းဆိုချက်များ ကုမ္ပဏီမှဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ဆွေးနွေးခြင်းရလဒ်များကို ဓာတ်ပုံမှတ်တမ်းများနှင့် အတူ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကွင်းဆင်းဆောင်ရွက်စဉ် စီမံကိန်းအဆိုပြုဧရိယာနှင့် အနီးစပ်ဆုံးကျည်တောက်ပေါက်ကျေးရွာ တွင် ဒေသခံများဖိတ်ခေါ်တွေ့ဆုံ၍ ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးရာတွင် ကုမ္ပဏီအနေဖြင့် အဆိုပြု ဧရိယာအား ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများဆောင်ရွက်ရန် လျှောက်ထားလို၍ ပဏာမကွင်းဆင်း လေ့လာခြင်းဖြစ်ပါကြောင်း ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးရာ မြေအောက်တူးဖော်ရေးစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ထွက်ပေါ်လာနိုင်သော ဆူညံသံများအနေဖြင့်လည်း ဒေသခံ ပြည်သူများ တည်ရှိရာနေရာနှင့်အလှမ်းကွာ၍ ထိခိုက်နိုင်မှုနည်းပါးစေမှာဖြစ်ပါကြောင်း ၊ ဆူညံသံ ထွက်ပေါ်မှုကိုလည်း အတတ်နိုင်ဆုံးလျော့ချဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းမှ အန္တရာယ် ရှိနိုင်သော စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျသိမ်းဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ထိခိုက်နိုင်မှုများကိုလည်း စောင့်ကြပ်ကြည့်ရှုအဖွဲ့များဖြင့် စနစ် တကျဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၊ စီမံကိန်းလုပ်ငန်းများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ဒေသခံပြည်သူများနှင့်သာ ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းအား ကုမ္ပဏီ ၏ အကျိုးအမြတ်တစ်ခုသာလျှင် ဦးတည်ဆောင်ရွက်သွားမှာမဟုတ်ဘဲ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးများကိုပါ ရှေ့ရှုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတို့ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ရာ ဒေသခံပြည်သူများမှ မိမိတို့ဒေသတွင် စီမံကိန်းလုပ်ငန်းများရောက်ရှိလာ၍ ဒေသဖွံ့ဖြိုးတိုးတက် စည်ကားလာမည်ဖြစ်၍ ဝမ်းသာကြိုဆိုပါကြောင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်စေရေး အတွက် အခွင့်အလမ်းများဆောင်ရွက်ပေး၍ တွဲဖက်ဆောင်ရွက်သွားစေလိုကြောင်း၊ ဒေသ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက် စေလိုကြောင်းတို့ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြရာ ကုမ္ပဏီအနေဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက် ပေးသွားမှာဖြစ်ပါကြောင်း ကုမ္ပဏီမှလိုအပ်သော ပစ္စည်းများကိုလည်း ဒေသဆိုင်များမှ ဝယ်ယူအားပေး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းတို့နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်

အဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတို့နှင့် စီမံကိန်းများ ဆောင်ရွက်စဉ် (၂) လတစ်ကြိမ်တွေ့ဆုံ၍ ညှိနှိုင်းတိုင်ပင်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်းတို့ဖြင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

စီမံကိန်းမတင်မီ အကြိုတွေ့ဆုံဆွေးနွေးပွဲ၌ ဒေသခံပြည်သူ (၃၀) ဦးတက်ရောက်၍ ဆွေးနွေးခဲ့ကြပါသည်။ စီမံကိန်းများ ဆောင်ရွက်ခွင့် ရရှိချိန်တွင် ဒေသခံပြည်သူများနှင့် (၂) လတစ်ကြိမ်တွေ့ဆုံ ညှိနှိုင်း၍ အများပြည်သူများ၏ အကြံပြုချက်များ၊ပြဿနာများ ဆွေးနွေးတင်ပြခဲ့သည့် ဒေသခံများ၏ အမည်နှင့်အချက်အလက်တို့အား တိကျစွာဖော်ပြ၍ ဆွေးနွေးခြင်း၊ ဝေဖန်အကြံပြုချက်များ ဆောင်ရွက်ပေးနိုင်သည့်အစီအစဉ်များအား ထည့်သွင်းဖော်ပြ၍ တင်ပြသွားမည်ဖြစ်ပါသည်။

ကနဦးပတ်ဝန်းကျင်အစီရင်ခံစာပါ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ လူမှုပတ်ဝန်းကျင် ထိခိုက်နိုင်မှုများနှင့် ထိခိုက်မှုများအား လျော့ချဆောင်ရွက်ထိန်းသိမ်းဆောင်ရွက်သွားမည့်အစီအစဉ် များအား ဒေသဆိုင်ရာအဖွဲ့အစည်းနှင့် အခြားအကျိုးသက်ဆိုင်သူများသိရှိနိုင်ရန် ပြည်တွင်းရှိသတင်း လုပ်ငန်းများအားလည်းကောင်း၊ စာကြည့်တိုက်နှင့် အများပြည်သူစုဝေးနိုင်ရာနေရာများတွင် လည်းကောင်း၊ လုပ်ကွက်စီမံကိန်းရုံးတွင်လည်းကောင်း၊ စီမံကိန်းဧရိယာတွင် စာတမ်းဆိုင်းဘုတ် များဖြင့်လည်းကောင်း၊ အများပြည်သူများ သိရှိနိုင်ရန် လုံလောက်သော အချိန်ကာလအထိ အားလုံး သိရှိနိုင်ရန် သင့်တော်သောနည်းလမ်းများဖြင့် အသိပေးကြော်ငြာသွားမည်ဖြစ်ပါသည်။

အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို (၁၀.၁၁.၂၀၁၇) ရက်နေ့တွင် ကျည်တောက် ပေါက်ကျေးရွာ၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၁၂.၀ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရန်ပုံငွေလျာထားချက်

၁၂.၁ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်

စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုများ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းအတွက် စီမံကိန်းဒါရိုက်တာ ဦးဆောင်သော စောင့်ကြပ်ကြည့် ရှုစစ်ဆေးရေးလုပ်ငန်းကော်မတီကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းထား ရှိပါသည် -

- ❖ စီမံကိန်းဒါရိုက်တာ - ဥက္ကဋ္ဌ
- ❖ စီမံကိန်းတာဝန်ခံ - တာဝန်ခံ
- ❖ ရုံးအဖွဲ့မှူး(ဆက်ဆံရေး) - အဖွဲ့ဝင်
- ❖ ဘူမိဗေဒပညာရှင် - အဖွဲ့ဝင်
- ❖ စာရင်းကိုင် - အဖွဲ့ဝင်
- ❖ ကြီးကြပ်ဝန်ထမ်း ၅ ဦး - အဖွဲ့ဝင်
- ❖ ကျန်းမာရေးမှူး - အဖွဲ့ဝင်

လုပ်ကွက်ဧရိယာအတွင်း ရှာဖွေစမ်းသပ်တူးဖော်မှုလုပ်ငန်းအဆင့်ဆင့်ကြောင့် ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်များအား လျော့နည်းသက်သာစေရေးအတွက် စောင့်ကြပ် ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းအဆင့်အလိုက် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်ကို စောင့်ကြပ် ကြည့်ရှုရမည့်အချိန်တွင် လက်ရှိပတ်ဝန်းကျင် အခြေအနေများသည် လုပ်ငန်းလည်ပတ်စဉ် ကာလအတွင်းတွင် ကွာခြားလာမှု၊ ထိခိုက်မှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရန် အတွက် Ambient ရှိ မြေပေါ်/ မြေအောက် ရေအရည်အသွေး၊ လေထုအရည်အသွေး၊ မြေထုအရည်အသွေးနှင့် ဆူညံသံတို့ကိုဖြစ်ပေါ်စေသည့် မူလအရင်းအမြစ်နေရာလိုက်နာမှတ် များ (Point of Compliance လတ္တီတွဒ်၊ လောင်ဂျီကျူအမှတ်များ) တွင် ထပ်မံစောင့်ကြပ် ကြည့်ရှုမည်ဖြစ်ကြောင်းနှင့် တိုင်းတာမည့်အကြိမ်ရေ၊ အချိန်ကာလ၊ စောင့်ကြပ် ကြည့်ရှုမည့်

Parameter များအား ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်ဇယားတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အချိန်အပိုင်းအခြား အလိုက် ဆောင်ရွက်မည်ဖြစ်ပါသည်။ ကုမ္ပဏီသည် စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာကို ကြိုတင်ရေးဆွဲထားပြီး (၆)လတစ်ကြိမ် သက်ဆိုင်ရာဌာနများသို့ တင်ပြသွားပါမည်။ စီမံကိန်းလုပ်ကွက်အတွင်းရှိ လိုက်နာမှတ်များပြ ကောင်းကင်မြေပုံကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။ စောင့်ကြပ်ကြည့်ရှုခြင်းအတွက် ရန်ပုံငွေကျပ်သိန်း (၇၀)အား လျာထား ဆောင်ရွက်သွားပါမည်။

၁၂.၂ ဆူညံမှုနှင့်တုန်ခါမှုတိုင်းတာစစ်ဆေးခြင်းလိုက်နာမှတ်(Point Of Complaince)

စီမံကိန်းလုပ်ငန်းအဆင့်ဆင့်တွင် ယာဉ်/ယန္တရားများ၊ မီးစက်၊ ရေစက်၊ လေစက်၊ မြေတူးစက်အသုံးပြုပြီး ရွှေသတ္တုရှာဖွေတူးဖော်နေရမှုကြောင့် ဆူညံမှုနှင့်တုန်ခါမှု များဖြစ်ပေါ်မှု အခြေအနေများအား အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ ရှိစေရေးအတွက် စစ်ဆေးသွားမည်ဖြစ်ပါသည်။

ဆူညံမှုနှင့်တုန်ခါမှုလိုက်နာမှတ်အား မြေအောက်သတ္တုတူးဖော်ခြင်းလုပ်ငန်း အနီး ပတ်ဝန်းကျင်၊ မီးစက်၊ အင်ဂျင်စက်များအနီးပတ်ဝန်းကျင်နေရာများတွင် ပတ်ဝန်းကျင် အပေါ်သက်ရောက်မှု၊ပြောင်းလဲမှုများ ရှိ/မရှိ လိုက်နာမှတ်အဖြစ်ထားကာ ထပ်မံစောင့်ကြပ် ကြည့်ရှုပါမည်။

လိုက်နာမှတ်		စောင့်ကြပ်ကြည့်ရှုမည့် (Parameter)	စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ
လာဒ်	လောင်		
22°42' 43.27"	96°01' 30.18"	လက်ခံနေရာအတွင်း၊အပြင်လက်ခံရာနေရာများ၏ (dBA)	(၆)လ တစ်ကြိမ်

၁၂.၂.၁ အရေးယူဆောင်ရွက်ခြင်း

ဆူညံသံအား (70)dBA အောက်နှင့် တုန်ခါမှုအား (0.02)ft/sec အတွင်း ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ မီးစက်၊ လေပေးစက်၊ ရေစုပ်စက်အစရှိသည့် စက်ကရိယာများ၏ ဆူညံသံမှာ သတ်မှတ်ချက်ထက်ကျော်လွန်မှုမရှိစေရ ဓာတ်ဆီ၊ အင်ဂျင်ဝိုင်ဆီများလဲလှယ်ခြင်း၊ အိတ်ဇောပိုက်များတပ်ဆင်ခြင်း၊ အသံလုံစနစ်များ

တပ်ဆင်ခြင်း စသည့်တို့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ညအချိန်တွင် သတ်မှတ်ဆူညံသံစံချိန်စံညွှန်းထက်ပိုနိုင်သည့် လုပ်ငန်းများလည်ပတ်ခြင်းမှ ရပ်နားထားပါမည်။

၁၂.၃ လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းလိုက်နာမှတ်(Point Of Complaince)

အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းကာလများအတွင်း လုပ်ကွက်သို့သွားရာလမ်းများ ဖောက်လုပ်ခြင်း၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦနှင့် ဝန်ထမ်းအိပ်ဆောင်များဆောက်လုပ်ရန် အပေါ်ယံမြေသားများအား ရှင်းလင်းဖယ်ရှားခြင်း၊ မြေအောက်လိုဏ် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသောကြောင့် ဖုန်မှုန့်နှင့်မီးခိုးငွေ့များ ထွက်ရှိပါသည်။ လေထုအရည်အသွေး လိုက်နာမှတ်အား လုပ်ကွက်အတွင်း လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကအချက်အခြာကျသော ယာဉ်များအသွားအလာများသည့်နေရာတွင် ဖုန်မှုန့်များ၊ အမှုန်အမွှား များပျံ့လွင့်မှုရှိသောကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု၊ ပြောင်းလဲမှုများရှိ/မရှိ လိုက်နာမှတ် အဖြစ်ထားကာ ထပ်မံစောင့်ကြပ်ကြည့်ရှုပါမည်။

လိုက်နာမှတ်		စောင့်ကြပ်ကြည့်ရှုမည့် (Parameter)	စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ
လာဒ်	လောင်		
22°42' 42.22"	96°01' 29.72"	CO(ppm),HCN(ppm),NO_2(ppb),NO (ppb),PM_{10}(μg/m^3),$PM_{2.5}$(μg/m3), SO_2 (ppb)	(၆)လ တစ်ကြိမ်

၁၂.၃.၁ အရေးယူဆောင်ရွက်ခြင်း

လုပ်ကွက်နှင့်ဝန်းကျင်၏ မူလလေအရည်အသွေးအား ထိခိုက်မှုမရှိစေရေး အမှုန်အမွှား ထွက်ရှိနိုင်သည့်နေရာများအား ရေဖျန်းခြင်း၊ ဖြုန်းစာများ သယ်ပို့ခြင်း ဆောင်ရွက်ရာတွင် အရှိန်လျှော့မောင်းနှင်စေခြင်း၊ လမ်းအားရေဖျန်းပေးခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း၊ စက်ယန္တရားများမှ အခိုးအငွေ့များထွက်ရှိမှု လျော့နည်းစေရေး စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၂.၃.၂ အနှံ့အသက်

စီမံကိန်းဧရိယာနှင့် အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများလက်မခံနိုင်သော ဆိုးရွားသော အနှံ့အသက်နှင့် အန္တရာယ်ဖြစ်စေသော အနှံ့အသက်များ မထွက်ရှိစေရေး အတွက် အနှံ့ထွက်သော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ ထုတ်ပိုးသိမ်းဆည်းပြီး ကျင်းများအတွင်းထည့်၍ မြေဖို့မြှုပ်နှံခြင်းဖြင့် ထိန်းချုပ်စီမံဆောင်ရွက်ခြင်းလုပ်ငန်းအား ထူးခြားမှုရှိသော အချိန်ကာလတိုင်းတွင် စစ်ဆေးသွားမည်ဖြစ်ပါသည်။

၁၂.၄ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်းလိုက်နာမှတ်(Point Of Complaince)

မြေပေါ်ရေနှင့် အခြေစိုက်စခန်းမှ စွန့်ထုတ်ရေများအား ရေစစ်ကန်မှတစ်ဆင့် စွန့်ထုတ်ပြီးမှ စွန့်ပစ်ရန်နှင့် ARD (Acid Rock Draimage)ဖြစ်နိုင်ခြေ ရှိ /မရှိ သိရှိနိုင်ရန် စတင်ထုတ်လွှတ်ရာနေရာ (အရင်းအမြစ်)တွင် မြေပေါ်လိုက်နာမှတ်အဖြစ်ထားရှိကာ လုပ်ကွက် အပြင်ကပ်လျက်ရှိသော စိမ့်ထွက်ရေများအားစမ်းသပ်တိုင်းတာစစ်ဆေးသွားမည် ဖြစ်ပါသည်။

လိုက်နာမှတ်		**စောင့်ကြပ်ကြည့်ရှုမည့် (Parameter)**	**စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ**
လာဒ်	လောင်		
22°42' 33.27"	96°01' 20.32"	Arsenic(mg/lit),Mercury(mg/lit),Cadmium(mg/lit),Cyanide(mg/lit),Lead (mg/lit),pH,Total Suspended Solids (mg/lit), Chemical Oxygen Demand (mg/lit).	(၆)လ တစ်ကြိမ်

မြေအောက်လိုဏ်တူးဖော်မှုမှ ထွက်ရှိလာမည့် မြေအောက်ရေကြောင့် (Acid Mine Drainage AMD)ဖြစ်ပေါ်နိုင်ခြင်း၊ ဓာတ်ဆီချောဆီယိုဖိတ်မှုများကြောင့် မြေအောက်ရေ ထိခိုက်မှုလျော့နည်းစေရန် ရေဓာ(pH)ကိုထူးခြားမှုရှိချိန်တိုင်း လစ်တမတ်စက္ကူဖြင့် တိုင်းတာ စစ်ဆေးခြင်းနှင့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယခင်ဒေသခံများ တူးဖော်ထားရှိသော စိုက်ကျင်းမှ မြေအောက်ရေအရည်အသွေးအား မြေအောက်ရေ လိုက်နာမှတ်အဖြစ်ထားရှိကာ စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လိုက်နာမှတ်		စောင့်ကြပ်ကြည့်ရှုမည့် (Parameter)	စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ
လာဒ်	လောင်		
22°42'49.23"	96°01' 38.02"	Arsenic(mg/lit),Mercury(mg/lit),Cadmium(mg/lit),Cyanide(mg/lit),Lead (mg/lit),pH,Total Suspended Solids (mg/lit), Chemical Oxygen Demand (mg/lit).	(၆)လ တစ်ကြိမ်

၁၂.၄.၁ အရေးယူဆောင်ရွက်ခြင်း

သတ္တုတွင်းမြေအောက်ရေစိမ့်ထွက်ရေသုံးစွဲမှုပမာဏ၊ ရေအရည်အသွေးများအား မှတ်တမ်း ထားရှိမည်ဖြစ်ပါသည်။ လုပ်ငန်းသုံးစွန့်ပစ်ရေများကို ဖော်ပြပါ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ စွန့်ထုတ်အရည် အဆင့်သတ်မှတ်ချက်များအတိုင်း စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ပါသည်။

၁၂.၅ စွန့်ပစ်ဂဲစာ၊ စွန့်ပစ်မြေစာနှင့် မြေဆီလွှာများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း လိုက်နာမှတ် (Point Of Complaince)

သတ္တုတူဖော်ရေးလုပ်ကွက်အတွင်း မြေအောက်တူးဖော်ရေးလုပ်ငန်းများမှ စွန့်ပစ် မြေစာ၊ စွန့်ပစ်ဂဲစာများ ထွက်ရှိပါသည်။ စနစ်တကျစွန့်ပစ်ခြင်းမရှိပါက အနည်အနှစ်များ တိုက်စား၍ ပတ်ဝန်းကျင်ရှိ မြေဆီလွှာများအား ဖုံးအုပ်ခြင်း၊ ရေစီးရေလာပိတ်ဆို့ခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ စွန့်ပစ်မြေစာ၊ ဂဲစာများကို စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည် အသုံးပြုခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ကွက်အတွင်း စွန့်ပစ်မြေစာများ၊ စွန့်ပစ်ဂဲစာများ စုပုံသည့်နေရာမှ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု၊ ပြောင်းလဲမှုများ ရှိ/မရှိသိရှိနိုင်ရန် စမ်းသပ်စစ်ဆေးမည့်နေရာ လိုက်နာမှတ်ထားရှိကာ ထပ်မံစောင့်ကြပ် ကြည့်ရှုသွားမည်ဖြစ်ပါသည်။ မြေအောက်တူးဖော်ရေးလုပ်ငန်းမှ ထွက်ရှိသော အပေါ်ယံစွန့်ပစ်မြေစာနှင့် စွန့်ပစ်ကျောက် (Waste Rock)များမှာ နီညိုရောင်ရှိသော ရွှံစေးမြေများနှင့် ရွှံကျောက်များဖြစ်ပါသည်။ မြေအောက်တူးဖော်ရေးမှ ထွက်ရှိသော စွန့်ပစ်ကျောက်များမှာ မီးသင့်ကျောက်နှင့် အသွင်ပြောင်းကျောက်များဖြစ်ပြီး အက်ဆစ်ယိုစီးစေသောကျောက်များပါဝင်မှုမရှိပါ။

လိုက်နာမှတ်		စောင့်ကြပ်ကြည့်ရှုမည့် (Parameter)	စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ
လာဒ်	လောင်		
22˚42' 45.62"	96˚01' 32.23"	Moisture Content, pH, Organic Carbon(%), Total Nitrogen(%), Exchangeable Cations(Ca^{++}, Mg^{++}, Na^{++},K^{+})mg/100g, K_2O(mg/100g), P(ppm)	(၆)လ တစ်ကြိမ်

၁၂.၅.၁ အရေးယူဆောင်ရွက်ခြင်း

စွန့်ပစ်မြေစာ၊ ဂဲစာများပြုကျခြင်း၊ တိုက်စားခြင်းမရှိစေရေးအတွက် အဆင့်များဖော်ခြင်း၊ အပေါ်ယံနှင့် ဘေးနံရံများတွင် သစ်ပင်များနှင့် မြေဆီလွှာထိန်းအမြစ်ရှည်မြက်ပင်များ စိုက်ပျိုးခြင်း၊ လိုအပ်ပါက မြေထိန်းနံရံများတည်ဆောက်ခြင်း၊ ဆက်သွယ်ရေးလမ်းများ ဖောက်လုပ်ပြုပြင်ရာတွင် ပြန်လည်အသုံးပြုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၂.၆။ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှုစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း

လုပ်ကွက်ဧရိယာအတွင်း စွန့်ပစ်အမှိုက်များ၊ စက်သုံးဆီများ၊ ချောဆီများ ယိုဖိတ်မှုမှ မြေဆီလွှာညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်သောကြောင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု၊ ပြောင်းလဲလာမှုများရှိ/မရှိသိရှိနိုင်ရန် လုပ်ကွက်အတွင်းရှိ စွန့်ပစ်အမှိုက်ကျင်းအနီး၊ စက်သုံးဆီနှင့် စက်အင်ဂျင်များထားရှိသည့်နေရာတွင် စွန့်ပစ်ပစ္စည်းများလိုက်နာမှတ်အဖြစ်ထားရှိကာ ထပ်မံစောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

လိုက်နာမှတ်		စောင့်ကြပ်ကြည့်ရှုမည့် (Parameter)	စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ
လာဒ်	လောင်		
22˚42' 46.74"	96˚01' 27.50"	Biological oxygen demand, Chemical oxygen demand, Oil and grease, pH, Total coliform bacteria, Total nitrogen, Total phosphorus, Total suspended solids.	(၆)လ တစ်ကြိမ်

၁၂.၆.၁။ အရေးယူဆောင်ရွက်ခြင်း

စက်သုံးဆီ၊ အမဲဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်များ ယိုဖိတ်မှုမရှိစေရန် စနစ်တကျသိုလှောင်ခြင်း၊ အဟောင်းများကို စနစ်တကျထားရှိသိုလှောင်၍ ပြန်လည် ရောင်းချခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စွန့်ပစ်ပလတ်စတစ်အမှိုက်များအား လေးပေပတ်လည် Concrete Waste Tank များ ပြုလုပ်၍ စနစ်တကျစွန့်ပစ်သွားမည်ဖြစ်ပါသည်။

၁၂.၇ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစစ်ဆေးခြင်း

စီမံကိန်းရှိဝန်ထမ်းများ၊ လုပ်သားများနှင့် လုပ်ကွက်အနီး ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့်ဘေး အန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများအား လုပ်ကွက်တွင် ကျန်းမာရေးမှူး တစ်ဦးခေါ်ယူထားပြီး သက်ဆိုင်ရာမြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ဆေးဘက်ဆိုင်ရာ ပညာရှင်များနှင့် အမြဲ မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ပါသည်။

၁၂.၈ မြေအောက်တူးဖော်ရေး ဘေးအန္တရာယ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း

မြေအောက်သတ္တုတွင်းတူးဖော်မှုကြောင့် ကျင်းပြိုကျခြင်း၊ လုပ်ငန်းသံးပစ္စည်းများ၏ လျပ်စစ်ပိုင်းအန္တရာယ်ကျရောက်နိုင်ခြင်း၊ ယမ်းကွဲမှုကြောင့် ထိခိုက်နိုင်ခြင်း၊ မြေအောက် လေပြတ်လတ်မှုကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်းတို့ဖြင့် ထိခိုက်နိုင်ပါသည်။

သတ္တုတွင်း၏ ကျောက်သားမြေသားများ ပြိုကျပျက်စီးမှုမရှိစေရန် သံပန်းများ သစ်သားများဖြင့် အမိုးအကာများကို ခိုင်ခန့်စွာတည်ဆောက်သွားပါမည်။ လုပ်ငန်းသုံး ပစ္စည်းများ၏ လျပ်စစ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ မဖြစ်ပေါ်စေရန် လျပ်စစ်တာဝန်ခံမှ ဝါယာလိုင်းများ၊ အသုံးပြုပစ္စည်းများကို လုပ်ငန်းခွင်မဆင်းမီ ကြိုတင်စစ်ဆေးဆောင်ရွက် သွားပါမည်။ ယမ်းပေါက်ခွဲမှုအခြေအနေများကို စစ်ဆေးကြီးကြပ်ဆောင်ရွက်ပါမည်။ မြေအောက်လေပြတ်လပ်မှုကြောင့် ဘေးအန္တရာယ်မဖြစ်ပေါ်စေရန် လေပိုက်လိုင်းများ စစ်ဆေးခြင်း၊ လေပေးစက်များ စစ်ဆေးခြင်း၊ အရံလေပေးစက်များထားရှိခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျင်းပိုင်းဆိုင်ရာ တာဝန်ခံမှုကြီးကြပ်၍ စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၂.၉ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အဖွဲ့

ကုမ္ပဏီ၏ရွှေသတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် အမြဲမပြတ်စောင့်ကြပ်ကြည့်ရှုသွားရမည့် အောက်ဖော်ပြပါ(၅)ဦး ပါဝင်သော စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့တွင် ပါဝင်သူများနှင့် အဖွဲ့၏တာဝန်များ -

- စီမံကိန်းဒါရိုက်တာ (၁) ဦး အဖွဲ့ခေါင်းဆောင်
- ဝန်းကျင်ဗေဒပညာရှင် (၁) ဦး အဖွဲ့ဝင်
- ဘူမိဗေဒပညာရှင် (၁) ဦး အဖွဲ့ဝင်
- ကျန်းမာရေးမှူး (၁) ဦး အဖွဲ့ဝင်
- ရပ်မိ / ရပ်ဖ (၂) ဦး အဖွဲ့ဝင်

စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- လုပ်ငန်းခွင်အတွင်း နေ့စဉ်လှည့်လည် ကြည့်ရှုစစ်ဆေး၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များအား လိုက်နာဆောင်ရွက်မှု ရှိ /မရှိ စစ်ဆေးရန်၊
- လုပ်ငန်းခွင်ဇရိယာ မြေသားပြောင်းလဲမှု၊ ဘေးအန္တရာယ်မဖြစ်စေရေး ကြည့်ရှုစစ်ဆေးရန်၊
- စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ဆူညံမှု၊ တုန်ခါမှု၊ စွန့်ပစ်ကျောက်၊ စွန့်ပစ်ရေ၊ လေထုအရည်အသွေး၊ တိုက်စားမှု၊ ပတ်ဝန်းကျင်ပြောင်းလဲမှုများကို လိုက်နာမှု ရှိ /မရှိ ကြည့်ရှုစစ်ဆေးရန်၊
- နေ့စဉ်လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ စစ်ဆေးခြင်း၊ မှတ်တမ်းများထားရှိပြီး ထူးခြားပြောင်းလဲမှုများကိုလည်း မှတ်တမ်းတင်ရန်၊
- စီမံကိန်းလုပ်ငန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့သည် ဒေသအတွင်း ရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့အား (၃)လ တစ်ကြိမ်တွေ့ဆုံတင်ပြဆက်သွယ်ဆောင်ရန်တို့ဖြစ်ပါသည်။

၁၂.၁၀ စီမံကိန်းလုပ်ငန်းအဆင့်တိုင်းတွင် သက်ရောက်မှုလျော့နည်းစေရန်နှင့် စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring and Mitigation Measure)

စီမံကိန်းလုပ်ငန်းစဉ်တခုလုံး (Mining Life Cycle)ဖြစ်သော၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ မိုင်းပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီး နောက်ပိုင်းအဆင့်စသည့်တို့၏ ထိခိုက်မှုအခြေအနေများကို နေ့စဉ်တာဝန်ယူစောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်နှင့် လျော့ချစေမည့် နည်းလမ်းများအား အောက်ဖော်ပြပါအတိုင်းလုပ်ဆောင်ပါမည်။

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် (လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းအဆင့်)

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်(လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်အဆင့်)					
စောင့်ကြပ်ကြည့်ရှုရမည့် နယ်ပယ်များ	**စောင့်ကြပ်စစ်ဆေးမည့်အမျိုးအစားများ**	**နေရာ**	**ကြိမ်နှုန်း**	**စစ်ဆေးမည့်သူ**	**ကြီးကြပ်မည့်သူ**
ယေဘုယျအခြေအနေ	• ထိခိုက်မှုလျော့ချရေးနည်းလမ်းများဆောင်ရွက်မှု၊တိုးတက်မှုအခြေအနေ။	• စီမံကိန်း ဧရိယာ	• (၃)လတစ်ကြိမ်	• စီမံကိန်းမန်နေဂျာ	• စီမံကိန်းဒါရိုက်တာ
လေထုအရည်အသွေး	• အခြေခံအချက်အလက်များစောင့်ကြပ်ကြည့်ရှုခြင်း။ • စီမံကိန်းဧရိယာရှိ ပြည်သူလူထုထံမှရရှိသော တိုင်ကြားမှုများ။ • လိုအပ်ပါက လေထုအရည် အသွေးစောင့်ကြည့်စစ်ဆေးခြင်း • မြေအောက်လုပ်ငန်းခွင်၌ကျန်းမာရေးနှင့် ညီညွတ်မှုရှိသောလေအရည်အသွေးပံ့ပိုးမှု အခြေအနေ။	• စီမံကိန်းဧရိယာ • ပတ်ဝန်းကျင်ကျေးရွာများ • စီမံကိန်းဧရိယာ • မြေအောက်လုပ်ငန်းခွင်နေရာ	• (၆)လ တစ်ကြိမ် • ပေါ်ပေါက်ပါက • (၆)လ တစ်ကြိမ် • (၆)လ တစ်ကြိမ်	• စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ • လုပ်ကွက်တာဝန်ခံ	• စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ
ရေအရည်အသွေး	• မြေပေါ်ရေအရည်အသွေး Secondary Data ရယူခြင်း။ • မြေအောက်ရေအရည်အသွေး Secondary Data ရယူခြင်း။ • (EQEG)ပါ စံနှုန်းများနှင့် ဒေသတွင်းရေအရည်အသွေးစစ်ဆေးမှတ်တမ်းတင်ခြင်း	• အနီးနားရှိချောင်းများ • အင်းအတွင်းမှထွက်ရှိသောရေ	• တစ်နှစ် နှစ်ကြိမ် • တစ်နှစ် နှစ်ကြိမ် • တစ်နှစ် နှစ်ကြိမ်	• စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ • စီမံကိန်းမန်နေဂျာ	• စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ
စွန့်ပစ်ပစ္စည်းများမှ မြေအရည်အသွေးထိခိုက်မှု	• မြေအောက်အင်းတူးဖော်မှုမှ ထွက်ရှိလာသောစွန့်ပစ်ကျောက် စာများ။ • ဝန်ထမ်းလုပ်သားများ၏ စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်ရေနှင့်အညစ်အကြေးများ။ • ယာဉ်၊ စက်၊ ယန္တရားမှ ထွက်ရှိ သောစွန့်ပစ်စက်သုံးဆီ အဟောင်းများ။	• မြေအောက်အင်းလုပ်ငန်းခွင်။ • အုပ်ချုပ်မှုနေရာ။ • ဆီသိုလှောင်ရုံနှင့် ဝပ်ရှော့	• (၆)လ တစ်ကြိမ် • (၆)လ တစ်ကြိမ် • (၆)လ တစ်ကြိမ်	• စီမံကိန်းတာဝန်ခံ • စီမံကိန်းတာဝန်ခံ • စီမံကိန်းတာဝန်ခံ	• စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ • စီမံကိန်းဒါရိုက်တာ

ဆူညံသံနှင့် တုန်ခါမှု	• စီမံကိန်းလုပ်ငန်းခွင်အတွင်း စောင့်ကြပ်ကြည့်ရှုခြင်း။ • မြေအောက်လုပ်ငန်းခွင်အ တွင်းစောင့်ကြပ်ကြည့်ရှုခြင်း။ • စီမံကိန်းပတ်ဝန်းကျင်အနီး နေထိုင်သူများ၏တိုင်ကြား ချက်များအား စီစစ်ခြင်း။	• ဓါတ်အားပေးရုံနှင့် ဝပ်ရှော့များ။ • မိုင်းခွဲလုပ်ငန်းစဉ်များ စီမံကိန်း • ဇရိယာဝန်းကျင်	• (ဖ)လ တစ်ကြိမ် • (၃)လ တစ်ကြိမ် • ပေါ်ပေါက်ပါက	• လုပ်ကွက် တာဝန်ခံ • လုပ်ကွက် တာဝန်ခံ • လုပ်ကွက် တာဝန်ခံ	• စီမံကိန်း မန်နေဂျာ • စီမံကိန်း မန်နေဂျာ • စီမံကိန်း မန်နေဂျာ
သစ်ပင် သစ်တော ထုတ်ယူ သုံးစွဲမှုများ	• တည်ဆောက်ရေးလုပ်ငန်း ခွင်အတွက် သုံးစွဲခြင်း။ • နေထိုင်ရာအဆောက်အဦ များအတွက် သုံးစွဲခြင်း။ • အခြေခံအဆောက်အအုံများနှင့် မလွတ်ကင်းမှုကြောင့် ရှင်းလင်းခြင်း။	• စီမံကိန်း ဇရိယာ • စီမံကိန်း ဇရိယာ • စီမံကိန်း ဇရိယာ	• (ဖ)လ တစ်ကြိမ် • (ဖ)လ တစ်ကြိမ် • (ဖ)လ တစ်ကြိမ်	• စီမံကိန်း တာဝန်ခံ • စီမံကိန်း တာဝန်ခံ • စီမံကိန်း တာဝန်ခံ	• သစ်တော ဦးစီးဌာန • စီမံကိန်း တာဝန်ခံ
ပြန်လည်နေရာချထားရေးနှင့်ဆက်စပ်ေသောလူမှုပတ်ဝန်းကျင်	• စီမံကိန်းကြောင့် ရွှေ့ပြောင်းနေရာချထားရခြင်းမရှိပါ။	–	–	–	–
HIV/ AIDS ကဲ့သို့သော ကူးစက်ရောဂါများ	• ဒေသတွင်းကျန်းမာရေး မှတ်တမ်းများ။ • ဝန်ထမ်း/လုပ်သားများ၏ ကျန်းမာရေး၊ ရောဂါဖြစ်ပွားမှု မှတ်တမ်းများ။ • အသိပညာပေးဆောင်ရွက် ချက်မှတ်တမ်းများ။	• စီမံကိန်းဇရိယာ • စီမံကိန်းဇရိယာ • စီမံကိန်းဇရိယာ	• (ဖ)လ တစ်ကြိမ် • (၃)လ တစ်ကြိမ် • (၃)လ တစ်ကြိမ်	• ကုမ္ပဏီ ဆေးမှူး • ကုမ္ပဏီ ဆေးမှူး • ကုမ္ပဏီ ဆေးမှူး	• စီမံကိန်း မန်နေဂျာ • စီမံကိန်း မန်နေဂျာ • စီမံကိန်း မန်နေဂျာ
လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု အပါအဝင် အလုပ်အကိုင် အခြေအနေ	• မိုင်းလုပ်သားများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာအစီအမံ နှင့်လေ့ကျင့်မှုများဖြစ်စဉ် မှတ်တမ်းများ • ကုမ္ပဏီ၏ဘေးကင်းလုံခြုံမှု ဆိုင်ရာစီမံချက်အတိုင်း လိုက်နာဆောင်ရွက်မှုများ။ • ပညာပေးလေ့ကျင့်မှု မှတ်တမ်းများ။	• အခြားစီမံကိန်း လုပ်ငန်းများ • စီမံကိန်းဇရိယာ • စီမံကိန်းဇရိယာ	• (ဖ)လ တစ်ကြိမ် • (၃)လ တစ်ကြိမ် • (၃)လ တစ်ကြိမ်	• ကုမ္ပဏီ တာဝန်ခံ • ကုမ္ပဏီ တာဝန်ခံ • ကုမ္ပဏီ တာဝန်ခံ	• စီမံကိန်း မန်နေဂျာ • စီမံကိန်း မန်နေဂျာ • စီမံကိန်း မန်နေဂျာ
ယာဉ်မတော်တဆဖြစ်ပွားမှုများ	• ဆက်သွယ်ရေးလမ်းများ အခြေအနေနှင့်ယာဉ်များ၏ ကြံ့ခိုင်မှု။ • ဒေသတွင်းယာဉ်မတော်တဆမှု မှတ်တမ်းများ • ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာအသိပညာပေး လှုံ့ဆော်မှုမှတ်တမ်းများ။ •	• စီမံကိန်းဇရိယာ • စီမံကိန်းဇရိယာ • စီမံကိန်းဇရိယာ	• (ဖ)လ တစ်ကြိမ် • (ဖ)လ တစ်ကြိမ် • (ဖ)လ တစ်ကြိမ်	• ကုမ္ပဏီ တာဝန်ခံ • ကုမ္ပဏီ တာဝန်ခံ • ကုမ္ပဏီ တာဝန်ခံ	• စီမံကိန်း မန်နေဂျာ • စီမံကိန်း မန်နေဂျာ • စီမံကိန်း မန်နေဂျာ

အန္တရာယ်များ ။ သော ပစ္စည်းများနှင့် စက်သုံး ဆီစိမ်ခန့်ခွဲမှု	• အန္တရာယ်များသော ပစ္စည်းများ သိုလှောင်၊ ထိန်းသိမ်း၊ သုံးစွဲမှု အခြေအနေ။ စိမ့်ထွက်ခြင်း၊ ပျံ့လွင့်ခြင်းများ ဖြစ်နိုင်မှု။	• စီမံကိန်းဧရိယာ	• (၃)လ တစ်ကြိမ်	• ကုမ္ပဏီ တာဝန်ခံ	• စီမံကိန်း မန်နေဂျာ
	• ဝန်ထမ်းလုပ်သားများအား ဘေးဖြစ်စေနိုင်သည့် ပစ္စည်း များအားကိုင်တွယ်/ အသုံးပြု နည်းသင်တန်းပေးခြင်း မှတ်တမ်း။	• စီမံကိန်းဧရိယာ	• (၃)လ တစ်ကြိမ်	• ကုမ္ပဏီ တာဝန်ခံ	• စီမံကိန်း မန်နေဂျာ

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် (လုပ်ငန်းများဖျက်သိမ်းသည့်အဆင့်)

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်(လုပ်ငန်းများဖျက်သိမ်းသည့်အဆင့်)					
စောင့်ကြပ်ကြည့်ရှုရမည့် နယ်ပယ်များ	**စောင့်ကြပ်စစ်ဆေးမည့်အမျိုးအစားများ**	**နေရာ**	**ကြိမ်နှုန်း**	**စစ်ဆေးမည့်သူ**	**ကြီးကြပ်မည့်သူ**
ယေဘုယျ အခြေအနေ	• ထိခိုက်နိုင်မှုများ လျော့ချရေး နည်းလမ်းများ ဆောင်ရွက်မှု၊ တိုးတက်မှု အခြေအနေ။	• စီမံကိန်းဧရိယာ	• (၆)လတစ်ကြိမ်	• စီမံကိန်း မန်နေဂျာ	• စီမံကိန်း ဒါရိုက်တာ
လေထု အရည်အသွေး	• လေထုအရည်အသွေး အခြေခံ အချက်အလက်များနှင့် နောက်ဆုံး အခြေအနေများ တိုက်ဆိုင်စစ် ဆေးခြင်း။	• စီမံကိန်းဧရိယာ	• တစ်နှစ်တစ်ကြိမ်	• စီမံကိန်း မန်နေဂျာ	• စီမံကိန်း ဒါရိုက်တာ
	• စီမံကိန်းဧရိယာအနီးရှိ ပြည်သူ လူထုထံမှရရှိသော တိုင်ကြား မှုများ။	• စီမံကိန်းဧရိယာ	တစ်နှစ်တစ်ကြိမ်	• စီမံကိန်း မန်နေဂျာ	• စီမံကိန်း ဒါရိုက်တာ
ရေအရည် အသွေး	• မြေပေါ်/မြေအောက်ရေ အရည် အသွေးများ ပြန်လည် တိုင်းတာ၍ အခြေခံအချက် အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း။	• စီမံကိန်းဧရိယာ	• (၆)လတစ်ကြိမ်	• စီမံကိန်း မန်နေဂျာ	• စီမံကိန်း ဒါရိုက်တာ
စွန့်ပစ်ပစ္စည်းများ	• စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ထားသည့် နေရာများအခြေအနေနှင့် သက် ရောက်မှုများကို စစ်ဆေးခြင်း။	• စီမံကိန်းဧရိယာ	• (၆)လတစ်ကြိမ်	• စီမံကိန်း မန်နေဂျာ	• စီမံကိန်း ဒါရိုက်တာ
	• စွန့်ပစ်ပစ္စည်းများအတွက် လျော့ချ ရေးအစီအစဉ်များ ထိရောက်မှု ရှိ/ မရှိ စစ်ဆေးခြင်း။	• စီမံကိန်းဧရိယာ	• (၆)လတစ်ကြိမ်	• စီမံကိန်း မန်နေဂျာ	• စီမံကိန်း ဒါရိုက်တာ
HIV/ AIDS ကဲ့သို့သော ကူးစက်ရောဂါများ	• ဝန်ထမ်း၊ အလုပ်သမားများ၏ ရောဂါဖြစ်ပွားမှု မှတ်တမ်းများကို စိစစ်လေ့လာခြင်း။	• စီမံကိန်းဧရိယာ	• လစဉ်	• ကုမ္ပဏီ ဆေးမှူး	• စီမံကိန်း မန်နေဂျာ
	• ပညာပေးဆောင်ရွက်ချက်များ၏ ထိရောက်မှုကို ဆန်းစစ်ခြင်း။	• စီမံကိန်းဧရိယာ	• လစဉ်	• ကုမ္ပဏီ ဆေးမှူး	• စီမံကိန်း မန်နေဂျာ
လုပ်ငန်းခွင်	• အခြားလုပ်ငန်းတူများ၏ စီမံကိန်း	• အခြားစီမံကိန်း	• လစဉ်	• ကုမ္ပဏီ	• စီမံကိန်း

ဆိုင်ရာဘေး အန္တရာယ်ကင်း ရှင်းမှု	ဖျက်သိမ်းခြင်းတွင် တွေ့ရှိရသော အခက်အခဲနှင့် ကန့်သတ်ချက်များ။ • မြေအောက် လုပ်ငန်းများအတွက် ဘေးအန္တရာယ်ဆိုင်ရာအကျိုး ဆက်များ။	လုပ်ငန်းများ • မြေအောက် လုပ်ငန်းခွင်	• လစဉ်	တာဝန်ခံ • ကုမ္ပဏီ တာဝန်ခံ	မန်နေဂျာ • စီမံကိန်း မန်နေဂျာ
ယာဉ်မတော် တဆဖြစ်ပွားမှု များ	• ယာဉ်မတော်တဆမှုမှတ်တမ်း များ။ • ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး အခြေအနေပြောင်းလဲချက်များ။	• စီမံကိန်းဧရိယာ	• လစဉ်	• ကုမ္ပဏီ တာဝန်ခံ	• စီမံကိန်း မန်နေဂျာ
အန္တရာယ်များသော ပစ္စည်းများနှင့် စက်သုံး ဆီစီမံခန့်ခွဲမှု	• စွန့်ပစ်ဓာတုပစ္စည်းများစိမ့်ထွက်ခြင်း၊ ARD၊ AMDများ ဖြစ်နိုင်ခြေ အလားအလာ။ • စွန့်ပစ်ပိုလျှံစက်သုံးဆီအင်ဂျင်ဝိုင်း ားအခြေအနေနှင့်စီမံခန့်ခွဲမှု	• စီမံကိန်းဧရိယာ စွန့်ပစ်မြေစာပုံ • ဆီသိုလှောင်ရုံ ဝပ်ရှော့များ	• လစဉ် • လစဉ်	• ကုမ္ပဏီ တာဝန်ခံ • ကုမ္ပဏီ တာဝန်ခံ	• စီမံကိန်း မန်နေဂျာ • စီမံကိန်း မန်နေဂျာ

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် (လုပ်ငန်းများပိတ်သိမ်းခြင်းနှင့်ပိတ်သိမ်းပြီးနောက်ပိုင်းအဆင့်)

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ် (လုပ်ငန်းများပိတ်သိမ်းခြင်းနှင့်ပိတ်သိမ်းပြီးနောက်ပိုင်းအဆင့်)					
စောင့်ကြပ်ကြည့်ရှုရမည့် နယ်ပယ်များ	**စောင့်ကြပ်စစ်ဆေးမည့်အမျိုးအစားများ**	**နေရာ**	**ကြိမ်နှုန်း**	**စစ်ဆေးမည့်သူ**	**ကြီးကြပ်မည့်သူ**
မြေထု ညစ်ညမ်းခြင်း	• မြေအရည်အသွေးပြောင်းလဲမှုကို စောင့်ကြပ်ကြည့်ရှုခြင်း။ • မြေယာဖွံ့ဖြိုးမှု အစီအစဉ်များ။ • သစ်ပင်များစိုက်ပျိုးဖြစ်ထွန်းမှုများ။	• စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ	• (ဖ)လတစ်ကြိမ် • (ဖ)လတစ်ကြိမ် • (ဖ)လတစ်ကြိမ်	• စီမံကိန်း တာဝန်ခံ	• စီမံကိန်း မန်နေဂျာ
ရေထု ညစ်ညမ်းခြင်း	• မြေပေါ်ရေအရည်အသွေး စောင့်ကြပ် ကြည့်ရှုခြင်း။ • မြေအောက်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်း။	• စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ	• (ဖ)လတစ်ကြိမ် • (ဖ)လတစ်ကြိမ်	• စီမံကိန်း တာဝန်ခံ • စီမံကိန်း တာဝန်ခံ	• စီမံကိန်း မန်နေဂျာ • စီမံကိန်း မန်နေဂျာ
လူမှုစီးပွား ဘဝဖွံ့ဖြိုးမှု အစီအစဉ်	• ဒေသတွင်းပြည်သူလူထု၏အခြေ အနေ။ • ကုမ္ပဏီဝန်ထမ်း/လုပ်သားများ၏ အခြေအနေ။	• စီမံကိန်းဧရိယာ • စီမံကိန်းဧရိယာ	(၁)နှစ် နှစ်ကြိမ် (၁)နှစ် နှစ်ကြိမ်	• စီမံကိန်း တာဝန်ခံ • စီမံကိန်း တာဝန်ခံ	• စီမံကိန်း မန်နေဂျာ • စီမံကိန်း မန်နေဂျာ

၁၂.၁၁ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု ရန်ပုံငွေလျာထားချက်

ကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့တွင် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ထိခိုက်နိုင်မှုများအတွက် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်အား ရေတိုရေရှည်ကာလအစီအစဉ်များဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး ထိခိုက်မှုပြုပြင်ခြင်း၊ လျော့ချခြင်း လုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် သိန်း(၇၀)အား ရန်ပုံငွေတစ်ရပ်အနေဖြင့်ထားရှိ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်သွားပါမည်။

၁၂.၁၂ မိုင်းပိတ်သိမ်းခြင်း၏ ရည်ရွယ်ချက်

စီမံလုပ်ငန်းဆောင်ရွက်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုများ၊ ရေတိုရေရှည်ထိခိုက်နိုင်မှုများ၊ ဂေဟစနစ်အပေါ်ထိခိုက်နိုင်မှုများ ဖြစ်ပေါ်နိုင်ရာ မိုင်းပိတ်သိမ်းသည့်အချိန်နှင့် ပိတ်သိမ်းပြီးကာလတို့တွင် ထိခိုက်နိုင်မှု ဆိုးကျိုးများမဖြစ်ပေါ်စေရန်နှင့် မြေယာဆုံးရှုံးထိခိုက်မှု၊ သစ်တောသစ်ပင်ထိခိုက်ဆုံးရှုံးမှုများကို ပြန်လည်ကုစားပြင်ဆင်ရန် စီမံချက်ရေးဆွဲ၍ သဘာဝအခြေအနေအထိ ပြန်လည်ရရှိစေရန် ကုစားပြုပြင် မွမ်းမံသွားရန် ရည်ရွယ်ပါသည်။

၁၃.၀ မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာ

စီမံကိန်းလုပ်ကွက်တွင် လုပ်ငန်းဆောင်ရွက်စဉ်ကာလတွင် ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းများစတင် ဆောင်ရွက်စဉ်ထွက်ရှိသော စွန့်ပစ်ကျောက်များအား မိုင်းပိတ်သိမ်း သည့်ကာလ၌ မြေအောက်လိုဏ်အတွင်း ပြန်လည်ဖြည့်တင်းရန် သတ်မှတ်ထားသော စွန့်ပစ် ကျောက်ပုံနေရာတွင် စနစ်တကျစုပုံထားပါမည်။ ထပ်မံထွက်ရှိမည့် စွန့်ပစ်ကျောက်များအား မြေပေါ်သို့တင်ခြင်းမပြုဘဲ လုပ်ငန်းဆောင်ရွက်နေသည့်ကာလမှာပင် ရွှေသတ္တုရိုင်းများ ထုတ်လုပ်ပြီး ခေါင်းစားများပြို့ကျခြင်းမရှိစေရေးအတွက်လည်းကောင်း၊ သယ်ပို့မှုလုပ်ငန်း သက်သာလျော့နည်းစေရေးအတွက်လည်းကောင်း ပြန်လည်ဖြည့်သွင်းပါမည်။


လုပ်ငန်းများဆက်လက်ဆောင်ရွက်ခြင်းမပြုပါက အဆောက်အဦများ ပြန်လည်ဖျက်သိမ်း ခြင်း၊ စက်ကိရိယာများ ပြန်လည်သိမ်းဆည်းခြင်း၊ လျှပ်စစ်ကြိုးများ ပြန်လည်သိမ်းဆည်းခြင်း လုပ်ငန်းများအား ခွင့်ပြုသက်တမ်းမကုန်မီ မိုင်းပိတ်သိမ်းမည့်ကာလအတွင်း အပြီးသတ် ဆောင်ရွက်ပါမည်။ အဆောက်အဦတည်ဆောက်ခြင်း၊ သတ္တုရိုင်းများစုပုံခြင်းစသည်ဖြင့် အသုံးပြုခဲ့ သည့် မြေနေရာများမှ မြေဆီလွှာပျက်စီးသွားသော မြေနေရာများအား ပြန်လည်ပြုပြင်ရာတွင် သင့်လျော်သော မြေယာအသုံးချမှုတစ်ရပ် ဖော်ဆောင်နိုင်သည်အထိ မိုင်းပိတ်သိမ်းသည့်ကာလနှင့် ပိတ်သိမ်းပြီးကာလများတွင် စီမံဆောင်ရွက်ပါမည်။ မိုင်းပိတ်သိမ်းပြီးကာလတွင်လည်း လုပ်ကွက် အတွင်းနှင့် ဆက်စပ်ဒေသအတွင်း လုပ်ငန်းများဆောင်ရွက်ခဲ့မှုကြောင့် မြေပေါ်ရေ၊ မြေအောက်ရေ များညစ်ညမ်းမှု၊ မြေဆီလွှာညစ်ညမ်းမှု ရှိ/မရှိသိရှိစေရန် စောင့်ကြပ်ကြည့်ရှုစစ်ဆေးပါမည်။ ညစ်ညမ်းမှုရှိပါက လိုအပ်သည်များအား ပြန်လည်ပြုပြင်ပါမည်။

မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန် မိုင်းပိတ်သိမ်းမည့် အဖွဲ့အား လုပ်ငန်းရှင် မှ ကြိုးကြပ်၍ ဒါရိုက်တာ၊ လုပ်ကွက်တာဝန်ခံများ၊ စက်မှုလျှပ်စစ်တာဝန်ခံများ၊ လက်ထောက် တာဝန်ခံများပါသော မိုင်းပိတ်သိမ်းမည့်အဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ပါမည်။ မိုင်းပိတ်သိမ်းခြင်း အစီအစဉ်ကို သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆(ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ထုတ်လုပ်မှု လုပ်ငန်းများစတင်ပြီး ရက်ပေါင်း(၉၀) အတွင်းတင်ပြသွားမည်ဖြစ်ပါသည်။ အပြီးသတ်မိုင်းပိတ် သိမ်းမည့်အစီရင်ခံစာအသေးစိတ်အား ပိတ်သိမ်းခြင်းမပြုမီ (၁)နှစ်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြပါမည်။

၁၃.၁ မိုင်းပိတ်သိမ်းရေးအဖွဲ့

(က)	ဦးခွန်ထွန်းကျော်	စီမံကိန်းဒါရိုက်တာ	အဖွဲ့ခေါင်းဆောင်
(ခ)	ဦးထွန်းထွန်းဝင်း	ဘူမိဗေဒပညာရှင်	အဖွဲ့ဝင်
(ဂ)	ဦးခွန်သက်အောင်	တိုင်းတာရေး	အဖွဲ့ဝင်
(ဃ)	ဦးရဲသွေးနောင်	စီမံကိန်းတာဝန်ခံဒါရိုက်တာ	အဖွဲ့ဝင်
(င)	ဦးအောင်ကျော်မင်း	မန်နေဂျာ	အဖွဲ့ဝင်
(စ)	ဘဏ္ဍာရေးမှူး	စာရင်းကိုင်	အဖွဲ့ဝင်
(ဆ)	ကျင်းလုပ်သား	(၁၀) ဦး	အဖွဲ့ဝင်

၁၃.၂ မိုင်းပိတ်သိမ်းရေးအဖွဲ့ Organization Structure



၁၃.၃ မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းရန်ပုံငွေလျာထားချက်နှင့်ခန့်မှန်းအသုံးစရိတ်

မိုင်းပိတ်သိမ်းခြင်း ရန်ပုံငွေလျာထားချက်အား မိုင်းပိတ်သိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၈,၀၀၀,၀၀၀/- (ကျပ်သိန်းရှစ်ဆယ်)အား လျာထားသတ်မှတ် သုံးစွဲမည်ဖြစ်ပြီး အမှန်တကယ်လုပ်ငန်း ဆောင်ရွက်သည့်အခါ လုံလောက်မှုမရှိပါက ကုမ္ပဏီမှ အပြည့်အဝတာဝန်ယူ ဆောင်ရွက်သွားပါမည်။

စဉ်	အကြောင်းအရာ	ရန်ပုံငွေ လျာထားချက်(ကျပ်)	မှတ်ချက်
၁။	အပေါ်ယံမြေဆီလွှာများ စုဆောင်းထားခြင်း	၅၀၀,၀၀၀	မြေထုအရည်အသွေးထိန်းသိမ်းခြင်း၊ မြေဆီလွှာ ဆုံးရှုံးသွားသည့် နေရာများတွင် ပြန်လည်အစားထိုးခြင်း၊
၂။	သတ္တုရိုင်းစုပုံကွင်း	၅၀၀,၀၀၀	သတ္တုရိုင်း လက်ကျန်များအား ဖယ်ရှားခြင်း၊ မြေပြင်ရှင်းလင်းခြင်း၊ မြေညှိခြင်း၊ မြေနမူနာ ကောက်ယူစစ်ဆေးခြင်းစသည်ဖြင့် မြေပြုပြင်မှု လုပ်ငန်းများ ဆောင်ရွက်ပြီး၊ သင့်လျော်သော မြေယာအသုံးချမှု လုပ်ငန်းတစ်ရပ်ထူထောင်နိုင်သည်အထိ စီမံဆောင်ရွက်ခြင်း၊
၃။	တူးဖော်ပြီးကျင်းများ ပြန်ဖို့ခြင်း	၅၀၀,၀၀၀/-	စုဆောင်းထားသည့် စွန့်ပစ်မြေစာ၊ စွန့်ပစ် ကျောက်များကို တူးဖော်ပြီး အင်းများတွင် ပြန်ဖို့ခြင်း၊ သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊
၄။	စွန့်ပစ်မြေစာကန်နှင့် လုပ်ငန်းသုံးစွန့်ပစ်ရေ အနည်ထိုင်ကန်များ	၁,၀၀၀,၀၀၀/-	စွန့်ပစ်မြေစာကန်နှင့် စွန့်ပစ်ရေအနည်ထိုင်ကန်များကို အပေါ်ယံမြေများဖုံးအုပ်ကာ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးခြင်း။ ပိတ်သိမ်းပြီးကာလတစ်ခုအထိ အစားထိုးအပင်များအား ပြုစုပျိုးထောင်ခြင်း၊
၅။	စွန့်ပစ်မြေစာပုံများ	၅၀၀,၀၀၀/-	ကျင်းများအတွင်း ပြန်လည်ဖို့ခြင်း၊ စွန့်ပစ် မြေစာပုံနေရာများအား ရှင်းလင်းခြင်း၊ မြေညှိ ခြင်း၊မြေယာအသုံးပြုမှုလုပ်ငန်း ထူထောင်နိုင်သည်အထိ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်ပေးခြင်း၊
၆။	မြေဆီလွှာ ညစ်ညမ်းမှုရှိ/မရှိပြန်လည် စစ်ဆေးမည့် အစီအစဉ်	၅၀၀,၀၀၀/-	မြေဆီလွှာအား ဓာတ်ခွဲစစ်ဆေး၍ ကျွမ်းကျင်ပညာရှင်များနှင့် ပြန်လည်ပြုပြင်ခြင်း၊ လိုအပ် ပါက မြေဆီလွှာအစားထိုးခြင်း၊
၇။	အုပ်ချုပ်မှု။ စက်မှုဆိုင်ရာ အဆောက်အဦများ လျှပ်စစ်မီးကြိုးများ	၅၀၀,၀၀၀/-	အုပ်ချုပ်မှု။ စက်မှုဆိုင်ရာအဆောက်အဦများ လျှပ်စစ်မီးကြိုးများ စနစ်တကျပြန်လည်ဖြုတ်သိမ်းခြင်း၊ဖျက်သိမ်းခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်း၊
၈။	အသုံးချထားသောမြေ နေရာများပြန်လည် ပြုပြင်ခြင်း	၁,၀၀၀,၀၀၀/-	သတ္တုတူးဖော်သည့်မြေနေရာများအား သဘာဝအတိုင်းဖြစ်စေရန် ပြန်လည်ပြုပြင်ခြင်း
၉။	ဒေသခံအလုပ်သမားများ အားပြောင်းရွှေ့ခန့်ထားခြင်း	၁,၀၀၀,၀၀၀/-	ဒေသခံအလုပ်သမားများအား သင့်လျော်သည့် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ မိရိုးဖလာ လုပ်ငန်းများ အားပြန်လည်လုပ်ကိုင်လိုပါက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခြင်း၊
၁၀။	စိမ်းလန်းစိုပြေရေး အတွက်ဆောင်ရွက်ခြင်း	၁,၀၀၀,၀၀၀/-	ပျိုးပင်များဝယ်ယူခြင်း၊ အလုပ်သမား ငှားရမ်းခြင်း၊ စိုက်ပျိုးအပင်များ ရှင်သန်အောင် ကြည့်ရှုထိန်းသိမ်းဆောင်ရွက်ခြင်း၊

၁၁။	ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း	၁,၀၀၀,၀၀၀/-	မိုင်းပိတ်သိမ်းမည့်စီမံချက်အား အကောင်အထည် ဖော်ခြင်း၊
	မိုင်းပိတ်သိမ်းမည့်ရန်ပုံ ငွေလျာထားချက်နှင့်ခန့် မှန်းအသုံးစရိတ် စုစုပေါင်း	**၈,၀၀၀,၀၀၀/-**	

၁၃.၄ မိုင်းပိတ်သိမ်းခြင်းအစီအစဉ်များ

၁၃.၄.၁ သတ္တုရိုင်းစုပုံကွင်း

သတ္တုရိုင်းစုပုံကွင်း ပြုလုပ်ထားသည့်နေရာအား လုပ်ငန်းပိတ်သိမ်းမည့်ကာလတွင် သတ္တုရိုင်း များဖယ်ရှားခြင်း၊ မြေပြင်ရှင်းလင်းခြင်း၊ မြေညှိခြင်းစသည်ဖြင့် မြေပြုပြင်မှု လုပ်ငန်းများ ဆောင်ရွက်ပြီး သင့်လျော်သောမြေယာအသုံးချမှုလုပ်ငန်း တစ်ရပ်ထူထောင်နိုင် ရန် စီမံဆောင်ရွက်ပါမည်။

၁၃.၄.၂ တူးဖော်ပြီးစိုက်ကျင်းများ ပြန်လည်ပြုပြင်ခြင်း

ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံစိတ်ချရစေရေးအတွက် တူးဖော်ပြီး မြေအောက် လိုဏ်ခေါင်းများအတွင်း စွန့်ပစ်ကျောက်ပြန်လည်ဖို့ခြင်းလုပ်ငန်းအား လုပ်ငန်းအကောင် အထည်ဖော် ဆောင်ရွက်သည့်ကာလတွင် ဆောင်ရွက်သွားပါမည်။ တူးဖော်မှုလုပ်ငန်းများ ရပ်နားသည့် မိုင်းပိတ်သိမ်းသည့်ကာလတွင် စွန့်ပစ်ကျောက်ပုံမှ စွန့်ပစ်ကျောက်များအား ပင်မလိုဏ်ခေါင်းအတွင်းဖြည့်၍ သစ်သားဘောင်များဖြင့် ကာရံထားမည်ဖြစ်ပါသည်။ မြေဖို့ပြီး အင်း၏ (၂၀)ပေ ပတ်လည်တွင် ခြံစည်း ရိုးကာရံထားပြီး သတိပေးဆိုင်းဘုတ်များ တပ်ဆင် ထားပါမည်။ သဘာဝဘေးအန္တရာယ်ကြောင့် မြေအောက်ကျင်းများပြိုကျခြင်း၊ ပြတ်ရွေ့ခြင်း တို့မဖြစ်ပေါ်စေရန် တူးဖော်ပြီးအင်းများအတွင်း စွန့်ပစ် ကျောက်များဖို့ရာတွင် အဆင့်ဆင့် ဖိသိပ်၍ မြေဖို့ခြင်း လုပ်ငန်းများအား ဆောင်ရွက်ပါမည်။

၁၃.၄.၃ စွန့်ပစ်ကျောက်ပုံ

အင်းများပြန်လည်ဖို့ပြီးကျန်ရှိသော စွန့်ပစ်ကျောက်ပုံဘေးနံရံများ ပြိုကျခြင်း မရှိစေရေး အတွက် (၆၀) ဒီဂရီ လျောစောက်များ ဖော်ထားပြီး စွန့်ပစ်ကျောက်ပုံ အပေါ်တွင် မြေညှိ၍ အပေါ်ယံမြေဆွေးများဖုံးအုပ်ကာ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးပါမည်။ စွန့်ပစ် ကျောက်ပုံဘေးနံရံများတွင် ပြိုကျတိုက်စားခြင်းမရှိစေရေးအတွက် မြေထိန်းမြက်များ စိုက်ပျိုး မည်ဖြစ်ပါသည်။

၁၃.၄.၄ မြေဆီလွှာညစ်ညမ်းမှု ရှိ –မရှိ ပြန်လည်စစ်ဆေးမည့်အစီအစဉ်

သတ္တုပိတ်သိမ်းသည့်ကာလနှင့် ပိတ်သိမ်းပြီးကာလများတွင် လုပ်ငန်းများဆောင်ရွက်မှုကြောင့် မြေဆီလွှာညစ်ညမ်းခြင်းမရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့် အစီအစဉ်များအား လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်ကာလ၊ မိုင်းပိတ်သိမ်းမှု အကြိုကာလ၊ ပိတ်သိမ်း သည့်ကာလများတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ မြေဆီလွှာညစ်ညမ်းမှု ရှိ/မရှိ စစ်ဆေးရာတွင် လုပ်ကွက်အတွင်း နေရာများသတ်မှတ်၍ လုပ်ကွက်၏ ကိုယ်စားပြုနမူနာ ရရှိစေရန် ဆောင်ရွက်မည် ဖြစ်ပါသည်။ မြေသားနမူနာများ၏ pH, Moisture Content, Organic Carbon (%), Humus (%) , Total Nitrogen(%), Exchangeable Cations များအနေဖြင့် (Ca^{++}, Mg^{++}, Na^{++}, K^{+}) mg/100g တို့နှင့် P (ppm), K_2O (mg/100g) တို့အား စမ်းသပ်စစ်ဆေးမည်ဖြစ်ပါသည်။

၁၃.၄.၅ အုပ်ချုပ်မှု၊ စက်မှုဆိုင်ရာအဆောက်အဦးများ၊ လျှပ်စစ်မီးကြိုးများ

တည်ဆောက်ထားသော စက်မှုဆိုင်ရာအဆောက်အဦးများ၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦးများ၊ စက်ပစ္စည်းများ၊ လျှပ်စစ်မီးကြိုးများအား လုပ်ငန်းပိတ်သိမ်းသည့် အကြိုကာလနှင့် ပိတ်သိမ်းသည့်ကာလတွင် ရှင်းလင်းပါမည်။

၁၃.၄.၆ အသုံးချထားသောမြေနေရာများအား ပြန်လည်ပြုပြင်ခြင်း

အသုံးချထား၍ မြေဆီလွှာဆုံးရှုံးထားသော မြေနေရာများအတွင်း အစားထိုးဝင်၍ ပေါက်ရောက်နေသော အခြားအပင်မျိုးရင်း မျိုးစိတ်များအား ရှင်းလင်း၍ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးပါမည်။

၁၃.၄.၇ ဒေသခံအလုပ်သမားများအား ပြောင်းရွှေ့ခန့်ထားခြင်း

ဒေသခံအလုပ်သမားများအား ကုမ္ပဏီ၏ အခြားလုပ်ကွက်များတွင် ပြောင်းရွှေ့ခန့်ထားရေး အတွက် ၎င်းတို့၏ သဘောထားများရယူဆောင်ရွက်ပါမည်။

၁၃.၄.၈ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်

လေထုညစ်ညမ်းမှုအခြေအနေ၊ မြေပေါ်ရေ၊ မြေအောက်ရေညစ်ညမ်းမှု အခြေအနေများအား လုပ်ငန်းပိတ်သိမ်းသည့်ကာလနှင့် ပိတ်သိမ်းပြီးကာလများတွင် စောင့်ကြပ်ကြည့်ရှုစစ်ဆေးပါမည်။

၁၃.၄.၉ စိမ်းလန်းစိုပြေရေးအတွက်ဆောင်ရွက်ခြင်း

စိမ်းလန်းစိုပြေရေးအတွက် အစားထိုးသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေစဉ်ကာလမှာပင် မြေလွှတ်နေရာများ၊ ချိုင့်ဝှမ်းနေရာများ ပြုပြင်၍ ဒေသနှင့်ကိုက်ညီသော သစ်ပင်များ စိုက်ပျိုးခြင်း၊ ပျိုးဥယျာဉ်တည်ဆောက်ထားရှိခြင်းတို့ဖြင့် ဆောင်ရွက်ပါမည်။

မိုင်းပိတ်သိမ်းချိန်လုပ်ငန်းဆောင်ရွက်ခဲ့သော နေရာများရှင်းလင်းပြီး၍ မြေဆီလွှာဖုံးအုပ် ပြုပြင်၍ နှစ်ရှည်ခံအပင်များ စိုက်ပျိုးသွားပါမည်။ မိုင်းပိတ်သိမ်းပြီးသည့်ကာလတွင် စိုက်ပျိုးပင်များ ဆက်လက်ရှင်သန်စေရန် စောင့်ကြပ်ကြည့်ရှုဆောင်ရွက်သွားပါမည်။

၁၃.၅ မိုင်းပိတ်သိမ်းမည့်စီမံချက်

မိုင်းပိတ်သိမ်းရာတွင် ဆောင်ရွက်မည့်လုပ်ငန်းများအလိုက် အချိန်ဇယားသတ်မှတ်၍ အကြို မိုင်းပိတ်သိမ်းမည့်ကာလ၊ မိုင်းပိတ်သိမ်းမည့်ကာလနှင့်ပိတ်သိမ်းပြီးကာလများတွင် စီမံဆောင်ရွက်ပါမည်။ စီမံကိန်းပိတ်သိမ်းပြီးနောက် စီမံကိန်းဆောင်ရွက်မှုကြောင့် သက်ရောက်မှုများကို (၅) နှစ်အထိ စောင့်ကြပ်ကြည့်ရှု သွားမည်ဖြစ်ပါသည်။

၁၃.၅.၁။ မိုင်းပိတ်သိမ်းမည့်စီမံချက်ဇယား

စဉ်	ဆောင်ရွက်မည့်လုပ်ငန်း	သတ္တုပိတ်သိမ်းရန် စီမံဆောင်ရွက်မည့်လုပ်ငန်းများ			မှတ်ချက်
		ပိတ်သိမ်းမှု အကြို ကာလ	ပိတ်သိမ်း မည့်ကာလ	ပိတ်သိမ်းပြီး ကာလ	
၁။	ဘူမိဗေဒဆိုင်ရာအချက်အလက်များလေ့လာခြင်း (က) ကျင်းအတွင်းမြေသားအခြေအနေ (ခ) ကျင်းအတွင်း မြေအောက်ရေစိမ့်ထွက်မှု အခြေအနေ (ဂ) ကျင်းနံရံမှ အက်စစ်ဖြစ်ထွန်းမှုအခြေအနေ (ဃ) စွန့်ပစ်မြေစာများ၏ သတ္တုပေါင်းစပ်မှု အခြေအနေ	✓			
၂။	စွန့်ပစ်မြေစာများအား စနစ်တကျစုပုံခြင်း	✓	✓		
၃။	အပေါ်ယံမြေဆွေးများ စုဆောင်းခြင်း	✓	✓		
၄။	တူးဖော်ပြီး ကျင်း၊ ကလိုင်များအတွင်း စွန့်ပစ်မြေစာများ ဖြည့်ခြင်း	✓	✓		
၅။	အသုံးမပြုသော မြေနေရာများမှ သဘာဝ သစ်တောများအား ထိန်းသိမ်းခြင်း	✓	✓	✓	
၆။	လုပ်ငန်းပိုင်းဆိုင်ရာ အဆောက်အဦးများ ဖျက်သိမ်း		✓		
၇။	အသုံးပြုပြီးမြေနေရာများအားသင့်လျော်သော မြေယာအသုံးချမှု ပြုလုပ်နိုင်ရေးအတွက် စီမံ ဆောင်ရွက်ခြင်း		✓	✓	
၈။	အစားထိုးအပင်များ ပြန်လည်စိုက်ပျိုးခြင်း	✓	✓	✓	
၉။	ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာစစ်ဆေးခြင်း	✓	✓	✓	
၁၀။	လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်း	✓	✓	✓	
၁၁။	မြေပေါ်ရေနှင့် မြေအောက်ရေအရည်အသွေး များ တိုင်းတာစစ်ဆေးခြင်း	✓	✓	✓	
၁၂။	သတ္တုတွင်းပိတ်သိမ်းမည့် လုပ်ငန်းအဆင့်ဆင့် အလိုက်ခန့်မှန်းကုန်ကျစရိတ်များ စိစစ်တွက် ချက်ထားမှု		✓	✓	

၁၄.၀ သုံးသပ်တင်ပြချက်နှင့်နိဂုံး

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ SGU (271) လုပ်ကွက်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ လုပ်ကွက်အနီးဝန်းကျင်တွင် လယ်မြေ၊ စိုက်ပျိုးမြေနှင့် စိုက်ခင်းများတည်ရှိခြင်းမရှိပါ။ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများကို မြေအောက်တူးဖော်မှုစနစ် (Underground Mining Method)ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်၍ မြေယာအသုံးချမှုနည်းပါးပြီး သစ်တောသစ်ပင် ပြုန်းတီးမှုနည်းပါးစေမည်ဖြစ်ပါသည်။ ထွက်ရှိမည့်စွန့်ပစ်ကျောက်များမှာ မီးသင့်ကျောက်နှင့် အသွင်ပြောင်းကျောက်များဖြစ်သော အင်ဒီဆိုဒ် (Andesite)၊ ဒိုင်အိုရိုဒ် (Diorite)ကျောက်နှင့် ကလိုရိုဒ်သျှစ်ကျောက် (Chloride Schist) ကျောက်များဖြစ်ပြီး အက်ဆစ်ယိုစီးသောကျောက်များ ပါဝင်မှုမရှိခြင်းကြောင့် လုပ်ကွက်အတွင်း ဆက်စပ်ဒေသ၏မြေပေါ်ရေ မြေအောက်ရေနှင့် မြေဆီလွှာညစ်ညမ်းမှုနည်းပါးစေမည်ဖြစ်ပါသည်။ မြေအောက်ရေမှာလည်း သတ္တုသိုက်ပါဝင်ပေါင်းစပ်မှု (Mineral Assemblage) အရ Sulphide Beraing Gold Ore မဟုတ်၍ သတ္တုတွင်းစိမ့်ရေများမှ လုပ်ကွက်အတွင်း မြေပေါ်ရေ၊ မြေအောက်ရေများအား ညစ်ညမ်းမှုမရှိစေနိုင်ကြောင်း သုံးသပ်ရပါသည်။

သတ္တုတွင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပညာပေးဟောပြောပွဲများ၊ လုပ်ငန်းခွင်သင်တန်းများပေးခြင်း၊ လုပ်ကွက်အတွင်း ကျန်းမာရေးဆေးခန်းထားရှိ၍ ကျန်းမားရေးစောင့်ရှောက်မှုများ စနစ်တကျစီမံဆောင်ရွက်မည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စောင့်ကြပ် ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပြီး၊ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ်တင်ပြသွားမည်ဖြစ်ပါသည်။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန် ချက်များအတိုင်း ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ပါ၍ SGU (271) လုပ်ကွက်တွင် ဆောင်ရွက်မည့် ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများမှ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေပြီး နိုင်ငံတော်သတ္တုသယံဇာတဖွံ့ဖြိုးရေးနှင့် လူမှုအကျိုးစီးပွားဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုမည့်လုပ်ငန်းဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ရေနံ့သာနဂါးမိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အနေဖြင့် SGU (271) လုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အား ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန်အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာရေးဆွဲတင်ပြနိုင်ရန် အချက်အလက်များကွင်းဆင်းစုဆောင်းရာတွင် ကြုံတွေ့ရသည့်အခက်အခဲများမှာ တောကျွဲမ်းကျင်မုဆိုးများရှာဖွေရခြင်း၊ တောအတွင်းလျှိုမြောင်များသို့ သွားလာရခြင်းခက်ခဲမှုရှိခြင်း၊ မျော့၊ကျွတ်သတ္တဝါများပေါများ၍ အနှောက်အယှက်ဖြစ်ခြင်းတို့ စသည့်အခက်အခဲများ ဖြစ်ပေါ်ပါသည်။

ရွှေသတ္တုသယံဇာတအရင်းအမြစ်များကို စနစ်တကျ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံသားများနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရုံသာမက သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာများလည်း တိုးတက်ရရှိစေမည်ဖြစ်ပါသည်။ သတ္တုတူးဖော်မှုလုပ်ငန်းများအား သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးစေရန် စည်းကမ်းရှိရှိ၊ တာဝန်သိသိလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အခါအားလျော်စွာ ထုတ်ပြန်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာမှလမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များနှင့်အညီ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ရည်မှန်းချက်ဖြင့် အောင်မြင်စွာကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး၊ ကုမ္ပဏီအကျိုးဟူ၍ အကျိုး (၃) ပါး ဦးတည်ထားပြီး အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နိဂုံးချုပ်အနေဖြင့် တင်ပြအပ်ပါသည်။

ဆက်သွယ်ဆောင်ရွက်သွားမည့် ဌာနဆိုင်ရာများ၏ ဖုန်းများ

- စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့ ၀၈၆-၃၆၀၀၄
- မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့ ၀၈၆-၃၆၀၀၄
- မီးသတ်တပ်ဖွဲ့ ၀၈၆-၂၂၃၅၅
- ပြည်သူ့ဆေးရုံ ၀၈၆-၂၂၃၁၂
- သစ်တောဦးစီးဌာန ၀၈၆-၂၂၃၀၄၄
- မြို့နယ်လျှပ်စစ် (EPC) ၀၈၆-၂၂၃၁၆

၁၅.၀ အထွေထွေ

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ်(၃၇)အရ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) Soft Copy နှင့်အတူ ပူးတွဲတင်ပြပါသည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ်(၁၀၈)အရ စောင့်ကြပ် ကြည့်ရှုမှုအစီရင်ခံစာကို ဝန်ကြီးဌာနအား (၆)လ တစ်ကြိမ် တင်ပြသွားမည်ဖြစ်ပါသည်။


(ဂ) အစီရင်ခံစာအား ပြန်လည်တင်ပြရာတွင် ပြန်ကြားခဲ့သည့် သဘောထားများအပေါ် အစီရင်ခံစာတွင် ပြင်ဆင်ထည့်သွင်းခြင်းအပြင် ဆောင်ရွက်မှုအကျဉ်းကို (၁)သဘောထားမှတ်ချက်၊ (၂)ပြန်လည်ဖြည့်စွက်ထည့်သွင်းချက်အကျဉ်း၊ (၃)မှတ်ချက်စသည့်ဇယားဖြင့် အကျဉ်းချုပ် ကို ထည့်သွင်းဖော်ပြပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် စိုက်ပျိုးမြေများ ထိခိုက်မှုမရှိခြင်း၊ အိမ်ခြံမြေများ ထိခိုက်မှုမရှိခြင်း၊ စီမံကိန်းဆောင်ရွက်မှုကြောင့် ထိခိုက်မှုများကို စောင့်ကြပ်ကြည့်ရှုအဖွဲ့များဖြင့် ထိန်းသိမ်းဆောင်ရွက်မှုများကြောင့် ထိခိုက်မှုမရှိခြင်း၊ စီမံကိန်းဆောင်ရွက်ရာ ဝန်ထမ်း/ လုပ်သားများ၏ ရေတို၊ ရေရှည် ထိခိုက်မှုများဆန်းစစ်လေ့လာ၍ ထိခိုက်ခံစားရသူများရှိပါက အသက်မွေးဝမ်းကြောင်း လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

(င) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို သက်ဆိုင်သူများ သိရှိနိုင်ရန် ရေနံ့သာနဂါး မိသားစုသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ မိတ်ဘက်ကုမ္ပဏီဖြစ်သော ပတ္တမြားနဂါးကုမ္ပဏီ၏ Web Link – https://www.rubydragongroup.com/ တွင် တင်ပြထားပါသည်။

COC

11.GEOLOGICAL MAP OF MANDALAY REGION



LEGEND


Quaternary	Q	Alluvium and Stream Terrace Deposits
		Unconformity
Pliocene	Tp	Irrawaddy Formation
		Unconformity
Miocene Oligocene	Tm Tp	Pegu Group
		Unconformity
Cretaceous	K	Cretaceous Rocks
		Unconformity
Jur - Cret ?	JK?	Kalaw Redbeds
		Unconformity
Jurassic	J	Loi - an Group
		Unconformity
Permian Carboniferrous Devonian	D-P	Plateau Limestone
	C	Lebyin Group
Silurian	S	Silurian Rocks
Ordovician	O	Ordovician Rocks
Cambrian	Є	Cambrian Rocks
Precambrian	PЄ	Sedimentary and low grade metamorphic rocks
	gn/gs	Igneous and high grade metamorphic rocks

IGNEOUS ROCKS

Quaternary	V_1	Singu Basalts
Late Tertiar to Quaternary	V	Popa Volcanic Rocks
Tertiary Mesozoic	Gr	Granitic Rocks
Mesozoic	Ub	Ultrabasic Rocks

Geological Boundary
Fault
Anticlinal Axis
Synclinal Axis
Railways

ရေနံ့သာနဂါးမိသားစုကုမ္ပဏီလီမိတက်မှ ကျည်တောက်ပေါက်ဒေသ၊ စဉ့်ကူးမြို့နယ်၊ ပြင်ဦးလွင်ခရိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် လျှောက်ထားသော ရွှေလုပ်ကွက်(SGU-271)၏ ဒေသန္တရနှင့် တည်နေရာပြ ဂြိုလ်တုဓာတ်ပုံ



ရည်ညွှန်းချက်

အဆိုပြုလုပ်ကွက်ဧရိယာ (၂၀) ဧက


လေထုအရည်အသွေးတိုင်းတာသည့်တည်နေရာ
22°42'42.22"N၊ 96° 1'29.72"E

ဆူညံသံနှင့်တုန်ခါမှုနှုန်းတိုင်းတာသည့်တည်နေရာ
22°42'43.27"N၊ 96° 1'30.18"E

မြေထုအရည်အသွေးတိုင်းတာသည့်တည်နေရာ
22°42'42.19"N၊ 96° 1'32.15"E

Point	Latitude(WGS-84)	Longitude(WGS-84)
A	22˚42'51.47"	96˚01'23.39"
B	22˚42'50.93"	96˚01'36.18"
C	22˚42'45.00"	96˚01'35.88"
D	22˚42'45.54"	96˚01'23.09"

ရေနံ့သာနဂါးမိသားစုကုမ္ပဏီလီမိတက်မှ ကျည်တောက်ပေါက်ဒေသ၊ စဉ့်ကူးမြို့နယ်၊ ပြင်ဦးလွင်ခရိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် လျှောက်ထားသော ရွှေလုပ်ကွက်(SGU-271)၏ ဒေသတန္တရနှင့် (၅)မိုင်ပတ်လည်ရှိ ဆက်စပ်နေရာများပြ ဂြိုလ်တုဓာတ်ပုံ




ရည်ညွှန်းချက်

အဆိုပြုလုပ်ကွက်ဧရိယာ (၂၀) ဧက

Point	Latitude(WGS-84)	Longitude(WGS-84)
A	22˚42'51.47"	96˚01'23.39"
B	22˚42'50.93"	96˚01'36.18"
C	22˚42'45.00"	96˚01'35.88"
D	22˚42'45.54"	96˚01'23.09"

ရေနံ့သာနဂါးမိသားစုကုမ္ပဏီလီမိတက်မှ ကျည်တောက်ပေါက်ဒေသ၊ စဉ့်ကူးမြို့နယ်၊ ပြင်ဦးလွင်ခရိုင်၊
မန္တလေးတိုင်းဒေသကြီးတွင်လျှောက်ထားသော ရွှေလုပ်ကွက်(SGU-271) ၏
တည်နေရာပြမြေပုံ



မြေပေါ်ရေတိုင်းတာသည့်တည်နေရာ

22˚42'33.27"N
96˚01'20.32"E

ရေစုကန်

22˚42'47.96"N
96˚01'32.19"E

သတ္တုတူးဖော်မည့်နေရာ

22˚42'49.31"N
96˚01'30.26"E

စွန့်ပစ်မြေစာပုံ

22˚42'45.62"N
96˚01'32.23"E

လောင်စာဆီသိုလှောင်မည့်နေရာ

22˚42'46.74"N
96˚01'27.50"E

သတ္တုမိုင်းဟောင်းတည်နေရာ

22˚42'49.23"N
96˚01'38.02"E


SGU– 271 လုပ်ကွက် လေထုအရည်အသွေးတိုင်းတာနေပုံ



SGU– 271 လုပ်ကွက် လေအရည်အသွေးတိုင်းတာရန်ပြင်ဆင်ပုံ



SGU- 271 လုပ်ကွက် တောတောင်အခြေအနေ



SGU- 271 လုပ်ကွက်ဧရိယာ မြေငလျင်တောတောင်အခြေအနေ



SGU- 271 လုပ်ကွက် ဧရိယာဝန်းကျင်တောတောင်အခြေအနေ



SGU- 271 လုပ်ကွက် အတွင်းသစ်တောသစ်ပင်များအခြေအနေ



SGU– 271 လုပ်ကွက် ဧရိယာတိုင်များစိုက်ထူထားပုံ



SGU– 271 လုပ်ကွက် ဧရိယာထောင့်တိုင်များစိုက်ထူပြီးစီးသည့်အခြေအနေ



SGU– 271 လုပ်ကွက် ဧရိယာထောင့်တိုင်များစိုက်ထူနေပုံ



SGU– 271 လုပ်ကွက်ထောင့်တိုင်များ ကွင်းဆင်းစစ်ဆေးပုံ



SGU– 271 လုပ်ကွက် ဧရိယာထောင့်တိုင်များစစ်ဆေးနေပုံ



SGU– 271 လုပ်ကွက်အနီး စိမ့်ထွက်ရေ၊ မြေပေါ်ရေနမူနာကောက်ယူပုံ



ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

Certificate of Incorporation

